

# ညဉ့်ရဲ့ အချိန်မှာ မျှော်မျှော်ကာစောင့်တဲ့ အလင်းရောင် ထူးခြားတောက်ပလို့

(စိုင်းထီးဆိုင်၏ ပုံရှုကောက်ကြောင်း)

**နိုင်ဇော်**

## ဦးထီး မရှိတော့ပါ။

သို့ပေမယ့် ဦးထီးကိုချစ်မြတ်နိုးသော ပရိသတ်၏ရင်ထဲတွင်မူ ဦးထီးပုံရိပ်များ ရှင်သန်နေဆဲဖြစ်ပါသည်။ ဦးထီး၏ သီချင်းသံများ လမ်းဘေးဂစ်တာဝိုင်းများတွင်လည်းကောင်း၊ လွှက်ရည်ဆိုင်များတွင်လည်းကောင်း၊ ပြန်ဆိုတေးသီချင်းများတွင်လည်းကောင်း နည်းအမျိုးမျိုးဖြင့် ကျန်ရစ်နေပေသေးသည်။

ကျနော်တို့ငယ်စဉ်ကတည်းက စွဲလမ်းနှစ်သက်ခဲ့ရတဲ့ စိုင်းထီးဆိုင် ရဲ့ သီချင်းတွေ နားထောင်မိတိုင်း၊ ချယ်ရီ၊ ထင်းရှူး နဲ့ ရိုးမရဲ့မြေနီလမ်းလေးတွေကို ပြန်ပြီးတော့ အိပ်မက်မက်မိချိန်တိုင်း၊ ချယ်ရီပင်အောက်ကို နောက်တစ်ခေါက်တော့ သွားဦးမှ ... လို့ စိတ်ကူးယဉ်မိကြပါတယ်။ ယခု ကျနော်တို့ အိုးစည်သံတွေ ကြားနေရပြီ။ "နောင်... ဗိန်.. နောင်" ဆိုတာနဲ့ ကျနော်တို့ကတော့ "ဗေ..ထိ" ပါဘဲ။

ကျနော်တို့ကိုယ်စီ ... ချယ်ရီပင်အောက်ကိုရောက်တဲ့အခါ အနံ့ကင်းပေမယ့် အဆင်းလှတဲ့ချယ်ရီ၊ တန်ဖိုးထားအပ်တဲ့ ချယ်ရီပန်းလေးတွေကို ဘယ်သူ့ကိုများ ပန်ပေးကြမှာတုန်း ... သီချင်ပါရဲ့။ ခင်ဗျားတို့ရဲ့ ကြင်နာသူတွေကိုလား ... ။

၁၉၇၀ မြန်မာပြည် စတီရီယိုခေတ်ဦးမှစပြီး ယခုမျက်မှောက် ခေတ်လူငယ်များစွာ တို့ရဲ့ ရင်ဘတ်ထဲမှာ သဘာဝရဲ့ရင်သွေးငယ်များ ပျော်ဝင်စီးမြောခဲ့ကြဖူးတယ်။ မြန်မာပြည်ရဲ့ ကိုယ်ပိုင်သံစဉ် စတီရီယိုတေးဂီတလောကအကြောင်းပြောယင် ဆရာစိုင်းခမ်းလိတ်နဲ့ စိုင်းထီးဆိုင်၊ သဘာဝရဲ့ရင်သွေးငယ်များဟာ မပါမဖြစ်ပါ။

ယခု အနှစ် ၄၀ နီးပါး ကာလရှည်ပြောင်းနေပေမယ့်လည်း မျိုးဆက်တစ်ဆက်ခြားဖြစ်တဲ့ ကျနော်တို့ လူငယ်တချို့ရဲ့ ရင်ဘတ်ထဲမယ် သဘာဝရဲ့ ရင်သွေးငယ်များက သဘာဝကျကျ သီဆိုတီးခတ်နေဆဲ...။ အထူးသဖြင့် ကျနော်တို့ရဲ့ မြန်မာဆိုက်ဘာမီဒီယာဖိုရမ်မှ စိုင်းထီးဆိုင် ပရိသတ်များအားလုံးရဲ့ ရင်ထဲမှာ မတ်လ ၁၀ ရက်နေ့ဆိုယင် "ဗေ..ထိ" ဖြစ်နေတတ်တာ ၂ ကြိမ်ရှိပါပြီ။

မြန်မာဆိုက်ဘာ မှ "ပလက်ဖေါင်းမင်းသားများ" ဂိုဏ်းကြီး ရဲ့ နှစ်ပတ်လည်နေ့ ကျရောက်လို့ လာပါပြီ။ ဗိုလ်ထီးပရိသတ်များအတွက် "၃ နှစ်မြောက် အမှတ်တရ" အထိမ်းအမှတ်အဖြစ် ကျနော်တို့ ပလက်ဖေါင်းမင်းသားများဂိုဏ်း မှ ဒီစာအုပ်ကို တင်ဆက်ပါတယ်။

ကြယ်ရောင်တွေပျောက်တဲ့ညကို ကျော်ဖြတ်ပြီးရင် အရှေ့ဆီမှာ ရောင်နီသန်းလို့ နေ့သစ်ဟာ ကျနော်တို့တွေအတွက် အင်အားအသစ်တွေ ဖြစ်စေမယ်။ အမှောင်ညကိုစွန့်သွားတဲ့ ဘော်ဒါတို့ ... ချယ်ရီတွေ ပွင့်ပြီ။ ချယ်ရီပင်အောက် နောက်တစ်ခေါက် ဆုံကြစို့ရဲ့။ သေချာတာတစ်ခုကတော့ ကျနော်တို့အားလုံး ချယ်ရီပင်အောက် ပြန်ရောက်မယ့် အချိန်ကို ဗိုလ်ထီးလည်း မျှော်နေမယ်ထင်ရဲ့။

ပလက်ဖေါင်းမင်းသားများဂိုဏ်း

ပလက်ဖေါင်းမင်းသားများဂိုဏ်း

စာမူခွင့်ပြုချက်အမှတ်

၄၀၁၃၁၀၁၁၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၄၀၁၁၃၁၁၀၁၀

ပထမအကြိမ်

၂၀၁၀ ခု၊ ဒီဇင်ဘာလ

အုပ်ရေ

၅၀၀

တန်ဖိုး

၂၅၀၀ကျပ်

မျက်နှာဖုံးဒီဇိုင်း

ဇော်မောင်

အတွင်းဖလင်

AZ

ထုတ်ဝေသူ

ဒေါ်ခင်မျိုးမြတ် (၀၃၃၈၄) နန်းဒေဝီစာပေ၊

အမှတ် ၂၁၅၊ ရှမ်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ

ဒေါ်ခင်လှ (၀၁၅၇၅) စာပေလောက ပုံနှိပ်တိုက်၊

အမှတ် ၁၇၃၊ ၃၃ လမ်း၊ ရန်ကုန်မြို့။

၉၂၇

## နိုင်ဇော်

ညဥ့်ရဲ့အချိန်မှာ မျှော်မျှော်ကာ စောင့်တဲ့ အလင်းရောင် ထူးခြားတောက်ပလို့

နိုင်ဇော်၊ရန်ကုန်။

နန်းဒေဝီစာပေ၊ ၂၀၁၀၊ ဒီဇင်ဘာလ။

၂၂၀-စာ၊ ၁၃. ၁ x ၂၁.၄ စင်တီမီတာ။

## တကယ်ခွဲကြရတဲ့အခါ

ကြုံရတဲ့ လောကဓံတရား
ခံနိုင်ရည်ရှိအောင် နေပါကွယ်တဲ့
မမြဲတဲ့ သင်္ခါရ (ခဏ ခွဲရတာ မငိုပါနဲ့တဲ့)
နားလည် ထားရမယ်လေတဲ့
ချစ်တဲ့သူက နှစ်သိမ့်ဖူးတယ်
သိနေတဲ့ လောကတရား
တကယ် လက်တွေ့ကြုံတော့
ဖြေမဆည်နိုင်အောင်  ခံစားရ
တရားဓမ္မ အသိက အားနည်း
ကြိုးစားပြီး ထိန်းရတဲ့စိတ်
မနိုင့်တနိုင်နဲ့ နေတဲ့ဘဝ
အဖော်မဲ့ခရီး သွားလို့လည်း မပျော်
အရာရာ ထားခဲ့လို့
မင်းနောက်ကိုသာ
လိုက်ခဲ့ချင်တော့တယ်။

*ခင်သန်းစိုး*

*၁၃-၂-၀၉*

# ချစ်သူနဲ့ဝေး (ပြီး) တဲ့အခါ

ချစ်သူနဲ့ ဝေးတဲ့အခါ

ဖြတ်သန်းခဲ့ရတဲ့ နေ့ရက်တွေ တိတ်ဆိတ်

မျက်ရည်နဲ့ အဖော်လုပ်

နလုံးသားက ကြွေလုလု ဖြစ်ခဲ့ရပြီ။

ချစ်သူနဲ့ ဝေးတဲ့အခါ

ရင်ထဲက အပူမီး မငြိမ်းနိုင်ဘူး

ဘဝခရီး အမှောင်တွေထဲ တစ်ယောက်တည်း

ဖြတ်သန်းခဲ့ရပြီ။

ချစ်သူနဲ့ဝေးတဲ့အခါ

အပြုံးတွေ အားလုံး အသက်မဲ့

မှောင်မိုက်နေတဲ့ ညတွေ များစွာ

တစ်ယောက်တည်း ဘယ်ဆီကိုမှန်း မသိ

ငေးနေမိပြီ။

ချစ်သူနဲ့ ဝေးတဲ့အခါ

ခိုလှုံစရာ ရင်ခွင်နဲ့အတူ

ရည်ရွယ်ထားတဲ့ ပန်းတိုင်ပျောက်ပေါ့။

***ခင်သန်းစိုး***

*၄-၃-၀၉*

## အချစ်ရေ မင်း မရှိတဲ့နောက်

အချစ်ရေ

မင်း မရှိတဲ့နောက်

မြေပေါ်ကြွေတဲ့ ရော်ရွက်ဝါလို အဆင်းပျက်

ကြည့်ချင်စရာတောင် မရှိခဲ့ပါ။

အချစ်ရေ

မင်း မရှိတဲ့နောက်

တောင်ပံကျိုးတဲ့ ငှက် တစ်ကောင်လို

ဒဏ်ရာတွေနဲ့သာ ရှိနေခဲ့တာ။

အချစ်ရေ

မင်း မရှိတဲ့နောက်

အရိပ် မရှိတဲ့ခရီးကို တစ်ယောက်တည်း

မောလျှစွာနဲ့ လျှောက်နေခဲ့တာ။

အချစ်ရေ

မင်း မရှိတဲ့နောက်

ပျော်ရွှင်စရာတွေဟာ ဘာမှန်း မသိတော့တဲ့အထိ

အရာရာကို ငြီးငွေ့နေခဲ့တာတော့အမှန်ပဲပေါ့။

အချစ်ရေ

မင်း မရှိတဲ့နောက်

စကားပြောဖော်တောင် မရှိတော့တဲ့အခါ

နေချင်စရာရှိပါဦးမလား။

*ခင်သန်းစိုး*

*၅-၅-၀၉*

## စိုင်းခမ်းလိတ်၏ အမှာ

သူချစ်မြတ်နိုးတဲ့၊သူ့ကို နာမည်ကြီးစေခဲ့တဲ့၊ သူ့ကို ကမ္ဘာ့နိုင်ငံ အရပ်ရပ်ဆီကို ပို့ပေးခဲ့တဲ့၊ သူ့ကို တွေ့တဲ့ ပရိသတ်တိုင်းကိုလည်း သူ့ဘက်ပါအောင် ဆွဲဆောင်နိုင်စေခဲ့တဲ့ သီချင်းတွေနဲ့ ကွယ်လွန်တဲ့ အချိန်ထိ အတူ ရှိနေခဲ့ပါတယ်။

ဘယ်လောက် ကောင်းလိုက်တဲ့ ကံလဲ။

ဒီကံတွေကြောင့်ပဲ လက်တွဲဖော် (ဒေါ်) ခင်သန်းစိုး၊သားကြီး စိုင်းခိုင်ခမ်း၊ သမီးလတ် နန်းစံဟွမ်နဲ့ အထွေးဆုံး နန်းယုခေါင်တို့နဲ့ ပျော်ရွှင်စရာ ကောင်းတဲ့ မိသားစုကမ္ဘာလေး တည်ဆောက်မိသည်ပင်။

ဒါ့ထက် မကသေး...။သူငယ်ချင်းလည်း ဟုတ်၊အစ်ကိုလည်း ဟုတ်၊ ဆရာလည်း ခေါ်နိုင်၊ ရောင်းရင်း သေဖော်ရှင်ဖော်လို့ဆိုလည်း မမှားတဲ့၊ သူ သီဆိုခဲ့တဲ့ သီချင်း ခပ်များများကို ရေးစပ်ပေးခဲ့တဲ့ တေးရေး "စိုင်းခမ်းလိတ်"နဲ့ ဆုံခဲ့ရတာလည်း သူ့ ကံ ကောင်းခြင်း တစ်ခုပါပဲ။

မှတ်မိသေးတယ်... စဆုံတဲ့နေ့ကို။ ၁၉၆၉ ခု တောင်ကြီးမြို့မှာ ကျင်းပခဲ့တဲ့ ရှမ်းစာပေ ညီလာခံပွဲကြီးအပြီး နောက်တစ်ရက်မှာပေါ့။ တွေ့တဲ့ခါကျ သူက မှတ်မှတ်ရရ "ဆန်ဖရန်စစ္စကို" သီချင်းကို ဆိုပြပါတယ်။ အဲဒီတုန်းက အနောက်နိုင်ငံမှာ နာမည်ကြီး နေတဲ့သီချင်း တစ်ပုဒ်ပေါ့လေ။ ကျွန်တော်ကတော့ ကိုယ်ပိုင်သံစဉ် ရှမ်းသီချင်းတွေကို ပြန်ဆိုပြပါတယ်။ ပြီးတော့ သီချင်း စပ်ဆိုဖို့ပါ အကြံပေးလိုက်ပါတယ်။ နောက် ၁၉၇၀ ပြည့်နှစ်အလွန်မှာ "စိုင်းထီးဆိုင်" မန္တလေးတက္ကသိုလ်ကို ရောက်လာတော့ အားလုံး ပေါင်းမိသွားတာပေါ့။



မန္တလေးမှာ စိုင်းထီးဆိုင်၊ စောသိန်းဝင်း၊ ခွန်မျိုးလွင်စတဲ့ သူတွေ အပါအဝင် စိုင်းခမ်းလိတ်က "The Outsider" ဆိုပြီး တီးဝိုင်း တစ်ဖွဲ့ လုပ်ခဲ့ပါတယ်။ တောင်ကြီးမှာကျ စောဂျော်နီ၊ စောဂျက်ဆင်နဲ့ ကျွန်တော့်ညီ "စိုင်းခမ်းသီ" တို့ပေါင်းပြီး ' The Highlanders' ဆိုပြီး တီးဝိုင်း ဖွဲ့ခဲ့ပါတယ်။ သီချင်း အပီအပြင် သွင်းတော့မယ် လုပ်တော့ အဖွဲ့နှစ်ခု ပေါင်းပြီး နာမည်သစ်နဲ့မှ ဖြစ်တော့မှာကိုး။

ဒါကြောင့် ကျွန်တော် တောင်ကြီးကို တက်ပြီး ကျွန်တော့ အစ်ကို "စိုင်းတုံခမ်း" ရဲ့ ထောက်ခံချက်နဲ့ "The Wild Ones" ဆိုပြီး စတင် မှည့်ခေါ်ခဲ့တာပါ။

ရေးသူရော၊ ဆိုသူရော၊ တီးကြသူတွေပါ အားလုံးကိုယ်စီ ဉာဏ်နဲ့ ဝီရိယ စိုက်ထုတ် ကြိုးစားခဲ့ကြလို့ အောင်မြင်ခဲ့တာပါ။ အားလုံးကိုလည်း ကျေးဇူးတင်လျက်ပါပဲ။ နောက်ပြီး ကျွန်တော်တို့ရဲ့ အဆိုတော် "စိုင်းထီးဆိုင်" မှာ "စန်း" ဆိုတဲ့မရှိမဖြစ် အရာရှိနေတာလည်း အကြောင်းတရားတစ်ခုပါပဲ။

အသေးစိတ် အကြောင်းအရာတွေကိုတော့ စာရေးဆရာ ကိုနိုင်ဇော် ရေးသားထားတဲ့ "ညဥ့်ရဲ့ အချိန်မှာ မျှော်မျှော်ကာစောင့်တဲ့ အလင်းရောင် ထူးခြား တောက်ပလို့" အမည်ပေးထားတဲ့ "စိုင်းထီးဆိုင်အကြောင်း" စာအုပ်မှာ အားလုံး ပါဝင်မှာပါ။ ဆက်လက် ဖတ်ရှုခံစားပြီး နှစ်သက်ပျော်ရွှင်နိုင်ပါစေလို့ ဆုတောင်းရင်း...။

အားလုံးကို လေးစားတဲ့

စိုင်းခမ်းလိတ်

## နိုင်ဇော်၏ ဥယျောဇဉ်

(၁)

၁၉၇၄ ခုနှစ်၊ စက်တင်ဘာလတွင် မန္တလေး ဆေးတက္ကသိုလ်သို့ ကျွန်တော် ရောက်ရှိခဲ့ရာ ထိုအချိန်မှာ ကိုထီး (စိုင်းထီးဆိုင်) က မန္တလေး ဝိဇ္ဇာသိပ္ပံ တက္ကသိုလ်တွင် စိတ်ပညာမေဂျာနှင့် ကျောင်းတက်နေဆဲ ဖြစ်သည်။ကျွန်တော် အပါအဝင် ပရိသတ်က စိုင်းထီးဆိုင်၏ တေးသီချင်းများတွင် ခံမင်ခဲ့ကြပြီ။ တေးရေးဆရာ ဒေါက်တာ စိုင်းခမ်းလိတ်က မန္တလေး ဆေးတက္ကသိုလ်မှ ကျောင်းပြီးစ အချိန်။ ဒေါက်တာ ဒေါ်နွဲ့နွဲ့တင်က ကျွန်တော် ဒုတိယနှစ်အမ်ဘီ အတန်းတွင် ခန္ဓာဗေဒဌာန၏ နည်းပြဆရာမ ဖြစ်လာခဲ့သည်။

(၂)

၂၀၀၀ ပြည့်နှစ်ကျော် ကာလတွင် ကိုထီး၏ ဘဝပုံတူ ကောက်ကြောင်းကို စကားလုံးများနှင့် ပန်းချီရေးဖို့ ကျွန်တော် ပြင်ဆင်ခဲ့သည်။

ထိုအခါ ကိုထီးနှင့် ကျွန်တော် နာရီပေါင်း များစွာ၊ နေ့ရက် များစွာ ရှေးဟောင်းနှောင်းဖြစ်တွေကို ပြန်လည် ပြောဆိုခဲ့ကြသည်။ ရတနာမြေပုံ အပိုင်းအစများကို နှစ်ယောက် အတူ ဆက်စပ်ကာ ရှာဖွေ တူးဖော်ခဲ့ကြသည်။ အတူတူရယ်မော၊ အတူတူ ရင်ခုန်၊ အတူတူ စိတ်လှုပ်ရှားခဲ့ကြသည်။

ကျွန်တော် တကယ် ရေးဖြစ်သောအခါ စကားလုံးတွေထဲမှာ အရောင်အသွေး မျိုးစုံ၊ အနု အရင့် အဖုံဖုံ၊ လှိုင်း အနိမ့် အမြင့်၊မျဉ်းအကွေး အဖြောင့်၊အနီးအဝေး၊ အကြီးအသေး၊အဆင်အကွက် များစွာ ပါလာခဲ့တော့သည်။ နေရာများစွာတို့တွင် စကားပြေတွေက သူ့အလိုလိုပင် ကဗျာတွေ ဖြစ်လာကြသည်။

ဆေးမခြယ်နိုင်ခဲ့သည့် ကွက်လပ်များလည်း လှပစွာပင် ကျန်ရစ်ခဲ့ကြလေသည်။

(၃)

ကိုထီး (စိုင်းထီးဆိုင်) အကြောင်းကို သူ့ချည်းသက်သက် ခွဲခြား ရေးဖွဲ့၍မရ။

ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာ ယဉ်ကျေးမှု ဓလေ့ထုံးစံ၊ မြန်မာ့ဂီတ ရေစီးကြောင်း၊ တောင်ပိုင်း ရှမ်းပြည်နယ်၏ လင်းခေး၊ လွယ်လင်၊ တောင်ကြီး အထက၊ မန္တလေး တက္ကသိုလ်နှင့် ရန်ကုန်ပုံရိပ်များကနောက်ခံကားချပ်တွေ ဖြစ်နေကြသည်။ ကိုထီး၏ လက်ဦးဆရာ မိဘနှစ်ပါးနှင့် မောင်နှမများ၊ ဆရာ လင်းခေးလုလင်၊ အစ်ကို ဆရာ ဒေါက်တာ စိုင်းခမ်းလိတ်၊ တေးရေး ကိုနေဝင်း၊ အပေါင်းအသင်း မိတ်ဆွေများ၊ ဘဝ လက်တွဲဖော် မစိုး (ဒေါ်ခင်သန်းစိုး) နှင့် သားသမီးတွေအထိ ချန်လှပ်ထား၍ မရသော ဇာတ်ကောင်များ ဖြစ်ကြသည်။

သဘာဝရဲ့ရင်သွေးငယ်များ (The Wild Ones ) အဖွဲ့ကလည်း ကိုထီး၏ ဘဝပင်ဖြစ်သည်။

ဂီတ အနုပညာကတော့ ကိုထီး၏ အသက်ဖြစ်ချေသည်။

ကိုထီးက သူ လျှောက်လှမ်းရမည့် လမ်းကြောင်းနှင့် ခြေလှမ်းများကို သေချာ တိကျစွာ ရှာဖွေ တွေ့ရှိသွားခဲ့သူဖြစ်သည်။

(၄)

စတီရီယို ဂီတ၏ အချိုးအကွေ့ဆိုသည်က ကွင်းဆက် သေးသေးကလေး တစ်ခုမျှသာ ဖြစ်သည်။ အနီးအဝေးမြင် (Perspective) သဘောဖြင့် ဖြန့်ကြည့်လိုက်သော အခါ မြန်မာ့ဂီတ ရေစီးကြောင်းကြီး တစ်ခုလုံးကို မြင်ရသည်။ကိုထီးက မြန်မာ့ဂီတ အနုပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သူဖြစ်သည်။

တေးရေး၊ အဆိုတော် စိုင်းထီးဆိုင် ကွယ်လွန် သေဆုံးခဲ့ပြီ ဆိုတာ မဟုတ်ပါ။

သူ့အနုပညာက မကွယ်သေး၊ မလွန်သေး၊ မသေသေး၊ မဆုံးသေးချေ။ ရှိဆဲ၊ တည်ဆဲ၊ ရှင်ဆဲ၊ သွားဆဲ ဖြစ်သည်။ အချိန်ကာလကို ကျော်ဖြတ်နေသည့် ဂန္ထဝင် လှုပ်ရှားမှု ဖြစ်သည်။

(၅)

ကိုထီး၏ ပုံတူကောက်ကြောင်းကို ဝမ်းမြောက်ဝမ်းသာ ကျွန်တော်ရေးဖွဲ့ခဲ့ပါသည်။

နိုင်ဇော်

၁၇၊ ဇွန်၊ ၂၀၁၀ ခုနှစ်။

*အခန်း (၁)*

ဂီတ ဝါဇီတ ကဝိ

(၁)

အဆို ပါရမီရှင် စိုင်းထီးဆိုင်သည် သူ၏ ချိုချိုအေးအေး ကြည်ကြည်မြမြ ထူးခြားလှသည့် အသံဖြင့် တေးသီချင်းပေါင်း မြောက်များစွာတို့ကို သီဆိုကျူးရင့်ခဲ့ရာ ခံစားတတ်သည့် နှလုံးသားရှိသော ပရိသတ်များက သူ၏ တေးသီချင်းတွေကို ချစ်မြတ်နိုးခဲ့ ကြသည်။

ရှမ်းတိုင်းရင်းသားပီပီ အတန်ငယ် ဝဲသယောင် ရှိသော သူ့အသံက ဆွဲဆောင်နိုင်စွမ်းအား ကောင်းသည်။ ခံစားချက် အပြည့် ပါသည်။ လူတို့၏ စိတ်နှလုံးကို လှုပ်ရှားစေနိုင်စွမ်း ရှိသည်။

စိုင်းထီးဆိုင်သည် သူ၏ အသံခွန်အားဖြင့် ဘဝဒဿန တေးများ၊ လူ့ဘဝ၏ ဝမ်းသာဝမ်းနည်း ပျော်ရွှင် ကြေကွဲမှုများ၊ အချစ်ဓာတ်နှင့် အလွမ်းဇာတ်ကွက်များ၊ အားနှင့် မာန်တင်း ဖြတ်သန်းခြင်း အကြောင်းများကို ဖွဲ့ဆိုသည့် တေးလင်္ကာ သီချင်းများအား ပီသထိရှသီဆိုနိုင်ခဲ့သည်။

မြန်မာသီချင်း၊ ရှမ်း သီချင်းတွေ အခွေများစွာ သူ သီဆိုခဲ့ရာ ၁၉၆၉ ခုနှစ် မြန်မာ့အသံ ရှမ်းတိုင်းရင်းသား အစီအစဉ်မှ အသံသွင်းပြီး လွှင့်ထုတ်ခဲ့ချိန်မှ နိဒါန်း စ၍ သူ့တေးသံများ လေထဲ လွင့်ပျံ့နေခဲ့သည်မို့ နှစ်ပေါင်း ၄၀ ပင် ကျော်ခဲ့ပြီ။

(၂)

စိုင်းထီးဆိုင်သည် သူ၏ ဆရာအစ်ကိုဟု ခေါ်နိုင်သည့် ရှမ်းတိုင်းရင်းသား တေးရေးစာဆို ဒေါက်တာ စိုင်းခမ်းလိတ် ရေးဖွဲ့ သီကုံးသည့် တေးသီချင်းတွေကို အဆိုများသည် ဆိုသော်လည်း တေးရေးစာဆို ကိုနေဝင်း၊ စိုင်းခမ်းသီ၊စိုင်းဆေးနော်၊ စိုင်းဆမ်တစ် အစရှိသူတို့၏ တေးများကိုလည်း သီဆိုခဲ့သူ ဖြစ်လေသည်။

တကယ်တော့ စိုင်းထီးဆိုင် ကိုယ်တိုင်ကလည်း တေးသီချင်းများ အရေးအဖွဲ့ ကောင်းလှသည့် တေးရေး စာဆိုတစ်ဦးဖြစ်သည်။

သူ ရေးဖွဲ့သည့် ကိုယ်ပိုင်သံစဉ် တေးသီချင်းတွေကို သူကိုယ်တိုင်သီဆိုခဲ့သလို အခြား နာမည်ကျော် အဆိုတော်တွေလည်း ယူ၍ သီဆိုခဲ့ကြသည်။

(၃)

ရှမ်းတိုင်းရင်းသား စာပေနှင့် ရှမ်းတေးသီချင်း ဂီတ ပြန့်ပွားရေး၊ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နှစ်ပေါင်း ၃၀ ကျော်မျှ အားသွန်ခွန်စိုက်၊ မရပ်မနား ကြိုးပမ်းအားထုတ်ခဲ့၍ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ စိုင်းထီးဆိုင်ကို "ဂီတ ဝါဇီတ ကဝိ" ဘွဲ့ အပ်နှင်းခဲ့ကြသည်။

(၄)

စိုင်းထီးဆိုင်သည် မြန်မာဆန်သည့် မြန်မာ့တေးသီချင်း များစွာတို့ကိုလည်း သီဆိုခဲ့သည်။

ရိုးရာ အငွေ့အသက်ပါသော ကိုယ်ပိုင်သံစဉ် စတီရီယိုတေးများကို အစဉ်တစိုက် ဖန်ဆင်းရေးဖွဲ့ သီဆိုခဲ့၍ မြန်မာတေးဂီတ ရေစီးကြောင်း အသစ်ကို အားဖြည့် ခိုင်မာစေခဲ့သူ တစ်ဦးလည်း ဖြစ်ပါသည်။



## အခန်း(၂)

အိုက်တူး ခေါ် မောင်တင်ဦး

(၁)

စိုင်းထီးဆိုင်ကို အဖ ဦးနန္ဒာ၊ အမိ ဒေါ်နန်းအိန်တို့မှ ၁၉၅၀ ခုနှစ်၊ စက်တင်ဘာ ၂၃ ရက်။ မြန်မာသက္ကရာဇ် ၁၃၁၂ ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်၊ စနေနေ့တွင် ရှမ်းပြည်နယ်တောင်ပိုင်း လင်းခေးမြို့ကလေးတွင် ဖွားမြင်ခဲ့၏။

(၂)

အဖဘက်ရော၊ အမိဘက်ပါ မိရိုးဖလာ ဗုဒ္ဓဘာသာ၊ ရှမ်းတိုင်းရင်းသားများ ဖြစ်ကြ၏။ အဖေကား လင်းခေး ဟိုးဘက်အစွန် ဝမ်းဟတ်ရွာသား ဖြစ်၏။ ထိုနေရာကို တိညုဟုလည်း ခေါ်ကြသည်။ တိ=ဆိပ်ကမ်း၊ ညု-လက်ညှိုး ဖြစ်၍ လက်ညှိုးပုံသဏ္ဍာန် ဆိပ်ကမ်းရွာကလေးဟု ဆိုရပေမည်။

အဖေ့ဘက်မှ အဘိုးကား ဦးပန္တုအဘွားက ဒေါ်နန်းအောင် ဖြစ်သည်။ နောင်တော့မယ့်ထောက်အောင်(အဘွားအောင်)ဟု ခေါ်ကြ၏။ အစဉ်အဆက် ဆေး၊ နမ်း၊ ပဲ၊ ကြံ စိုက်ပျိုးလာသော တောင်သူမျိုးရိုးများ ဖြစ်သည်။

အမေ့ဘက်မှ အဘိုးကို လုံးစန်ခမ်းဖုန်းဟု ခေါ်ကြသည်။ အမည်ရင်း ဦးဖုန်းကို ရွှေပန်းတိမ်လုပ်ငန်း အစွဲပြု၍ ရွှေပန်းတိမ်ဆရာ ဦးဖုန်းဟု ခေါ်ဆိုကြခြင်း ဖြစ်သည်။ အဘွားကား ဒေါ်နန်းဟွမ်၊ နောင်တော့မယ့် ထောက်ဟွမ်း(အဘွား ဒေါ်မွေး) ဖြစ်လာသည်။ အဘိုးသည် ကျိုင်းတောင်း ဇာတိဖြစ်၏။ အဘွား နှင့် အိမ်ထောင်ကျ၍ လင်းခေးသို့ ရောက်လာခြင်း ဖြစ်သည်။

(၃)

အဘိုး၏ ရွှေပန်းတိမ်လုပ်ငန်းသည် တစ်ချိန်တစ်ခါတုန်းကတော့ လင်းခေးမှာ လွန်စွာ အောင်မြင်သည်။ လက်ရာတွေ နာမည်ကျော်ခဲ့သည်။ လင်းခေးမြို့ ဈေးတန်းရပ်မှာ ငါးပင်လေးခန်း၊ နှစ်ထပ်ပျဉ်ထောင် အိမ်ကြီးရှိနိုင်နေနိုင်ခဲ့သူ ဖြစ်သည်။

အဘိုးကား နားလေး၍ စကားနည်းသည်။ အိမ်မှာလည်း အနေအပြု နည်းသည်။ တောရကျောင်းမှာ ဝေယျာဝစ္စ သွားသွားလုပ်နေတာ များသည်။

ပန်းတိမ်ရုံကတော့ အိမ်မှာပဲ ရှိသည်။ အိမ်ကြီးက ကြီးသလို ခြံဝင်းက ကျယ်သည်။ ခြံဝင်းအစပ်ကား လင်းခေးကို ကွေ့ကာပတ်ကာ စီးဆင်းနေသော နမ့်တိန်းချောင်းကမ်းပါးအထိ ရောက်လေသည်၊

အိမ်မှ လှမ်းမျှော်လိုက်လျှင် လင်းခေးနယ်မြေ ဘယ်နေရာကပဲ ကြည့်ကြည့် လှမ်း၍ မြင်ရသည့် လွယ်စလေတောင်ကို ပြာမှိုင်းညို့ ညို့ တွေ့ရမည်။ နေသာသော နေ့မှာ စိမ်းပြာလျက် ပူပြင်းသောနေ့မှာ ခရမ်းပြာ၊ မိုးအုံ့သောအခါ မှောင်ပြာပြာ။

(၄)

လင်းခေးနယ်ကား မောက်မယ်စော်ဘွားပိုင် ဖြစ်ခဲ့၏။

ရှမ်းကုန်းပြင်မြင့် ဆိုသော်လည်း လွင်ပြင် မြေနိမ့် ကျ၍ အုန်းပင်၊ ထန်းပင်တွေ ပေါသည်၊ ထနောင်း၊ ကုက္ကို၊ ရှားစောင်းပင်တွေ ပေါက်ရောက်သည်။ နွေအခါကျလျှင် အညာနှင့် မခြား အပူပြင်းသည်။

မိုးနည်းသောကြောင့် နမ့်တိန်းချောင်းရေကိုပဲ အစစအရာရာ အားကိုးရသည်။ နမ့်တိန်းချောင်းထဲမှာ ရေရဟတ်တွေ ဆင်ထားကာ ရေအားကို သုံးပြီး ဆန်ဖွပ်၊ ဆေးရိုးဖွပ်၊ လယ်ထဲ ရေသွင်း။ အဲသလို လုပ်ရသည်။

(၅)

အမေတို့က မောင်နှမ ခုနစ်ယောက်။ ဦးဆန်ခမ်းလှိုင်က အကြီးဆုံး။ ဒုတိယ ဦးဆန်ခမ်းလောဝ်။ အမေ ဒေါ်နန်းအိန်က တတိယ။ အမေ့ အောက်တွင် ဦးဆန်နောင့်၊ ဒေါ်နန်းအေးစံ၊ ဦးဆန်ကြာတို့ အစဉ်လိုက်ရှိပြီး ဒေါ်နန်းနှင်းညွန့် အငယ်ဆုံးဖြစ်သည်။

အမေနှင့် အဖေ ဖူးစာဆုံခဲ့ပုံကလည်း အတန်ငယ်တော့ ဆန်းသည် ဆိုရမည်။

(၆)

အဖေသည် ရဟန်းဝတ်နှင့် ရှစ်ဝါမျှနေခဲ့သော စာတတ်ပေတတ် ဦးပဉ္စင်းတစ်ပါး ဖြစ်ခဲ့သည်။ ညောင်ရွှေ ကန်ကြီးကျောင်းနှင့် မန္တလေး စာသင်တိုက်များတွင် သင်ရိုး ပြီးအောင် နေခဲ့၏။

နမ့်တိန်းချောင်း ကွေ့ချိုး စီးဆင်းသွား၍ ဂငယ်ပုံ ဖြစ်နေသော မြေနေရာ ကျယ်ကျယ်တွင် ကမ်းနှင့်ကပ်လျက် တောရကျောင်း တစ်ကျောင်း ရှိခဲ့သည်။ အဲသလို သီတင်းသုံးလေသည်။

တောရကျောင်းနှင့် ခပ်လှမ်းလှမ်းမှာ ဆေးခြံ၊ နမ်းခြံတွေ ရှိသော်လည်း တောရကျောင်းကလေးကား သစ်တောအုပ်ကလေး စိမ်းစိမ်းစိုစိုကြားမှာ တိတ်ဆိတ် ငြိမ်းချမ်းနေခဲ့သည်။

(၇)

အချိန်ကာလအရ ဒုတိယ ကမ္ဘာစစ်ကြီး ပြီးဆုံး၍ မြန်မာနိုင်ငံ လွတ်လပ်ရေး ရခါစ။

လင်းခေးမြို့ကလေးက ဆင်းရဲနွမ်းပါးသော မြို့ကလေး တစ်မြို့ပင်။ အဝတ် လဲစရာပင် နည်းခဲ့သည်ဟု ဆိုရမည်။ အသိဉာဏ်များလည်း ကောင်းစွာ မပွင့်လင်း ကြသေး။ အစစအရာရာ ခေတ်နောက်ကျ၍ ကျန်ရစ်ဆဲ။ ရှေးကျသော ဓလေ့စရိုက်များ အတိုင်း နေထိုင် ပြုမူကြဆဲ ဖြစ်သည်။

ရေချိုးဆိပ်က စိမ်းလဲ့ကြည်လင်သော တိန်းချောင်းကမ်းစပ်မှာ ရှိသည်။ ရွာသူ ရွာသားများကား မှောင်ရီပျိုးနှင့် လင်းအားကြီး အချိန်များကို ရွေးချယ်လျက် ရေချိုးတတ်ကြရာ "ကန်တော့" တစ်ခွန်းဆိုပြီး ကမ်းပေါ်မှာ အဝတ်ချွတ်ပုံ။ သည်အတိုင်း ချောင်းရေထဲသို့ ဆင်းသွားကြဆဲ ရှိသေးသည်။

ကျေးလက်ဆန်သည့် ရှမ်းတိုင်းရင်းသား မြို့ကလေးပီပီ သာသနာရေးတော့ အားပေးသည်။ တစ်ပဲရလို့ တစ်မူးလှူ၊ တို့ရှမ်းတောင်သူ တူနိုင်ရိုးလား ဆိုသည့် စကားအတိုင်း အလှူအတန်း အပေးအကမ်း နမြောတွန့်တိုမှု မရှိ၊ ရက်ရောကြသည်။

လင်းခေးမြို့ပေါ်ရှိ ရှစ်ရပ်ကွက်တွင် ပရိယတ္တိကျောင်းများ ရှိနှင့်ပြီ။ မြို့လယ်ကောင်မှာ ကျောင်းလုံ (ကျောင်းကြီး) ရှိသည်။ မြို့မိမြို့ဖများက

အလှူအတန်း ကိစ္စ၊ ဆွမ်းကွမ်း ဝေယျာဝစ္စ ကိစ္စ၊ လိုလေသေးမရှိအောင် စည်းဝေးတိုင်ပင် စီမံ ဆောင်ရွက်ကြမြဲ ဖြစ်လေသည်။

(၈)

အဘိုး လုံးစန်ခမ်းဖုန်းသည်လည်း ရပ်မိရပ်ဖ လူကြီးသူမထဲမှာ တစ်ဦးတစ်ယောက် အပါအဝင် ဖြစ်ခဲ့သည်။ တစ်ခါတော့ ရပ်ရွာလူကြီးတွေ စုဝေးဝိုင်းဖွဲ့ ဆွေးနွေးရာမှာ စကားစပ်လာမိကြသည်။ ကွမ်းအစ်၊ ရေနွေးကြမ်း၊ ထန်းလျက်၊ လက်ဖက် ပန်းကန်များ အလယ်ချပြီး....

"ကိုရင်ဖုန်းရေ ကျွန်တော်တို့ လင်းခေးမှာ ပရိယတ္တိ စာသင်တိုက်တွေလည်း ရှိတန်သရွေ့ ရှိတယ်၊ မြို့သူ မြို့သားတွေလည်း သာရေးနာရေး၊ ဘာသာရေးမှာ သဒ္ဓါစိတ်ကြီးလို့ အားမနည်းဘူးဗျနော၊ ဒါပေမဲ့ ဒါန၊ သီလ၊ ဘာဝနာ ဆိုတဲ့အတိုင်း ပရိယတ္တိတရား အားထုတ်မှုတော့ဖြင့် လိုနေသေးတယ် မထင်ဘူးလားဗျာ"

"ကိုရင် ပြောတာ အဓိပ္ပာယ် ရှိပါတယ်၊ ဒါပေမဲ့ ကမ္မဋ္ဌာန်းတရားများ အားထုတ်ဖို့ ဆိုတာ ဘုရားဟောနဲ့လည်း ညီဖို့ လိုပါတယ်၊ ကိုယ့်သဘောနဲ့ ကိုယ် ပြီးလို့ မရနိုင်ဘူးလေ၊ ကိုရင် ထူးထူးခြားခြား သည်ကနေ့ သည်စကား စလာတာ အကြောင်းတော့ရှိလိမ့်မယ် ထင်တယ်ဗျ"ဟု အဖိုးက ဆိုသည်။

"အကြောင်း ရှိပါပြီလားဗျာ၊ သည်လိုဗျ၊ ကျွန်တော် ကြားလာခဲ့တာ တစ်ခု ပြောပြမယ်၊ ဟိုးတောင်ကြီးမှာ ဦးခွန်ထွန်းဆိုတာ ရှိတယ်၊ သည်က ကိုရင်တို့လည်း ကြားဖူး၊ သိဖူးကြမှာပါနော့၊ ရပ်စောက် စော်ဘွားကြီးရဲ့ အနွယ်တော်ပဲလေ၊ ဦးခွန်ထွန်းက စော်ဘွားကြီး အနွယ်တော်ပေမယ့် တခြားဟာလည်း စိတ်မဝင်စားဘူး၊ ဘာသာရေးမှာပဲ အလွန် စိတ်အား ထက်သန်တာကိုးဗျ၊ ဒါနဲ့သထုံဇေတဝန် မင်းကွန်းကျောင်းက ဆရာတော်ကြီးဟာဖြင့် ပရိယတ္တိအရာမှာ အလွန် နာမည်ကျော်ရော့ မဟုတ်လား၊ ရန်ကုန် လှိုင်မဟာစည်မှာ ဦးခွန်ထွန်း တရားအားထုတ်ရင်းဆရာတော့် တပည့် ဦးမြတ်ကျော်ဆီက သတင်းရလို့ သထုံအထိ လိုက်သွားသတဲ့၊ သထုံကျ ဆရာတော်ကြီးထံ တပည့်ခံတယ်ပေါ့၊ ဆရာတော်ကြီးကလည်း ဦးခွန်ထွန်းကို တရားဓမ္မများ နည်းလမ်းပြပေးတဲ့ အပြင် "တကာ ရှမ်းကလေး" လို့ပဲ ရင်းနှီးစွာ ခေါ်သတဲ့။ ဦးခွန်ထွန်းက တပည့်တော်တို့ ရှမ်းပြည်နယ်မှာဖြင့် ပရိယတ္တိ လုံလုံ လောက်လောက် ရှိပေမယ့် ပရိယတ္တိ အားနည်းနေသေးကြောင်း၊ နည်းလမ်းရရင် တရားပြချင်ကြောင်းတွေ လျှောက်ထားလိုက်တော့ ဆရာတော်ကြီးက "ရှမ်းကလေး၊ မင်း တရားပြလို့ ရပြီ" လို့ မိန့်သတဲ့ ဗျာနော်။ အဲဒါနဲ့ အခုတောင်ကြီးပြန်လာပြီး ယောဂီကျောင်း၄-၅ဆောင်နဲ့ တရားပြနေတာ အတော်ခရီးရောက်ဆိုပဲဗျ"

"ဟာ ဒါဆို ကျွန်တော်တို့ လင်းခေးကိုလည်း ပရိယတ္တိတရား အလင်းရောင် ရောက်လာသင့်တာပေါ့၊ ဦးခွန်ထွန်းကို လင်းခေး ပင့်လာရမှာပေါ့၊ ဟောသည်က ကိုရင်ဖုန်းရော ဘယ်လိုသဘောရသတုံးဗျ"

"ကျွန်တော်လည်း ကိုရင်တို့နဲ့ တစ်သဘောတည်းပါပဲ"

"ဒါဖြင့် အများသဘောတူ စီစဉ်ကြတာပေါ့နော်၊ တောင်ကြီးကို ဆရာ အပင့်လွှတ်ဖို့ ဘယ်သူသွားရင်များ အဆင်ပြေမလဲ"

လူကြီးတွေ အားလုံးဝိုင်းဝန်းပြီး စဉ်းစားကြသည်။ အမျိုးမျိုး စဉ်းစားပြီး နောက်ဆုံးမှ "ဦးဇင်းလေး ဦးနန္ဒာကတော့ စာတတ်ပေတတ်လည်း ဖြစ်တယ်၊ မြို့တွေ ဘာတွေလည်း သွားလာဖူးတယ်၊ အဲသည်တော့ ဦးပဥ္စင်းလေးကို တောင်းပန်ပြီး ဆရာ ဦးခွန်ထွန်းကို သွားပင့်ပေးဖို့ လျှောက်ထားရအောင်ဗျာ"

"ဟာ သိပ်ကောင်းတာပေါ့၊ ခရီးစရိတ်က အစ အားလုံး လိုလေသေးမရှိ ဝိုင်းစီစဉ်ပေးရမှာပဲ"

## (၉)

စာပို့ချက်ပလက် လော်ရီကားကြီးနှင့် ဦးပဥ္စင်း ဦးနန္ဒာ တောင်ကြီးသို့ ကြွရောက် သွားသည်။ ဟိုမှာ ကမ္မဋ္ဌာနာစရိယ ဆရာ ဦးခွန်ထွန်းနှင့် တွေ့ဆုံပြီး လင်းခေး မြို့မိမြို့ဖများ၏ လိုလား တောင့်တချက်များကို အကျိုးအကြောင်း ပြည့်စုံစွာ ရှင်းပြသည်။ ဆရာ ဦးခွန်ထွန်းလည်း မဆိုင်းမတွပင် လင်းခေးသို့ လိုက်လာခဲ့လေသည်။

လင်းခေးမြို့ လူကြီးများ ထည့်ပေးလိုက်သော အသွားအပြန်နှင့် အထွေထွေ စရိတ် ငွေကျပ် ၆ဝမှာ ပြန်လာတော့ ပိုပင် ပိုသေးသည် ဆို၏။

## (၁၀)

ဆရာ ဦးခွန်ထွန်းက တောရကျောင်းကလေးမှာပဲ အခြေစိုက်ပြီး ၅ရက် စခန်း၊ ၇ရက်စခန်း၊ ၁၀ရက် စခန်းများ ဖွင့်ပေးသည်။ မြို့သူမြို့သားများ စိတ်ပါ လက်ပါ တရားစခန်း ဝင်ကြသည်။ ဝိပဿနာတရားထိုင် ကျင့်ကြံရခြင်း၏ ဓမ္မအရသာ ထူးခြားပုံကို ကိုယ်တွေ့လက်တွေ့ သိသွားကြသောအခါ ပို၍ စိတ်အား ထက်သန်လာကြသည်။ တစ်ဆင့်တက်ပြီး ကမ္မဋ္ဌာန်းကျောင်း တစ်ကျောင်း ဖြစ်ပေါ်လာဖို့ ကြိုးပမ်း အားထုတ်လာခဲ့ ကြပြန်သည်။

နမ့်တိန်းချောင်း ဂငယ်ကွေ့ထဲရှိ တောရကျောင်းနှင့် ကပ်ရက် မြေကွက်ကို ခြံစိုက် တောင်သူများအား လှူမလား ဆို၍ မြို့မိမြို့ဖ လူကြီးများက စည်းရုံးကြသည်။ သဘောတူသော် စပေါင်း ရန်ပုံငွေထည့်ပြီး ဝိုင်းဝယ်လိုက်ကြ၍ ခြံများ ရွှေ့ပြောင်း သွားလေသည်။

မြေနေရာ ရတော့ ကျောင်းဆောက်ဖို့ စီစဉ်သည်။

ကျောင်းတစ်ကျောင်း ဖြစ်လာဖို့ဆိုတာ မတည်ရုံနှင့် မပြီး။လက်တွေ့ ပြေးလွှား လုပ်ကိုင်ဖို့က လိုသေးသည်။ ရပ်မိရပ်ဖများနှင့် အတူ ဦးပဥ္စင်းနန္ဒာကား လှူငယ်ပီပီ စခန်းဖွင့်ဖို့ ဆိုတုန်းကလည်း သူ၊ မြေယာ ရှင်းလင်း အဆောက်အအုံ တည်ထောင် ဆိုလည်း သူ။

လောကီအရေး ကိစ္စတွေ များနေ၍ သင်္ကန်းနှင့် မသင့်တော်။ လူထွက် ဖြစ်လိုက်တော့သည်။

ထိုအချိန်ကား ၁၉၄၉ ခုနှစ်၊ နှစ်ဦးပိုင်း ဖြစ်၏။

(၁၁)

သည်လိုနှင့် လင်းခေးမြို့ကလေးတွင် မင်းကွန်း သာသနာ့မာရ်အောင် ကမ္မဋ္ဌာန်းကျောင်း ဟူ၍ အောင်မြင်စွာ ပေါ်ထွန်းလာခဲ့သည်။ နောင်မကြာမီ မူလ တစ်ကျောင်းမှ နှစ်ကျောင်း ဖြစ်လာသည်။ ဆရာကြီး ဦးခွန်ထွန်းက တစ်နှစ် တစ်ခါ မှန်မှန်လာပြီး တရားပြလေသည်။

(၁၂)

လူထွက် ဦးနန္ဒာကား သင်္ကန်းနှင့်ဝေးရပြီ။ သည်ပုံအတိုင်း နေသွားဖို့လည်း မသင့်မြတ်သေး၍ အဘိုး လုံးစန်ခမ်းဖုန်းက သမီး နန်းအိန်နှင့် လက်ထပ်ထိမ်းမြား နေရာချထားပေးလိုက်ခြင်း ဖြစ်၏။ ဟိုးအရင်ကတည်းကလည်း ခင်မင်ရင်းနှီးပြီးသား၊ သွားလာ ပြောဆို လေးစားပြီးသားရင်းစွဲမို့ အားလုံး အဆင်ချောခဲ့ရလေသည်။

ဦးနန္ဒာကား စာတတ် ပေတတ် ရပ်ရွာ ခေါင်းဆောင်ငယ်တစ်ယောက် ဖြစ်လာသည်။ လူထွက်ဘဝ ရောက်သော်လည်း ကမ္မဋ္ဌာန်းကျောင်းနှင့် အဆက်မပြတ်။ တရားဓမ္မ ကိုယ်တိုင်ကျင့်ကြံ အားထုတ်သလို ကမ္မဋ္ဌာနာ စရိယတစ်ဦးလည်း ဖြစ်လာခဲ့ လေသည်။

အမေက လင်းခေး အလယ်တန်း ကျောင်းမှ ဂုတန်း အောင်ထားသူ ဖြစ်သည်။ အိမ်မှာ အပ်ချုပ်စက်တစ်လုံး ရှိ၍ စက်ချုပ်သည်။တစ်ဖက်ကလည်း ပရိယတ္တိတရား အားထုတ်ရာတွင် စိတ်ထက်သန်သော အမျိုးသမီး ခေါင်းဆောင်တစ်ဦး ဖြစ်လေသည်။

(၁၃)

အမေ ကိုယ်ဝန်ရှိလာတော့ မြေးဦးမို့ အဘိုးအဘွားကလည်း လွန်စွာ မျှော်လင့်သည်။

အဖေ အမေတို့လည်း စိတ်ကူးနှင့်ပင် တွေးတွေးပြီး ကြည်နူးခဲ့ကြသည်။ အမေကား ကိုယ်ဝန်ဆောင်တို့ ထုံးစံ ခေါ်ပုပ်များ၊ ထမင်းချိုးများ မစားရ။ မီးကို ကျောခိုင်း မလှုံ၊ နေဝင်မိုးချုပ် ရေမချိုး၊ နေဝင် မိုးချုပ် အပြင် ထွက်လျှင် မကောင်းဆိုးဝါးများ မကပ်မငြိစေရန် ခေါင်းဆံပင်မှာ အပ်စိုက်။ အဲသလို ဂရုစိုက်ရသည်။

(၁၄)

မီးဖွားတော့ လင်းခေးမြို့ အမေရိကန် ဘက်ပတစ် သာသနာပြု ဆေးရုံ၌ ဖြစ်သည်။

မွေးလာတော့ကြံ့ကြံ့ဖန်ဖန်။ စနေနေ့နှင့်မှ သွားတိုက်ဆိုင်သည်။သားဦး စနေ ဖြစ်ရချေပြီ။ ပြီးတော့ ကလေးက ပေါင်မပြည့်။ ပြာနှမ်းနှမ်း မည်းတုံးတုံး။ အရုပ်ဆိုးဆိုး၊ တွန့်ရှုံ့ရှုံ့၊ပျော့ဖပ်ဖပ်နှင့် လူချောက်ကလေး သဖွယ်။

မြင်သူတကာ ဟင်-ဟာ ဖြစ်ရပြီ။ အသက်ပင် ရှင်မှ ရှင်ပါ့မလား ယုံမှားသံသယ ဖြစ်ကြသည်။ ရှင်လည်း အသက်ရှည်ကြာလိမ့်မည် မထင်ကြ။ ချီပွေ့ယုယ လုပ်ကြည့်ကြဖို့ မဝ့္ဝသလိုလို။ ချော့မြှူဖို့ဆို ဝေလာဝေးပေါ့။ စလွယ်မွေးခေါ် အချင်း ပတ်ပြီး မွေးလာသည်ကလည်း အထူးအဆန်းလို ဖြစ်ရသည်။

(၁၅)

အမေကတော့ မိခင်မေတ္တာ အပြည့်အဝ၊ မိခင်ဝတ္တရား ပီပီသသ နို့ချိုတိုက်ကျွေး မွေးမြူ စောင့်ရှောက်သည်။ စိတ်ထဲမှာဖြင့် တနုံ့နုံ့။ သည်ကလေးလေးကို သိပ်မမျှော်လင့်ရဲ။ အများသူငါကလည်း တစ်ယောက်တစ်ပေါက် ပိုင်းပြောကြသေးသည်။ ခမျာကလေး သက်ဆိုးမှ ရှည်ပါလေမလား စိုးရိမ်သည်။

သို့သော် ကလေးလေးကတော့ဖြင့်ခေါင်းမာစွာနှင့် ဘဝကို ခင်ခင်တွယ်တွယ် ရုန်းကန် တပ်မက် ခက်ခဲရှင်သန် ကြီးထွားလာခဲ့သည်။

ဝမ်းလျားထိုးမှ လေးဖက်တွား။ လေးဖက်တွားမှ စမ်းစမ်းထိုင်ထိုင်။ အစမ်းထိုင်မှ အကိုင်အတွယ် ဆွဲယူလျက် မတ်တတ်ထ။ အဲသလိုမှ လမ်းလျှောက်စ။ တဖြည်းဖြည်း မာကျော သန်စွမ်းလာသော်လည်း ရုပ်ကလေးက မချောရှာ။ မွေးကင်းစ ပြာနှမ်းနှမ်း မည်းတုံးတုံးပုံ ပျောက်မသွား။

သို့ဖြင့် အိုက်တူး(အတူး) ဟုပင် လွယ်လွယ် အမည်မှည့်ခေါ်လိုက်ကြ၏။ အဓိပ္ပာယ်ကား "မောင်မည်း" ဟူသတည်း။

(၁၆)

အိုက်တူးကလေး လသားအရွယ် နည်းနည်းရှ၊ထိန်းသိမ်းပြုစုရဆဲ အချိန်။ ရှမ်းပြည်နယ် တစ်နံတစ်လျား လွယ်အိတ်ကိုယ်စီနှင့် လှည့်လည် သွားလာပြီး ဇာတာဖွဲ့ပေးသူ ပုဏ္ဏားဆရာများ ရှိကြ၍- "ဟဲ့ ဒီက စနေသားလေး၊ဇာတာ ဘာညာ ဖွဲ့ပြုပေးထားကြဦးလေ၊ အရေးအကြောင်းကျ မိုးကြိုးပစ် ထန်းလက်ကာဆို မဟုတ်လား"ဟု ဘေးဘီက ပြောဆိုကြသဖြင့် ထိုဆရာတွေကို ခေါ်ရသည်။

ဆရာတွေလည်း ပေကညစ်ကလေး ကိုင် မွေးနေ့မွေးရက် အချိန်များ၊ မေးမြန်းပြီး "ဆိုစမ်းပါဦး၊ ဘာနာမည်များ မှည့်ထားသလဲ"ဟု မေးသည်။

တကယ် အတည်တကျ ဘာနာမည်မျှ မမှည့်ရသေး။ အိုက်တူးလို့ ခေါ်ကြသည် ဆိုသော်လည်း ဒါကတော့ဖြင့် မဟုတ်သေး။ သို့နှင့် ဆရာတွေကပဲ- "ကဲ ကဲ သားဦးလည်း ဟုတ်တယ်၊ စနေနံခံ၊ တနင်္ဂနွေ အညွှန့်တက်ပေါ့" ဆိုပြီး မောင်တင်ဦးဟု အမည် မှည့်ခေါ် ပေးလိုက်ကြလေသည်။



## အခန်း(၃)

နမ့်တိန်းချောင်း နံဘေးမှ တေးဂီတသံများ

(၁)

အိုက်တူးခေါ် မောင်တင်ဦးလေး မွေးလာပြီးသည့် နောက်ပိုင်း အမေ အတွေးပိုစ ပြုလာရသည်။

"ခုလို စက်ချုပ်နေတာ တစ်ခုက ရေရှည် မစားလောက်ဘူး ထင်တယ်၊ အပ်သူရှိမှ ငွေဝင်ရှိမှာ၊ ဝင်ငွေမှန်တဲ့ လခစားဖြစ်အောင် ပညာ တစ်ခုတော့ကြိုးစားသင်ဦးမယ်" ဟု စိတ်ကူး ပေါ်လာသည်။

သို့ဖြင့်တောင်ကြီးသွားပြီး Midwifery Course သင်တန်းတက်သည်။ ဤသင်တန်းက အိမ်ထောင်ရှိသူပင် တက်မရ၍ ကလေးလေးကိုတော့ အစ်ကိုကြီး ဦးဆန်းခမ်းလှိုင်တို့ လက်ထဲ အပ်ထားခဲ့လေသည်။

(၂)

ဘကြီး ဦးဆန်ခမ်းလှိုင်ကား ထိုအချိန်က မောက်မယ်စော်ဘွား အနွယ်တော် စောဝ်ခမ်းခေါင်၏ သက်တော်စောင့် ကိုယ်ရံတော် ဖြစ်ခဲ့၏။ နောက်ပိုင်းကျမှ ပြည်သူ့စစ် ကာကွယ်ရေးတပ်ဖွဲ့ထဲ ရောက်သည်။ ဘကြီး

ဇနီးကား မုဒုံသူ ဒေါ်မေမေစိန်။ သူတို့မှာက သားသမီး မထွန်းကား။ သို့ဖြင့် အပ်ထားသော မောင်တင်ဦးကလေးကိုပင် လွန်စွာ ယုယ ချစ်ခင်ကြလေသည်။



ဂယ်ဓနုရာက ကြည့်ကြည့် လှမ်းမျှော်ကြည့်မြင်ရတဲ့ လင်းခေးမြို့က တွယ်စလေတောင်



[illegible]

အမေ သင်တန်းဆင်းလာတော့ ပထမဆုံး တာဝန်ကျတာ ကလောမြို့အနီးရှိ ပင်လောင်းဒေသမှာ ဖြစ်သည်။ မောင်တင်ဦးကလေးကား လူမှန်း ကောင်းစွာ မသိတတ်၊ သိတတ်အရွယ်။ အမေ သွားလေရာသို့ ပါသွားခဲ့ရပြန်သည်။

သူ့အပေါ် မေတ္တာငွေ့ပေး၊ နွေးထွေး လုံခြုံစေခဲ့သည့် မွေးစားအဖေ၊ အမေတို့နှင့်ခွဲခွာလာခဲ့ ရသော်လည်း စိတ်က တစ်ချိန်လုံး သူတို့ကိုပဲ တမ်းတသည်။ လင်းခေး ပြန်လာရသည်ဆို ဘကြီးနှင့် မွေးစားအမေ ဒေါ်မေမေစိန်တို့ အိမ်မှာပဲ သွားသွားနေသည်။ အိမ်ဆိုတာက ဝေးဝေးလံလံ သီးခြားမဟုတ်။ အဘိုးအိမ်ကြီးနှင့် တံစက်မြိတ်ချင်း ထိစပ်ကာ ဆောက်ထားကြခြင်း ဖြစ်သည်။

ဝင်းမရှိ၊ စည်းရိုး မခြား။

အမေ့ကို ပြည်နယ် ကျန်းမာရေးမှူး ဒေါက်တာ ဒေါ်စောမြမေက လင်းခေးသို့ ပြန်ပြောင်းပေးလိုက်သော အခါမှာဖြင့် ကလေးလေးခမျာ ပျော်၍ မဆုံးပြီ။

(၃)

လင်းခေးအိမ်ကြီးမှာ မောင်တင်ဦးကလေးအတွက် စိတ်ဝင်စားစရာ တစ်ခုက အဘိုး၏ ပန်းတိမ်ရုံ ဖြစ်သည်။ သွားပြီး ရပ်ကြည့်နေရလျှင် အချိန်

ကုန်လို့ ကုန်မှန်း မသိပြီ။ အဘိုးက စကားနည်းနည်း။ သူ့ကို ပြောလည်း နားအတန် လေး၍ မသဲကွဲ။

ဖားဖိုတရှဲရှဲ ဆွဲသောအခါ မီးခဲတွေ တစစ နီရဲပြီး ပြာလွဲ့သော မီးလျှံလေး တောက်ပလာတာ။ လုံထဲမှာ ရွှေစကို ထည့်။ မီးအပူနှင့် တိုက်ချွတ်တာ။ မှတ်ကျောက် တင်လိုက်သောအခါ ဝင်းပလာသော ရွှေသား။ ပြီးတော့ ရွှေထည် ကို ရွှေပန်းတိမ်ကိရိယာ တန်ဆာပလာတွေ သေးသေးငယ်ငယ်နှင့် အနုစိတ် ပုံဖော်တာ ဘယ်လို သဘောကျမှန်း မသိ။

ရွှေပန်းတိမ်စီးပွားက အဘိုး အသက်ကြီးလာ၍ တစ်ကြောင်း၊ တခြား လူသစ်တွေ အထည်ပုံဆန်း တီထွင်တတ်လာကြသည်က တစ်ကြောင်းတို့ကြောင့် တဖြည်းဖြည်းချင်း ရပ်စဲသွားခဲ့၏။

(၄)

ထိုအချိန်တွင် လင်းခေးမြို့ကလေးမှာ အပြောင်းအလဲအချို့ ရှိလာသည်။ သထုံပေါ်မှာ ပေါ်ပေါက်သော ဝိပဿနာ သာသနာကို ရှမ်းပြည်နယ်တွင် လင်းခေးမှ စောစောစီးစီး ရရှိခဲ့ပြီး ပထမဆုံး လက်ရင်း ဖြစ်လာသည်။ တရားဓမ္မဘက်တွင် ဖွံ့ဖြိုးလာသောကြောင့် လူတွေကလည်း သိသိသာသာ တိုးတက် ယဉ်ကျေးလာကြသည်။ ချောင်းရေချိုးဆိပ် ဆင်းတာက အစ စည်းကမ်းတကျ လုံလုံခြုံခြုံ နေတတ်ထိုင်တတ် ဖြစ်လာသည်။

တစ်ဖက်မှ မောက်မယ်စော်ဘွား အနွယ် လင်းခေး ဦးထွန်းမြင့် (နောင်နိုင်ငံတော် ကောင်စီဝင်) က ဗာဂျီးနီးယား ဆေးရွက်ကြီးတွေ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးစေသည်။ တောင်သူများအကြား ဆေးရွက်ကြီး စိုက်ပျိုးနည်းသစ်တွေ စနစ်တကျ ဖြန့်ဝေပေးသည်။ သည်လိုနှင့်ဆေးရွက်ကြီး စိုက်ခင်းတွေ လင်းခေးနယ်တစ်ကြော ရှုမဆုံး၊ မျှော်မဆုံး ပေါ်လာခဲ့တော့၏။ စိုက်ပျိုးရေးအောင်မြင် ဖြစ်ထွန်းသောအခါ တောင်သူများလည်း ထိုက်သင့်စွာပင် စီးပွားရေး ချောင်လည်လာကြသည်။ ငွေစကြေးစ ရွှင်လာသည်နှင့်အမျှ အလှူအတန်းတွေ စည်ကား သိုက်မြိုက်လာခဲ့ပြန်တော့သည်။

ထိုသို့ သာသနာရေး၊ စီးပွားရေး ဖွံ့ဖြိုးလာခဲ့ချိန်။

လင်းခေးမြို့ကလေးသည် အနုပညာမှာလည်း နောက်ကျ မကျန်ရစ်စေဖို့ အကြောင်းဖန်လာခဲ့ပြန်သည်။

(၅)

လင်းခေး မြေကျေးရှင်းသို့ ပြောင်းရွှေ့လာသော ဦးမောင်မောင်ကား ပဲခူးသား။ ဂီတကို ဝါသနာပါသည်။ လေ့လာ လိုက်စား ကျွမ်းကျင်မှု ရှိသည်။ တူရိယာ ပစ္စည်းတွေလည်း တစ်ပါတည်း ယူလာသည်။

လင်းခေးမှာက မြန်မာစာတတ်သူ နည်းပါး၊ စာတိုက်လည်း မရှိသေး၍ စာတိုက်ဖွင့်ဖို့ စီစဉ်သည်။ ဝန်ထမ်း ရှားပါးသော ခေတ်မို့ ဦးမောင်မောင်ပဲ ပထမဆုံးသော စာတိုက်မှူး ဖြစ်လာသည်။ လစာနှစ်ခု စားရ၏။ စာတိုက်နေရာ

ကလည်း သီးခြားမရှိ။ အဘိုး အဘွားအိမ်မှာပဲ အခန်းနှစ်ခန်း ငှားပေးလိုက်ကြသည်။

စာတိုက်မှူး ဦးမောင်မောင်သည် လူပျိုဖြစ်၍ အိမ်မှာပဲ အခန်းတစ်ခန်းနှင့် နေသည်။ ဘကြီး ဦးဆန်ခမ်းလှိုင်၊ ဒေါ်မေမေစိန်တို့ထံ ထမင်းလခ ပေးစားသည်။ အားလုံး မိသားစုလိုပဲ ရင်းရင်းနှီးနှီး ဖြစ်နေခဲ့ကြသည်။

အားလပ်သောအခါ ဦးမောင်မောင် ခေါင်းဆောင်ပြီး ဦးလေးတွေ၊ အဒေါ်တွေနှင့် အိမ်မှာ တီးကြ၊ မှုတ်ကြ၊ သီဆိုကြတာ ပျော်စရာပဲ ဖြစ်ခဲ့၏။ မြို့ထဲမှ ဝါသနာပါသော ဦးကျော်၊ ဦးငွေခိုင် အစရှိသူများထပ်မံရောက်ရှိ ပေါင်းမိကြပြီး ဝိုင်းအဖွဲ့လေး ဖြစ်လာသည်။ ဦးမောင်မောင်ထံမှ မြန်မာ ပတ္တလား၊ စောင်း၊ ဒုံမင်း၊ မြန်မာဂီတာ၊ တယော တူရိယာတွေ သင်ယူ လေ့ကျင့်ကြသည်။ သီချင်းကြီး၊ သီချင်းခံများကို သင်တန်းသဖွယ် ကျက်မှတ် လေ့ကျင့်သီဆိုကြသည်။ သံစုံတူရိယာ ဂီတအဖွဲ့လေး ဖြစ်မှန်းမသိ ဖြစ်ထွန်း လာခဲ့သည်။

အမေ့ညီမ အငယ်ဆုံး ဒေါ်နန်းနှင်းညွန့်ကား သီချင်း အဆိုကောင်းဖြစ်၏။ သူ့ခင်ပွန်း ဦးမြင့်စိုးလည်း မြန်မာမယ်ဒလင် ကျွမ်းကျွမ်း ကျင်ကျင် တီးတတ်သည်။ ဦးမောင်မောင်၏ တပည့်များဟု ဆိုရပေမည်။

မြို့တွင် ပွဲအလှူများ ရှိသော်လည်း ကာလပေါ် သီချင်းများလည်း သူတို့အဖွဲ့က သီဆို ပေးကြသည်။ ဦးမောင်မောင်က သီချင်းတွေလည်း ရေးဖွဲ့ စပ်ဆိုသည်။ နောင်သောအခါ ဦးမောင်မောင်သည် လင်းခေးလုလင် ဆိုသည့် အထင်ကရ ဂီတစာဆို တစ်ဦး ဖြစ်၍ လာခဲ့သည်။

ဆရာ လင်းခေးလုလင် (ဦးမောင်မောင်) ပြောင်းရွှေ့ သွားသော်လည်း သူမျိုးစေ့ ချထားပေးခဲ့သော ဂီတ အနုပညာများ လင်းခေးမြို့ကလေးမှာ ဖွံ့ထွားစည်ပင် ကျန်ရစ်သည်။

(၆)

နောင် စိုင်းထီးဆိုင်ဖြစ်လာမည့် မောင်တင်ဦးကလေး အဖို့လည်း လူမှန်း သိတတ်ခါစ တီးကြ၊ မှုတ်ကြ၊ သီဆိုကြတာ မျက်စိယဉ်၊ နားယဉ်ပြီးသား ဖြစ်ခွင့် ရခဲ့လေသည်။



နမ့်တိန်းချောင်းထဲက အားထားရတဲ့ ရေရဟတ်

*အခန်း(၄)*

လင်းလက် သက်ဝင်လှုပ်ရှားနေသော

လင်းခေးမြို့ကလေး

(၁)

လင်းခေးမြို့ကလေးက ခေတ်အမျိုးမျိုးကို ဖြတ်သန်းခဲ့ရာ ဒုတိယကမ္ဘာစစ် အတွင်းကလည်း ကံအားလျော်စွာ စစ်ဘေးစစ်ဒဏ် ကြီးစွာ မခံခဲ့ရ။ ဂျပန်ဆုတ်အပြေး မဟာမိတ်တပ်များ ဗုံးကြဲမည့်ဒဏ် စိုးရိမ်၍ ဗုံးခိုကျင်းတွေ တူးခဲ့ရတာပဲ ရှိသည်။

လွတ်လပ်ရေး ရပြီးနောက်ပိုင်း တရုတ်ဖြူတို့ သံလွင် အရှေ့ဘက်ခြမ်းသို့ ကျူးကျော်လာပြီး ခြေကုပ်ယူဖို့ အစပျိုးချိန်။ လင်းခေးက မိုင်းတုံ မိုင်းဆတ်သွားရာ လမ်းပေါ်မှာ ကျရောက်နေသည်။

၁၉၅၄ ခုနှစ် ဇန်နဝါရီလတွင် မောက်မယ်။ လင်းခေးတောင်ပိုင်း။ ဝမ်စလောင်နှင့် ကဒူးကြီးဒေသများရှိ တိုင်းရင်းသားများထံမှ အခမ့ လုယက်စားသောက်၊ စော်ကားလာသော တရုတ်ဖြူ တပ်များကို တပ်မတော်က ယုဇန စစ်ဆင်ရေးဖြင့် တိုက်ခိုက် ချေမှုန်းခဲ့သည်။ တပ်မတော် အကြီးအကဲသည် ပုံပါကျင်သို့ အသွား လင်းခေးမြို့မိမြို့ဖများနှင့် တွေ့ဆုံ နှုတ်ဆက်သွားသေးသည်။

လင်းခေးမြို့ကလေး၏ ရပ်ရွာတွေထဲမှာတော့ အေးအေးချမ်းချမ်းပဲ ရှိခဲ့လေသည်။

(၂)

နွေကာလ တပေါင်းကျလျှင်-

လင်းခေးမြို့ဆီမှ အဖေတို့ရွာဘက် အထွက်လမ်းပေါ်ရှိ ဝမ်တိမ်းတွင် သမိုင်းဝင် ပုထိုးများရှိသည်။

တပေါင်းပွဲ ကျင်းပလျှင် စည်ကားလှ၏။ အနီးအနားရွာများက လူတွေ လှည်းတွေ၊ လှည်းတွေနှင့် ရောက်လာကြတာ ဖုန်တထောင်းထောင်းပင်။ အချို့လည်း ခြေကျင်။ အချို့လည်း မြင်းစီးလျက်။ တစုတဝေးကြီးမို့ ပျော်စရာ။ ဝတ်ကောင်းစားလှ ဝတ်စားကြ။ အပျို အအိုတွေလည်း အစွမ်းကုန် ဖြီးလိမ်း ပြုပြင်လာကြသည်။

လှူပွဲတန်းပွဲနှင့် တရားနာမှာ လာသမျှကို မခွဲခြားတော့ဘဲ အချိန် တစ်ချိန် သတ်မှတ်ပြီး စုပေါင်း သီလပေး၊ ပရိတ်ရွတ်၊ တရားနာ၊ ရေစက်ချသည်ဖြစ်၍ အချိန်မီ ရောက်အောင် သွားကြရသည်။

ထိုတပေါင်းပွဲမှာ ရှမ်းဇာတ်များ ကပြလေ့ရှိသည်။ ရှမ်းဇာတ် မင်းသမီးတွေထဲမှာ နာမည်အကြီးဆုံးကား မိုင်းမုမှ နန်းလိတ်ပင်။ ဟိုး ထိုင်းနိုင်ငံ နယ်စပ်အထိ နာမည် ဟိန်းပြီးသား ဖြစ်တော့၏။ ပရိတ်သတ်တို့ အသည်းထဲထိ

စွဲငြိ တွယ်သွားအောင် အပြော အဆို၊ အငို အက၊ တင်ဆက် ပြသမှု ကောင်းလှ၏။

နန်းလိတ်တို့ဇာတ် ပြန်သွားသည့် နောက်ပိုင်း ရက်အတန်ကြာသည်အထိ ရပ်ထဲရွာထဲမှာ ပြောဆို မဆုံးနိုင်၊ တုပ မဆုံးနိုင်။ တသသ ဖြစ်ကျန်ကြစမြဲ။

(၃)

တပေါင်းပွဲပြီးလျှင် သင်္ကြန်။

သင်္ကြန်ကား လင်းခေးမှာ ပွဲကြီးလမ်းကြီးဟု မဆိုသာ။ လွင်ချိုင့်ဝှမ်းမို့ နွေရာသီက အပူရှိန်လည်း ပြင်းထန်လှသည်။ နေ့လယ်နေ့ခင်း နေပူချိန်မှာ ရေပက်လို့ မကောင်း။ ရေတွင်း ရေကန် မရှိ။ ချောင်းကိုပဲ အားပြုရသည်မို့ ညနေပိုင်း နေအေးသွားမှ ဖလားတွေ ကိုယ်စီနှင့် ဘုန်းကြီးကျောင်းမှာ သွားစုဝေးကြသည်။

အပျို၊ အအို၊ ကာလသားတွေအားလုံး ဘုန်းကြီးကျောင်းမှာ ရေထမ်း၊ အမှိုက်ရှင်း၊ ဝေယျာဝစ္စလုပ်၊ ဘုရားဆင်းတု၊ စေတီတော်များ ရေသပ္ပာယ်ကြ။ တစ်ချိန်တည်းမှာ ဘုန်းကြီးကျောင်း ဝရန်တာရှည်များတွင် ရေအပြန်အလှန် ပက်ကြ၊ လောင်းကြ၊ စကြ၊ ပြောင်ကြ။ အဲသလို သင်္ကြန်ပွဲကို နွှဲကြသည်။

မုန့်လုံးရေပေါ် လုပ်ကြ၏။ သို့သော် ကောက်ညှင်း၊ ကြံသကာနှင့် ငှက်ပျောရွက် မုန့်ဖက်ထုပ်က ပိုတွင်ကျယ်သည်။ အိမ်တိုင်းက လုပ်၊ အိမ်တိုင်းကို ဝေကြသည်။ ငှက်ပျောရွက် မုန့်ဖက်ထုပ်က အထားလည်း ခံသည်။ သုံးလေးရက်နေ၍ ခြောက်သွေ့ သွားသော် မုန့်ကို ပြန်ကြော်စားလည်းရသည်။ လူကြီးမိဘတွေဆီ မုန့်ဖက်ထုပ် ခြင်းတောင်းလေးများ ကိုယ်စီနှင့် သွားကန်တော့ကြသည်။ အဲသည်က ဝတ်ကောင်း စားလှနှင့် ပြန်လာသည့် အပျိုတွေကို ကာလသားများ ချောင်းပြီး အလစ်အငိုက်မှာ ရေပက်တတ်ကြသည်။

နိမ့်တိန်းချောင်းထဲမှာ ရေမိုးချိုးပြီး ပြန်တက်လာ၊ အဝတ်အစားတွေ ဘာတွေ ခြောက်ခြောက်သွေ့သွေ့ လဲလှယ်ပြီးကာမှ ရေပက်ကြသော် အော်ကြ၊ ဟစ်ကြ၊ ပြန်ပက်ကြနှင့် ပျော်စရာတစ်မျိုးပဲ ဖြစ်ရ၏။

(၄)

သင်္ကြန်ကျော်လျှင်တော့ လင်းခေးတွင် ရှင်ပြုကြ၏။ စုပေါင်း ရှင်ပြုပွဲတွေ ခေတ်စားသည်။ တန်ခူး၊ ကဆုန်ကား ရှင်ပြုရာသီ ဆိုရမည်။ တစ်ခါတလေလည်း မိုးအကျတွင် လုပ်ကြ၏။ သားရှိသူလည်း ရှိ၊ မရှိလည်း ကိတ္တိမသားထားပြီး ရှင်ပြု ပေးကြသည်။ ဝေးသော ရပ်ကွက်ချင်း မပေါင်းသည့်တိုင် ဆန်လောင်း (ရှင်လောင်း) ၅၀ခန့်တော့ အနည်းဆုံး ရှိသည်။ တစ်ခါတလေ ရှင်အပါး ၁၀၀ကျော်မှ ရှိတတ်၏။

ရှင်ပြုပွဲတွေကား ခမ်းနား စည်ကားလှသည်။ အလှူပွဲနေ့ရက် မတိုင်မီ ရက်အတန်ကြာအောင် ကြို၍ စီစဉ်ရစမြဲ။ မိတ်သင်္ဂဟ ဆွေမျိုးနီးချင်း အားလုံးကို စေ့ငှအောင် ဖိတ်ရသည်။ စကားအပြောအဆို လိမ္မာယဉ်ကျေးသော အလှူဖိတ်ကြားသူများ သပ်သပ် ရှိကြ၏။ မုန့်ထုပ်လက်ဖက် ကမ်းပြီးမှ ဖိတ်ကြားရသည့် အလေ့အထလည်း ရှိသည်။

(၅)

ရှင်ပြုပွဲက ငွေကြေးအခြေအနေပေါ် မူတည်ပြီး ရက်ရှည်တတ်သည့်အခါ ရှည်လျားသွားတတ်သည်။ သုံးရက်၊ ငါးရက်၊ ခုနစ်ရက်အထိ ဖြစ်တတ်၏။ ရှင်ပြုပွဲများ ရက်ရှည်လျား၍ ရှင်တစ်ပါး တစ်ပါးလျှင် ရှင်လောင်းတပည့် လေး-ငါးယောက်မျှ ထားရ၏။ ရွာနီးချုပ်စပ်မှ လာကူညီကြသည်။

ရှင်လောင်းတပည့်အချို့ဆိုလျှင် ဟိုးတောင်ပေါ်မှပင် ဆင်းလာပြီး ကူကြသည်။ သူတို့သည် ခေါင်းမှာ တဘက် ပေါင်း၊ ပလောင် လွယ်အိတ်ကြီး တစ်လုံးထဲမှာ အသုံးအဆောင် တိုလီမိုလီအားလုံး အပြီး ထည့်ရောက်လာကြခြင်း ဖြစ်၏။ ရှင်လောင်းကို အဝတ်အစား ဆင်ယင်၊ အလှပြင် ပေးခြင်း၊ ဘေးအမျိုးမျိုးမှ ကာကွယ် စောင့်ရှောက်ပေးခြင်း တာဝန်များ ယူရသည်။ ရှင်လောင်းသည်ကား ဘယ်သွားသွား၊ ဘာလုပ်လုပ် ခြေဖဝါး မြေမကျရ။ သို့ဖြစ်၍ တစ်ချိန်လုံး ချီပိုးထားရသည်။

(၆)

ကျောင်းကန်ဘုရားအနီးနား မြေညီညီတွင် ယာယီ အလှူမဏ္ဍပ် ဆောက်လုပ်ပြီး လှူဖွယ်ပစ္စည်းနှင့် ဘုရားရုပ်ပွား ဆင်းတုတော်တို့ကို လှပစွာ ဆင်ပြင်ထားရသည်။ ဘုရားစင် တစ်ဖက်တစ်ချက်တွင် တစ်တောင်ခန့် မြင့်သော စင်ထိုးပြီး ရာဇမတ်ကာ၊ လေ့ကားတပ်၍ ငှက်ပျောပင်၊ ကြံပင်များဖြင့် ဆင်ယင်။ သက်ငယ်၊ ကောက်ရိုးများ ကာရံထားသည်။ ဝင်ပေါက်များတွင် ရေအိုးစင်များ ဆောက်လုပ်ထားရသည်။

ရှင်အပ်သည့် ကျောင်းတွေက မြို့လယ်ကောင်ရှိ ကျောင်းလုံ (ကျောင်းကြီး ကျောင်း)၊ တောရကျောင်း၊ ဝါဆိုကျောင်း၊ မဓ္ဓဝိဟာရကျောင်း အစရှိသဖြင့် ဖြစ်သည်။

နေ့စဉ် နေ့စဉ် အိုးစည် ပုံမောင်းများနှင့် ပရိယတ္တိကျောင်းတွေ စုံအောင် လှည့်ရသည်။ ကျမိုင်းခေါ် ရိုးရာနတ်စင်၊ နတ်ကွန်းတွေလည်း လိုက်ပြသည်။

ရှင်လောင်း တပည့်တွေက ရှင်လောင်းကို တစ်လှည့်စီ ကုန်းပိုးစီးသွားစေရသည်။ ဆွေမျိုးများထံ ရောက်လျှင် ရှင်လောင်းလက်ဖွဲ့ ဆိုပြီး အဖိုးတန်ပစ္စည်းတွေကို လက်မှာ စည်းပေးကြ၊ ချည်နှောင် ပေးကြသည်။

ရှင်လောင်း တပည့်တွေက ယပ်တောင်၊ ထီး၊ ဘီစကွတ်၊ မီးခြစ်၊ ဖယောင်းတိုင်အားလုံး ပလောင် လွယ်အိတ်ထဲမှာ ထည့်ယူလာကြ၏။ တစ်နေကုန် လှည့်လည်ရသည် ဖြစ်၍ ပျော်လည်းပျော်၊ လူလည်းပန်း။

(၇)

ညနေစောင်း၍ ရှင်လောင်းတပည့်များ မောကြပြီဆို ချောင်းထဲ ရေဆင်းချိုး။ အလှူပေးမဏ္ဍပ်မှာ စုပေါင်း စားသောက်။ ညကျလျှင် ရှင်လောင်း တကာခံသူ တစ်စုထဲမှ အိမ်ကျယ်ကျယ် တစ်လုံးပေါ်တွင် ရှင်လောင်း တပည့်တွေက စုဝေးကြ၏။

ရွာထဲမှာ အပျိုတော်တွေက အလှပဆုံး ဖြီးလိမ်း ပြင်ဆင် စီတန်းထိုင်ပြီး ကွမ်းယာ၊ ဆေးပန်း၊ ရေနွေးကြမ်း၊ မုန့်ပဲများနှင့် ဧည့်ခံကြသည်။ ထိုအခါကျလျှင် အဆိုကောင်းတွေ သီဆို အစွမ်းပြကြ၏။

လောင်းခုံးခေါ် တူရိယာပစ္စည်း ဘာမျှမပါဘဲ လင်္ကာများကို ရှည်လျားစွာ လက်တန်း ရွက်ဆိုသွားကြသည်။ လောင်း-မျှော၊ ခုံး- သံလွင်မြစ်ဖြစ်၍ သံလွင်မြစ်ထဲ ဝါးဖောင်၊ သစ်ဖောင် တန်းများ ရှည်လျားစွာ မျှောဆင်းသည့်အလား တေးလင်္ကာများ ရှည်လျားသည်။

(၈)

အိမ်ပြန်မင်္ဂလာကို ချီးမွမ်း ဘိသိက်တင်ကြသည်။ ယခု ပြုလုပ်သည့် အလှူခမ်းနားပုံ၊ အလှူရှင်တို့ စေတနာသဒ္ဓါတရား ထက်သန်ပုံ၊ ရှင်လောင်းတို့ ကျက်သရေရှိလှပုံများကို တခ်နပ္ပတ္တိဉာဏ် ရွှင်ပျပျနှင့် ဖွဲ့ဆို ထောမနာပြုကြသည်။ အသံကောင်း ကောင်းသလို၊ အဆိုတတ် တတ်သလို ရှည်လျားစွာဖြင့် သီဆို ဖွဲ့နွဲ့သွားကြရာ တစ်ယောက် သီဆိုတာ ကုန်မှ တစ်ယောက် ဝင်ရ၏။

တကယ် တတ်မြောက်ကျွမ်းကျင်၊ ယုံကြည်မှု ရှိသည့် ပညာသည်များသာ ဖွဲ့နွဲ့ဝင်ဆိုရဲသည့် ပွဲမျိုး ဖြစ်ချေသည်။

သည်ကြားထဲမှာ အလှူပွဲလာ မိန်းမပျိုတို့၏ အလှအပကို ဖွဲ့နွဲ့ချီးမွမ်း၊ စောင်းကာချိတ်ကာ သီဆိုကြတာလည်း ရှိသည်။ နတ်သမီးတမျှ လှပသည့် မိန်းကလေးရယ်၊ ပိုင်သူ ဆိုင်သူများ ရှိနှင့်လေပြီလား။ ပိုင်ဆိုင်သူများ ရှိနှင့်ခဲ့သော် မောင့်မှာ ရင်ကွဲရပါတော့မည်။ အစရှိသဖြင့် ဖွဲ့ကြ နွဲ့ကြသည်။

မိန်းကလေးတွေဘက်ကလည်း တုံ့ပြန် သီဆိုကြရာ မထိတထိနှင့် နားထောင် မငြီးအောင် ဖြစ်ရသည်။ တစ်ညလုံးမအိပ်ကြတော့ဘဲ နံနက် သုံးနာရီခန့်ကျမှ ပွဲသိမ်းတော့၏။

(၉)

အရုဏ်တက် ငါးနာရီ၊ ခြောက်နာရီခန့်တွင် ဘုန်းကြီးကျောင်းသို့ တစ်ကျော့ ပြန်ဝင်ရလေသည်။

အလှူ့ရေစက် ချမည့်နေ့ရောက်သော် ဘုန်းတော်ကြီးများ အလှူမဏ္ဍပ်သို့ ကြွရောက်လာကြပြီး ရှင်လောင်းတွေကို သာမဏေအဖြစ် သင်္ကန်းစည်း၊ လှူဖွယ်တွေ ရေစက်ချ လှူဒါန်း၍ အလှူ့အခမ်းအနား ပြီးမြောက်သည်။

လှူပြီးသော ညသည်လည်း တစ်မူထူးခြား စည်ကားလှ၏။ အစအဆုံး ကူညီခဲ့သူများက အိုးစည်ဗုံမောင်းတွေ ဗေဗေထုံ ညံညံစည်အောင် အလှူရှင်များအတွက် ဆုတောင်းပွဲ လုပ်သည်။ အလှူရှင်များကလည်း အကျွေးအမွေးနှင့် ဆုငွေများပေးသည်။



ရှမ်းပြည်နယ်ရဲ့ ရှင်ပြုပွဲ အလှူမှာ ရှင်လောင်းတာပည့် (ဝေ)လိန်မောင်) အဖြစ်

(၁၀)

အိုက်တူးခေါ် မောင်တင်ဦးကလေးကတော့ ကလေးပီပီ ရှင်ပြုအလှူပွဲတွေ ကျလျှင် အလွန်ပျော်သည်။

ကိုယ်တိုင် ရှင်မပြုရသေးသော်လည်း ငါ ငယ်သေးလို့သာပဲ။ အရွယ်ရောက်လို့ နည်းနည်းကြီးလာရင် ငါလည်း ရှင်ပြုရဦးမယ်။ အဲသည်အခါကျ ဘယ်လောက်များ ပျော်စရာ ကောင်းလိမ့်မလဲဟု စိတ်ထဲ အားခဲ မျှော်လင့်ရင်းပင် ကြိုတင် ကြည်နူးနေမိသည်။

## အခန်း(၅)

ရစ်ချတ်နန္ဒာ၏

ကျောင်းနေစ အလိုမကျ နေ့ရက်များ

### (၁)

အိုက်တူးခေါ် မောင်တင်ဦးကလေး အသက် ၅ နှစ်ကျော် အရွယ်။

စာသင်ကျောင်း စတက်သောအခါ လင်းခေးရှိ အလယ်တန်းကျောင်းတွင် ခဏလောက်ပဲ နေလိုက်သည်။ နှစ်ပေါက်အောင်ပင် မကြာခဲ့။ ကျောင်းပြန်နှုတ်ပြီး လွယ်လင်ရှိ Sacred Heart Convent High Schoolတွင် ကျောင်းအိပ် ကျောင်းစား သွားနေရသည်။

အရွယ်က နုနငယ်ငယ်လေးနှင့် မိဘရင်ခွင်ထဲမှ ခွဲခွာလာခဲ့ရသည်။ နွေးထွေးသော ဆွေမျိုးမိတ်ဆွေ အသိုင်းအဝိုင်းထဲမှ ဆွဲနုတ်ပြီး သူစိမ်းတစ်ရံဆံများ အကြား နေရာအသစ်မှာ လာနေရသည်။ စိတ်အားငယ်ချင်စရာ၊ စိတ်ထိခိုက် ခံစားစရာဖြစ်သည်။ သို့သော် ဖွင့်ပြောတတ်လောက်အောင်လည်း အရွယ်က မရင့်ကျက်သေး။

စာသင်ကျောင်းက အာရ်စီ ဘုရားရှိခိုးကျောင်းနှင့် ကပ်ရက်။ စည်းရိုးတန်း ကလေး တစ်ခုပဲ ခြားသည်။ စာသင်ကျောင်းကို မာသာ စူပီးရီးယားကြီးက စီမံခန့်ခွဲသည်။ Boarding houseကိုတော့ စစ္စတာ Pia၊ စစ္စတာ Rata၊ စစ္စတာ Rossari အစ ရှိသူတို့က အုပ်ချုပ်ကြသည်။ ဘို-အိန္ဒိယ အစပ်နှင့် အိန္ဒိယလူမျိုး စစ္စတာများ ဖြစ်ကြ၏။ စစ္စတာတွေက ဖော်ဖော်ရွေရွေ ကြင်ကြင်နာနာ ရှိပါသော်လည်း စည်းကမ်းကတော့ ကြီးလှ၏။

### (၂)

ကျောင်းတက် ကာကီဝတ်စုံ နှစ်စုံ ရှိသည်။ ဘောင်းဘီတို၊ ခြေအိတ်ရှည်၊ ဘွတ်ဖိနပ်နှင့် ဖြစ်သည်။ တစ်စုံလျှော်ဖွပ်ထားစဉ် တစ်စုံ ဝတ်ရ၏။ အပြင်သွားသောအချိန် သို့မဟုတ် ချာ့ချ်တက်သောအခါ ရှပ်ဖြူ၊ ဘောင်းဘီရှည် အပြာ၊ ကုတ်အင်္ကျီအစိမ်းရောင်၊ ပြီးတော့ ကျောင်းတံဆိပ်ပါသော ဦးထုပ် ထုတ်ပေးသည်။ ညှပ်ဖိနပ်၊ အတွင်းခံမှအစ ကစားချိန် အောက်ဒိုးဂိမ်းစ်မှာ ဝတ်ဖို့ ဝတ်စုံအတွက် ငွေသွင်းရသည်။ သို့ဖြစ်၍ ကျောင်းသားတစ်ယောက် ကျောင်းအပ်စမှာ ငွေတစ်ရာလောက် လိုအပ်သည်။ ထိုငွေပမာဏသည် ထိုခေတ်ကာလကဖြင့် မနည်းမနောပင်။

ဘော်ဒါနေ ကျောင်းသား ပိုက်ဆံ ကိုင်ခွင့် မရှိ။ စားချင်သည့် ငါးပိ၊ ပဲပုပ်၊ သရက်သီးသနပ်၊ ကိုယ့်ဆီမှာ မထားရ။ စစ္စတာများထံ အပ်နှံလျှင် ဒိုင်းနင်းဇီဒိုထဲ၌ နာမည်တပ်ပြီးထည့်သိမ်းပေးထားသည်။

စားချိန်ကျမှ ထုတ်ပေး၏။

နေ့တိုင်း နေ့တိုင်း အိပ်ရာဝင်၊ အိပ်ရာထ၊ အစာစား၊ ကျောင်းတက်၊ ကျောင်းဆင်းချိန်များတွင် ဘုရားရှိခိုးရသည်။ အချို့ ဘုရားရှိခိုးတွေကို အလွတ်

ကျက်ထားရပြီး အချို့အကြိမ်များမှာ Let us prayဟု ဆိုပြီး ရှေ့မှ ဆုတောင်းပေးလျှင် အဆုံးမှာ အာမင်ဟု လိုက်ဆိုသည်။ တစ်ခါတစ်လေ ဓမ္မသီချင်းများ ဆိုရသည်။

(၃)

ရစ်ချတ်နန္ဒာ အမည်သစ်နှင့် ကျောင်းအပ်ထားသော စိုင်းတင်ဦးလေးကား ဤနေရာနှင့် အံဝင်ခွင်ကျ မဖြစ်။ စိတ်ထဲမှာ နည်းနည်းမှ မပျော်။ အိမ်ပဲ ပြန်ချင်သည်။

အိပ်မရသော ညတွေ။ အိပ်မရသော ညတွေ။ များသည်ထက် များလာသည်။ ကလေးငယ်သည် တစ်ခါတလေ အိမ်မက်ဆိုး မက်ပြီး ရမ်းယောင် လန့်နိုးလာတတ်သည်။

ကျောင်းနှင့် ဘော်ဒါဆောင်မှာ ရှမ်းစကား၊ မြန်မာစကား မပြောရ။ အင်္ဂလိပ် စကားပဲ ပြောရသည်။ အင်္ဂလိပ်စကား မပြောနိုင်လျှင် အခက်အခဲကြုံရတော့သည်။ ခိုး၍ ရှမ်းလို ပြောတာ မိလျှင် အိမ်နေ Day schoolတွေက ဖိုင်းတပ်ခံရသည်။ ဘော်ဒါ ကျောင်းသားတွေက လက်ထဲ ပိုက်ဆံ ထားခွင့် မရှိ၍ အရိုက်ပဲ ခံရတော့၏။

တစ်ခုခု မမှားလိုက်နှင့်။ မှားလိုက်သည်နှင့် ရိုက်ခံရပြီ။ ထစ်ခနဲဆို You'd made a Sin ဆိုပြီး အမျိုးမျိုး ညှင်းပန်းခံရသည်။ အရိုက်ခံ၊ အညှဉ်းခံရတာ များလာတော့ စိတ်က နာလာသည်။

နဖူးကျယ်ကျယ်၊ နှာခေါင်းတိုတို၊ နှုတ်ခမ်းထူထူ၊ ရုပ်ဆိုး၍ သူ့ကိုမှ တမင် ရွေးနှိမ်သည်ဟုလည်း အငုံ့စွဲစိတ်ထဲ ထင်နေသည်။ မပျော်ရွှင်တာတွေ သိပ်များလာပြီး ဖိစီးထားသော်လည်း ကလေးလေးခမျာ ထွက်ပေါက်ကို ရှာမတွေ့။

(၄)

လွယ်လင်မှာ အတူတူ ကျောင်းလာနေသည့် လင်းခေးမှ သူငယ်ချင်း တာရာ ဆိုတာ ရှိသည်။ သူ့အဖေက ဟိန္ဒူလူမျိုး စီးပွားရေး လုပ်ငန်းရှင်။ တာရာလည်း သူ့လို စိတ်ညစ်နေတာ တွေ့ရသည်။ သူတို့နှစ်ယောက် ကလေးအတွေးနှင့် တိုင်ပင်ပြီးနောက် တစ်ခုသော နံနက်၊ မိုးလင်းလင်းချင်း ဘာမသိ ညာမသိနှင့်ပင် ဘော်ဒါဆောင်မှ ထွက်ပြေးလာကြသည်။

(၅)

မြွေလို တွန့်လိမ်ကောက်ကွေးနေသော လွယ်လင်-နမ့်စမ် ကတ္တရာလမ်း။ အစမရှိ၊ အဆုံးမရှိသလိုပဲ ထင်ရသည်။ မြေအနိမ့်အမြင့်က မညီမညာ။ တောင်ကုန်း၊ ဆင်ခြေလျှော၊ မြေပြန့်ပြန့်။ ဟိုအဝေးမှ တောင်တန်းတွေက အုံ့အားသင့်လျက်။ သစ်ပင်တန်းတွေကလည်း တအုံ့တည်း။

သည်လိုမြင်ကွင်း ဘယ်သူ တွေ့ဖူးခဲ့သလဲ။ တောင်ယာတဲလေးတွေနှင့် စာခြောက်ရုပ်များကလည်း ဖြစ်နေပုံကို နားမလည်နိုင်။

နေပူစ ပြုလာပြီ။

ကတ္တရာလမ်းပေါ်မှာ တံလျှပ်နိုးတွေ တလက်လက်။

ကလေးလေး နှစ်ယောက်ကတော့ လမ်းပေါ်မှာ ပြေးလွှားနေကြဆဲ။

(၆)

ကလေးလေးနှစ်ယောက်။ ခြေထောက်တွေက ထော့နင်း ထော့နင်း နာလှပြီ။ ဖိနပ်တွေက ပြေးခါစ သိပ်မကြာခင်၌ပင် ခြေထောက်ပေါက်၍ လွှင့်ပစ်ခဲ့ကြပြီ။ Night Dress တွေနှင့်လည်း ဖြစ်၍ ဖိုသီဖတ်သီ။ မောတော့ ခဏနား။ ပြီးလျှင် ပြန်ဆက်ပြေး။ ကြောက်လည်း ကြောက်။ ဝမ်းနည်း၍ ငိုမိတော့လည်း ငို။ တစ်ခါ စိတ်အား ပြန်တင်း။ တစ်ယောက်ကို တစ်ယောက် စောင့်ခေါ်။ ကလေးလေး နှစ်ယောက်သား။ ဘာလုပ်လို့ လုပ်နေမိမှန်းတော့ဖြင့် ကောင်းစွာ မသိ။

လွယ်လင်မှ လင်းခေးအထိ ၆၈မိုင်မျှ ကွာဝေးသည်။

၄-၅-၆မိုင်ခန့် ပြေးပြီးသောအခါ ကလေးလေး နှစ်ယောက်စလုံး ခြေကုန် လက်ပန်းကျစ ပြုလေပြီ။ ငိုချင်စိတ်တွေ ပေါ်လာသည်။ ခိုကိုးရာမဲ့ ဖြစ်ကြပြီ။ တရွေ့ရွေ့ ဆက်သွားကြရာ ကံအားလျော်စွာ ဟိုတန့်(ရေတံခွန်ဦး) စခန်းနားအထိ ခရီးရောက် တော့မှ လင်းခေးသို့ သွားမည့် ပါစင်ဂျာကား တစ်စီးက သူတို့ကို တွေ့သွားသည်။ အကျိုးအကြောင်း သိတော့ အားလုံး စုတ်တသပ်သပ်။ အပြစ်တင်သူ တင်၊ နှစ်သိမ့်သူလည်း နှစ်သိမ့်ပြီး ကားပေါ် တင်ခေါ်သွားလေသည်။

(၇)

ကျောင်းမှာကလည်း မနက်မိုးလင်း၍ ကလေးများ တန်းစီ လူစစ်သောအခါ နှစ်ယောက် ပျောက်နေ၍ ကျွက်ကျွက်ညံ ပွက်လောရိုက်ရတော့၏။

ကျောင်းရှိ မာစတာ ဝီလယမ်ဆိုသော ဘိုကပြားကို ကျောင်းပိုင် အမိုးဖွင့်ဂျစ်ကားနှင့် ချက်ချင်းလိုက်စေသည်။ မေးစမ်းလိုက်တော့ လင်းခေးလမ်းဘက် ကလေးနှစ်ယောက် ပြေးသွားသည့် သတင်းကို သူတို့ ရသွားခဲ့ကြသည်။ နောက်မှ အပူတပြင်း လိုက်လာသော ထိုကားသည် ကလေး နှစ်ယောက်ကို တင်လာခဲ့သည့် ပါစင်ဂျာကားနှင့် လင်းခေး မရောက်တရောက်မှာ ဆုံတော့၏။

(၈)

ပြန်လိုက်ခဲ့ဖို့ ခေါ်သောအခါ ကလေးနှစ်ယောက်က ခါးခါးသီးသီး ငြင်းဆန်ကြသည်။ ကျောင်းပြန်ရောက်၍ အရိုက်ခံရမှာလည်း အလွန်ကြောက်သည်။ မာစတာဝီလယမ်က လုံးဝ မရိုက်တော့ဟု အာမခံသည်။ ကားဆရာက လင်းခေးကျမှ ဆုံးဖြတ်ဖို့ ပြော၍ အိမ်သို့ ရောက်လာကြလေသည်။

(၉)

စိုင်းတင်ဦးကလေးက လွယ်လင်ကျောင်းသို့ သူ ပြန်သွားရမည်ဆိုလျှင် တစ်ခုတော့ လိုက်လျောရမည်ဟု တောင်းဆိုသည်။ ဘာလဲဆိုတော့ အိမ်ပြန် ရောက်ရောက်ချင်း ပြေးမိပြေးရာ အိမ်ထဲ ဝင်ပုန်းရာ အိမ်က ဘုရားစင် အောက်တွင် ဘုရားက ဝယ်လာသည့် ကလေးကစားစရာ သွပ်ပြား ဘင်ဂျိုလေး တစ်လက် တွေ့ခဲ့သည်။

အဘိုး၏ အိမ်ကြီးမှာက မိသားစုတွေ လူအများကြီး စုဝေးနေကြ၍ ဘယ်သူ့ ဥစ္စာမှန်းတော့ သူ မသိ။ အဲသည့် ဘင်ဂျိုလေးကို ယူသွားခွင့်ပေးလျှင် ကျောင်းပြန်လိုက် ပါမည်ဟု သူ ဆိုမိသည်။

မိဘတွေက သည်လောက်တော့ဖြင့် ပြောပလောက်သည် မဟုတ်။ ကြည်ကြည်ဖြူဖြူ ယူစေသည်။ မာစတာဝီလယမ်ကလည်း လိုက်လျောခွင့်ပြုသည်။ သို့ဖြင့် လွယ်လင်ကျောင်းသို့ ပြန်လိုက်လာခဲ့သည်။

(၁၀)

ကံကောင်းတာက ကျောင်းပြန်ရောက်တော့ တကယ်လည်း အရိုက်မခံရ။

(၁၁)

သူ့အပေါ် သိပ်တင်းကျပ်ထားတာ မရှိတော့၍ သူကလည်း စာကြိုးစားသည်။ အတန်းထဲမှာ အဆင့် ၁၊ ၂၊ ၃ တွေ အလွယ်တကူ ရသည်။တစ်ဖက်မှာ အခက်အခဲ သိပ်မရှိဘဲ ထူးချွန်နေတာ မစ္စတာပီးယားက အမှတ်ထားမိ၍ သူ့ကို အရေးပေးလာသည်။

ဘာကြောင့်မှန်း မသိ။ ကျောင်းရှိ ကလေးများကို သီချင်းသင်စရာ ရှိလျှင် သူ့ကို သပ်သပ် အရင် သင်ပေးထားပြီးမှ အားလုံးကို သင်သည်။

ကျောက်သင်ပုန်းပေါ်တွင် တုတ်ကလေးနှင့် ထောက်ထောက်ပြီး တစ်ကြောင်းချင်း လိုက်ဆို။ ပြီးတော့မှ တစ်ပုဒ်လုံး သီဆိုကြရာတွင် သူပဲ ဦးဆောင်ပြီး သင်ကြား ပြသပေးရသည်။

Baa Baa Black Sheep တို့ Twinkle, twinkle little star တို့လို တေးကဗျာကလေးတွေ၊ Folk songs လေးတွေ၊ ကိုယ့်အတန်းသာမက အခြားအတန်းတွေပါ အခန်းလိုက် ပြောင်းပြောင်းပြီး သီချင်း သင်ရသည့် အစီအစဉ်များ ရစ်ချက်နန္ဒာကလေးပင် တာဝန်ယူပေးခဲ့ရသည်။

နောက်ထပ် အလုပ်တစ်ခုက English II Textbook ထဲမှာ ရုပ်ပုံကလေးများ ရေးဆွဲစရာ ရှိလျှင် သူပဲ ကျောက်သင်ပုန်းပေါ် ရေးဆွဲပေးရသည်။

အဲသလို အခွင့်အလမ်းမျိုးက ကျောင်းသားတွေထဲ ရတောင့်ရခဲ ဖြစ်လေသည်။ လင်းခေးမှ ကျောင်းလာ အပ်ကြ၊ ကလေး လာတွေ့ကြသော

မိဘများကို မှာစရာ ကြားစရာ ရှိလျှင် သူ့ကိုပဲ ကြားခံထားပြီး ရှမ်းဘာသာစကားဖြင့် မှာကြား ပြောဆိုစေသည်။

(၁၂)

တစ်ခါတော့ စစ္စတာ ပီးယား အိန္ဒိယသို့ သွားသည်။ ပြန်လာသောအခါ ရစ်ချတ်နန္ဒာကလေး အတွက်ဆိုပြီး နိုင်လွန်ကြိုး လေးချောင်းတပ်၊ ယူကလီးလီး တူရိယာကလေး တစ်ခု ဝယ်ယူလာကာ သူ့ကို လက်ဆောင် ပေးခဲ့သည်။ ထိုလက်ဆောင်ကို သူ အလွန် မြတ်နိုးသည်။ ကိုယ်ပိုင်တူရိယာအဖြစ် ပထမဆုံးအဖြစ် တီးခွင့်ရ၏။ အားလပ်လျှင် တီးခတ်နိုင်အောင် ထုတ်ပေးထားပြီး စာကျက်ချိန်နှင့် ညအိပ်ချိန်တွင် ပြန်သိမ်းထားပေးသည်။

မစ္စတာ ပီးယားက Portable အကော်ဒီယံကလေး တစ်လုံးလည်း ဝယ်လာခဲ့ရာ ကျောင်းပိုင်၊ အများသုံးအဖြစ် ကျောင်းရုံးခန်းထဲမှာပဲ ထားပြီး တီးစရာ ရှိမှ ထုတ်တီးကြသည်။

(၁၃)

လွယ်လင်ကျောင်းသည် Convent school ဖြစ်၍ ကျောင်းအိပ် ကျောင်းစား (ဘော်ဒါနေ) အဖြစ် မိန်းကလေးများကိုသာ အထက်တန်းကျောင်းအထိ လက်ခံသည်။ ကျောင်းအိပ် ကျောင်းစား ယောကျ်ားလေးများကို အသက် ၁၂ နှစ် အောက်ပဲ ထားခွင့်ပေးသည်။ သို့ဖြစ်၍ ကျောင်းမှာက မိန်းကလေးတွေပဲ များသည်။ အရွယ်စုံ ကျောင်းသူတွေ ရှိနေချိန်တွင် ယောကျ်ားလေးများက အငယ်တွေပဲ ရှိကြ၏။

ကျောင်းကွန်းဆတ် Concert ပွဲကိုတော့ဖြင့် အချိန်ယူ ကြိုတင်လေ့ကျင့်ပြီး တင်ဆက်လေ့ရှိရာ ပျော်ရွှင်ဖွယ် ခမ်းနားကြီးကျယ်စွာ ဆင်နွှဲရသည်။ ကျောင်းသူ ကျောင်းသားများ အတွက် ထူးခြားလှသော အခါသမယလည်း ဖြစ်သည်။ ယာဝေယံအက၊ ယိမ်းအက၊ ဟာသရယ်ရွှင်ဖွယ်ဂျိုကာ၊ အာရေဗီယံည အစ ရှိသဖြင့် မီးရောင်စုံများနှင့် အဝတ်အစားအမျိုးမျိုး၊ ဂါဝန်အင်္ကျီပုံစံဆန်းတွေ အမျိုးမျိုး တီထွင်ပြီး အဆန်းတကြယ် တင်ဆက်ကြသည်။

တီးဝိုင်းကိုလည်း ကျောင်းမှပင် စီစဉ်သည်ဖြစ်၍ ရစ်ချတ်နန္ဒာ မပါမနေရ။ ဘက်ဂရောင်းမှ ပါဝင်တီးခတ် သီဆိုပေးခဲ့ရသည်။ မစ္စတာ ပီးယား လက်ဆောင် ပေးထားသော ကြိုးလေးချောင်းတပ် ယူကလီးလီး တူရိယာကို ချာ့ချ်ကွိုင်ယာအဖွဲ့မှ သူငယ်ချင်းများ သင်ပြထားပေး၍ အတော်ပင် တီးခတ်တတ်နေပြီ ဖြစ်သည်။

(၁၄)

ကျောင်းမှ ဒေသန္တ ရ လေ့လာရေး ခရီးများလည်း ထွက်ရသည်။

ယခင် မရောက်ဖူးသေးသည့် လဲချား၊ ပင်လုံ အစရှိသည့် မြို့များရှိ ကက်သလစ်ချာ့ချ် အခွဲလေးများဆီသို့ ညအိပ်ခရီး သုံးလေးညမျှ သွားရ၏။

ရောက်သွားသော အခါ လည်ပတ်ကြည့်ရှုစရာ ရှိတာကြည့်။ ဘုရားရှိခိုးကျောင်းတက်။ တစ်ဖက်ကျောင်းမှ ကျောင်းသူ ကျောင်းသားများနှင့် မိတ်ဆက်။ ဒင်နာညစာစားပွဲ ပြုလုပ်ပြီး တစ်ကျောင်းနှင့် တစ်ကျောင်း၊ ကျောင်းသူကျောင်းသား အချင်းချင်း အဖိုးတန် မဟုတ်သော အမှတ်တရ လက်ဆောင်ပစ္စည်းလေးများ အပြန်အလှန် ပေးကြ၏။

(၁၅)

လွယ်လင်မှ ပင်လုံသို့ အသွား လမ်းပေါ်တွင် လေးမိုင်ခန့် ဝေးသော နေရာ၌ သီးသန့်လမ်းခွဲတစ်ခု အတိုင်း ဝင်ရောက်သွားလျှင် အနာကြီးရောဂါသည် စခန်းတစ်ခု ရှိသည်။ ထိုစခန်းသို့လည်း လေ့လာရေး ရောက်ရှိခဲ့သည်။

ထိုစခန်းတွင် ဘုရားရှိခိုးကျောင်း၌ ကြိုတင် စီစဉ်ထားသည့် အတိုင်း ဆုတောင်းပွဲ ကျင်းပပြီး ကုသမှု ခံယူဆဲ ဝေဒနာသည်များ၊ ဆေးထိုးဆေးစား အုပ်စုများ၊ သက်သာသူ အခြေအနေ ကိုယ်အင်္ဂါ မျက်နှာ ပျက်ယွင်းသူ၊ အုပ်စု အမျိုးမျိုး လူစုခွဲပြီး စနစ်တကျ ထားရှိတာတွေ တွေ့ရသည်။

ရွာလို တည်ထောင်ပေးပြီး လုပ်ကိုင်စားသောက်ကြတာ တွေ့ခဲ့ရသည်။ ဝေဒနာသည်များနှင့် ရောနှော နှုတ်ဆက်ခွင့်တော့ မပေးချေ။ ရစ်ချတ်နန္ဒာလေးသည် ကလေးပီပီ ရုပ်ဆင်း ချွတ်ယွင်းနေသော ဝေဒနာသည်များကို တွေ့မြင်ရသောအခါ အတန်ငယ် တုန်လှုပ်မိသည်။ ကူးစက်ရောဂါ ဖြစ်၍ စိုးရွံ့စိတ်တော့လည်း ရှိမိသည်။ စစ္စတာကြီးတွေက 'လူအားလုံးသည် ဘုရားသခင် ဖန်ဆင်းထားသည့် မောင်နမသားချင်း များသာ ဖြစ်သည်။ ကွဲပြားမှု မရှိ။ အတူတူ ဖြစ်၍ လူအားလုံးကို သနားရမည်။ ကြင်နာရမည်။ ဝေဒနာ ခံစားနေရသူများကို ဆိုလျှင် အထူးသဖြင့် ပို၍ သနားရမည်။ ကြင်နာရမည်' ဟူ၍ ရှင်းပြသည်။

ဆိုးဝါးလှသည့် ဝေဒနာ၏ ဖိစီးမှုအောက်ဘက် အဆုံးစွန်သို့ ရောက်နေသည့် လူ့ဘဝများကို မပစ်မပယ်၊ ကိုယ်ကျိုးစွန့်ပြီး ကူညီနေသူများကို မပစ်မပယ်။ ကိုယ်ကျိုးစွန့်ပြီး ကူညီနေသူများကိုလည်း တွေ့ခဲ့ရသည်။ ထိုသူတို့၏ အဟုန် ကြီးမားလှသည့် ချစ်ခြင်းမေတ္တာကိုလည်း အံ့ဩမိလေသည်။

(၁၆)

ရစ်ချတ်နန္ဒာသည် ကျောင်းစာဘက်မှာ ဘာအခက်အခဲမျှ မရှိ။ လပတ်နှင့် အစမ်းစစ် စာမေးပွဲ အားလုံးတွင် အဆင့် ၁၊ ၂၊ ၃ ကို အလွယ်တကူ ရရှိသည်။ ကျောင်းရှိ စစ္စတာတွေ အားလုံးကလည်း သူ၏ စာထူးချွန်မှုကို အသိအမှတ်ပြုထား၊ အရေးပေးနေခဲ့ကြပြီ။ သို့ဖြစ်၍ ကျောင်းမှာ နေသားတကျ ဖြစ်၍ လာခဲ့ပြီ။ သို့သော် သူ၏ ကလေးဘဝသည်ကား ပျော်ရွှင်စရာဟု မဆိုနိုင်။

(၁၇)

ကျောင်းစည်းကမ်းက တင်းကျပ်လွန်းသည်။

ပျော်ရွှင်စရာ Gathering လေးများကိုသာ ကလေးပီပီ တောင့်တမိတော့သည်။ သို့သော် ရရှိလာသည့် အခွင့်အရေးက နည်းပါးလှ၏။ Boarding ကျောင်းသားလေး များက Day scholar တွေလို လည်ပတ်သွားလာခွင့် မရှိ။ ဘယ်သွားသွား စုပေါင်းသွားရသည်။

အပြင်ထွက် မြို့ထဲ လမ်းလျှောက်သည့်အခါ အတန်းထဲက မထွက်ရ။ မြို့တွင်းကို ဟိုဟိုသည်သည် သွားလာ ခံစားချင်မိတာက လူငယ်ကလေးတို့ သဘာဝ ဖြစ်၏။ သို့သော် boarding ၏ နံရံလေးဖက် အကြားမှာ ပိတ်လှောင်မိ နေသည်။ အခါအခွင့်သင့်၍ အပြင်က ဗယာကြော်လေး တစ်ခုလောက်များ စားလိုက်ရလျှင် ဘယ်လို အရသာရှိမှန်း မသိတော့ပြီ။

(၁၈)

လွယ်လင်ရုပ်ရှင်ရုံတွင် ရုပ်ရှင်ကားများ တစ်ပတ် သုံးခါလဲသည်။ သို့သော် ကျောင်းမှ ကြည့်ခွင့်ပေးတာက တစ်လမှ တစ်ကြိမ်သာ။ ကြည့်ခွင့် အလှည့်ကျ သည့်တိုင် ပြနေသည့် ကားကို ကျောင်းက အကျိုးမရှိသည့် ဇာတ်ကားဟု ထင်လျှင် အချိန် ကျော်ပစ်လိုက်သည်။ ထိုအခါကျလျှင် နှစ်လပေါင်းမှ တစ်ကြိမ်ပဲ ကြည့်ရတော့၏။

ကြည့်ရလျှင်လည်း အင်္ဂလိပ်ဇာတ်ကားပဲ ခွင့်ပြုသည်။ မြန်မာ ဇာတ်ကား မကြည့်ရ။ ရစ်ချက်နန္ဒာကလေးကား ရုပ်ရှင်ဇာတ်ကား ကြိုက်လိုက်တာမှ တော်တော့်ကို ကြိုက်သည်ဟုပင် ဆိုရမည်။ ဂျွန်ပိန်း၊ အော်ဒီမာဖီတို့၏ ကောင်းဘွိုင် ဇာတ်ကားတွေ။ ပြီးတော့ တာဇံ၊ ဟာကျူလီ၊ အားလုံး နှစ်သက်သည်။ ပြခွင့်ပြုတာက The Ten Commandments လို ဘာသာရေး ဇာတ်ကားမျိုးဆို ရုံမဆင်းမီ နှစ်ကြိမ်ဆိုလည်း ပြန်ပြ ပေးတတ်သည်။ Boarding House မှာ Slide နှင့် လာပြတာက ဆေးပညာပေး ပညာပေး ကာတွန်းတိုလေးတွေ ဖြစ်တတ်သည်။

(၁၉)

မြန်မာဇာတ်ကား မကြည့်ရလေ ပို၍ ကြည့်ချင်လေ ဖြစ်မိသည်။ စိတ်ကလည်းပွဲကိုပဲ ဆာသည်။ စိတ်ဇာတ်ကား ပိုစတာကို အဝေးက ငေးမောပြီး ကြည့်ချင် စိတ်တွေ တဖွားဖွား ပေါ်ခဲ့သည်။ ဝါဝါဝင်းရွှေဆိုတာ ပိုစတာထဲမှာပဲ မြင်ဖူးသည်။ ပိတ်ကားပေါ်တွင် လှုပ်ရှားနေတာ မမြင်ခဲ့ရ။ မြင့်အောင်၊ မောင်သင်၊ ဝင်းဦးတို့လည်း ပိုစတာပဲ ကြည့်ဖူးသည်။ ရွှေဘဆို သိပ်ကို ကြည့်ဖူးချင်သည်။ ဗိုလ်စံဖဲ ပိုစတာတွေတော့ ရွှေဘကို စွဲစွဲလမ်းလမ်း၊ သို့သော် ကြည့်ခွင့်မရခဲ့။

(၂၀)

ကလေးပီပီ မိဘရင်ခွင်ထဲမှာ တိုးဝှေ့ပူးကပ်၊ ချစ်ခင်ယုယ၊ ဆိုးဆိုးနွဲ့နွဲ့ နေချင်ပါသော်လည်း boarding မှာပဲ နေရ၍ ထိုအခွင့်အရေးကို လက်လွှတ်ခဲ့ရသည်။ ဘော်ဒါမှာနေရစဉ် အရွယ်ကလည်း တကယ့်တကယ် ငယ်သွားတွေကျိုး၊ ကြီးသွားများ လဲလှယ်ချိန်။ ကျန်းမာရေးကဏ္ဍမှာ တစ်ဦးချင်း သီးသန့် အလေးထား မပေးနိုင်။ စုပေါင်း စောင့်ရှောက်ထားတာပဲ ရှိသောကြောင့်

သွားကျိုး သွားပေါက်ချိန် ဘယ်လို ဂရုစိုက်ရမည်ကို နားမလည်။ ပြန်ပေါက်လာသော သွားတွေက ပုံပန်းမကျ။

ငယ်စဉ်ကတည်းက မောင်ရုပ်ဆိုးလေး အိုက်တူးအဖြစ် လူတကာ သဘောထားခဲ့ကြရာမှ ယခုလို သွားလေးတွေ ပုံမမှန်သောအခါ ကိုယ့်ဘာသာ ဝမ်းနည်း ကြေကွဲမိသည်။ လူတကာ မေးငေါ့သလိုပဲ စိတ်ထဲထင်ပြီး ဘဝအတွက် အရိပ်မည်းကြီး ဖြစ်ခဲ့ရသည်။

(၂၀)

မိဘတွေ ပစ်ပယ်ထား၍ အခုလို ဖြစ်ရသည်ပဲ ဟူ၍လည်း စိတ်ထဲ အမာရွတ်သဖွယ် စွဲနေသည်။

ကျောင်းပိတ်၍ အိမ်ပြန်လာသော အခါကျလျှင် မိဘတွေနှင့် စိမ်းသလို ဖြစ်နေသည်။ လက်ပွန်းတတီး ချစ်ချစ်ခင်ခင် မနေဖြစ်။ တစ်ချိန်လုံး တွန့်ဆုတ်တွန့်ဆုတ် ဖြစ်နေသည်။ အထူးသဖြင့် အဖေနှင့် ဆက်ဆံရေးမှာ ခတ်ပြတ်ပြတ် တုံးတိတိ။ ခေါ်ပြောစရာ ရှိလည်း အဖေဟုသာ ပြောမိသည်။ ရင်းရင်းနှီးနှီး မဖြစ်။ ငယ်စဉ်က ကိုယ့်ပေါ် ယုယပိုက်ထွေး အလိုလိုက်ခဲ့သော ဘကြီးနှင့်ပင် နောက်ပိုင်းမှာ စိမ်းသွားသည်။ အမေကလည်း ကိုယ့်ကို အလိုလိုက်သည် မရှိ။ သို့ဖြင့် ထိုဒဏ်ရာ အနာတွေက အတွင်းထဲမှာ လှိုက်လှိုက်ပြီး ဖဲ့စားနေသည်။ နာကြည်းစိတ်၊ ကြေကွဲစိတ်နှင့် ကြိတ်မှိတ်ရာကြဲ ဖြေသိမ့်နေတတ်ခဲ့ရသည်။

(၂၁)

အမေ့တွင် ဒုတိယကိုယ်ဝန် ရှိလာချိန်မှာ ရစ်ချတ်နန္ဒာ ဒုတိယတန်းကျောင်းသား။ ၉ နှစ်ကျော်မျှ အရွယ်ရောက်ခဲ့ပြီ။ အိမ်တွင် ကစားဖော် ညီငယ်၊ ညီမငယ် မရှိ၍ အဖော်တောင့်တသူ ပီပီ များစွာ မျှော်လင့်ခဲ့၏။

အမှန်ဆိုရလျှင် ညီငယ်လေးသာ ရပါက ပို၍ ကစားဖော်ဖြစ်မည် ထင်မှတ်သည့်အတွက် ညီမလေး မွေးလာသောအခါ ယောကျာ်းလေး မဟုတ်တာ နည်းနည်းတော့ နမြောမိသည်။ သို့သော် အချိန်ကြာလာသည်နှင့်အမျှ ညီမလေးလဲ ချစ်စရာ ကောင်းကြောင်း ပို၍ ပို၍ သိနားလည်လာသည်။

(၂၃)

ရစ်ချတ်နန္ဒာ၏ အတောင့်တဆုံး လိုအင်ဆန္ဒတစ်ခုက တခြားရွယ်တူ ယောကျာ်းလေးများလို ရှင်ပြုချင်ခဲ့ခြင်း ဖြစ်၏။ ထိုဆန္ဒလည်း အကြောင်း မညီညွတ်၍ ပြည့်ဝခွင့် မရခဲ့။

ကျောင်းပိတ်ချိန် တန်ခူး၊ ကဆုန်ကျပြီ ဆိုလျှင်တော့ လင်းခေးမှာက ရှင်ပြုပွဲတွေ တခြိမ့်ခြိမ့်။

သည်နှစ် ပြုခွင့်ရမည်လား။ နောက်နှစ်ပြုခွင့် ရမည်လား။ အကြိမ်ကြိမ် စောင့်စားခဲ့ရသည်။ ဟိုတုန်းက ငယ်သေး၍ သင်္ကန်းမနိုင်သေးဘူးပဲ ထားပါတော့။

ယခု ရှင်ပြုလောက်သည့် အရွယ်ရောက်ပြီ။ ယခုထိ ရှင်ပြုခွင့် မကြုံ။ အဖေက အကြောင်းပြချက် အမျိုးမျိုးနှင့် ရွှေ့ဆိုင်းသည်။ ပယ်ချသည်။ အဖေကား စာတတ်ပေတတ် ရဟန်းလူထွက်။ အဖေ့ဆင်ခြေ ခိုင်လုံမှုကို ကျော်လွှားဖို့ မဖြစ်နိုင်။

အဖေ့သဘောအရ သင်္ကန်းစည်းတာပဲ။ ဘာမျှ ဇာချဲ့စရာ ပကာသန မလို။ အခု ကျောင်းကိုသွား။ အခု ရှင်ပြု၍ ရသည်။ သို့သော် အဲသလို ရိုးရိုးရှင်းရှင်း ရှင်ပြုတာမျိုးကလည်း တကယ် ဖြစ်မလာ။

(၂၄)

ခက်နေတာက သားမရှိသူများလို ကိုတ္တိမသား ထားပြီး ရှင်ပြုပေးရလောက်အောင်လည်း ကိုယ်က မနွမ်းပါး။ ရှင်ပြုပွဲ ခမ်းခမ်းနားနားထဲ ပါဖို့ကလည်း လက်ရှိ ငွေကြေးနှင့် မဖြစ်သေး။

အဖေက နမ်းဆီ လေးငါးခြောက်ပုံး ရအောင် စိုက်ပျိုး။ ကြံသကာကောက်သည့် လုပ်ငန်း လုပ်သည်။ အဘိုး၏ စီးပွားရေးဖြစ်သည့် ပန်းတိမ် လုပ်ငန်းလည်း မရှိ၍ ကျစပြုပြီ။ တိန်းချောင်းပေါ်က ခြံဝင်းကျယ်ကြီးကိုပင် ဖွဲ့ဖွဲ့ပြီး ရောင်းဖြစ်နေခဲ့သည်။

ထိုနည်းအတိုင်း ရှင်မပြုဖြစ်ဘဲ ဝေ့လည်ကြောင်ပတ် ဖြစ်နေခဲ့တာ နှစ်အတန်ကြာမျှ ကြာသွားသည်။ စိတ်ထဲမှာ သူများတွေ ရှင်ပြုတာ တွေ့ကြုံရတိုင်း နာကျင်လာသည်။ အနာတွေ၊ အနာတွေ ပုံပုံလာသောအခါ ဘာမျှဖွင့်မပြောဖြစ်။ ရှင်ပြုပေးဖို့လည်း မတောင်းဆိုတော့ချေ။

(၂၅)

လွယ်လင်ကျောင်းတွင် ကျောင်းအိပ်ကျောင်းစား ၇နှစ်မျှ နေခဲ့သည်။ ကင်ဒါဂါဒင် KG (C) မှ KG (A) အပါအဝင် သုံးနှစ်။ ပထမတန်းမှ စတုတ္ထတန်းအထိ လေးနှစ် ဖြစ်လေသည်။

တင်းကျပ်သော ကျောင်း၏ စည်းဘောင်ထဲမှာပဲ နေပျော်အောင် ကြိတ်မှိတ် ပြုပြင်နေတတ်လာသောအခါ အတွေးအခေါ် ယုံကြည်မှုကအစ ပြောင်းလဲသလိုလို ဖြစ်လာသည်။ မိရိုးဖလာ အတွေးအခေါ်များကို ယုံမှား သံသယ ဝင်သလိုလို။ အစစအရာရာ ခေတ်နောက်ပြန်ဆွဲနေသည်ပဲ ဟူ၍ ထင်ယောင်ထင်မှား ဖြစ်လာသည်။

ရစ်ချတ်နန္ဒာ စတုတ္ထတန်း အောင်ခဲ့ချိန်။

ထိုအကြောင်းကို အဖေ သတိပြုမိသောအခါ သားကို သည်အတိုင်း ပစ်ထား၍ မရတော့မှန်း နည်းနည်း သဘောပေါက်လာသည်။ သို့ဖြင့် ကျောင်းပိတ်ရက် လင်းခေးတွင် မထား။ မိုင်းကိုင်သို့ ပို့လွှတ်လိုက်လေသည်။

(၂၆)

မိုင်းကိုင်မှာက အဖေ့မိတ်ဆွေတွေ ရှိသည်။ ရစ်ချက်နန္ဒာ ရောက်သွားသော မိုင်းကိုင်ဘုန်းကြီးကျောင်းမှ ကျောင်းထိုင်ဆိုလျှင် အဖေနှင့် ငယ်ပေါင်း။ သို့ဖြစ်၍ သားကို အပ်နှံလိုက်ခြင်းဖြစ်သည်။

လင်းခေးမှာက အဖေကိုယ်တိုင် တရားပြဆရာ။ သားအတွက် ကိုယ့်ဘာသာကိုယ် အိမ်ပြန်လာသလိုဖြစ်ပြီး မလေးနက်မည်၊ ခရီးမရောက်မည်ကို အဖေ စိုးရိမ်ခဲ့သည်။

မရောက်ဖူးသော မိုင်းကိုင်ကျတော့ တစ်မျိုး ပြောင်းလဲနိုင်သည်။ မိုင်းကိုင် ကျောင်းဆရာတော်က ချစ်ချစ်ခင်ခင်၊ ရင်းရင်းနှီးနှီးပင် ရစ်ချတ်နန္ဒာလေးကို ကြိုဆိုခဲ့သည်။ ပဲ့ပြင်သွန်သင် လမ်းပြသည်။ လိမ္မာရေးခြား ရှိအောင် သိမ်းသွင်း ပြုပြင်လျက် အတွေးအခေါ် ယုံကြည်မှုများ လမ်းတည့်မတ်ခဲ့သည်။ အချိန်မှန် တရားစာကျက်၊ ဘုရားရှိခိုး၊ တရားထိုင်။

ရစ်ချတ်နန္ဒာလေးက ငယ်လည်း ငယ်သေးသည်။ အမှားအမှန်ဆိုတာ ခွဲခြားသိဖို့ လွန်စွာ ခက်ခဲသော အကြောင်းအရာပင်။ ဆုံးမသမျှ နားမဝင် တစ်ချက်၊ဝင်တစ်ချက်။ ဒွိဟစိတ်နှင့် သံသယ ဖြစ်နေဆဲ။ ပြီးတော့ အဖေ့ကို ကြောက်၍သာ မိုင်းကိုင်ကို လာခဲ့ရသည်။ အတွင်းစိတ်က ငြင်းဆန်လျက်သာ ရှိခဲ့၏။ အချိန်တန် ကျောင်းပိတ်ရက် ကုန်ဆုံးသောအခါ လင်းခေးသို့ ပြန်ရောက် လာခဲ့၏။

## အခန်း (၆)

### ဆေးရောင်စုံ တောင်ကြီး

(၁)

ကျောင်းပြန်ဖွင့်ပြီ။

သို့သော် သည်တစ်ခါ လွယ်လင်ကျောင်းသို့ မသွားရ။ မူလတန်း လွန်မြောက်သွားသော ယောက်ျားလေးကို လွယ်လင်ကျောင်းက လက်မခံ။ သို့ဖြင့် ပဌမတန်းကို တောင်ကြီးမြို့ National Christian High School တွင် ပြောင်းတက်ရ၏။

(၂)

မြင်ကွင်းကအစ အားလုံးပြောင်းလဲသွားခဲ့ပြီ။ တောင်ကြီးမှာက အားလုံးပို၍ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်လာသည်။ ပို၍ စိမ်းစိမ်းစိုစို၊ ပို၍ စည်စည်ကားကား၊ ပို၍ လွတ်လွတ်လပ်လပ် ရှိလာသည်။ Boarding House စည်းကမ်းမှ အာရ်စီ စစ္စတာများလောက် မတင်းကျပ်တော့ပြီ။ အင်္ဂလိပ်စကားပဲ ပြောရမယ်ဆိုသည့် ထိန်းချုပ်မှုမျိုး သိပ်မရှိတော့ပြီ။

အပြင်ထွက်လျှင်လည်း တန်းစီပြီးမှ ထွက်ရတာမျိုးမဟုတ်တော့ချေ။ Pocket Money ကိုင်ခွင့် ရှိလာ၍ ဝယ်စားချင်လျှင် ကိုယ့်ဘာသာ ချင့်ချိန်ဝယ်စား၍ ရလာသည်။ အတွေးအခေါ် ယုံကြည်မှုလည်း မူသေပုံစံ ချမထား၍ သိမ်းသွင်းမှု လျော့ပါးလာသည်။

(၃)

တောင်ကြီးတွင် ဘော်ဒါဆောင်အနီးနားမှ ရှမ်း၊ ပအိုဝ်း၊ ပလောင်၊ အင်းသားတွေ၊ ကွတ်ခိုင်ဖက်မှ ဘော်ဒါလာနေကြသည့် ကချင်တွေ အစရှိသည့် တိုင်းရင်းသား အပေါင်းအသင်းတွေ တိုးလာသည်။

တောင်ကြီးမှာက ဂစ်တာ လိုက်စားတာ များကြသည်။

ရစ်ချက်နန္ဒာကား လွယ်လင်ကတည်းက ဂစ်တာနှင့် မစိမ်း။ သူ့မှာကိုယ်ပိုင် ဂစ်တာမရှိသော်ငြား ယူကလီးလီး တီးခဲ့ဖူးသည်။ ကော့ဒ်တစ်ခုစ နှစ်ခုစ ကိုင်ပြီး အနည်းအကျဉ်းတော့ တီးခတ်တတ်သည်။

နောင်တွင် Bass ဂစ်တာ တီးဖြစ်လာမည့် စောဂျက်ဆင်နှင့် ထိုအချိန်၌ပင် တွေ့ခဲ့ကြသည်။ စောဂျက်ဆင်ကား ရစ်ချက်နန္ဒာတို့ ကျောင်းနှင့်တွဲရက် Baptist Church နှစ်ခြင်း ဘုရားရှိခိုးကျောင်းမှ သင်းအုပ်ဆရာ ဦးစောသန်းဖေ၏ သား။ ကျောင်းထဲ ဘောလုံးလာလာကန်ယင်း ခင်မင်သွားကြ၏။

စောဂျက်ဆင်က ဂစ်တာ တော်တော်လေး တီးတတ်၍ ဘော်ဒါဆောင်သို့ လိုက်လိုက်လာပြီး ဂစ်တာတီးပြတတ်သည်။

(၄)

ဂစ်တာနှင့် ပို၍ ရင်းနှီးကျွမ်းဝင်ခွင့် ရလာသည်မှာ ဆရာ စောလမွန် ကြောင့်လည်း ဖြစ်သည်။

ဘော်ဒါဆောင် အုပ်ချုပ်သူက ဦးဘော်လဒွင်။ သူက ကျောင်းစာရေးလည်း ဖြစ်သည်။ မိသားစုရှိသည်။ သူ့လက်ထောက် ဒုတိယဘော်ဒါအုပ်က ဆရာစောလမွန်။ လူပျိုဖြစ်၍ ကျောင်းသားများနှင့် တစ်ခန်းတည်း အတူအိပ်သည်။ ဟောလ်ခန်း ထောင့်စွန်းမှာ သီးသန့်နေရာယူထားသည်။

ဆရာ စောလမွန်က ပအိုဝ်းလူမျိုး၊ သူ့အိမ်က ကျောင်းနှင့် အနီးကလေး၊ သူ့ညီတွေလည်း သည်ကျောင်းမှာပဲ နေကြ၏။ သူ့မှာ ဂစ်တာတစ်လက် ကိုယ်ပိုင် ရှိသော်လည်း သူကိုယ်တိုင် တီးခဲသည်။ ဘောလုံး အားကစားတွင် ဒိုင်လူကြီး အမြဲလုပ်နေရသည့် အလုပ်အပြင် အငယ်တန်းတွေကို စာသင်ပြသည်။

ဆရာစောလမွန်ကား သဘောထားကြီးလှ၏။ အပြင်သွားလည်း ဂစ်တာကို သော့ခတ်မသွား။ ခုတင်ပေါ်မှာပဲ တင်ထားခဲ့လေ့ရှိသည်။ Study နှင့် Out door ကစားချိန် မဟုတ်လျှင် ဝါသနာရှိသူများ ယူတီးခွင့်ရှိနေသည်။

သို့ဖြင့် သူ့ဂစ်တာက အဆောင်နေကျောင်းသားတွေ အလှည့်ကျ ကိုင်ဖို့ ထားထားပေးသလို ဖြစ်နေသည်။ "ရှိရှိသေသေ ကိုင်ပါ" ဆိုသည့် စည်းကမ်းတစ်ခုပဲ ရှိသည်။ ကိုယ့်ကြောင့် ကြိုးပြတ်လျှင် ပြန်တပ်၊ ပျက်စီးလျှင်တော့ လျော်ရမည်။

( ၅)

ရစ်ချက်နန္ဒာ အတွက်ကတော့ ထိုဂစ်တာကို ကိုင်ရတာ တာဝန်ကြီးလှသည်။ မုန့်ဖိုးက များများစားစား ပိုပိုလျှံလျှံ ရသူ မဟုတ်လေ၍ ကိုင်တွယ်တီးခတ်စဉ် တစ်စုံတစ်ခုဖြစ်သွားမှာကို စိုးရိမ်စိတ်ဖြင့် ရှိခဲ့သည်။

ဘာပဲဖြစ်ဖြစ် အချင်းချင်း တီးပြကြရာတွင် ခရီးရောက်စေခဲ့သော ဂစ်တာကလေးပင်။ သီချင်းတစ်ပုဒ်တီးပြဆိုလျှင် နားအာရုံအကြား Hearing သက်သက်နှင့်ပင် ပြန်တီးကြရာ အမှားပါလည်း သည်အတိုင်းပဲ ရှိရသည်။

ရေဒီယိုသီချင်းတွေ အကြားနှင့် နားထောင်မှတ်သား တီးရသည်။

(၆)

ပြီးတော့ တောင်ကြီးမြသုခ ရုပ်ရှင်ရုံအကြောင်းကိုတော့ မပြောမဖြစ် ထည့်ပြောမှရမည်။ အခုတော့ ဘော်ဒါဆောင် စည်းကမ်းအရလည်း ရက်သတ္တပတ်မှာ တစ်ခါ ကြိုက်သည့်ရုံတွင် ကြိုက်သည့်ဇာတ်ကား ကြည့်၍ ရချေပြီ။ စနေ၊ တနင်္ဂနွေ မဟုတ်သည့်တိုင် တစ်နေ့နှစ်ပွဲပြ၍ မလွတ်တမ်းဖြစ်အောင် ကိုယ့်နည်း၊ ကိုယ့်ဟန်နှင့် အရအမိ ဖန်တီးကြည့်ဖြစ်သည်။ ရုံတွေက သိပ်လည်း မတိုးရ။

ခေတ်စားတာ Elvis Presley တို့၊ Cliff Richard တို့ပါဝင်သော တေးသံစုံ ဇာတ်ကားများဖြစ်ကြ၏။ Cliff Richard ဆို The Young One၊ Summer Holidays ၊ Elvis Presley ဆိုလျှင် GI - Blue ။ နောင်တွင် ဝင်းဦး က ပိတောက်ရိပ်ဝယ် ဟုရိုက်ကူးသော Kid Galahad။ ဖလော်ရီဒါကမ်းခြေနောက်ခံ Follow That Dream ။ ပြီးတော့ Blue Hawaii အစရှိသဖြင့် ပါဝင်သည်။

(၇)

မြသုခရုပ်ရှင်ရုံတွင် တေးသံစုံ ရုပ်ရှင်တစ်ကား လာပြီးလျှင် ဇာတ်ဝင်တေး သီချင်းအားလုံး ရီကော်ဒါနှင့် ဖမ်းထားလိုက်သည်။ အခြားသော ရုပ်ရှင်ကား ရုံတင်လျှင်လည်း နေ့စဉ်နေ့တိုင်း ရုပ်ရှင်မစမီ ၄၅ မိနစ်၊ တစ်နာရီခန့် သီချင်းတွေ ဖွင့်ဖွင့်ပေးသည်။ ရစ်ချက်နန္ဒာကတော့ ထိုသီချင်းများ သွား သွားနားထောင်ယင်း သီချင်းတွေ ရလာသည်။

နားအကြားနှင့်သာ သွားရ၍ Pick up တော့ကောင်းရသည်။ သီချင်းစာသားတွေက ရှားပါးလှ၏။ သီချင်းစာအုပ် ကိုယ်စီထားပြီး သူ့စာအုပ်မှ သီချင်း ကိုယ့်ထံမရှိသေးလျှင် ကူးယူ၊ ကိုယ့်စာအုပ်မှ သီချင်း သူများကို ပေးကူးခြင်းဖြင့် ဖလှယ်ရသည်။

ရှားရှားပါးပါး Hit Parade လို ပုံနှိပ်သီချင်းစာအုပ် တွေ့လျှင်တော့ ရတနာသိုက်နှင့် ကြုံသည့်နယ်။

(၈)

သီချင်းတစ်ပုဒ် နှစ်သက်စွဲလန်းပြီဆိုလျှင် မရ ရအောင် ရှာဖွေနားထောင်။ နီးစပ်သည့် အပေါင်းအသင်းများထံ စာသားရှိလိုရှိငြား ဖွဲကောင်းကောင်းနှင့် ရှာဖွေရသည်။ သီချင်းအတော်များများကို အတန်းတူသူငယ်ချင်း လာဂျွန်းထံမှ ရရှိသည်။ လာဂျွန်းနှင့် ကျောင်းရောက်ကတည်းက ခင်မင်နေကြသည်။

လာဂျွန်းတို့နေတာက ဝါးပြားရွာ။ Boarding House က တောင်ကြီး အရှေ့ခြမ်းဖြစ်၍ ဝေးလံသည်။ ကျောင်းပိတ်ရက်မှာ အလည်ခေါ်၍ ရောက်သွားလေ့ရှိသည်။

လာဂျွန်းသည် ကချင်တိုင်းရင်းသား၊ ဖခင်က ဗိုလ်မှူး မရစ်မောင်၊ လာဂျွန်း၏ ဝမ်းကွဲညီအကို ဘရမ်မန်း၊ ဂါမောင်၊ ခေါင်တိုင် တို့လည်း ကျောင်းအတူတူပဲ ဖြစ်ကြ၏။

သူတို့မိသားစုပုံစံက အနောက်တိုင်းဆန်သည်။ သား သူငယ်ချင်းလာလျှင် အဖေ အမေ မနှောင့်ယှက်၊ မတားမြစ်၊ မိဘတွေက တေးဂီတဝါသနာပါ၍ ဂစ်တာ ဝယ်ထားသည်။ အေးအေးဆေးဆေး တီး၍ရသည်။

Hit Parade သီချင်းစာအုပ်တွေလည်း စုဆောင်းထားရာ သူတို့အိမ်မှာ စိတ်တိုင်းကျ ကြည့်၍ရသည်။ ရခဲသည့် စာအုပ်တွေမို့ ငှားဖို့တော့ မလွယ်။

ကူးစရာရှိ ကူးနိုင်သည်။ သူတို့အိမ်မှာ ရေဒီယိုလည်းရှိ၍ အချိန်ပိုင်း စောင့်ပြီး သီချင်းနားထောင်ကြလေသည်။

(၉)

ရစ်ချက်နန္ဒာကို ဂစ်တာ သေသေချာချာ တီးတတ်အောင် သင်ပြပေးခဲ့သည့် သူငယ်ချင်းဆရာကား မောင်းမောင်။

(၁၀)

မောင်းမောင်တို့ အမေက ကျောင်းမှာ မူလတန်းပြဆရာမ။ ကရင်တိုင်းရင်းသူ ဖြစ်သည်။ အဖေ က တရုတ်စပ်။ ညဈေးတန်းတွင် တို့ဟူးကြော်၊ နှစ်ပြန်ကြော်တွေ ရောင်းချသည်။

မောင်းမောင်တို့သည် မောင်နှမတွေများသော မိသားစု။ နေကြတာက ချော့ချီ နှင့် အတော်နီးသည်။ သစ်တော်ခြံထောင့်နားလေးက အိမ်ငယ်ကလေး ဖြစ်၏။

ကျောင်းဆင်းလာလျှင် မောင်းမောင်တို့ မောင်နမတွေ ကုလားပဲခြမ်းရေစိမ် ကို တစ်ယောက်တစ်လှည့် ကျောက်ကြိတ်ဆုံကြီး လှည့်လည်ပြီး တို့ဟူးနှစ်ရအောင် ကြိတ်ရသည်။ ကုလားပဲနှစ်ရသော် ထုပ်တန်းတွင် ကြိုးဆင်၊ အဝတ်သန့်သန့်နှင့် ကုလားပဲကြိတ်ဖတ် အနှစ်ရည်ကျအောင် လှုပ် လှုပ်ပြီး စစ်ရသည်။ တို့ဟူးကျိုဖို့ ဒယ်အိုးကို မီးထိုးသူထိုး၊ ထင်းခွဲ၊ ရေခပ်၊ အနားမနေ။ လှုပ်လှုပ်ရှားရှား စုပေါင်း လုပ်ကိုင်ကြတာ ပျော်စရာကြီးပဲ ဖြစ်တော့၏။

သူတို့မိသားစုက ညီညွတ်ကြသလို နွေးထွေးသော မေတ္တာဓာတ်ရှိသည်။ ရစ်ချက်နန္ဒာအတွက်သာမက အပေါင်းအသင်း အတော်များများအတွက်ပါ မောင်းမောင် တို့အိမ်မှာ တံခါးမရှိ၊ ဓါးမရှိ။

(၁၁)

မောင်းတောင်တို့ အိမ်တွင် ဂစ်တာက နှစ်လက်၊ သုံးလက်လောက်ရှိသည်။ တစ်ယောက်တီးနေစဉ် တစ်ယောက်က နံဘေးမှ ထိုင်စောင့်နေစရာမလို။ သူတီးလျှင် ကိုယ်ပါ လိုက်တီး၍ရသည်။

ရစ်ချက်နန္ဒာက မောင်းမောင်တို့ အိမ် ရောက်လျှင် သူတို့မိသားစုအလုပ်တွေ ဝင်ကူညီပြီး လုပ်ကိုင်ပေး။ ပြီးသည်နှင့် ဂစ်တာစုဖွဲ့တီးကြ၏။

(၁၂)

မောင်းမောင် က သီချင်းတီးရာမှာ နတ်စ်ကြည့်လေ့မရှိ။

By Heart တတ်လွယ်၍ သီချင်းတစ်ပုဒ်ကြားလိုက်သည်နှင့် ချက်ချင်းလိုလို ရသွားသည်။ သို့သော် ရစ်ချက်နန္ဒာကိုတော့ ကော့ဒ်အခေါ်အဝေါ်မှအစ နတ်စ် ဘယ်လိုကြည့်ရမည် ဆိုသည်အထိ ပြပေးသည်။ လက်အထားအသို၊ ကော့ဒ်ကိုင်ပုံတွေ သူ့လက်နှင့် သေချာပြပြင်ပေး၊ စနစ်တကျတီးခတ်ပြတတ်သည်။

သို့ဖြစ်၍ မောင်းမောင်ကား သူ၏ တကယ့် သင်ဆရာ။

ကျန်တာကတော့ ဂစ်တာအတီးကောင်းသူများ တီးတာ ခတ်တာ ခိုးကြည့်၊ ခိုးသင်ဖြစ်၍ မြင်ဆရာများဟု ဆိုရပေမည်။

မောင်းမောင်၏ အနီးကပ် သင်ပြ ပြုပြင်ပေးမှုကြောင့်လည်း ရစ်ချက်နန္ဒာ အတွက် ဂစ်တာနှင့် ပတ်သက်လာလျှင် အပြောင်းအလဲ ကြီးစွာ ဖြစ်လာခဲ့သည်။

(၁၃)

မောင်းမောင်တို့မှာ အပျော်တမ်း တရုတ် Brass တီးဝိုင်းကလေးတစ်ခုရှိသည်။ ကြံ့ဟွားတို့အဖွဲ့ဟု ခေါ်လေ့ရှိလေသည်။

ထိုခေတ်အလျောက် ရစ်သမ်ဂစ်တာတူရိယာ မပာတ်သေး။ လေမှုတ်တူရိယာ ကလာရီးနက်၊ ဆက္ကဆိုဖုန်းတွေက အဓိက။ Cello တယောမျိုးနှင့် အားဖြည့်ထားသည်။ တရုတ်ဘုံကျောင်း တီးဝိုင်းအဖွဲ့မှာလည်း မောင်းမောင် ပါသည်။

အတန်ငယ် ပြန့်ကြဲနေသော ထိုတီးဝိုင်းအဖွဲ့သားများ အားလုံးကို စုစည်းပေါင်းစပ်လျက် နန်းအေးအေးဆွေ၏ ဖခင် အကော်ဒီယံဦးသန်းဆွေက တောင်ကြီး ယဉ်ကျေးမှု တီးဝိုင်းကို ဖွဲ့စည်းလိုက်သည်။

မောင်းမောင် ခေါ်ယူသွားပေးပြီး မိတ်ဆက်ပေး၍ ရစ်ချက်နန္ဒာလည်း ထိုအဖွဲ့ထဲသို့ ရောက်လာသည်။ တောင်ကြီးယဉ်ကျေးမှု တီးဝိုင်းတွင် သူ့အယင် ရောက်နေနှင့် သူက စိုင်းဆိုင်မောဝ်။

(၁၄)

စိုင်းဆိုင်မောဝ် သည် မူဆယ်မှ ဘော်ဒါ လာနေသူ။ တစ်ကျောင်းတည်း ဖြစ်သော်လည်း အတန်းက မတူကြ၍ သိပ်မရင်းနှီးခဲ့ကြသေး။

စိုင်းဆိုင်မောဝ် ကို ဦးခွန်ပဲ့၊ ဦးသန်းဆွေတို့ ခေါ်ထား၍ အယင်ရောက်နေတာ ဖြစ်သည်။ သီချင်း အဆိုကောင်း၊ ဂစ်တာအတီးကောင်း တစ်ယောက်ပင်။ တောင်ကြီး ယဉ်ကျေးမှု တီးဝိုင်းမှာ ရစ်ချက်နန္ဒာနှင့် အတူတူ ဆိုခဲ့၊ တီးခဲ့ကြသည်။

နောင်တစ်ချိန်တွင် မန္တလေးမြို့မတီးဝိုင်းတွင် ပင်တိုင်သီဆိုသည့် အဆိုတော် ဖြစ်လာသူ မြတ်ဝတ်ရည် (ခင်အုန်းမြင့်)လည်း ထိုအဖွဲ့တွင် ပါဝင်ခဲ့သည်။

(၁၅)

တောင်ကြီး National Christian High School ကို ရစ်ချက်နန္ဒာ (၆) တန်း ကျောင်းသားဘဝတွင် ပြည်သူပိုင်သိမ်းလိုက်၍ အထက (၄) ဖြစ်လာသည်။ ပြည်သူပိုင် သိမ်းလိုက်သော်လည်း Boarding House က ရှိမြဲရှိ၍ ကျောင်းအိပ်ကျောင်းစား ဆက်နေနိုင်ခဲ့သည်။

ရစ်ချက်နန္ဒာသည် ကျောင်းစာမှာတော့ လွယ်လင်တုန်းကလို ထိပ်ဆုံး ထိပ်ဖျား၌ ထူးချွန်နေတာ မဟုတ်တော့ပြီ။ သာမန်ပဲ ရှိတော့၏။ တောင်ကြီး ရောက်ကတည်းက တစ်ကြိမ်ပဲ ပထမအဆင့် ရလိုက်ဖူးသည်။ နောက်ပိုင်း အဆင့်ကျသွား၏။

(၁၆)

လွယ်လင်မှာ ရှိစဉ်ကတည်းက လေးတန်းကျောင်းသားဘဝတွင် စတင်ခဲ့သည့် မျက်လုံးဒုက္ခကလည်း ပို၍ကြီးမားလာသည်။ အမြင်အားနည်းပြီး စာကို အာရုံမစိုက်နိုင်။ အထူးသဖြင့် သင်္ချာမှာ ညံ့သွားသည်။ အတွက်အချက်များကို တတ်နိုင်သမျှ ခိုသည်။

ကျောက်သင်ပုံး ပေါ်ရေးထားတာဆို ဝေဝေဝါးဝါး မသဲမကွဲဖြစ်၍ ကျက်စာကိုပဲ အားကိုး၊ အကြားအာရုံကိုပဲ မွေးမြူထားရသည်။

ဒါပေမယ့် ဘာပြဿနာဖြစ်နေမှန်း ကိုယ့်ဘာသာ မသိ။ အဖြေမှန်ရှာမတွေ့။ အကြံဉာဏ် မတောင်းတတ်။ အကူအညီ ဘယ်သူ့ဆီက ဖွင့်ပြောပြ၍ ဘယ်လို တောင်းခံရမှန်း နားမလည်။ တကယ်တော့ နားလည်ကိုယ်ချင်းစာပေးနိုင်သူလည်း မရှိ။

တောင်ကြီး ရောက်လာပြန်တော့လည်း ထိုပြဿနာအတွက် လမ်းစရှာတတ် လောက်အောင် ဗဟုသုတမပြည့်စုံ။ ဆေးရုံသွားလျှင် ငွေကုန်ကြေးကျရှိမည်။ မိဘလို လူကြီးတွေ လိုက်ပို့မှဖြစ်မည်။ အဲသလိုပဲ မှတ်ယူထားခဲ့သည်။ အခက်အခဲကို လက်တွေ့ မဖြေရှင်းတတ်။

နှစ်လယ်လောက် ရောက်တော့မှ စဝ်စံထွန်းဆေးရုံကြီးတွင် အခမဲ့ မျက်စိစမ်းသပ်ပေးမှန်း သိရသည်။ သို့ဖြင့် လိုင်းကားစီးပြီး မဝံ့မရဲ သွားကြည့်ခဲ့၏။

(၁၇)

ဟိုကျတော့ ထင်ထားသည်နှင့် တခြားဆီ။ လာသမျှ လူတွေအားလုံးကို လိုလိုလားလား ကူညီနေတာတွေ့ရ၏။ မျက်စိ စစ်ဆေးလိုက်တော့ ပါဝါမျက်မှန်တပ်ရန် လိုနေပြီ။ အနုတ် ၃၀၀ ရှိနေပြီ။ လင်းခေးရှိ မိဘများထံ အဲ့သည်တော့မှ အကြောင်းကြားရသည်။

မျက်စိစစ်ထားသည့် ဆေးလက်မှတ်က ရှိနေပြီမို့ အဖေ လိုက်လာပြီး မျက်မှန် လုပ်ပေးသွားခဲ့သည်။

သည်ကြားထဲမှာ အချိန်တွေ အလဟဿ ပြန်းတီးခဲ့ရလေသည်။

(၁၈)

အမြင်ကောင်းသွားသည် မှန်သော်လည်း တစ်ဖက်မှာ ဂီတနှင့် အပေါင်းအသင်းများ ရလာ၍ ကျောင်းစာကို အယင်လို သိပ်မကြိုးစားဖြစ်တော့ချေ။

(၁၉)

တောင်ကြီးက လွယ်လင်ထက်စာလျှင် အစစအရာရာ မြို့ပြဆန်လွန်းသည်။ ငွေကုန်ကြေးကျ များစရာတွေရှိလာသည်။ လူ့အဆင့်အတန်း အလွှာတွေက ကွာခြားမှု ပိုများလာတာ တွေ့ရသည်။ ရစ်ချက်နန္ဒာအတွက် လင်းခေးရှိ မိဘများက ပံ့ပိုးလိုက်တာကို ချို့ချို့တဲ့တဲ့ ချွေချွေတာတာ သုံးစွဲခဲ့ရသည်။

သို့သော် တစ်ဖက်မှာမူ သူကား မြို့သားဘဝကို သံယောဇဉ်တွယ်ငြိမက်မောခဲ့ပြီ။ ဝါသနာနှင့် နီးစပ်တာကလည်း တောင်ကြီးလို မြို့ပြမှာပဲ ရှိချေသည်။

သို့သော် တောနယ်စပ် ဒေသမှာတုန်းက အားလုံးနှင့် စိတ်ထားပွင့်လင်းလွတ်လပ် ပေါင်းသင်း၍ ကောင်းသည်။ မြို့ပြမှာကျတော့ မသိကျွမ်းသေးခင် ကိစ္စမရှိ။ ခင်ပြီးလျှင် နိုင်ကွက်လေးနှင့် နှိမ်တတ်သည်။ ရင့်တတ်ကြ၊ ကျောတတ်ကြတာ တွေကို ခံစားတွေ့မြင်လာရသည်။

(၂၀)

သူ့ရုပ်ရည်ကလည်း အခက်။ သွားတွေက ငယ်စဉ် ဂရုစိုက်ခွင့် မရခဲ့၍ မလှပ။ အခုတစ်ခါ မျက်မှန်က ပိုလာသည်။ မြို့သားများ ဒါကိုပဲ ကဲ့ရဲ့ကြ။ ဒါနဲ့ငွေကြေး မပြည့်ဝ မပြည့်စုံတာကို ထောက်နင်းပြီး နှိမ်ပေါင်းကလေး ပေါင်းကြသည်။ နာမည်ပြောင်မျိုးစုံ တပ်ပြီး ဟာသအလုပ်ခံရတာ ရှိသည်။

ပြောသူက ပြောပြီး..ပြီး ဆိုသလို ဖြစ်ချင်လည်းဖြစ်မည်။ အလေးအနက် ဟုတ်ချင်မှလည်း ဟုတ်မည်။ ခံရသူကား နာကျင်၍ မဆုံးတော့ပြီ။ တစ်ခါတလေ တော့လည်း တစ်ယောက်တည်း ကြိတ်ပြီးဝမ်းနည်းမိသည်။ သူ့မှာ ကျောထောက်နောက်ခံ မရှိ။ အားကိုးစရာမရှိ၍ အားငယ်စိတ်က ကျယ်ပြန့်လာခဲ့ရသည်။

အရွယ်ရောက်စ လူငယ်ယောက်ျားလေးပီပီ စမ်းသပ်ပြီး စီးကရက်လက်ကြားညှပ်ကြည့်၊ အသောက်အစားကလေး စွန့်စားကြည့်ချင်မိရာ ကြွယ်ဝသော သူငယ်ချင်းများ အကြား နိုင်းဖတ်သဘောမျိုး ကျရောက်ခဲ့ရသည်။

သည်လိုနှင့် ထိုဘဝတွေကို စိတ်ပျက်ရွံရှာကာ အားလုံးနှင့် ခပ်ကင်းကင်း ခပ်ဝေးဝေး Outsider တစ်ယောက်လိုပဲ နေချင်မိတော့၏။ ပေါင်းသင်းဆက်ဆံရေးမှာ ရဲဘော်ရဲဘက်ပမာ အားကိုးအားထား အစစ်အမှန်ပြုစရာ ရှိးသားသည့် မိတ်ဆွေမျိုးကို တော့တတိုင်း မရနိုင်မှန်း သိခဲ့သည်။

(၂၁)

အတီးအခံဆိုဖက်မှာ ဝါသနာတူသူတွေ ကျပြန်တော့လည်း မောင်းမောင်လို သူငယ်ချင်းအချို့ပဲ ကိုယ့်အပေါ် တကယ်ကောင်းကြသည်။ ပညာဖလှယ်ရာတွင် ပညာမပေးဘဲ ပညာပြကြတာလည်းရှိသည်။

(၂၂)

ကိုယ်က ဘယ်သူ့အပေါ်မှ အခွင့်အရေးမယူ။ ပြဿနာမရှိခဲ့သောကြောင့် သူငယ်ချင်းအချို့ရလာသည်။ သူတို့က ဂီတဝါသနာကြီးမားလှသည်တော့ မဟုတ်။ လင်းခေးသားထဲမှာ စိုင်းကျော်ငြိမ်းဆိုတာ ငယ်ပေါင်း။ မိဘချင်းလည်း ခင်မင်သည်။ နောင်ကျမှ လွယ်လင်သို့ မိသားစု

ပြောင်းသွားကြတာ။ သူက ၈ တန်းရောက်မှ တောင်ကြီးကျောင်းသို့ ပြောင်းရွှေ့လာနေသည်။ ရစ်ချတ်နန္ဒာ နှင့် ကျောင်းချင်းတော့ မတူ။ သူက အ.ထ.က ၃ မှဖြစ်သည်။ သို့သော် အလွန်ခင်မင်မိကြလေသည်။

သို့ဖြင့် တောင်ကြီးရောက် အခြား လင်းခေးသားများ ဖြစ်ကြသော စိုင်းလှဘော်၊ စိုင်းလှိုင်ဝင်း၊ စိုင်းဝင်းနောင် တို့နှင့် စုဖွဲ့မိပြီး သူတို့ ၅ ယောက် တစ်အုပ်စု ဖြစ်လာသည်။

သူတို့သူငယ်ချင်းတွေ ဘော်ဒါဆောင်မှ ထွက်ပြီး အပြင်မှာ အတူတူနေဖို့ တိုင်ပင်ကြသည်။ သို့ဖြင့် ဦးကြီးခမ်း ရပ်ကွက်ထဲမှာ အခန်းငှားထားသော တစ်ယောက်ထံ အားလုံး သွားစုနေလိုက်ကြ၏။ ချက်ရေးပြုတ်ရေးကို ကိုယ့်ဘာသာစီမံ၊ လွတ်လပ်၍ ပျော်စရာပဲ ဖြစ်လာခဲ့၏။

(၂၃)

သို့သော် ထိုကာလသည် မရှည်ကြာလိုက်ရ။ မိဘများ သိသွား၍ လိုက်လာပြီး လူစုခွဲပေးသွားလေသည်။

(၂၄)

ထိုအချိန်တွင် ခေါင်းလောင်း ဘောင်းဘီပွ၊ အုန်းမှုတ်ခွက် ဆံပင်ရှည်နှင့် The Beatles အဖွဲ့ ခေတ်စားစ ပြုလာသည်။ တောင်ကြီးတွင် ထိုဖက်ရှင်မျိုး လိုက်လံ တုပ ဝတ်စားခဲ့ကြသည့် လူငယ်အချို့လည်း ရှိခဲ့ကြ၏။ ထိုသူ အများစုကား ဂစ်တာပင် မတီးတတ်ကြ။

တစ်ဖက်မှာ ဘော့စ်၊ ရစ်သမ်၊ လီဒ်ဂစ်တာနှင့် ဒရမ် ပါဝင်သည့် လေးယောက် တီးဝိုင်းမျိုးလည်း ကောင်းစွာပေါ်မလာ။ ဂစ်တာသည် ခရိုနီအထိ ရှေ့ကို ရောက်မလာသေးချေ။ လျှပ်စစ်တူရိယာများ တောင်ကြီးမှာ မတွင်ကျယ်၊ ခေတ်မစားသေးသော အချိန်။

(၂၅)

သင်းအုပ်ဆရာကြီး ဦးစောသိန်းဖေ၏ သား စောဂျက်ဆင် နှင့်က အတော်လေး ခင်မင်နေကြ၍ Church Sing Song Service မှာ ဝင်ရောက် ကူညီရလေ့ရှိသည်။ တနင်္ဂနွေ ဝတ်ပြုအစီအစဉ်တွင် ပါဝင်ရသည်။ ထိုအစီအစဉ်တွင် တီးစရာ လိုအပ်ပါက သောကြာ၊ စနေ လေ့ကျင့်ပြီး တနင်္ဂနွေမှာ ပူဇော်သည်။ သူကိုယ်တိုင်လည်း တေးတစ်ပုဒ်လောက်တော့ ဆက်ကပ်ပူဇော် ဝင်ဆိုပေးဖြစ်သည် ။

NCHS တွင် သောကြာနေ့တိုင်း Assembly ရှိ၍ အစီအစဉ်တစ်ခု လုပ်ထားသည်။ Talent ရှိသူများ သီချင်း တက်ဆိုနိုင်ကြသည်။ တစ်ပုဒ်ချင်း ဖိဖိစီးစီး လေ့ကျင့်ပြီး သီဆိုရသည်ဖြစ်၍ အမှားအယွင်းတော့ သိပ်လက်မခံ။

ရုပ်ရှင်ထဲက ကြားဖူးသော သီချင်း၊ ရေဒီယိုက အင်္ဂလိပ် သီချင်းလေးများ၊ ခေတ်ပေါ်နေသည့် Jim Reeeves, Frank Sinatra, Connie

Francis အစရှိသူတို့၏ သီချင်းများ၊ ဆိုနိုင်သူတွေက တက်ဆို၍ ရအောင် ရစ်ချက်နန္ဒာ တို့က တီးပေးသည်။ ကိုယ်ဆိုချင်တာရှိလျှင်လည်း ဆိုသည်။

ဤအစီအစဉ်က နှစ်ပတ်တစ်ခါဖြစ်၍ အခွင့်အရေးတော်တော် ရခဲ့သည်။

(၂၆)

တဖြည်းဖြည်းနှင့် ထိုအသိုင်းအဝိုင်းထဲမှာ မွေ့လျော်မှန်းမသိ မွေ့လျော်လာသည်။ နူးညံ့သိမ်မွေ့သော ရသနှင့် မေတ္တာ ကရုဏာတရားကို တောင့်တမိနေသူပီပီ သိပ်လည်း မစဉ်းစားမိ။ ဝေဖန်ပိုင်းခြားတတ်အောင်လည်း အသက်အရွယ် အတွေ့အကြုံ မရင့်ကျက်သေး။ သို့ဖြင့် နှစ်ခြင်းပင် ခံဖြစ်ခဲ့လေသည်။

လင်းခေးရှိ အဖေ ၊ အမေ တို့တော့ မသိကြ။

ရဟန်းလူထွက်၊ စာတတ်ပေတတ်၊ ကမ္ဘောဇနစရိယ ဖခင်ကြီးသာ ဤကိစ္စသိလျှင် အသည်းကွဲမတတ် ခံစားရမည့်အကြောင်း သူ နားမလည်သေး။

(၂၇)

တောင်ကြီးယဉ်ကျေးမှုအသင်း တီးဝိုင်းက ဖျော်ဖြေတင်ဆက်ရသော ပွဲများ မနည်းလှ။ ရစ်ချက်နန္ဒာ၏ ထူးခြားသော အသံနှင့် တီးခတ်ပုံ လက်စွမ်းလက်စကို တီးဝိုင်းက တဖြည်းဖြည်း အကဲခတ်မိကြသည်။

အစပိုင်းက အရန်။ တဖြည်းဖြည်းနှင့် မောင်းမောင် မအားလပ်လျှင် သူ့ကိုခေါ်ဖို့ တန်းပြီးစဉ်းစားလာကြသည်။ အဲသလိုနှင့် နေရလေး ရလာသည်။

ကျောင်းအတွက် ကျောင်းကောင်စီ သီချင်း၊ ရှေ့ဆောင်လူငယ်သီချင်းများ တီးမှုတ်ဖျော်ဖြေကြသလို ပွဲလမ်းဆိုလျှင် တောင်ကြီးမြို့နယ်မှကြီးမှူးသည့် ဧည့်ခံပွဲများ ၊ ညောင်ရွှေဖောင်တော်ဦးဘုရားပွဲ၊ တောင်ကြီးတန်ဆောင်တိုင်၊ မီးပုံးပျံ ပွဲများကဲ့သို့ စည်ကားသိုက်မြိုက်လှသည့် ပွဲတော်များ၊ တောင်ကြီး လွတ်လပ်ရေးနေ့ အောင်ပွဲသဘင်၊ ရှမ်းပြည်နယ်နေ့ပြီးတော့ တောင်ကြီးဟိုတယ် စားမြိန်ခန်းမ၌ ကျင်းပတတ်သည့် မင်္ဂလာဧည့်ခံပွဲများတွင် ဖျော်ဖြေတင်ဆက်တတ်ကြသည်။

ကလဲရီနက်၊ ဆက္ကဆိုဖုန်း၊ ထရမ်းပက် အစရှိသည့်လေမှုတ်တူရိယာများ အဓိကထား ဖွဲ့စည်းထားသော တီးဝိုင်းဖြစ်၍ မန္တလေးမြို့မတီးဝိုင်း အသေးစား အဖွဲ့လေးဟု ခေါ်မည်ဆိုက ခေါ်၍ရသည်။

(၂၈)

တစ်ကြိမ်တော့ အရင်းနီးကြီး မဟုတ်လှသည့် သူငယ်ချင်း အဲလဘတ် ခွေချမ်းတို့ အိမ်သို့ အလည်ရောက်သွားသည်။ သူ့အကို မောရစ်ခွေချမ်းကား နောင်တစ်ချိန်တွင် မောတေးသံတွင်း လုပ်ငန်းတည်ထောင်သူ ဖြစ်လာသည်။ သူတို့ကား ငွေကြေးခန ကြွယ်ဝ၍ အလွှာမြင့်မားသည်။ အိမ်သွားလည်ဖြစ်ဖို့ မလွယ်။ အခုဟာက မတော်တဆ ပါသွားမိခြင်းဖြစ်သည်။

ထိုအိမ်တွင် ပေါ်ခါစ HiFi ဓာတ်ပြားစက် အသေးလေးကို တွေ့ဖူးခဲ့ရသည်။ ထူးဆန်းသည့် ပစ္စည်းတစ်ခုအဖြစ် စိတ်ဝင်စားခဲ့ရသလို သီချင်းဖွင့်လိုက်တော့ Yellow River သီချင်းကို စကြားရသည်။

ရေဒီယိုနှင့် များစွာကွာခြားသည့် အရည်အသွေးကို တအံ့တသြ ချက်ချင်း သိလိုက်ရသည်။ နားထောင်ရသည့် အရသာက ဘာမှမတူတော့ချေ။

(၂၉)

သို့သော် ကိုယ်က ရေဒီယို ပတ်ဝန်းကျင်လောက်မှာပဲ မွေ့လျော်ခွင့်ရှိသူဖြစ်၍ ရေဒီယိုမှာ ကာလပေါ် မြန်မာတေးသီချင်းတွေကိုလည်း စွဲလမ်းမိလေသည်။ ရေဒီယို ဘက်မှ သံစဉ်အသစ်၊ စာသားအသစ်တွေ ပေါ်ပေါက်လာကြတာလည်း ကြားရသည်။

အားကျပြီး သီချင်းလေးတွေ ရေးကြည့်မိသည်။ များသောအားဖြင့် အတိုအစပဲ ရသော်လည်း တစ်ကြိမ်တော့ ရေဒီယို သီချင်းထဲက "တိမ်ပြာသောနေ့" ဆန်ဆန် ကိုယ်ပိုင်သံစဉ်တေး တစ်ပုဒ်ရေးဖြစ်သည်။

"လွမ်းဖွယ့် အင်းလေး" ဟု အမည်ပေးဖြစ်ခဲ့၏။

စိုင်းခမ်းခုံး (မောင်ဦး) ကို တီးဆိုပြတော့ အတော်လေး နှစ်ခြိုက်တာ တွေ့ရသည်။ သို့ဖြင့် စာသားရေးပြ၊ သင်ချပေးလိုက်သည်။ စိုင်းခုံးခမ်းလည်း တစ်ခဏချင်းပင် ထိုသီချင်းကို ဆိုနိုင်တီးနိုင်သွားသည်။ တီးတတ်ဆိုတတ်သွားပြီးမှ

"ရစ်ချက် .. ဒီသီချင်းက အသစ်နော်၊ ငါ အငယ် မကြားဖူးဘူး" ဟု ဆိုရာ

"ဘယ်ကြားဖူးပါ့မလဲ၊ ငါကိုယ်တိုင် ရေးထားတာပဲ"

ပြောပြတော့ အရမ်း အံ့သြ သဘောကျလေသည်။ ထိုသီချင်း စာသားကလေးသည် ယခုထက်တိုင် စိုင်းခုံခမ်း ထံ ရှိနေနိုင်စကောင်းသည်။

(၃၀)

"လွမ်းဖွယ့်အင်းလေး" သီချင်းအပြင် အနောက်တိုင်း တေးသွားဆန်သည့် ရှမ်းသီချင်း တစ်ပုဒ်လည်း သူ့ရေးဖွဲ့ထားပြီး သီဆိုတတ်သည်။



တော်ဒီယံ ဦးအုန်းမောင်၊ ကိုတော်တောကျီးအောင်၊ မောင်မောင်ကြီးနှင့် အစတိုတာ

တောင်ကြီး ယဉ်ကျေးမှုအသင်း တီးဝိုင်း ပရိသတ်က ရှမ်း၊ အင်းသား၊ တောင်ရိုး၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ မြန်မာ အစရှိသဖြင့် ရောနေသော်လည်း သူ့အသံနှင့် သူ့သီချင်းကို အားလုံးက နစ်မြိုက် အားပေးကြလေသည်။ တောင်ကြီး ဝန်းကျင်မှာ ထူးခြားသော သူ့အသံခွန်အားကို လူတွေ ပြောစမှတ်ပြုစ ရှိခဲ့ပြီ။ ကျယ်ကျယ်ပြန့်ပြန့်တော့ မပေါက်သေး။

နွေရာသီကျလျှင် အင်းလေးခေါင်တိုင် စခန်းမှာ လူရည်ချွန်တွေ၊ စံပြ လုပ်သားကြီးတွေ လာရောက်အပန်းဖြေကြသည်။ ရုပ်ရှင်၊ ဂီတ အစည်းအရုံးမှ ဖျော်ဖြေ တင်ဆက်ကြရာတွင် ရန်ကုန်မှ အကော်ဒီယံအုန်းကျော်၊ မောင်မောင်ကြီး၊ ဖိုးဆိုချင် ခင်မောင်ညွန့်၊ ရဲဘော်ခင်မောင်လှ၊ အစရှိသည့် အဆိုတော်များ လိုက်လာကြသည်။



ဦးမောင်မောင် (ဆရာလင်းဇေယျာလင်း)နှင့် ဖြည်ပတ်လည် သီချင်းစွေ ဆွင်းဇော်က အမှတ်တရ

အဆိုတော်များသည် ကရိကထများသော တူရိယာပစ္စည်းများကို အလေးခံ သယ်မယူလာကြ။ တောင်ကြီးယဉ်ကျေးမှု တီးဝိုင်းက သွားပူးပေါင်းပြီး သီချင်း တိုက်ကြသည်။ ခေါင်တိုင်မှာပဲ အတူတူ တည်းခိုကြ။ ဝိုင်းဆရာက နတ်စ်ရေး၊ ဝိုင်းကို ပြန်ချပေး၊ အဆိုတော်များနှင့် လေ့ကျင့်ပြီး အတူတူ တီးခတ် သီဆိုကြ၍ ကောင်းစွာ ရင်းနှီးခင်မင်ခွင့် ရရှိလာခဲ့လေသည်။

## အခန်း (၇)

ရန်ကုန် တစေ့တစောင်း

### (၁)

ရစ်ချက်နန္ဒာ ရှစ်တန်းစာမေးပွဲ ဖြေခါနီးဆဲဆဲ။ စာမေးပွဲက အစိုးရစစ်စာမေးပွဲဖြစ်၍ တစ်နိုင်ငံလုံး တစ်ပြေးညီ ဖြေရသည်။ ထိုအချိန်မှာ ကျောက်ဖြူလေမုန်တိုင်းကြီး ကျ၍ ချိတ်ပိတ်ထားသော မေးခွန်းထုပ်များ ပွင့်ပေါက်ပျက်စီးရလေသည်။ စာမေးပွဲစည်းကမ်းနှင့် အညီ မေးခွန်းများ ပြန်ထုတ်ရမည်ဖြစ်၍ စာမေးပွဲကို ခေတ္တ ရွှေ့ဆိုင်းလိုက်သည်။ သို့ဖြင့် ကျောင်းပိတ်ထားစဉ် လင်းခေးသို့ ပြန်လာခဲ့လေသည်။

သူ့ဝါသနာတစ်ခုက စက်ပစ္စည်းတွေလျှင် မနေနိုင်ခြင်းဖြစ်သည်။

သူတို့လင်းခေး မှာ အမျိုးနီးစပ်သော စိုင်းလှဘော်က တောင်ကြီးအေးလင်းကျောင်း၊ အထက ၆ တွင်နေ၍ ရစ်ချက်နန္ဒာနှင့် ခင်မင်ရင်းနီးလှသည်။ စိုင်းလှဘော်၏ မိဘများက ကုန်သည်။ အိမ်မှာ ကားနှစ်စီးရှိသည်။ ဂျစ်ကားတစ်စီး၊ ချက်ပလက်ကားကြီးတစ်စီး ဖြစ်၏။

စိုင်းလှဘော်က ကြုံလျှင် ကြုံသလို သူ့ကို ကားမောင်းသင်ပေးသည်။ လက်တွေ့ တကယ်တကယ် မောင်းခိုင်းယင်း သူလည်း တတ်မှန်းမသိတတ်မြောက်သွားလေသည်။ ကားမောင်းတတ်နေ၍ ပစ္စည်းတင်စရာ သို့မဟုတ် ဟိုနေရာစ သည်နေရာစ အလုပ်ပေါ်လျှင် သူ့ကို ခိုင်းကြသည်။ အထူးသဖြင့် ချက်ပလက်ကားကြီးကျတော့ မောင်းဖို့စိတ်ဝင်စားသူလည်း နည်းပါးသည့်အတွက် သူ မောင်းဖို့နှင့် ကြုံနေတော့၏။

### (၂)

သူကလည်း ကားမောင်းရတာ ပျော်သည်။ လင်းခေး၊ ပင်လုံ၊ မိုးနဲ၊ နမ့်စန် ဈေးနေ့တွေ တစ်ရက်ပြီး တစ်ရက် လှည့်သွားလေ့ ရှိရာ ဈေးပတ်ကားအဖြစ် ပင်လုံဈေးနေ့ဆို သူသွားလေ့ရှိသည်။

ကားကြီးပေါ်မှာ ဆေးပိုတွေ၊ ကြံသကာ၊ ကွမ်း၊ အုန်းပင်တွေတင်။ ပင်လုံဈေးမှာ ရောင်း၊ ပင်လုံမှ ဒီဇယ်ဆီ၊ ဓာတ်ဆီ၊ ကုန်ခြောက်တွေ ပြန်တင်လာရသည်။ ဆီပီပါ၊ ထင်းရှူးသေတ္တာတွေနှင့် ဈေးကွဲသည်အထိ လူစောင့်တင်ရသည်။

ဈေးနေ့ဆို ထွက်သွားလိုက်၊ တင်ပြီး ပြန်လာလိုက်၊ မနက်ဆို အစောကြီး ထွက်ရသည်။ လွယ်လင်အထိ ၆၈ မိုင်၊ ဟိုဖက်ကျတော့ ၆ မိုင်ခန့် ဆက်သွား ရသေးသည်။ အတွေ့အကြုံကတော့ တပုံတပင်။

တကယ်တော့ ထိုအချိန်မှာ သူ့အသက် တော်တော် ငယ်သေးသည်။

မော်တော်ကား တစ်စုံတစ်ခု ဖြစ်လျှင် တောထဲ အိပ်ရပြီ။ ပါလာသော အိုးခွက်ရိက္ခာများနှင့် ထမင်းဟင်းတွေ ကြုံသလို ချက်ပြုတ်စားသောက်ရတာ ပျော်စရာလည်း ကောင်းလှသည်။ ကားပျက်လျှင် ကားတစ်စီး လာမည့်အရေးကို လည်ပင်းရှည်အောင် စောင့်ပြီး မှာရသည်။ လိုက်သွားဖို့ လိုအပ်ပါက လိုက်သွား။

အချိန် အကြာကြီး ကုန်သည်။ တော်တန်ရုံ ဆီပျောက် မီးပျောက်လောက်ကတော့ စပယ်ယာတွေပဲ လုပ်ပေးကြသည်။

ထိုခေတ်အခါတုန်းက နယ်မြေနှင့် လမ်းပန်း ဆက်သွယ်ရေးမှာ အခုလို အေးအေးချမ်းချမ်း မရှိသေး၍ အနှောင့်အယှက် အထိအပါး မခံရအောင်လည်း ဂရုစိုက် သတိထား ရလေသည်။

(၃)

အတန်ကြာမျှ ကားဒရိုက်ဘာ လုပ်နေခဲ့ပြီး စာမေးပွဲ စစ်ချိန်တွင် သက်ဆိုင်ရာ ရှစ်တန်းကျောင်းသားရှိသမျှ မြို့နယ်တွေအထိ မေးခွန်းတွေ ပို့လာ၍ လင်းခေးမှာပဲ ဖြေဆိုရလေသည်။

(၄)

အိမ်ပြန်ရောက်ကတည်းက သူတစ်ခုခု လွဲချော်နေတာ အဖေ သိသည်။

ရှမ်းတိုင်းရင်းသား ရိုးရာ - ဓလေ့ထုံးစံ ဖခင်ကို သားက ဦးချအရိုအသေ ပေးတာမျိုး သူ မလုပ်ဖြစ်။

စောဂျက်ဆင်ကလည်း သူနှင့်အတူ အလည်အပတ် ခဏ ပါလာသည်။ သည့်နောက်တော့ သူ နှစ်ခြင်းခံတာ အဖေ သိသွားသည်။ အဆင်က မပြေ၊ ဖြေရှင်း၍ မရ။ သူလည်း မဖြေရှင်းတတ်။ သို့ဖြင့် သူလည်း စိတ်ကူးပေါက်ရာ နှစ်ခုစလုံး လုပ်ချင်ရာ လုပ်နေလိုက်သည်။ စိတ်ထဲမှာတော့ မကောင်းလှ။

(၅)

ရှစ်တန်းအောင်တော့ ဝိဇ္ဇာ ဘာသာတွဲ ယူသည်။

ကိုးတန်းတက်ဖို့ တောင်ကြီးကို ပြန်ရောက်တော့ စိတ်က နည်းနည်း လေလွင့်လာသည်။ အရွယ်လေးက မလောက်လေး မလောက်စား။ ကြီးကောင်ဝင်စ ပြုလာပြီ။ တီးဝိုင်း ကိစ္စ ပို့များ၊ အပေါင်းအသင်း အပျော်အပါးများ၊ အသောက်အစား နည်းနည်း စွက်ချင်လာသည်။

ကိုးတန်း (ဝိဇ္ဇာ) မှာ အတန်းပိုင်ဆရာမက မြန်မာစာ သင်ပြသည်။ ဆရာမ က ရန်ကုန် အုတ်ကျင်း သမိုင်းသူ။ ဆရာမ၏ မောင်ဖြစ်သူ ညွန့်တင်နှင့်က တစ်တန်းတည်း၊ တစ်ခုံတည်း အတူတူထိုင်ကြ၍ သွားအတူ လာအတူ အတော်လေးကို ခင်မင်ခဲ့ကြ၏။

သီတင်းကျွတ် ကျောင်းပိတ်ရက်မှာ ရန်ကုန်သွားမည်။ လိုက်ခဲ့ပါလားဟု ဖိတ်လေသည်။ ရန်ကုန်မြို့ကြီးကို တစ်ကြိမ်မျှ မရောက်ဖူး၍ ရောက်ချင်သည်။ ပြီးတော့ နှစ်စဉ် ခေါင်တိုင်စခန်းမှာ တွေ့ဆုံ ခံမင်ခဲ့ရသော

ဂီတသမားများအနက် အကော်ဒီယံအုန်းကျော်ကတော့ သူ့ကို ရန်ကုန်လာဖို့ အသေအချာ ဖိတ်ထားဖူးသည်။ ရန်ကုန်ရောက်လျှင် ဝင်ဖြစ်အောင်ဝင်ဖို့ သူ့ဆီမှာပဲ လွတ်လွတ်လပ်လပ် တည်းခိုနိုင်ကြောင်း ပြောထားဖူးတာ သွားသတိရလိုက်သည်။

သို့ဖြင့် လင်းခေးက အဖေ တို့ကို လှမ်း အသိပေးရာ မိဘများကလည်း ဆရာမမောင်လေး နှင့် သွားမည်မို့ ခွင့်ပြုလေသည်။ ညွန့်တင်လည် မီးရထားလက်မှတ် တစ်စောင် ပို့ဝယ်လိုက်လေသည်။

(၆)

ကျောင်းပိတ်သောအခါ ရွှေညောင်ဘူတာမှ မီးရထားစီးကြသည်။ ရထား စထွက်ကတည်းက စိတ်လှုပ်ရှားနေမိပြီ။ တောတောင်ရေမြေ သဘာဝကလည်း ရှုခင်းတွေ ဆန်းပြားလှသည်။ သာစည်ဘက် နီးလာလေလေ၊ မြင်ကွင်းက ပြောင်းလာ လေလေ။ ရန်ကုန်ဆိုတာ ဘယ်လိုနေမည်လဲဟု စိတ်ကူးထဲမှာ ပုံဖော်လာခဲ့သည်။

(၇)

ရန်ကုန်ဘူတာကြီးမှာ ရထားဆိုက်ပြီဆိုတော့ သူ့ရင်တွေ တကယ် အခုန်မြန်နေသည်။ ရန်ကုန်ကား အပဟိတ်အဟာန့် ကြီးလှပါဘိ။ တိုက်တွေက မြင့်လွန်းသည်။ ကတ္တရာလမ်းတွေ ကျယ်လွန်းသည်။ လူတွေ၊ လူတွေ ပျားပန်းခတ်မျှ သွားလာနေလိုက်ကြတာ။ ရွှေတိဂုံ ဘုရားကြီးက တောင်ကုန်းမြင့်ပေါ်မှာ၊ နေရောင် ဖျန်းပက်၍ ရွှေရောင် ဝင်းဝင်းပြက်ပြက်။

သူ့လို တောသားအတွက် ဖာလူဒါ သောက်ရသည်မှအစ အားလုံး မတူညီတော့ချေ။

ရန်ကုန်ကိုတော့ ရောက်ရောက်ချင်းပင် သူ သဘောကျခဲ့သည်။ ရန်ကုန်မှာ ရေစီးကြောင်းအသစ် ပြောင်းလဲတာတွေကို အယင်ဆုံး ထိတွေ့ သိခွင့်ရသည်။ တောင်ကြီးက မြို့ပြဆန်သည်ဆိုသော်လည်း ရန်ကုန်မှာ အရှိန်အဟုန်က ပိုမြန်သလို ဖြစ်နေသည်။

သမိုင်းမှာ တစ်ည၊ နှစ်ည တည်း၊ သူငယ်ချင်း ညွန့်တင်က တိရိစ္ဆာန်ရုံ၊ ကန်တော်ကြီး အစရှိသဖြင့် လိုက်ပို့ပေး၍ အတူလည်ပတ်ကြ၏။ အကော်ဒီယံအုန်းကျော် ပေးထားသော လိပ်စာအတိုင်း ဆူးလေဘုရားနားက အိမ်ကို ရောက်သွားသည်။ ဦးအုန်းကျော်က သူ တကယ် ရောက်လာ၍ အံ့အားလည်း သင့်သွားသည်။ လှိုက်လှဲပျူငှာ ကြိုဆိုသည်။

(၈)

"သမိုင်း အုတ်ကျင်းဆိုတာက အဝေးကြီးပဲ၊ သွားရ လာရတာ ဘယ်အဆင်ပြေပါ့မလဲ။ ကိုယ်တို့ဆီမှာ လာတည်းကွာ။ လွစ္စ (ဆိပ်ကမ်းသာ) လမ်းမှာ ကိုယ့်အိမ်ခန်း တစ်ခန်း ရှိသေးတယ်။ အဲဒီမှာ အိပ်နိုင်အောင် စီစဉ်ပေးမယ်။ ထမင်းကတော့ ဒီဆူးလေနားက အိမ်နဲ့ သိပ်ဝေးတာမှ မဟုတ်ဘဲ။ ဒီမှာ လာစား" ဟု ဆိုသည်။

သို့ဖြင့် အိမ်ပြောင်းတည်းဖြစ်သည်။

ထိုစဉ်က ဦးအုန်းကျော်သည် ဒေါ်မြတ်မွန်နှင့် အိမ်ထောင်မကျသေး။ ဦးအုန်းကျော်က သူ့ကို ရန်ကုန်မှာ ကိုယ့်ဘာသာ သွားတတ် လာတတ်အောင် လမ်းညွှန်ပေးသည်။ ထိုညွှန်ကြားချက်အတိုင်း လျှောက်သွားရတာ တဖြည်းဖြည်း နေသားကျသလို ဖြစ်လာသည်။

ရန်ကုန်မှာက လူတွေ များသလောက် လူတွေ တစ်ယောက်ကို တစ်ယောက် သိပ်ဂရုစိုက်မနေအားကြတာ သူ သဘောကျသလိုလို ဖြစ်လာသည်။

ဘတ်စ်ကား တိုးဝှေ့စီးတတ်လာသည်။ တော်တန်ရုံခရီးကတော့ ၁၅ ပြား၊ တစ်မတ် နှင့်ရောက်လေသည်။

(၉)

မြန်မာ့အသံ ရှမ်းတိုင်းရင်းသား အသံလွှင့် အစီအစဉ်ကို အရောက် သွားဖူးချင်သည်။ ဦးအုန်းကျော်က နည်းပြပေး၍ တယ်လီဖုန်း ဆက်ကြည့်သည်။

အသံလွှင့် ဒေါ်နန်းမေသင်း၏၊ အစီအစဉ်ကြေငြာသူ ဦးစိုင်းညွန့်ရှိန်။ ဦးစိုင်းပန်းစိန် တို့က ရပ်ဝေးမှ ရှမ်းလူငယ်လေးတစ်ဦး ရန်ကုန်ရောက်နေတာ သိတော့ ဝမ်းသာကြသည်။

ယခင် မသိကျွမ်းကြသော်လည်း ရင်ရင်းနှီးနှီး ဆွေမျိုးများ ပမာ။ သူတို့ဆီ အလည်လာဖို့ ဖိတ်ခေါ်သည်။ သို့ဖြင့် မြန်မာ့အသံလည်း ရောက်ဖူးသွားလေသည်။

(၁၀)

ပြန်လာတော့ သူ့အတွေ့အကြုံတွေ ပြောမကုန်။

ဒါပေမယ့် မထင်မှတ်ဘဲ ကိုးတန်းစာမေးပွဲ ကျလေတော့၏။ ငယ်စဉ် ကတည်းက ကျောင်းစာဖက်မှာ လုံးဝ မညံ့ခဲ့။ ယခု ကိုးတန်းရောက်မှ ဖြန်းခနဲ စာမေးပွဲ ကျရှုံးတာ၊ အံ့အားလည်းသင့်၊ ခါးသီးသော အတွေ့အကြုံလည်း ဖြစ်ခဲ့၏။

ကိုးတန်းစာမေးပွဲကျတော့ အဖေ က တောင်ကြီးမှာ ကျောင်းပြန်နေဖို့ ခွင့်မပြုတော့ချေ။ တောင်ကြီးက မြို့ပြဆန်လွန်းသည်။ အပေါင်းအသင်း

များလိမ့်မည်။ ယခုပင် ယုံကြည်ချက်တွေ ပြောင်းသလိုလို ဖြစ်နေပြီ။ တခြားပျက်စီးနိုင်စရာတွေလည်း ရှိ၍ ခွဲပစ်ချင်သည်။

နီးနီးနားနား လွယ်လင်မှာဆို ငွေကြေး ထောက်ပံ့တာကအစ လွယ်ကူချောမွေ့သည်။ ထိန်းချုပ်ရတာ လက်လှမ်းမီလိမ့်မည်။

သူကတော့ လွယ်လင်မှာ လုံးဝ မနေချင်။ တောင်ကြီးက သူ့ဘဝ တစ်စိတ် တစ်ပိုင်းလို ဖြစ်နေပြီ။ တောင်ကြီးမှာပဲ သူပျော်သည်။ တောင်ကြီးမှာပဲ သူနေချင်သည်။ ဒါပေမယ့် ခက်တာက အဲသည် တောင်ကြီးမှာပဲ သူ စာမေးပွဲ ကျထားသည်။

အတိုက်အခံ အငြင်းအဆန်တွေ၏ အဆုံးမှာ အပေးအယူ တစ်ခုတော့ ရရှိလာခဲ့၏။ လွယ်လင်မှာ တစ်နှစ်ပါပဲ။ နေကြည့်။

ကိုးတန်းအောင်လျှင် တောင်ကြီးမှာ ပြန်နေခွင့်ရမည်။



*အခန်း (၈)*

စိုင်းခမ်းလိတ် နှင့် စိုင်းထီးဆိုင်



(၁)

လွယ်လင်ကျောင်းမှာ ပြောင်းနေရစဉ် လွယ်လင်မြို့ကလေးကတော့ တောင်ကြီး နှင့် နိုင်းစာလျှင် အစစ သေးငယ် ကျဉ်းမြောင်းနေ၍ ပျော်စရာ အသိုင်းအဝိုင်းလည်း နည်းသည်။ သွားလာလည်ပတ်စရာလည်း သိပ်မရှိ။ အဲသည်တော့ အချိန်တွေ ပိုနေသည်။ သီချင်းလေးတွေ အတိုအစလည်း စမ်းရေးကြည့်ဖြစ်၏။

(၂)

ထိုအချိန်မှာ တစ်နိုင်ငံလုံး အတိုင်းအတာနှင့် လူတိုင်း စာတတ်မြောက်ရေး ဆောင်ရွက်နေသည့်အချိန်။ ရှမ်းစာပေ သင်ကြားတတ်မြောက်ရေး သည်လည်း အရေးကြီးသော အခန်းကဏ္ဍတစ်ရပ် ဖြစ်လာသည်။ ကျေးလက်ဇနပုဒ်အထိ ဆင်းဖို့ လူငယ်တွေ အဆင်သင့်ဖြစ်နေကြသည်။

ရှမ်းစာပေမှာ ရေးထုံး မူသစ် မူဟောင်း ရှိရာ ဘာကို သင်မလဲ။ အတည်ပြုမလဲဆိုတာ တောင်ကြီးတွင် ညီလာခံ ကျင်းပကြ၏။ ရှမ်းပြည်နယ်တစ်လွှားရှိ ရဟန်းသံဃာတော်များ၊ ရှမ်းစာတတ်ပေတတ် ပုဂ္ဂိုလ်ကြီးများ သည်အရေးကို ဆွေးနွေး ဆုံးဖြတ်ပေးကြဖို့ အားလုံး စုဝေးလာခဲ့ကြ၏။

ထိုညီလာခံ၌ စိုင်းခမ်းလိတ် နှင့် သူ စတွေ့ရလေသည်။

(၃)

စိုင်းခမ်းလိတ်ကား ထိုခေတ်က ထူးချွန်ရှားပါး ဆေးတက္ကသိုလ် ကျောင်းသား ဖြစ်သည်။

ဆယ်တန်းစာမေးပွဲကို ရူပဗေဒဂုဏ်ထူးဖြင့် ရှမ်းပြည်နယ် မြောက်ပိုင်းတွင် အမှတ်အများဆုံးရပြီး အောင်မြင်ခဲ့သူ။ ယခု ရှမ်းစာပေရေးထုံး ညီလာခံသို့ မန္တလေးတက္ကသိုလ်မှ ကျောင်းသား ကိုယ်စားလှယ်အဖြစ် တက်ရောက်လာခြင်းဖြစ်သည်။ လူကြီးတွေကလည်း သူ့ကို ရှမ်းတိုင်းရင်းသား လူငယ်ခေါင်းဆောင်တစ်ဦးအဖြစ် အလေးထား နေရာပေး ဆက်ဆံကြသည်။

စိုင်းခမ်းလိတ်၏ အပေါ်ယံ ပုံစံက ရုတ်တရက်ကြည့်လိုက်လျှင် ဘာမျှ အဆန်းမဟုတ်။ အနေအထိုင် ရိုးရိုး။ ပိပြား ကျစ်လစ် နိမ့်ချသည်။ နှုတ်ခမ်းမွှေး စစ နှင့် မျက်လုံးတွေကတော့ ဖိတ်ဖိတ် တောက်ပနေချေသည်။

တကယ် စကားပြောလိုက်တော့ စာပေ ဗဟုသုတ လွန်စွာ နှံ့စပ် ကြွယ်ဝသည်။ အတွေးအခေါ် ထက်မြက်ကျယ်ဝန်းသည်။ ဂီတမှာလည်း ကျွမ်းကျင်သော ရှမ်းတေးရေး စာဆို တစ်ဦးဖြစ်သည်။ ပြာပါးပါးကလေး ဖုံးလွှမ်းထားသော မီးကျီခဲ ရဲရဲ နှင့် တူနေသည်။

သူ က စိုင်းခမ်းလိတ် ကို အထင်လည်း ကြီးသည်။

သူတို့ နှစ်ယောက် လွယ်လင့်တကူ ခင်မင်ရင်းနှီးသွားကြတာ ကြီးမား အားကောင်းသော ရေးရေစက်ပါလာသည့် အလားသဏ္ဍာန် တူနေသည်။

(၄)

အချိန်တိုအတွင်း ခင်မင်ရင်းနှီး သွားကြသည်နှင့် စိုင်းခမ်းလိတ် အကြောင်း တွေလည်း ပို၍ သိရှိလာရသည်။

စိုင်းခမ်းလိတ်၏ ဖခင် ကား သိန္နီ စော်ဘွားကြီး၏ အမတ်ချုပ်အဖြစ် တာဝန်ထမ်းရွက်ခဲ့ ဖူးသူ စာတတ်ပေတတ် ရှမ်းပညာရှိ စာဆိုတော်ကြီး

တစ်ဦးဖြစ်သည်။ နောင်သောအခါ စာရေးကြီးရာထူးနှင့် လားရှိုးရှိ တိုင်းမင်းကြီးရုံးတွင် အမှုထမ်းသည်။

စိုင်းခမ်းလိတ်၏ အကိုကား စိုင်းတုံခမ်း။ သူလည်း သီချင်းစာသား အတွေးအခေါ်များ ရေးသားသီဖွဲ့တတ်သူ စာဆိုတစ်ဦးဖြစ်၏။ ညီငယ် စိုင်းခမ်းသီ လည်း တေးရေးစာဆို ဂီတပညာရှင်တစ်ဦးပင်။ ပြီးတော့ နန်းအွမ်ခမ်း ဆိုသည့် ညီမငယ် တစ်ဦး ရှိသေး၏

နမ္မတူမြို့ Our Lady's Convent နှင့် ပြင်ဦးလွင်မြို့ St. Albert ကျောင်းများတွင် နေခဲ့ဖူး၍ ထိုစဉ်တုန်းက စိုင်းခမ်းလိတ် ၏ အမည်မှာ Louis Kham ဖြစ်သည် ။

(၅)

"နမ္မတူ မှာက ရှမ်းတိုင်းရင်းသား ရပ်ကွက်ရဲ့ သာရေးနာရေး၊ လူမှုရေး ကိစ္စတွေမှာ ခေါင်းဆောင်တာ ဆရာစိုင်းရွှေထွန်းတဲ့။ သူက နယ်နယ်ရရ မဟုတ်ဘူး။ ချစ်ဒုက္ခလို မြန်မာသီချင်းမျိုးတွေကို ရှမ်းဘာသာ နဲ့ စာသားပြောင်းပြီး ဆိုလာခဲ့တဲ့လူ။ သူက နံရံကပ်စာစောင်က အစ ဂီတ အဆုံး အနုပညာ နဲ့ ပတ်သက်လာယင် အားပေးခဲ့တယ်။ မြေတောင် မြှောက်ပေးခဲ့တယ်။" ဟု စိုင်းခမ်းလိတ် က ပြောသည်။

နမ္မတူတွင် အဖိတ်နေ့ရောက်တိုင်း ဓမ္မာရုံ၌ စိုင်းခမ်းလိတ်တို့ ရှမ်းတိုင်းရင်းသား လူငယ်များ ကုသိုလ်ရေးအတွက် စုမိကြလေ့ရှိရာ သီချင်း ဝိုင်းဖွဲ့ ဆိုတတ်သည်။

သီချင်းတွေက အသစ် ဟူ၍ မရှိ။ တစ်ခါလာ မဲပြာ ပုဆိုး၊ တစ်ခါလာ မဲပြာပုဆိုး ဖြစ်နေ၍ စိုင်းခမ်းလိတ်ကပဲ ရှမ်းသီချင်း အသစ်များ ရေးဖွဲ့ဖို့ ကြိုးစားခဲ့သည် ဆို၏။

(၆)

"ကြီးလာတော့ စန္ဒရားလုထွတ်၊ တွံတေးသိန်းတန် သီချင်းတွေ လိုက်ဆိုယင်းက ကြီးလာခဲ့တယ်။ ဓမ္မာရုံမှာ ဆိုစရာသီချင်းက ရှားတယ်။ အဲသည်တုန်းက ၁၉၆၅ ဝန်းကျင်လေ။ The Betales, Shadows, Cliff Richard တွေ ခေတ်စားနေတဲ့ အချိန်မဟုတ်လား။ မူရင်း အင်္ဂလိပ်သီချင်းတွေကို ရှမ်းလို ဘာသာပြန်ပြီး ရေးကြည့်တယ်။ ဆိုပြတော့ ဆရာဦးစိုင်းရွှေထွန်း နဲ့ တခြားလူတွေက "အေး .. ကောင်းသားပဲ" တဲ့။ အားပေးလက်ခံကြပါတယ်။ ဒါပေမယ့် အဲ့တာက တကယ် မကောင်းသေးဘူး ဆိုတာပဲ။ နောက်တော့ ကိုယ့်စတိုင်လ်နဲ့ကိုယ် ကိုယ်ပိုင်သံစဉ် ရှမ်းသီချင်းတွေ ရေးဖြစ်တယ်။ အစ်ကို စိုင်းတုံခမ်းရဲ့ စာသားမှာ တေးသွားထည့်ရေးထားတာလည်း အတော်များများ ရှိလာတယ်။ ၁၉၆၈ ပြီးခဲ့တဲ့ နှစ်နှစ်လောက်မှာတော့ အဲဒီလို ရေးထားတဲ့ ကိုယ်ပိုင်သံစဉ် ရှမ်းသီချင်းတွေကို လူကြိုက် အတော်များလာခဲ့တယ်။ အခုလို

ရှမ်း စာပေ သင်ကြားရေးမှာလည်း အဲ့သည် သီချင်းတွေနဲ့ အားဖြည့်ဖို့ ရည်ရွယ်ထားပါတယ်။" ဟု စိုင်းခမ်းလိတ် က ပြည့်ပြည့်စုံစုံ ပြောပြခဲ့လေသည်။

(၇)

"ဂစ်တာကတော့ ညီလုပ်တဲ့ ခမ်းသီကတောင် အယင် တီးတတ်နေခဲ့တာ။ နမ္မတူ Our Lady's Convent မှာ နေတုန်းက ကျောင်းနေဘက် ကရင် တိုင်းရင်းသားတွေက ခရစ်ယာန်သီချင်း သီဆိုတီးခတ်တဲ့နေရာမှာ သိပ်တော်ကြတာကို တွေ့တော့ သူတို့တတွေနဲ့ မိတ်ဆွေဖွဲ့။ လက်ဖက်ရည် တစ်ခါတိုက်၊ သုံးလေး ကြောင်းလောက် ရလိုက်၊ နောက်တစ်ခါ လက်ဖက်ရည်တိုက်၊ သုံးလေးကြောင်းလောက် ရလိုက်နဲ့ပဲ သင်ယူခဲ့ရတယ်။ ဂစ်တာ ဝယ်ချင်လို့ မန္တလေးကို မှာလိုက်တော့လည်း မှာတာက Spanish ဂစ်တာ။ ပို့ပေးလိုက်တာက ဟာဝေယံ ဂစ်တာ ဖြစ်နေပါလေရော။ ဒါနဲ့ ခမ်းသီနဲ့ တိုင်ပင်ပြီး Spanish ဂစ်တာဖြစ်အောင် ပြောင်းယူခဲ့ရသေးတယ်။" ဟု ပြောပြသည်။

(၈)

စာပေရှိမှ လူမျိုးတင့်မည်။ စာပေမြင့်မှ လူမျိုး မြင့်မည် ဖြစ်၍ စာမတတ်သေးသူ ရှမ်းတိုင်းရင်းသားများကို စာတတ်စေချင်သည်။ လူငယ်များသည် ဂစ်တာတစ်လက် ကျောမှာ လွယ်ပိုးလျက် တောကြိုအုံကြား အထိ အရောက်သွားခဲ့ကြသည်။ သူတို့သည် စာကို သင်ရုံမျှမက သီချင်းလည်း သင်သည်။ ရှမ်းသီချင်းများ အပေါ် စိတ်ဝင်စား၍ ပျံ့နှံ့သွားလျှင် သီချင်းဆိုချင်သူတို့ ရှမ်းစာနှင့် လိုက်ကူး၊ လိုက်ရေးယင်း စာပေနှင့် နီးစပ်လာလိမ့်မည်။ စိတ်ဝင်စားလာမည်ဟု ရည်ရွယ်ခြင်း ဖြစ်သည်။

ကျေးလက်အထိ ဆင်းသည့် လူငယ်ဆရာတွေက စိုင်းခမ်းလိတ် ရေးစပ် သီကုံးထားသော ရှမ်းတိုင်းရင်းသား ခေတ်ပေါ် သီချင်းစာသားများကို ကူးယူပြီး ဂစ်တာဖြင့် တက်ယူထားကြသည်။ ရှမ်း အသုံးလုံးကြေ သင်တန်းများတွင် ထိုသီချင်းများကို ရေး၊ သင်၊ ဝေငှပြီး တေးဂီတအကူအညီဖြင့် သင်တန်းကို စိတ်ဝင်စားစရာ ဖြစ်အောင် ဆောင်ရွက်ခဲ့ကြသည်။

(၉)

စိုင်းခမ်းလိတ်က ရှမ်းတိုင်းရင်းသား အသုံးလုံး သင်တန်းများ ဖြစ်မြောက် အောင်မြင်ရေးအတွက် တက်တက်ကြွကြွ စည်းရုံးလှုံ့ဆော်သည်။

ရစ်ချက်နန္ဒာ လွယ်လင်မှာ ရှိစဉ် စိုင်းခမ်းလိတ် ရောက်လာသည်။ သင်ကြားရေး အတွက် စာရွက်စာတမ်းများ လာပို့ခြင်းဖြစ်သည်။ နတ်စ် အပြည့် ရေးထားသော စိုင်းခမ်းမောင် (မူဆယ်) နှင့် စိုင်းခမ်းသီ တို့၏ သီချင်းနစ်ပုဒ် ကို လက်ဆောင်အဖြစ် ပေးခဲ့သည်။

"ခင်ဗျားလည်း ရှမ်းတိုင်းရင်းသား တစ်ယောက်ပဲ။ အင်္ဂလိပ်သီချင်းတွေ လိုက်စားထားတော့ အမြင်ရှိပြီးသား၊ သူများတွေရေးတဲ့ ရှမ်းသီချင်းတွေလည်း

စတိတ်ပေါ်ထိ တက်ဆိုနေတာ ကိုယ်ပိုင် သံစဉ် ရှမ်းသီချင်းတွေ ရေးပါလား" ဟု တိုက်တွန်းသွားခဲ့၏။

စိုင်းခမ်းလိတ်၏ ထို စကားများက သူ့အတွက် အတော်လေး ခရီးရောက်ပြီး တာသွားခဲ့သည်။

(၁၀)

လွယ်လင်မှာ အားလပ်ချိန် အတော်များနေ၍ ဂစ်တာနှင့် အမြဲ အထိအတွေ့ရှိပြီး တီးဖြစ်ခဲ့သည်။

ရှမ်းတိုင်းရင်းသားအဖွဲ့ ရှမ်းစာပေ ပြန့်ပွားရေးတွင် စနေတစ်ပတ်တိုင်း သီချင်း သင်ပေးသည့် ဆရာအဖြစ် ဆောင်ရွက်ခဲ့သည့် အပြင်၊ လွယ်လင် နစ်ခြင်း ခရစ်ယာန်အဖွဲ့မှာ လိုက်တီးသည်။ လွယ်လင်ဂေါ်ရခါး လူငယ်အဖွဲ့နှင့်ဆိုလည်း လိုက်တီးသည်။

သီချင်းများလည်း ရေးဖွဲ့ဖြစ်၍ သူကိုယ်တိုင် စပ်ဆိုထားသော သီချင်း အတော်များများ လက်ထဲ မှာ ရှိလာသည်။

(၁၁)

ရှစ်တန်းစာမေးပွဲ ဖြေပြီး ကိုးတန်းရောက်ချိန်အထိ သူ့နာမည်က အမျိုးမျိုး။

ငယ်နာမည်မှာ အိုက်တူး။

ဇာတာထဲမှာ တင်ဦး။

ကျောင်းနေတော့ ရစ်ချက်နန္ဒာ။

ကျောင်းများ ပြည်သူပိုင် သိမ်းသောအခါ ရစ်ချက်နန္ဒာ ဆိုတာက မသင့်တော်။ သို့ဖြစ်၍ ဇာတာပြပြီး စိုင်းတင်ဦး အမည် ပြန်ခံယူရသည်။ သို့သော် သူ့မှာ ရှမ်းတိုင်းရင်းသား နာမည် ပီပီသသ မရှိသေး။ သူ့လိုပဲ လူငယ်အများစုမှာက ကြုံသလို အမည်တွေပဲ အလားတူစွာ ရှိကြသည်။

ထိုအကြောင်းကို သတိထားမိသော လူကြီးများက တိုင်ပင်လျက် ရှမ်းတိုင်းရင်းသား အမည်များ မှည့်ပေးဖို့ စဉ်းစားလာကြသည်။

(၁၂)

တောင်ကြီးမြို့ ဂေါက်ကွင်းနှင့် ကောလိပ်ဝန်းကျင် ဝါးပြားရွာရှိ ဝေဠုဝန် ရှမ်းဘုန်းကြီး ကျောင်းတိုက် အနီးတွင် နေထိုင်သော ဦးခွန်မဟာက ရှမ်းစာပေများ ရေးသား ပြုစုသည့် စာဆိုတော် တစ်ဦးဖြစ်သည်။ ရိုးရာယဉ်ကျေးမှုများ ထိန်းသိမ်းထားရှိသည်။ ရှေးမီ နောက်မီ ဗဟုသုတမျိုးစုံ ကြွယ်ဝသည်။ ဦးခွန်မဟာ သည် နက္ခတ္တဗေဒ၊ မဟာဘုတ် နှင့် ဗေဒင်ကိန်းခန်း တို့လည်း တတ်ကျွမ်းသူဖြစ်သည်။ သို့ဖြစ်၍ အမည်သစ်များ ပြင်ဆင်မှည့်ခေါ်ပေးဖို့ တာဝန်ယူလိုက်သည်။

ရှမ်းတိုင်းရင်းသား လူငယ်များကို တစ်ကြိမ်လျှင် ၁၀၀ - ၁၅၀ ခန့် စုဝေးပြီး ဦးခွန်မဟာ ထံ သွားကြလျှင် ဇာတာကို စစ်ဆေး၊ မွေးနေ့နံသင့် တွက်ချက်ပြီး အမည်သစ်များ မှည့်ခေါ်ပေးလေသည်။





သို့ဖြင့် သူ၏ နာမည် စိုင်းထီးဆိုင် ဟု ဖြစ်လာသည်။ ထီးဆိုသည်မှာ ထိပ်၊ ဆိုင်က စိန် ဖြစ်၍ အဓိပ္ပယ်အားဖြင့် ထိပ်ထက်ဖျားက စိန် ကျောက်မျက် ဟု ဆိုရမည် ။





## အခန်း (၉)

### ပထမဆုံး အသံလွှင့် ဓာတ်ပြား

(၁)

လွယ်လင်မှာ ကိုးတန်း အောင်မြင်ပြီး သွားသောအခါ အောင်စာရင်း ထွက်ပြီးသည်နှင့် အခွင့်အရေး မမေ့။ အဖေ့ကတိအတိုင်း တောင်ကြီးမှာ ကျောင်းပြန်ထားပေးဖို့ တောင်းဆိုရသည်။

(၂)

တောင်ကြီးသို့ ပြန်ရောက်လာခဲ့ပြီ။ ဆယ်တန်းကျောင်းသားဘဝ။

ကြားထဲမှာ ခွဲခွာလိုက်ရတာ တစ်နှစ်ခန့်သာကြာသည်။ ဒါလည်း မကြာခဏ ရောက်ဖြစ်သေးသည်သာ။ သို့သော် သည်တစ်ခါ တောင်ကြီးသည် အယင်လို မဟုတ်ဘဲ ခပ်စိမ်းစိမ်း ပြောင်းလဲသွားလေသယောင်ယောင်။

တောင်ကြီးက ပြောင်းလဲတာ မဟုတ်လျှင် သူကပဲ ပြောင်းလဲသွားတာ ဖြစ်နိုင်သည်။ ဆယ်တန်းအရေးကြီးမှန်း သိသော်လည်း စာထဲမှာ စိတ်မရှိ။ ဖောင်မတင်လိုက်မိ။ စာမေးပွဲလည်း မဖြေဖြစ်ခဲ့။ ဖြစ်ပုံက -

(၃)

တစ်ဖက်နိုင်ငံ ချင်းမိုင်မြို့မှ ရှမ်းဘာသာ အစီအစဉ် လွှင့်ထုတ်ရာ သူတို့က အသံအစီအစဉ် စတင်ခါစ သီချင်းများ နည်းပါးနေသေး၍ သီချင်းလေးတွေ ပို့ပေးဖို့ တောင်းဆိုသည်။

ကိုယ့်မှာလည်း သီချင်းလေးတွေ လက်ထဲရှိနေ၍ အလုပ်ကျွမ်းကျင်လျှင် အလုပ်ပေးလိုပေးငြား ဆိုပြီး မှောင်ခိုကုန် ကူးနေသူများနှင့် လိုက်သွားဖို့ မကြံအပ် မစည်ရာ စိတ်ကူးမိလေသည်။

ခရီးသွားမည်ဆိုတော့ စရိတ်က လိုသည်။ သို့ဖြင့် လက်ထဲရှိနေသော ဂစ်တာ ကို ထုတ်ရောင်းပစ်လိုက်သည်။ ဤဂစ်တာကား သူ၏ ဒုတိယဂစ်တာ၊ သစ်သစ်လွင်လွင်မို့ မများလှသော်လည်း ထိုက်သင့်သည့်ဈေး ရလိုက်ပါသည်။

(၄)

သူ့ဘဝမှာ ပထမဆုံး ပိုင်ဆိုင်ခဲ့ရသော ဂစ်တာကား သဘော်ဆေးတွေ သုတ်ထားသော ဂစ်တာအစုတ်ကလေး ဖြစ်ခဲ့၏။ ၆ တန်း ကျောင်းသားဘဝ။

အတန်းထဲမှ စိုးဝင်း ဆိုတာက မြို့မရပ်မှာနေသည်။ ပုံစံက ရုပ်ရှင်မင်းသား ဇော်ခင်လိုလို၊ ရှိုးခပ်များများ၊ ပေါင်ဒါဖွေးဖွေး။ အမောက်က တသသ ဖြစ်၍ ဂစ်တာ တကိုင်ကိုင် လုပ်နေတတ်ရာ ထိုဂစ်တာကို သူလိုချင်လာသည်။ သူ့လက်ထဲရှိ ဘောပင်ကလည်း အတော်လေးလှသည်။

တစ်နေ့တော့ စိုးဝင်းက လဲမလားဟု ကမ်းလှမ်းလာ၍ လဲဖြစ်ခဲ့သည်။ အစုတ်ကလေးပင် ဖြစ်သော်ငြား သူ့ကိုယ်ပိုင်ဂစ်တာမို့ ပျော်မဆုံးနိုင်။ တပွေ့ပွေ့ တပိုက်ပိုက်နှင့် ယုယမြတ်နိုးခဲ့ဖူးသည်။

(၅)

တာချီလိတ်ဘက်မှ ဝင်ချင်သော်လည်း သူ့လက်ထဲရှိ ငွေကား မလုံလောက်။ လွယ်ကော် မယ်ဟောင်ဆောင်ဘက်မှ သွားဖို့ ကြံစည်ခဲ့ရာ ထိုအကြံလည်း အဆုံးသတ်တွင် အထမမြောက်။

ငှက်ဖျားမိပြီး အိမ်ပဲပြန်ရောက်လာသည်။ ဆယ်တန်းဖောင်တင်ဖို့လည်း နောက်ကျခဲ့ပြီ။ မျှော်လင့်ထားတာတွေ ဖြစ်မြောက်မလာဘဲ ပျက်သွား၍ အတော်လည်း စိတ်ဓာတ်ကျသွားခဲ့သည်။

(၆)

ဆယ်တန်းဖြေဖို့ တစ်နှစ်ပျက်ကွက်သွားသောအခါ အဖေက သူ့ကို တောင်ကြီး ပြန်မလွှတ်တော့ပေ။ ဆယ်တန်းက အစိုးရစစ်ပဲ။ တောင်ကြီးဖြစ်ဖြစ်၊ လင်းခေးဖြစ်ဖြစ် အတူတူပဲ ဆိုပြီး လင်းခေးမှာပဲနေ၊ လင်းခေးမှာပဲ ဆယ်တန်းဖြေဖို့ ပြင်ဆင်စေသည်။

တကယ်တော့ ကိုယ့်မြို့ ကိုယ့်ရွာမှာ အချိန်အကြာဆုံး ပြန်နေဖြစ်တာ သည်တစ်ကြိမ်ပဲရှိသည်။

နမ့်တိန်းချောင်းရေက တသွင်သွင် စီးဆင်းဆဲ။ လွယ်စလေတောင်ကား မှိုင်းညို့ညို့နှင့် လွမ်းချင့်စဖွယ်။ နမ်းခြံ၊ ဆေးခြံလုပ်ငန်းခွင်ထဲ သီဆိုကြသည့် ရှိုးရာ တေးလင်္ကာတွေ၊ အချို့လည်း ခပ်ရှည်ရှည် ဖွဲ့နွဲ့။ အချို့လည်း အတိုအထွာ၊ ရယ်စရာ မောစရာ။

လည်စရာ ပတ်စရာက သိပ်မရှိ။ သီချင်းလေးတွေ ရေးဖြစ်ဖို့တော့ အချိန်ပိုရသည်။ လင်းခေးမှာ ပျင်းပျင်းရှိ သီချင်းရေးချင်ရေး။ မရေးလျှင် ဘောလုံးကစားနေခဲ့သည်။ လက်ရွေးစင်အထိ ဖြစ်ခဲ့၏။ ဘောလုံးကန် ထူးချွန်၍တော့ မဟုတ်။ စခန်းသွင်းလျှင် သူက သီချင်းဆို၊ ဂစ်တာတီး။

အဲသလို လုပ်ပေးနိုင်၍ ငြီးငွေ့စရာမရှိသောကြောင့် အားလုံးက ကြည်ဖြူ လိုလားသည်။ အသင်း ကပ္ပိန်ကလည်း ချစ်သည်။ သို့ဖြင့် အရန်တစ်ယောက်

အနေနှင့် လူ ၂၀ အုပ်ထဲ ပါလာခြင်းဖြစ်သည်။ ဝတ်စုံလည်း သူများနည်းတူ ရလေသည်။

(၇)

အဲလဘတ် ဆီဟတ် ခေါ် စိုင်းစိုးမြင့်သည် မိုးနဲသား။ သူ့ဖခင် ဦးသီဟသည် မိုးနဲ မြောက် ကုမ္ပဏီ အရက် လိုင်စင် စီ တွင် ရှယ်ယာပါသည်။ အဲလဘတ်နှင့် ကိုထီးတို့က သူငယ်တန်းကတည်းက သိကျွမ်းကြသည်။

အဲလဘတ်ဆီဟတ်က တောင်ကြီးမှ ဆယ်တန်းအောင်ပြီး ရန်ကုန်စက်မှု တက္ကသိုလ်သို့ ရောက်သွားသည်။ ကျောင်းအားရက် လင်းခေးသို့ လာယင်း စိုင်းစိုးမြင့် ( အဲလဘတ် ဆီဟတ် ) က သတင်းတစ်ခု သယ်ယူလာခဲ့သည်။

မြန်မာ့သံ ရှမ်းတိုင်းရင်းသား အစီအစဉ်အတွက် ရှမ်းသီချင်းအသစ်များ စုဆောင်းမည်။ စိုင်းခမ်းလိတ်၊ စိုင်းမောင်းခမ်း၊ စိုင်းထီးဆိုင်တို့ သီချင်းတွေလည်း လိုချင်သည်။ ရန်ကုန်ရှိ ရှမ်းတိုင်းရင်းသား လူငယ်များ သီဆို အသံလွှင့်ကြမည်ဟု ဆိုသည်။

မြန်မာ့အသံတွင် သို့မဟုတ် အင်္ဂကော်ဒီယံအုန်းကျော်၏ ရောဝတီစတူဒီယိုတွင် စတီရီယိုစနစ်ဖြင့် အသံသွင်းယူ၍လည်း ရနိုင်သည်။ ရန်ကုန်တက္ကသိုလ်များ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့မှ သီချင်းများ ဖြန့်ချီဖို့လည်း အစီစဉ်ရှိသည်ဟု ဆိုလေသည်။

(၈)

သူ အတော်လေး ဝမ်းသာသွားသည်။

သို့ဖြင့် ရွာနှင့်ဝေးလံပြီး လူသံသူသံ တိတ်ဆိတ်ငြိမ်သက်သော ဟဂျိုးနီးယား ဆေးပေါင်းစက်ရုံတစ်ခုသို့သွား။ ဂစ်တာ တစ်လက်နှင့် သူရေးစပ် သီကုံးထားသော သီချင်းအချို့ကို သူကိုယ်တိုင် Demo သီဆိုပေးခဲ့ရာ စိုင်းစိုးမြင့်က Reel Tape Recorder တစ်လုံးနှင့် အသံဖမ်းယူသွားလေသည်။

(၉)

ဆယ်တန်းစာမေးပွဲ ဖြေဆိုသောအခါ လင်းခေးမှာ စာစစ်ဌာန မရှိ။ လွယ်လင်သို့ သွားရောက် ဖြေဆိုရသည်။

စာမေးပွဲ ဖြေဆိုသည့် နောက်ဆုံးရက်မှာပင် လင်းခေးမှ ဘောလုံးအဖွဲ့သားတွေ စလုံးနံပါတ် နီဆန်းကားကြီး တစ်စီးနှင့် ပျော်ပျော်ပါးပါး ရောက်လာခဲ့ကြသည်။ အသင်း ကပ္ပတိန် လည်း ပါသည်။

၁၉၆၉ ခုနှစ် အရှေ့တောင်အာရှ ကျွန်းဆွယ်အားကစားပွဲ ကြည့်ဖို့ ရန်ကုန်သို့ သွားကြမည်။ ပွဲလက်မှတ်များ အားလုံး ကြိုတင် ဝယ်ယူထားပြီးပြီ။ ရန်ကုန်အသွား သူ့ကို လွယ်လင်မှာ ဝင်ကောက်ခြင်းဖြစ်သည်။

"ကဲ .. အဝတ်အစားတွေ မြန်မြန်သိမ်းကွာ။ အချိန်မရှိဘူး။ ထွက်ကြစို့။"

အားလုံး အိပ်မက်လိုပဲ ဖြစ်နေသည်။ အခုပဲ စာမေးပွဲခန်းထဲက ထွက်ခဲ့သည်။ ဟော .. များမကြာမီ ကားကြီးနှင့် တပျော်တပါး ခရီးထွက်ဖြစ်နေခဲ့ပြီ။ ရှုခင်းတွေက နွေဦးကာလမို့ လှချင်တိုင်း လှလျက်။ ဂစ်တာ ပါလာတော့ သီချင်းတွေဆို၊ ပျော်စရာ ကောင်းလှသည်။

(၁၀)

ရန်ကုန်ရောက်တော့ ရွှေတိဂုံ အကောက်ခွန် ဓမ္မာရုံ၌ တည်းခိုသည်။ အားကစားပွဲ သွားကြည့်ယင်း စိုင်းစိုးမြင့် (အဲလဘတ် ဆီဟတ်) နှင့် တွေ့ရသည်။ သူက ဝမ်းသာအားရ -

"ဟာ .... အတော်ပဲ .. အတော်ပဲ။ ဒီမှာ သီချင်းတွေ သွင်းဖို့လုပ်တော့ အသံလိုက်တက်တဲ့ လူတွေနဲ့ သီချင်းတွေ ခွဲချပေးတာ စိုင်းခမ်းလိတ်နဲ့ စိုင်းမောင်းခမ်း သီချင်းတွေက အဆင်ပြေတယ်။ ပီထီး သီချင်းတွေကတော့ ချန်ထားခဲ့ရတယ်။ အားလုံးကလည်း အဲ့သည်သီချင်းတွေကို နဂိုမူလ အသံပိုင်ရှင်နဲ့ပဲ လိုက်ဖက်တယ်လို့ အားလုံးက ပြောနေကြတာ။ အတော်ပဲ မြန်မာ့အသံက ဒေါ်နန်းမေသင်းရီ၊ ဦးစိုင်းညွန့်ရှိန် တို့ဆီ ရက်တောင်းလိုက်မယ်။ ဒီရက်အတွင်း အသံသွင်းမယ်ဆိုယင် ဖြစ်မလား" ဟု .. ဆိုလာသည်။

(၁၁)

သူက ဒါတွေ ဘာတစ်ခုမျှ ကြိုတင် မျှော်လင့်မထား။

အံ့အားလည်း သင့်နေသည်။

လာတာက ဘောလုံးပွဲ ကြည့်ဖို့သက်သက်။

ဟော .. အခု ရန်ကုန်ရောက်တော့ အသံသွင်း သီချင်းဆိုရမည် ဖြစ်နေသည်။

(၁၂)

မြန်မာ့အသံ၊ အသံသွင်းခန်းမထဲ ရောက်လာသည်အထိ သူ့စိတ် ပိုင်ပိုင် မဝေခွဲနိုင်သေး။ တကယ့်ကို မယုံချင်စရာ။ အသံလုံ နံရံများ၊ အသံဖမ်းစက် ကိရိယာများ၊ မိုက်ခွက်များ ၊ တီးဝိုင်းများ။

အခန်းထဲမှာ အေးစိမ့်စိမ့် ဖြစ်နေသော်လည်း သူကတော့ ချွေးနည်းနည်း ပြန်နေသည်။ အတန်ငယ် စိတ်လှုပ်ရှားမှု ရှိသော်လည်း အကောင်းဆုံး ကြိုးစား သီဆိုခဲ့သည်။

သူ ရေးဖွဲ့ထားသော "အဝေးက ချစ်သူ၊ လေ့ငယ်ရှင် ဆုတောင်း၊ အကျည်းတန် ချစ်သူ၊ ကိုယ် သဘောကျသူလေး၊ ပန်းချယ်ရီ" ဆိုသည့် ကိုယ်တိုင်ရေး ကိုယ်ပိုင်သံစဉ် ရှမ်းတိုင်းရင်းသား သီချင်းငါးပုဒ် ကို သူကိုယ်တိုင် သီဆို အသံသွင်းဖြစ်ခဲ့လေသည်။

(၁၃)

လင်းခေးပြန်ရောက်ပြီး များမကြာမီ ရှမ်းတိုင်းရင်းသား အသံလွှင့် အစီအစဉ်မှ သူ့သီချင်းတွေ ထုတ်လွှင့်လိုက်တာ ကြားရသည်။

ကြားကြားချင်း သူ့အသံပင် သူ ပြန် မမှတ်မိ။ အားလုံး ထူးဆန်းနေသည်။ လေထဲမှာ သီချင်းထုတ်လွှင့်တာ ဆုံးသွားသော်လည်း သူ့စိတ်ထဲက သီချင်းကတော့ဖြင့် ဆက်လက် သီဆိုဆဲ။

တစ်ချိန်က အဝေးကို မျှော်ပြီး ခရီးကြမ်း ထွက်မိတာ ဘာမျှ အဖတ်မတင်။ ငှက်ဖျားနှင့်သာ ပြန်လာခဲ့ရသည်။ ဟော ခုတော့ မြန်မာ့အသံက သူ့သီချင်းတွေ ထုတ်လွှင့်နေချေပြီ။

## (၁၄)

ထိုသီချင်းများကို ရှမ်းတိုင်းရင်းသား အစီအစဉ်မှ မှန်မှန် ထုတ်လွှင့်ပေးခဲ့ရာ တငွေ့ငွေ့နှင့် ရှမ်းဘာသာ နားဆင်သူ သောတရှင်ပရိသတ်ကြား လူသိများပြီး လက်ခံ အားပေးလာကြသည်။

အထူးသဖြင့် အကျည်းတန်ချစ်သူ သီချင်း ကို ပရိသတ်များ လွန်စွာ နစ်သက် ထိရှ ခံစားခဲ့ကြသည်။ အပတ်စဉ် Request ကဏ္ဍတွင် ထည့်တောင်းခြင်း အခံရဆုံး တေးသီချင်းတစ်ပုဒ်အဖြစ် နာမည်ကြီးလာသည်။ သို့ဖြင့် ဓာတ်ပြား ရရှိကာ အမြဲတမ်း အသံလွှင့်ပေးဖို့ ဖြစ်လာခဲ့လေသည်။

ထိုနှစ်သည် ၁၉၆၉ ။

## (၁၅)

ထိုအချိန်ကာလပိုင်းမှာပင် မြန်မာ့တေးဂီတ ရေစီးကြောင်း ပြောင်းလဲစ ပြုလာသည်။

တက္ကသိုလ် ထွန်းနောင်၊ မင်းမင်းလတ်၊ စိုးပိုင်တို့၏ သီချင်းပုံစံအသစ်တွေ ကြားလာရသည်။ ဝင်းဦး ၏ အိုမီဂါ၊ ကျော်ဟိန်း၏ ချစ်သလား မုန်းသလား ပြောပါလား .. မသားမသုံးနဲ့လေး.. အစရှိသည့် ရုပ်ရှင်တေးသီချင်း သံဆန်းများ ကြားလာရလေသည်။



## အခန်း (၁၀)

### ရင်ဖွင့် ကြိုဆိုသည့် မန္တလာမြေ

(၁)

ဆယ်တန်းစာမေးပွဲကို အထစ်အငေါ့မရှိ။ တစ်ကြိမ်တည်းနှင့် သူ အောင်မြင်ခဲ့သည်။ သူကား ရှစ်တန်း အောင်ကတည်းက ဝိဇ္ဇာယူထားသူ။ စီးပွားရေး တက္ကသိုလ်ကိုတော့ ပထမဦးစားပေး လျှောက်ခဲ့သည်။ သို့သော် မရရှိခဲ့။ ဒုတိယ ဦးစားပေး ဖြစ်သည့် စိတ်ပညာ မေဂျာ ကိုပဲ အမှတ်မီ၍ တက်ခွင့်ရရှိသည်။

ထိုစဉ်တုန်းက တောင်ကြီး ကောလိပ်တွင် စိတ်ပညာမေဂျာ မရှိသေး။ သို့ဖြစ်၍ တောင်ကြီးမှာ နှစ်နှစ် တက်စရာမလို။ ပထမနှစ် ကတည်းက မန္တလေးဝိဇ္ဇာသိပ္ပံ တက္ကသိုလ် သို့ သွားတက်ရမည်။

တက္ကသိုလ်မြေကို ခြေချခွင့်ရရှိပြီ။ လင်းခေးဇာတိကို ထားရစ်ခဲ့ရပေဦးမည်။ မိဘဆွေမျိုးတွေကလည်း ဂုဏ်ယူဝမ်းသာ။ သူကိုယ်တိုင်လည်း စိတ်လှုပ်ရှားလျက်။ တက္ကသိုလ် ကျောင်းသားဆိုသော အရသာ။ ဘယ်လိုပါလိမ့်။

မန္တလေး ရောက်အောင် သူ လာခဲ့ပြီ။

(၂)

မန္တလေးကတော့ဖြင့် ရင်ခွင်ဖွင့်လျက် သူ့ကို ကြိုခဲ့၏။

တက္ကသိုလ်မရောက်ခင် မန္တလေးမြို့အဝင်ကတည်းက သူ ရင်ခုန်နေခဲ့တာ။ တက္ကသိုလ် ရောက်လာတော့ စက်တင်ဘာလ။ မိုးရာသီ ကုန်လုဆဲဆဲ။ စိမ်းစိုသန့်စင် သစ်လွင်သည့် မြင်ကွင်း။

တမာပင်တန်းများက ထူးခြားသော ရနံ့တွေ သင်းထုံလျက်။ ထနောင်းပင်တွေက ဖွေးလွလွ။ ကုက္ကိုပင်ကြီးတွေက အရိပ်အာဝါသ ကောင်းလှသည်။ ကျောင်းအဝင် မုဒ်ဦးကပင် ခန့်ညားပါဘိ။ ခေါ်မ တိုင်လုံးရှည်ကြီးတွေနှင့် မြင့်မား ဝင့်ထည်လှသည့် ပင်မဆောင်။ မြက်ခင်း ဝိုင်းဝိုင်းပေါ်မှ ကြေးခေါင်းလောင်း။ ကျောင်းပရိဝုဏ် နံဘေးတွင် ရေနီမြောင်းရေက လေးတွဲ့တွဲ့ ညင်သာသာ နူးညံ့စွာ စီးဆင်းသွားနေလိုက်တာ။

ကပ်ရက်တွင် မန္တလေး စိုက်ပျိုးရေး တက္ကသိုလ်။ ပြီးတော့ ပရိဝုဏ် ဟိုးဖက် အလွန်မှာက ကောဇောကြီးတွေ ဖြန့်စပ်ခင်းချထားသည့် အလားသဏ္ဍာန် လယ်ကွင်းတွေ၊ မြင်ကွင်းကျယ်၏ အဆုံးစွန် နေထွက်ရာ အရပ်၌ ညို့ညို့မှိုင်းမှိုင်း ရိုးမတောင်တန်းကြီး။

သူ အံ့အားသင့်နေသည်။

ဒါဟာ ငါ ပညာသင်ယူရမယ့် ကျောင်းတော်ကြီးပါလား။ အမိတက္ကသိုလ် ဆိုတာ ဒါကိုပဲ ခေါ်ဆိုရမည်။ သူ့သွေးတွေ ပူနွေးလျက် ရှိသည်။

(၃)

ပထမနှစ်အတွက် နေထိုင်ခွင့်ရရှိသည့် အဆောင်ကတော့ ကျောင်းနှင့် အတော်လေး ဝေးလံသည်။

နန်းရှေ့ရပ် အောင်တော်မူ နန်းရှေ့ဆောင်သည် ရေနံတွေ ဝအောင် သုတ်ထားသော သစ်သားဆောင်ကြီးတွေ။ စိမ်းသော မြက်ရှည်ခင်း အလယ်မှာ ထီးထီးမားမား နှစ်ထပ်အဆောင် ၁ ရှိသည်။အပေါ်ထပ် တစ်ခုလုံးက ဟောလ်ကြီးဖြစ်ပြီး အောက်ထပ်မှာ အခန်းတွေ ဖွဲ့ထားသည်။

အဆောင်နှစ် နှင့် ၃ က ၁ ထက်စာလျှင် အတန်ငယ်နိမ့်သည်။ ဝင်းထရံ တစ်ဖက်စီသို့ ရောက်နေသည်။ အပေါ်ရော အောက်ပါ ဟောလ်ခန်းရှည်ကြီးများ ဖြစ်လေသည်။ ရေ က စွက်စွက်။

အဆောင်ကြမ်းပြင် ကြိုကြိုအောက်မှာ ရေတွေ ဖွေးဖွေးလှုပ်နေ၍ အင်းလေး အိမ်များကို သတိရချင်စရာ။ ဝါသနာပါလျှင် ငါးများ၍ပင် ရသည်။ ငါးအရသာကတော့ အတန်ငယ် ငန်နိုင်စကောင်းသည်။ ရေအိမ်ဝေးသဖြင့် ညပိုင်းမှာ အဆောင်ဝရန်တာကပဲ ပြဿနာ ဖြေရှင်းသောကြောင့် ဖြစ်လေသည်။

(၄)

နန်းရှေ့ဆောင်၊ အဆောင် ၃ အောက်ထပ်၊ ရေချိုးကန်နှင့် အနီးဆုံး ကပ်ရက် အရှေ့ဘက်ထောင့်ကွေးကလေးမှာ သူနေခဲ့ရသည်။ အောက်ထပ်မှာ မန္တလေး ဝိဇ္ဇာသိပ္ပံ တက္ကသိုလ် ပထမနှစ်ကျောင်းသားများ နေပြီး အပေါ်ထပ်တွင် မန္တလေး ဆေးတက္ကသိုလ် ပထမနှစ် ကျောင်းသားများ နေကြသည်။

ထမင်းစားဆောင် ဟောလ်နှစ်ခု ရှိ၍ မိုးတွင်းကျလျှင် သစ်သား ပျဉ်ချပ် ကုန်းဘောင်များ ထိုးပြီး သွားရသည်။

ပင်မတူးမြောင်းကြီးမှ တက္ကသိုလ်ရေနီမြောင်းနှင့် ညီနောင် တူးမြောင်းတို့ ခွဲမြာထွက်လာခဲ့ရာ ထိုတူးမြောင်းသည် မန္တလေး နန်းမြို့ရိုး ပတ်ပတ်လည်တွင် တင့်တယ်နေသည့် ကျုံးအတွင်းသို့ စီးဝင်ဖို့အတွက် နန်းရှေ့အဆောင် နံဘေးမှ ဖြတ်သန်း စီးဆင်းသွားနေသည်။

(၅)

မြင်းခြံ၊ တောင်သာ၊ ရေဦး၊ ရွှေဘို၊ မုံရွာ၊ ပခုက္ကူ တို့မှသာမက ဟိုး .. မြစ်ကြီးနား၊ မချမ်းဘော၊ မင်းတပ်၊ ဟားခါး၊ နမ့်ခမ်းမူဆယ် အနယ်နယ်မှ ကျောင်းသားများသည် တက္ကသိုလ်ပညာ သင်ယူဖို့အတွက် စုဝေးရောက်ရှိလာကြသည်။ သည်နေရာမှာ အပေါင်းအသင်း ဖွဲ့မိကြလေသည်။

မနက် ညနေ ကျောင်းသွား ကျောင်းပြန်ဖို့က တီတူးသောင်ဇင် ဟီးနိုးဖယ်ရီကားများ ဆွဲပေးထားသည်။ ဘေးသံကိုင်းကို ကိုင်ပြီး တပျော်တပါး လိုက်ပါ သွားကြလေသည်။

ဖယ်ရီမမီခဲ့သော် သူငယ်ချင်း စက်ဘီး ငှားချင် ငှားစီးသွား။ သို့မဟုတ် အောင်တော်မူဂိတ်အထိ လမ်းလျှောက်၊ ဘတ်စ်ကား စီး။

(၆)

စိတ်ပညာ မေဂျာကား လူနည်းသော မေဂျာတစ်ခုပင်။ သူ ကျောင်းရောက် ချိန်တွင် ဒေါက်တာစိန်တူ ရှိသေးသည်။

စာသင်ကောင်းပြီး အသွင်အပြင်ကအစ သူ သဘောကျခဲ့သည့် ဆရာ တစ်ယောက်ကား စာပေများလည်း ရေးသားသည့် ဦးခင်မောင်သန်း(စိတ်ပညာ) ဖြစ်သည်။

သူရောက်ခါစ မန္တလေး ဝိဇ္ဇာသိပ္ပံ တက္ကသိုလ် ပါမောက္ခချုပ်က ဦးလှရွှေ။ နောက်ပိုင်းတော့ ရူပဗေဒမှ ဦးကျော်မြင့် ပါမောက္ခဖြစ်လာသည်။

ဆရာကား အသားဖြူဖြူ၊ သွယ်သွယ်မြင့်မြင့်၊ နှုတ်ခမ်းမွှေး စစ နှင့်။ ဥပမိရုပ် ချောမောခန့်ညားသည်။ လူပျိုကြီး ဖြစ်၏။

အနုပညာ ဝါသနာပါ၍ သူ့အိမ်မှာပင် ဆိုင်းဝိုင်းတီး လေ့ကျင့်ကြတာ ကြားရသည်။ ဖရက်ရှာ ဝဲလ်ကမ်း၊ အခေါင်ဒင်နာများ အပြင် ကျောင်းတွင်း ဂီတပဒေသာပွဲများ တခမ်းတနား ကျင်းပပေးတတ်သည်။

(၇)

မန်းတက္ကသိုလ် ရောက်လာပြီး များမကြာမီ ရှမ်းတိုင်းရင်းသား ကျောင်းသားများ စာရင်းကောက်၊ မောင်မယ်သစ်ခွင် ကြိုဆိုပွဲကို ပစ်ကနစ် သဘောမျိုး ရန်ကင်း တောင်ဘက်မှာ သွားလုပ်သည်။

မန္တလေး ဆေးတက္ကသိုလ်မှ စိုင်းခမ်းလိတ်လည်း ပါလာသည်။ စိုင်းခမ်းလိတ်၏ ညီ စိုင်းခမ်းသီကား မန္တလေး စိုက်ပျိုးရေးတက္ကသိုလ် ကျောင်းသား။ မနှစ်ကတည်းက ကျောင်းရောက်နေသူ။ စိုင်းခမ်းသီသည် စာပေပုံမှန် ထူးချွန်သူတစ်ဦး ဖြစ်သော်လည်း ကျောင်းရောက်ပြီးနောက် တီးဝိုင်းဘက် လိုက်လွန်း၍ ပထမနှစ် ကျထားသည်။

ကိုထီး သူငယ်ချင်း တောင်ကြီးမှ စောဂျက်ဆင် လည်း မန္တလေး စိုက်ပျိုးရေးတက္ကသိုလ် ပထမနှစ်ဖြစ်သည်။

(၈)

ဝါသနာတူများ စုဝေးမိကြပြီ။ ပျော်စရာ၊ အားတက်စရာလည်း ကောင်းလှ၏။ တီးဆိုပွဲ တို့လည်း မြိုင်ချေပြီ။

ရှမ်းတိုင်းရင်းသား ကျောင်းသား ကျောင်းသူများထဲမှ အတော်ခပ်များများက သူ့ သီချင်းဆိုသံကို မြန်မာ့အသံမှ နားထောင်ဖူးကြသည်။ ဝမ်းသာအားရ လာရောက် မိတ်ဆက်ကြလေသည်။ ခင်မင်သူတွေ တိုးလာတာလည်း ကျေနပ်စရာ တစ်ခုပင်။

(၉)

နန်းရှေ့ဆောင်က ပင်မတက္ကသိုလ်နှင့် ဝေးသော်လည်း တစ်ခါတလေ ခမ်းသီ တို့၊ စောဂျက်ဆင် တို့ဆီ သွားအိပ်သည်။

ညညကျလျှင် ရွှေမန်း၊ သစ္စာ၊ မြတမာ အစရှိသည့် မိန်းကလေး အဆောင်များ နံဘေးမှ အသံပေး သီချင်းဆိုသည့် အလေ့အထ ရလာသည်။ တက္ကသိုလ်အေးမောင်၏ ဂိမ်းဖောပွဲတော် လို သီချင်း၊ ဇော်မင်းလေး၊ မင်းမင်းလတ်၊ စိုးပိုင်၊ ဂျေဂျေ တို့ သီချင်းတွေ ဆိုဖြစ်ကြသည်။ စိုင်းခမ်းလိတ် ရေးထားသော သီချင်းတွေလည်း ဆိုဖြစ်လေ့ရှိသည်။

"သဘာဝ၊ ချစ်တာတစ်ခုတည်း သိတယ်၊ ဘာသာမတူ လူမျိုးမခွဲဘဲ ချစ်တာ" အစရှိသောကိုယ်ပိုင်သံစဉ် မြန်မာသီချင်းအချို့ ဆရာစိုင်းခမ်းလိတ် ရေးထားပြီ။

ရှမ်းသီချင်းများလည်း ရောစွက်၍ ဆိုကြ၏။ အင်္ဂလိပ် သီချင်းကတော့ The Beatles နှင့် Tm Jones တို့၏ သီချင်းတွေ အဆိုများသည်။

(၁၀)

သူကတော့ Reflection of My Life ဆိုသည့် သီချင်းကို လွန်စွာ နှစ်သက်သည်။ လာနေကျ ရေဒီယို သီချင်းများနှင့် မတူ။ ထူးခြား၍ စွဲလမ်းခံစားမိသည်။ ထိုသီချင်းကိုတော့ သီချင်းဆိုသည့် ညတိုင်းလိုလို သီကြွေးဖြစ်လေသည်။

(၁၁)

သူ့ကို ဝိဇ္ဇာဘက်မှ ဆရာများ၊ အဆောင်မှူးနှင့် ဟောလ်ကျူတာများက စိုင်းတင်ဦးဟုသာ သိကြသည်။

ရင်းနှီးသူ အများစုကတော့ ခင်မင်ရင်းနှီးစွာ ပီထီး(ကိုထီး) ဟုသာ ခေါ်ကြ၏။ မြန်မာ့အသံမှာတုန်းက စိုင်းထီးဆိုင် အမည်နဲ့ပဲ သီဆိုခဲ့၍ မိတ်ဆက်ပေးလျှင်လည်း သည်နာမည်ပဲ အသုံးများကြသည်။

(၁၂)

ထိုအချိန်က စိုင်းခမ်းလိတ်သည် ချစ်သူ နွဲ့တင် နှင့် အိမ်ထောင်မပြုရသေး။ တတိယနှစ် အမ်ဘီအတန်းတွင် အောင်ဆန်းဆောင်၌ မနေဖြစ်တော့ဘဲ မန္တလေး တောင်ခြေအနီး၊ မြရတနာတိုက်ခန်းမှာ သွားနေသည်။

ဘုန်းကြီးကျောင်းလိုလို တိုက်အိုဟောင်း အဆောက်အအုံဖြစ်၏။ ကိုထီး နေသော နန်းရှေ့ဆောင်မှ အတန်ငယ်မျှ လမ်းလျှောက်သွားလျှင် ရောက်နိုင် သောကြောင့် မကြာခဏပင် ရောက်သွားတတ်၏။

လမ်းတစ်ကြောတွင် ကြည့်ရှုစရာတွေ များသည်။ မြင်းလှည်း၊ ဆိုက္ကားတွေက နန်းရှေ့ဈေး အရှေ့မှာ အုံဖွဲ့နေတတ်သည်။ မန္တလေးတောင်တော်၊ အတုမရှိနှင့် ရွှေကျောင်း၊ ဝေးဝေး မိုးကုပ်စက်ဝိုင်း အနားသတ်တွင် ရှမ်းရိုးမတောင်တန်းကြီး။

(၁၃)

ဆရာ စိုင်းခမ်းလိတ်ဆီ သွားစဉ် ကြုံပါက စားစရာသောက်စရာလေးများ ယူသွားသည်။ ဟိုမှာ ဆန်ဆီကလေးများ ရှိ၍ မချက်ရသေးဘူးဆိုလျှင် ကူညီချက်ပြုတ် ပေးသည်။

ဆရာစိုင်းခမ်းလိတ် အခန်းမှာ စာအုပ်တွေ အများကြီးပဲ ရှိသည်။ ရာဘင်ဒြာနာသ့်တဂိုး ၏ Stary Birds မှသည် Albert Camus ၏ The Outsider အထိ စုဆောင်းထားရှိသည်။

ဆရာ စိုင်းခမ်းလိတ်က အချိန်ရလျှင် လမ်း ၈၀ ရှိ စာအုပ်ဆိုင်တွင် အင်္ဂလိပ်၊ ကဗျာစာအုပ်များ သွားသွားမွှေတတ်၏။ ဆရာခမ်းလိတ် ကား ထမင်းငတ်ခံ၊ စာအုပ် ဝယ်ယူသူဟုပင် ဆိုနိုင်သည်။ စာအုပ်နှင့် ပတ်သက်လျှင်နမြောတွန့်တိုမှုမရှိ။ ဖတ်ချင်သူ ကြိုက်ရာ ငှားယူ၍ ရသည်။ ချထားပေးလိုက်သည်သာ။

(၁၄)

ကိုထီးသည် စိုက်ပျိုးရေးတက္ကသိုလ်ရှိ သူငယ်ချင်း စောဂျက်ဆင်ကြောင့် စိုင်းခမ်းသီ နှင့် အတော်လေးရင်းနှီးနေကြသည်။

ဆရာခမ်းလိတ်က ကိုထီးကို သီချင်းဝါသနာပါသောကြောင့်သာမက ညီ၏ သူငယ်ချင်းအဖြစ် သံယောဇဉ်ရှိသည်။ ကိုထီးက ဆရာခမ်းလိတ် ပျင်းနေ၍ နားထောင်ချင်သည့် အင်္ဂလိပ်သီချင်းများ ဆိုပြတီးပြရသည်။ သီချင်းနတ်စ် ရေးပုံရေးနည်း ဖလှယ်ကြသည်။

(၁၅)

ကိုထီးကား တောင်ကြီးတွင် မောင်းမောင်ထံမှ ဂစ်တာတီးသင်ခဲ့ရာ သင်ခန်းစာ အတော်စုံခဲ့သည်။ မောင်းမောင်က ဂစ်တာပိုင်နိုင်သော်လည်း နတ်စ်ကျတော့ သူ့သူငယ်ချင်း ဝီလယမ်က ပိုကျွမ်းသည်။

ဝီလယမ်က ကြံ့ဖွားတီးဝိုင်းတွင် Double String မယ်ဒလင်တီးသည်။ တရုတ်ကျောင်းနေခဲ့ရာ music ကို ဘာသာရပ်တစ်ခုအဖြစ် သင်ခဲ့ရ၍ နတ်စ် စနစ်တကျ တတ်မြောက်သူဖြစ်၏။ နောင်တွင် ဖော်မိုဆာ ပြန်သွားသည်။

အဆိုပါ ဝီလယမ့် ထံမှ ရရှိခဲ့သော နတ်စ် ပညာတွေက ယခု ကိုခမ်းလိတ် နှင့်ကျတော့ ဘယ်လို ဘယ်လိုဆိုတာ ဆွေးနွေးနိုင်စေခဲ့သည်။

(၁၆)

တောင်ခြေ မြရတနာ တိုက်ခန်းရှိ ကိုစိုင်းခမ်းလိတ် ထံသို့ မကြာမကြာ ဝင်လာသူတစ်ဦးက စိုင်းခမ်းမတ် ဖြစ်၏။

ခမ်းမတ်ကား တန့်ယန်းမှ ကုန်ကားပိုင်ရှင်၊ သို့သော် ဆရာလိတ်ကို လွန်စွာ ခင်တွယ်လေးစားသည်။ မန္တလေး ရောက်လျှင် ဝင်လာပြီး ကူညီ လုပ်ကိုင်ပေး၊ သီချင်းများ တပည့်ခံသင်သွားတတ်သည်။

ဂီတထူးချွန်သော ဝါသနာရှင်တစ်ဦးပင်။

(၁၇)

စိုင်းခမ်းလိတ်နှင့် မန္တလေးတက္ကသိုလ်တွင် အတန်းတူသော ကိုတင်ဝင်းလည်း ဂီတသီချင်း ဝါသနာပါပြီး ပါရမီရှိသည်။ နောင်တွင် တင်ဝင်း(ဆေးမန်း) အမည် တေးရေး ဆရာကောင်း တစ်ယောက်သည်။ သည့်နောက်ပိုင်းတော့ မေ့ဆေးဆရာဝန်ကြီးအဖြစ် တာဝန်များပိပြီး တေးသီချင်းများ အရေးကြဲလျက် ရှိလေသည်။

ကိုတင်ဝင်း နှင့် စိုင်းခမ်းလိတ် တို့ လွန်စွာ ခင်ကြသည်။ စာအတူတူကျက်၊ ဂစ်တာတူတူတီး၊ အတွဲများကြသည်။ ကိုတင်ဝင်းထံ၌ သီချင်းအခွေများကို စနစ်တကျ စုဆောင်းထားရှိသည်။ Abba ဆို Abba ၊ Bee Gees ဆို Bee Gees ၊ Betales, Elvis, Jackson 5။ အခွေမျိုးစုံရှိသည်။

ဝါသနာကြီးပုံက Time နှင့် Newsweek မဂ္ဂဇင်းတို့တွင် ရံဖန်ရံခါ ပါတတ်သော Music နှင့် Entertainment ကဏ္ဍ တစ်မျက်နှာ၊ နှစ်မျက်နှာခန့်ကို ဆုတ်ဆုတ်ဖြဲယူပြီး စုချုပ်ထားသော စာအုပ်အထူကြီးရှိသည်။ ခေတ်ပေါ်ဂီတ နှင့် ပတ်သက်လာလျှင် အလွယ်တကူ ကိုးကား၍ရသော အဖိုးတန်အချက် အလက်များ ပါဝင်လေသည်။

ကိုတင်ဝင်းသည်လည်း စိတ်ရှည်လက်ရှည် မျှဝေပေးသူဖြစ်သည်။ သူ့ဆီမှာ လွတ်လွတ်လပ်လပ် သီချင်းများ နားထောင်နိုင်သော နေရာအဖြစ် ဖန်တီးထားသည်။

နောင်တစ်ချိန်မှာ ဈေးချိုတော်အထိ ရက်စက်ကြမ်းကြုတ်စွာ ဝါးမျိုခဲ့သော မန္တလေးမီးထဲတွင် ထိုသီချင်းခွေအားလုံး ပါသွားခဲ့တာ နှမြောစရာ ဖြစ်ရသည်။

(၁၈)

မန္တလေးတက္ကသိုလ်ရောက် ရှမ်းတိုင်းရင်းသားများမှာ ဂီတဝါသနာပါသူ ထူးချွန်သူတွေ အတော်ရှိနေ၍ Function များတွင် စုတီးနိုင်အောင် ရန်ပုံငွေ စုပေါင်းထည့်ဝင်ပြီး ဟော်လိုဂစ်တာ တစ်လက် ဝယ်ကြဖို့ တိုင်ပင်သည်။

လျှောက်ကြည့်ကြရာ ဦးဘချစ် တူရိယာဆိုင် ရှိုးကေ့စ်ထဲတွင် Double String ဂစ်တာတစ်လက် သွားတွေ့သည်။ နီညိုသွေးနှင့် ဖိတ်ဖိတ်လက်နေသည်။ သည်ဂစ်တာတော့ အသုံးဝင်မည်ဟု ပြောပြတော့ အားလုံးသဘောတူပြီး ဝယ်ဖြစ်၏။ ကိုထီးထံမှာပဲ အပ်နှံထားကြလေသည်။

(၁၉)

တက္ကသိုလ်ဆေးရုံ၊ အားကစားရုံဘက်၊ သွားရာလမ်း။ ရွှေမန်းဆောင်၏ တောင်ဘက်တွင် ပါမောက္ခဆရာကြီးများ၏ ဝင်ခြံကျယ်ကျယ် သီးသန့်အိမ်များ အတန်းလိုက်ရှိကြရာ အိမ်တစ်အိမ်မှ စန္ဒရားတီးသံ အမြဲကြားရတတ်သည်။

ထို စန္ဒရားလက်သံက ထူးလည်း ထူးခြားသည်။ ကြားမိလျှင် ခဏ ဖြစ်ဖြစ် ရပ်နားမထောင်ဘဲ မနေနိုင်။ နောက်တော့မှ သတ္တဗေဒ ပါမောက္ခ ဦးဒယ်ဖလင်၏ အိမ်ဖြစ်ကြောင်း သိရ၏။

ဦးဒယ်ဖလင် ကား ဖိလစ်ပီနိုစပ်၊ လူပျိုကြီးဖြစ်၍ အမွှေးနံ့သာ၊ အယဉ်အနု၊ အလှအပနှစ်သက်သည်။ ပီယာနို Lesson ပြသည်ဆို၍ Beginner တစ်ဦးအနေနှင့် သွားတက်ဖြစ်ခဲ့သည်။

(၂၀)

အခြေခံ သင်တန်းစာမှာတစ်ပတ်လျှင်တစ်ကြိမ် ပုံနှိပ်ထားသော စန္ဒရားနုတ်စ် ကော်ပီတစ်ခုစီပေးသည်။ တနင်္ဂနွေ တစ်ရက် လက်ချာယူ။ ပြီးလျှင် Practice လုပ်ရ၏။ တစ်ပတ်ပြည့်သည်နှင့် ပြန်စစ်ဆေး။ ရပြီဆို အသစ်တက်။ မရသေးလျှင် အသစ်မတက်ရ။ စကားနားမထောင်ဖူးဆို ကရုဏာဒေါသတကြီး ဆူပူကြိမ်းမောင်းတတ်သည်။

ကိုထီးကား စန္ဒရား ကလပ်စီကယ် ကို နှစ်သက်သဘောကျပါ၏။ ဒါပင်မဲ့ သင်ပြပုံကို ကြောက်လန့်။ ဆူပူသည့် ဒဏ် မခံနိုင်။ သင်တန်းတစ်ကြိမ်ပြေးမိ၊ တစ်ခါနောက်ကျ၊ ဆူပူခံရ၊ ကျောင်းဆက်ပြေး၊ နောက်ကျ ဆူပူ၊ အဲသလို သံသရာ လည်သွားသည်။ သင်ခန်းစာ ၈ ရွက် ၁၀ ရွက်ခန့်ပဲ တီးလိုက်ရသည်။ ကိုင်တတ်စ ဟိုမရောက် ဒီမရောက်နှင့်ပင် စွန့်လွှတ်ပြီးဆုံးခဲ့ရချေသည်။

(၂၁)

ထိုအချိန်တွင် မန္တလေးရှိ ခေတ်ပေါ် ဂီတတီးဝိုင်းများအနက် Excitement က အတော်လေး နာမည်ကြီးသည်။

ပင်တိုင် အဆိုတော် ဟန်တင်သည် Knock, knock, Who's there မူရင်း အင်္ဂလိပ်သီချင်းကို ကိုနေဝင်း ဘာသာပြန်ရေးဖွဲ့ပေးသော "ဒေါက်..ဒေါက် ဘယ်သူလဲ" သီချင်းဖြင့် လူသိများလျက် ရှိ၏။ ဆိုဟန်ဆိုပေါက် အသံခွန်အား အနေဖြင့် ရန်ကုန်အထိ လှမ်းနိုင်မည့်သူလည်း ဖြစ်သည်။ ရုပ်ရည်မှအစ အဝတ်အစားအထိ ပေါ်ပြူလာ ဖြစ်ခဲ့သည်။ ရန်ကုန်မှာ မင်းမင်းလတ် ဆိုလျှင် ဟန်တင် က မန္တလေးဟုပင် ဆိုရမည်။

Excitement ဂစ်တာဝိုင်းတွင် နှောင် မန္တလေး The Shells ဝိုင်းတော်သားများ ဖြစ်လာကြမည့် ဂျယ်ရီ၊ ကိုကျော်တင့်၊ ဘိုတောက် တို့လည်း ပါဝင်သောကြောင့် အင်အားတောင့်တင်းသည်ဟု ဆိုရမည်။

Excitement တွင် လီဒ် တီးသော ကိုဂျယ်ရီ နှင့်တော့ ကိုထီး ခင်မင်သွားသည်။

စာဂျက်ဆင် နှင့် ကိုထီးတို့ မောင်မယ်သစ်လွင် ကြိုဆိုပွဲ UCF မိတ်သဟာယ အဖွဲ့တို့တွင် တီးခတ်စရာ ရှိ၍ လူလိုလျှင် ဂျယ်ရီ့ကိုပဲ အကူအညီတောင်းရသည်။ ဂျယ်ရီကား တက္ကသိုလ်နယ်မြေမှ မဟုတ်သော်ငြား အကူအညီတောင်းလျှင် လိုက်လိုက် လှဲလှဲ လိုက်ပါ တီးခတ်ပေးသည်။ Excitement တွင် လူလိုလျှင်လည်း သူတို့ကို ပြန်ခေါ်တတ်သည်။

(၂၂)

ဒုတိယနှစ်ရောက်တော့ ပင်မတက္ကသိုလ် ဝင်းကြီးထဲရှိ နဒီဆောင်တွင် ပြောင်းရွှေ့နေရ၏။

ရွှေပြည်အေး၊ အောင်မင်္ဂလာ အစရှိသည့် နှစ်ထပ်အုတ်ကျောင်းဆောင် ကြီးများ၏ ဟိုမှာဖက်အလွန်၊ အသစ်တိုးသည့် ထရံကာ ဟောလ်ဆောင်များဖြစ်သည်။ အဆုံးတွင် တက္ကသိုလ် ပရိဝုဏ် စည်းရိုး။ ဟိုးဘက်တွင် လယ်ကွင်းတွေက တစ်မျှော်တစ်ခေါ်။

(၂၃)

ထိုအချိန်တွင် ခမ်းသီက စိုက်ပျိုးရေးတက္ကသိုလ် ပထမနှစ် စာမေးပွဲ တစ်ကြိမ်ထပ်ကျပြီး External ဖြစ်သွားရာ ဇောခိကုန်းထဲရှိ အပြင်ဆောင်သို့ ရောက်သွားတော့၏။

ထိုအချိန်တုန်းက ဇောခိကုန်းမှာ ကျောင်းသားတစ်ယောက် ကုတင်တစ်လုံး၊ စားပွဲ တစ်လုံး ပါသည့် အခန်းတစ်ခန်း ၂၀၊ ၂၅ ကျပ်နှင့် ငှားနေ၍ ရသည်။

ခမ်းသီတစ်ယောက်တည်း ဟိုအခန်းငှားနေလိုက်၊ သည်အခန်းငှားနေလိုက် နှင့်ပင်။ သူငယ်ချင်း ဂျက်ဆင်ကလည်း စိုက်ပျိုးရေးတက္ကသိုလ် ပထမနှစ်ကျရှုံး၍ ရူပဗေဒမေဂျာ ပြောင်းလျှောက်ရာ ရသွားသည်။ သို့ဖြင့် ပထမနှစ် တောင်ကြီး ကောလိပ်မှာ ပြန်သွားတက်ရလေသည်။

သူငယ်ချင်း ဂျက်ဆင်တစ်ယောက် အားလျော့သွားသော်လည်း ပင်မ တက္ကသိုလ်ထဲမို့ ညစဉ်ညတိုင်း အဆောင်တွေနံဘေး လှည့်လည်ပြီး သီချင်းဆိုဖြစ်သည်။

အမှန်တော့ သီချင်းဆိုရတာ နှစ်သက်၍ ဆိုကြတာ ဖြစ်သော်လည်း တစ်ဖက်မှ လေ့ကျင့်သလိုလည်း ဖြစ်နေသည်။ အဆောင်မှ မိန်းကလေးတွေက အားပေးကြ၍ မောင်းနှင်မှု ကောင်းသည်ဟု ဆိုရမည်။

(၂၄)

ဂျက်ဆင် မရှိတော့ အပြင်ဘက်ရှိ ဂျယ်ရီ နှင့် ပို၍ပင် တွဲဖြစ်တော့သည်။ Classical ဘက်ကို စိတ်တိမ်းညွတ်နေတာ တွေ့တော့ ဂျယ်ရီက "ကလပ်စီကယ် တကယ်အတီးကောင်းတဲ့ လူတစ်ယောက်ရှိတယ်။ တစ်ရက်ကျမှ သွားတွေ့ရအောင်" ဟု ဆိုသည်။

(၂၅)

တစ်ရက်သောအခါ ဂျယ်ရီ စက်ဘီး နှင့် လာတင် ခေါ်သွားသည်။ မန္တလေး ဆေးတက္ကသိုလ်၊ အောင်ဆန်းဆောင်၊ နှင့် မင်္ဂလာဈေး တို့အနီးနား။ အရှေ့ဘက် တစ်လမ်းကျော်ရှိ အိမ်ကလေးတစ်လုံးသို့ ရောက်သွားသည်။

"ကိုညီ …၊ ကိုညီ"

ဂျယ်ရီက ထိုသို့ လှမ်းခေါ်ရာ တွန့်ကွေးခွေလိပ် ရှည်လျားသော ဆံပင်များနှင့် အရပ်မြင့်မြင့်၊ သွယ်လျလျ လူတစ်ယောက် ထွက်လာသည်။

မျက်လုံးတွေက နူးညံ့သလောက် နက်ရှိုင်းသည်။ စကားပြောသောအခါ တိုးတိုးသက်သာ။ သို့သော် ဒဿနဆန်ဆန် စကားမျှင်တန်း ရှည်လျား နေတတ်သေးသည်။ လက်ချောင်းတွေက ထူးခြားရှည်လျား ထိပ်ဖျားချွန်မြနေသည်။ ဂစ်တာကို ကောက်ကိုင်လိုက်ပုံက ယုယုယယရှိသလောက် စီးစီးပိုးပိုး ပိုင်ပိုင်နိုင်နိုင် ရှိသည်။

ကလပ်စီကယ် ဂီတအပိုင်းအစများ တီးခတ်ပြသောအခါ လက်အထားအသို၊ အရွေ့အပြောင်း၊ အသံထွက်များအားလုံး ကိုထီး တစ်ခါတည်း စွဲလမ်းသွားတော့၏။

ဂျယ်ရီ အပ်ပေးလိုက်၍ သူ့ထံသို့ ကိုထီးမှန်မှန်သွားပြီး ကလပ်စီကယ်ဂစ်တာ သင်ယူသည်။ ဂစ်တာ ကိုင်တွယ်ပုံ အခြေခံမှအစ စိတ်ရှည်လက်ရှည် စနစ်တကျ သင်ပြပေးသည်။

ထိုသူကား တေးရေးဆရာ ကိုနေဝင်း ပေတည်း။

(၂၆)

ကိုနေဝင်းသည် ဦးဗစ်တာ အုန်းမောင် (မင်းမင်းလတ် ဦးလေး) ထံမှ ကလပ်စီကယ်ဂီတ သင်ယူခဲ့၍ သင်ရိုးကြေညက်သည်။

Fernando Carulli (၁၇၇၀ - ၁၈၁၄) ၏ Andantito တီးကွက်ကိုတော့ ကိုနေဝင်း နှစ်သက်လှ၍ အတီးများသည်။ ကိုထီးကိုလည်း အစအဆုံး သင်ပြပေးခဲ့၏။

(၂၇)

ထိုအချိန်တွင် ဒေါက် .. ဒေါက် ဘယ်သူလဲ ၊ လူစိမ်း ၊ အဆိပ်ရေ အပြည့်နဲ့ ပုံး အစရှိသည့် တေးသီချင်းများနှင့် ကိုနေဝင်း ကျော်ကြားလျက် ရှိခဲ့ပြီ။

မိန်းကလေး တစ်ယောက်အတွက် ရည်စူးရေးဖွဲ့ ထားသည်ဆိုသော "မောင့်လပြည့်ဝန်း" သီချင်းကိုလည်း ဆိုဆိုပြ၍ နားယဉ်ပြီး pick up နှင့်ပင် ရသွားသည်။ တစ်ခါကျတော့ ညဖက်အဆောင်များ၌ သီချင်းဆိုစဉ် ကိုနေဝင်း ၏ "မောင့် လပြည့်ဝန်း" သီချင်းကို ထည့်ဆိုလိုက်ရာ အတော်လေးကို ထိရှခံစား လူသိများသွားလေသည်။

(၂၈)

ကိုနေဝင်းကား ပေါင်းသင်းဆက်ဆံရေးတွင် ခန့်မှန်းရခက်သူ။ သို့သော် ကိုထီးကတော့ ခင်မင်တွယ်တာသည်။ ကိုညီ ဟုသာ ရင်းရင်းနှီးနှီး ခေါ်သည့်တိုင် ကလပ်စီကယ်နှင့် ကျွမ်းဝင်အောင် သင်ပြပေးဖူး၍ ဆရာအဖြစ်ပဲ သတ်မှတ်သည်။

နောက်ပိုင်း ဆရာစိုင်းခမ်းလိတ်နှင့် ကိုနေဝင်းတို့ တွေ့သွားကြသော အခါလည်း အလွယ်တကူ ရင်းနှီးသွားကြသည်။ စိုင်းခမ်းလိတ်က နမ္မတူသား။ လားရှိုးသား ကိုနေဝင်းကလည်း နမ္မတူတွင် ကျောင်းနေဖူးသူ။ သူတို့နှစ်ယောက် မိုးလင်းမိုးချုပ် ဂီတနှင့် သီချင်းဖွဲ့ပုံတွေကိုပဲ ထိုင်ပြီး ပြောကြဆိုကြ၊ ဆွေးနွေး ဖလှယ်ကြသည်။

ထိုအချိန် ကာလတုန်းက အသက်အရွယ် နနယ်ပျိုမျစ်သေးသည့် သူတို့ လုလင်တစ်စုကို ဂီတနတ်ဘုရားက ကြီးစွာ ပူးကပ်ဖမ်းစားခဲ့သည်ဟုလည်း ဆိုနိုင်စကောင်းသည်။

ကိုနေဝင်းက ဆရာစိုင်းခမ်းလိတ် "ရှမ်းသီချင်းတွေထဲမှာပဲ မနစ်မျောဘဲ မြန်မာသီချင်းတွေ သည့်ထက်ပိုပြီး များများရေးဖို့ " အကြံပေးဖူးသည်။



*အခန်း(၁၁)*

ဝေဒနာ၊ အားမာန်နှင့် ဂီတအနုပညာ

(၁)

မန္တလေး Excitementမှ အဆိုတော် ဟန်တင်က ရန်ကုန်ဆင်းပြီး သီချင်းသွင်းသောအခါ အကြောင်း အမျိုးမျိုးကြောင့် မန္တလေးဝိုင်းကို မသုံးခဲ့ရ။ ရန်ကုန်မှာ အသံသွင်းဖြစ်၍ ရန်ကုန်ဝိုင်းကိုပဲ ငှားခဲ့ရသည်။ ထိုအခါ လောင်းရိပ် မလွတ်၍လား မဆိုနိုင်။ ထိပ်ထိပ်ကြဲ မန္တလေးအဆိုတော်ပင် ထင်ထားမှန်းထားသလောက် မပွင့်ထွက်။

ဘာပဲပြောပြော အတိုင်းအတာ တစ်ခုအထိတော့ တာသွားခဲ့သည် ဟုသာ ကျေနပ်ရမည်။

အဲသမှာ ပြောစရာ တစ်ခု ရှိလာသည်က ဆရာ စိုင်းခမ်းလိတ်၏ "သဘာဝ" အပါအဝင် သီချင်းစာသား တစ်ချို့ကို ယူပြီး ထည့်ဆိုထားခြင်း ဖြစ်သည်။

ဆရာ စိုင်းခမ်းလိတ်၏ သီချင်းတွေက မန္တလေးဂီတ ဝါသနာရှင်များ အကြား ပျံ့နှံ့သွားနေပြီးသား ဖြစ်နေသည်။ သို့သော် မူလ ရည်ရွယ်ချက်က ကိုယ်ပိုင်သံစဉ် ရှမ်းသီချင်းတွင် စာသားသွင်းပြီး စာသင်ရာတွင် အထောက်အကူ ပြုဖို့သာ။ အသံသွင်းဖို့ အထိ စိတ်ကူး မျှော်လင့်ခဲ့ခြင်း မရှိ။

အခွင့်အရေး၊ အခကြေးငွေ၊ ဘာတစ်ခုမျှ မပြောဖူး၊ မဆိုဖူး။ ဆရာ စိုင်းခမ်းလိတ်နှင့် ယခုလို အဆက်အစပ် မရှိ။ စိမ်းသည့်ကြားမှ သီချင်းက တိတ်သားပေါ် ရောက်သွားရာ သီချင်းရေးဆရာ တစ်ဦးအဖြစ် အသိအမှတ်ပြုတာကိုပဲ ကျေနပ် ရမည်လား။ စည်းကမ်း ကလနား မရှိကြသည့်အတွက် စိတ်ထိခိုက်ရမည်လား။ မပြောတတ်တော့ပြီ။

(၂)

အဲသည့်ထက် ပိုဆိုးတာက ဂျေဂျေ၏ "လယ်သူမလေး ချစ်သူ" သီချင်း ထွက်လာသည်။

ဆရာစိုင်းခမ်းလိတ်၏ ကိုယ်ပိုင်သံစဉ် ရှမ်းသီချင်း မူရင်း တစ်ပုဒ်မှာ သူတို့ဘာသာ မြန်မာစာသား ထည့်ဆိုထားလိုက်ခြင်း ဖြစ်သည်။ အခွင့်

တောင်းခြင်း မရှိ။ မြန်မာလို သီဆိုသွားသည့်အပြင် တီးလုံး ဝင်ပြီးတော့ အင်္ဂလိပ် စာသားလေးတွေကိုပါ ထည့်ဆို သွားလိုက်သေးသည်။

မူရင်းက အင်္ဂလိပ် သီချင်းလိုလို၊ ဘာလိုလို ပုံမှား ရိုက်ထားသည်။ ထိုခေတ်ကလည်း အင်္ဂလိပ်စာသားပါ သီဆိုနိုင်လျှင် ပိုအထင်ကြီးလေ့ ရှိကြသည်ကို ထင်ယောင်ထင်မှား ဖန်ဆင်းထားခြင်း ဖြစ်သည်။ အဲသည်တော့ မူရင်း ကိုယ်ပိုင်သံစဉ် ရှမ်းတေးသီချင်းမှန်း ဘယ်သူမျှ မသိကြတော့ပြီ။ မူရင်း အင်္ဂလိပ်သီချင်း၏ ကော်ပီတစ်ပုဒ် ဖြစ်မည်ဟုသာ ထင်ကြလေတော့သည်။

ဆရာ စိုင်းခမ်းလိတ်နှင့် နီးနီးကပ်ကပ် ပေါင်းခဲ့သူ တစ်ဦးကပင် "ဒီအတိုင်းဆို အဲဒီသီချင်းက နဂိုမူလ အင်္ဂလိပ်သီချင်းပဲ၊ ဆရာလိတ်ရေးတဲ့ ကိုယ်ပိုင်ဆိုတာ ဟုတ်မှ ဟုတ်ပါလေစဗျာ"ဟု ပြောခဲ့လေသည်။

(၃)

အဲဒါတော့ ဆရာ စိုင်းခမ်းလိတ် အတော် နာကျင်ခဲ့ရသည်။

"အင်း သူတို့ဘက်ကတော့ တွန်းသူ မေ့ပေါ့၊ ခဏပေါ့။ ကိုယ့်ဘက်ကသာ လဲသူ ခံစားသလို အကြာကြီး တစိမ့်စိမ့် ဖြစ်နေရတာ၊ ကိုယ်ပိုင်ဉာဏ်နဲ့ ရေးတဲ့ ကိုယ့်ရဲ့ ကိုယ်ပိုင် သီချင်းတွေကိုပါ ဆိုတာကိုတောင်မှ မယုံတဲ့လူတွေ ရှိလာပြီ၊ လိုက်ရှင်းပြလည်း နားလည်မှာ မဟုတ်၊ အထင်ကြီး လက်ခံလာမှာ မဟုတ်၊ အလုပ်နဲ့ ပြမှ သက်သေထူနိုင်မယ်"

အဲသလို ဆိုပြီး မျက်နှာ ၁၈၀ ရှိသော ဗလာစာအုပ် အချောတစ်အုပ် ဆောင်သည်။ တစ်အုပ်လုံး အပြည့်ရေးနိုင်မှ ကျေနပ်မည်ဟု ပစ်မှတ်ထား စိတ်အားမြှင့်ပြီး မနေမနား ကြိုးစားလေတော့သည်။ စာသားရေးလိုက်၊ သံစဉ် ရှာလိုက် နှစ်မြုပ်ထားခဲ့သည်။

(၄)

ကိုထီးတို့ကို တောင်ကြီး အလည်အပတ် ဝင်ရောက်လျှင်လည်း မန္တလေး ဝိဇ္ဇာ၊ သိပ္ပံ တက္ကသိုလ် ကျောင်းသားများအဖြစ် တလေးတစား သဘောထားကြသည်။

ရှမ်းတိုင်းရင်းသား ပွဲတွေ၊ ချာ့ချ်ပွဲတွေမှာ အဖွဲ့လိုက် တီးခတ် ပေးဖြစ်ခဲ့ကြသည်။

(၅)

ဝေဠုဝန်က ရှမ်းတိုင်းရင်းသား ဝေယျာဝစ္စ အသင်းမှာလည်း လှုပ်ရှားမှုများ ရှိသေးသည်။ လူကြီးတွေက ရှမ်းတိုင်းရင်းသား ယဉ်ကျေးမှု အသင်းအတွက် မြန်မာလုပ် အီလက်ထရစ် ဂစ်တာများ၊ အသံချဲ့စက်များ ဝယ်ဖို့ စိတ်ကူးကြသည်။ ဝယ်ပြီးလျှင် ရှမ်းပိဋကတ်တိုက် (၂၀၁အထွက်၊ တောင်ကြီးဟိုတယ် စားမြိန်ရိပ်သာနှင့် မျက်နှာချင်းဆိုင်ရှိ စာကြည့်တိုက်)တွင် သိမ်းထားပြီး လိုလျှင်လိုသလို ထုတ်တီးကြမည်ဟု ဆိုသည်။

ပစ္စည်းဝယ်တာ ကတော့ ရန်ကုန်မှာပဲ ကောင်းလိမ့်မည်ဆိုပြီး ကိုထီးကို တာဝန်ပေး၍ ရန်ကုန်သို့ ရောက်လာခဲ့ရသည်။

(၆)

ကိုထီး ကိုယ်တိုင်လည်း ရန်ကုန်သို့ လာစရာ အကြောင်းရှိသည်။

သူ့မှာ ရေးဖွဲ့ထားသည့် ရှမ်းသီချင်း အတော်များများ ရှိနေပြီဖြစ်၍ မြန်မာ့အသံတွင် သီချင်းအသစ် သွားတိုးချင်သည်။

ရန်ကုန် ရောက်တော့ စက်မှုတက္ကသိုလ်ရှိ သူငယ်ချင်း စိုင်းစိုးမြင့် (အဲလဘာတ်ဆီဟာတ်) ဆီမှာပဲ တည်းဖြစ်သည်။ သို့သော် ဒီတစ်ခါ တီးဝိုင်းက ရုတ်တရက် အဆင်မပြေ။

ထိုအချိန်တွင် Elect-tone နှစ်ထပ်ကီး Yamaha ကီးဘုတ် အသစ်ကြီး တစ်ခု မြန်မာ့အသံသို့ ရောက်ခါစ။ ခြေနင်းခလုတ် စပေါ်ချိန်။ ရမ်သမ်၊ ဒရမ်မရှင်း တစ်ခါတည်း တီးနိုင်သော တူရိယာဖြစ်သည်။ တီးနိုင်သူက မြန်မာ့အသံ ခေတ်ပေါ် ဂီတဝိုင်းမှ ဦးချစ်မောင်နှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ကျောင်းသား အင်ဒရူးကောင်းတို့ပဲ ရှိသည်ဟု ဆိုသည်။

(၇)

မြန်မာ့အသံ ဦးချစ်မောင်က အလုပ်တာဝန်တွေ ပိနေသည်။ သို့ဖြစ်၍ အင်ဒရူးကောင်းကိုပဲ စိုင်းစိုးမြင့်တို့မှ တစ်ဆင့် လိုက်လံဆက်သွယ် အကူအညီ တောင်းရသည်။

အင်ဒရူးကောင်းက ရန်ကုန်စက်မှု တက္ကသိုလ်သို့ မကြာခဏ လာလေ့ ရှိသည်ဆို၍ စိတ်ရှည်လက်ရှည် စောင့်ပြီး လိုက်ရသည်။ တွေ့ပြီး ပြောပြတော့ အင်ဒရူးကောင်း ကနဦးမှာ စိတ်မပါ။

ကိုထီးပုံစံက ထုံပေပေလူဆိုတော့ အချိန်ကုန် စိတ်တိုင်းမကျ ဖြစ်ရမှာစိုးပုံ ရသည်။ သို့သော် အထပ်ထပ် ပြောတော့ စိတ်အား ထက်သန်နေတာ ကြည့်ပြီး အားနာ၍လား မသိ။ ကူညီ တီးခတ်ပေးခဲ့သည်။

(၈)

တကယ် တီးခတ် သီဆိုကြတော့ ဘာအခက်အခဲမျှ မရှိ။ အဝင်အထွက် အားလုံး ကွက်တိ သီဆိုနိုင်၍ အင်ဒရူးကောင်း ကျေနပ်သွားခဲ့၏။ နယ်က တက်လာပြီး ယခုလို နိုင်နိုင်နင်းနင်း လုပ်နိုင်သည့်အပေါ် အနည်းငယ် အံ့အားသင့်သွားပုံလည်း ရသည်။

ကိုထီးအပြင် ရန်ကုန်ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်မှ ပထဝီမေဂျာ ကျောင်းသူ နန်းအေးမွန်။ ရန်ကုန်စက်မှု တက္ကသိုလ်မှ ကျောင်းသူ စောဝ်မြတ်ထွေးတို့လည်း ဆိုလို သီချင်းရော၊ စုံတွဲသီချင်းပါ သီဆိုဖြစ်ကြ၏။

ဆရာ စိုင်းခမ်းလိတ်နှင့် ကိုထီးတို့ ရေးသော ရှမ်းတိုင်းရင်းသား သီချင်းများ အဓိက ပါဝင်သည်။

မြန်မာ့အသံတွင် နှစ်ဂျူတီ နှစ်ရက် ယူတီးကြသည်။ ဂျူတီတစ်ခုတွင် သွင်းချိန် နှစ်နာရီပဲ ရသည်။ ငါးပုဒ်ထက် ဘယ်လိုမှ မကျော်နိုင်။ ငါးပုဒ်တော့ ပြီးအောင် လုပ်ရသည်။ ဘာပဲဖြစ်ဖြစ် အပြင်ထက် စရိတ်စက များစွာ သက်သာ၍ အသံသွင်းရတာ အဆင်ပြေသည်ဟုပဲ ဆိုရမည်။

(၉)

ရန်ကုန် စက်မှု တက္ကသိုလ်၌ တည်းခိုစဉ် ကျောင်းသားတစ်ယောက်။ ဆံပင်က ရှည်ရှည်။ စကား နည်းနည်း။ အနေအထိုင် အေးအေး။ ညနေ ညနေ ကျလျှင် အဆောင် ဝရန်တာတွင် ထိုင်ပြီး သူ့ဘာသာ ဂစ်တာ တီးတီး နေတတ်သည်။

ဂစ်တာ တီးခတ်ပုံ လှပသပ်ရပ်လွန်း၍ သဘောကျစရာ။ အသံလည်း ဆွဲငင်အား ကောင်း၍ ရပ်ပြီး နားမထောင်ဘဲ မနေနိုင်။ သူ တီးတာက အင်္ဂလိပ် သီချင်းတွေ များသည်။ The Beatles သီချင်းတွေ၊ Frank Sinatra သီချင်းတွေ ဆိုညည်းနေတတ်သည်။

စိုင်းစိုးမြင့်ကို မေးကြည့်တော့ "အဲဒါ ကိုခင်မောင်တိုးလေ၊ မန္တလေးကပဲ၊ ကိုမောင်မောင်နဲ့ E.Machine က ကိုရဲလွင်လည်း ရှိသေးတယ်။ ခင်ဖို့ ကောင်းပါတယ်၊ မိတ်ဆက်ပေးမှာပေါ့"ဆို၍ သိကျွမ်းခဲ့ရသည်။

ကိုရဲလွင်ကား ဂစ်တာသမားအဖြစ် ကျော်ကြားလျက် ရှိပြီ။

မန္တလေးရှိ ကိုနေဝင်းက သူတို့ အကြောင်းတွေ မကြာခဏ ပြောဖူးသောကြောင့် ဆက်စပ်မိပြီး လွယ်လင့်တကူ ခင်မင်ရင်းနှီး သွားခဲ့ကြလေသည်။ အစားအသောက် စား၊ ကင်တင်းတူတူ ထွက်ထိုင် တွဲဖြစ်ခဲ့ကြ၏။

(၁၀)

တောင်ကြီး ပြန်ရောက်သွားသော စောဂျက်ဆင်သည် စောဂျော်နီ၊ စိုင်းခမ်းသီ၊ သူငယ်ချင်းတစ်စုနှင့် ပေါင်းပြီး ၁၉၇၂ခုနှစ်တွင် Highlanders တီးဝိုင်းအဖြစ် စတင် စုစည်းခဲ့ကြသည်။

ဂျော်နီက ဘေ့စ်၊ ဂျက်ဆင်က လိဒ်နှင့် ဒရမ် စိုင်းခမ်းသီတို့ တီးခတ်ခဲ့ကြ၏။

ဆရာ စိုင်းခမ်းလိတ်ကတော့ Albert Camus ၏ The Outsider ကိုဖတ်ပြီး သဘောကျသောကြောင့် ၁၉၇၃ ခုနှစ်ခန့်တွင် မန္တလေးတက္ကသိုလ် အသိုင်းအဝိုင်း၌ တီးခတ်စရာ ရှိပါက The Outsider ဟူသော တီးဝိုင်းအမည်ကို တပ်လေသည်။

စိုင်းခမ်းလိတ်၊ စိုင်းထီးဆိုင်၊ ခွန်မျိုးလွင်နှင့် စောသိမ်းဝင်းတို့ မိတ်ဆွေ သူငယ်ချင်းတစ်စု ပါဝင် ပေါင်းစည်းထားကြခြင်းဖြစ်သည်။

တောင်ကြီးကောလိပ်က The Highlandersဟူသော တီးဝိုင်း၊ မန္တလေး တက္ကသိုလ်က The Outsider တီးဝိုင်းဟူ၍ အမည်နှင့် နေရာသာ ကွဲပြားနေသော်လည်း သူတို့ အချင်းချင်း တစ်ယောက်နှင့် တစ်ယောက်က ပြောစရာ မရှိလောက်အောင် ခင်မင် ရင်းနှီးနေကြသူများပင်ဖြစ်သည်။

(၁၀)

မန္တလေးတက္ကသိုလ် နယ်မြေတွင် The Outsiders တို့ တီးခတ် သီဆိုပုံများ လူပြောများလာခဲ့သလို၊ ဆရာ စိုင်းခမ်းလိတ်တွင် ကိုယ်ပိုင် မြန်မာသံစဉ် တေးသီချင်းတွေ အတော်များများ ရှိလာခဲ့သောအချိန်။

ဂီတ စီးပွားရေးလောကနှင့် ဝါသနာရှင်များကလည်း စိတ်ဝင်စား လာခဲ့ကြသည်။

(၁၂)

မန္တလေး စင်ထရယ် (ဗဟို) တေးသံသွင်းမှ ဦးကျော်စိန်က နဂိုကလည်း ဝါသနာရှင်။ ကိုထီးတို့ ဆိုပုံတီးပုံများ ကြားဖူးထား၍ စိတ်ဝင်စားသည်။ မိုးမိတ် စော်ဘွားကြီး၏ အမျိုးအနွယ်တော်များ ဖြစ်ကြသည့် ကိုချာလီ၊ ကိုဂေါ်ဒင်တို့ကလည်း စီးပွားရေး စပ်တူများ ဖြစ်ကြရာ တစ်ခုခု စမ်းသပ်ကြည့်ချင်သည်။

သို့ဖြစ်၍ လိုအပ်သော ငွေကြေး အကုန်အကျခံပြီး မန္တလေး ရုပ်ရှင်ခြံတွင် အသံဖမ်းကြည့်ဖို့ စီစဉ်ကြလေသည်။

အသံဖမ်းမည့် စက်က ကွာလတီတော့ မဟုတ်။ ရုပ်ရှင် ဇာတ်ကားများတွင် အသံ Dubbing လုပ်သော စက်မျှသာ။ ဘာပဲဖြစ်ဖြစ် အစမ်းသဘော လုပ်ကိုင်ကြခြင်း ဖြစ်သည်။ အပျော်တမ်းဟုပင် ခေါ်နိုင်သော်လည်း သူတို့အားလုံး စိတ်အား ထက်သန်လျက် ရှိခဲ့ကြသည်။ စိတ်တွေလည်း အမှန်ပင် လှုပ်ရှားလျက် ရှိခဲ့ကြ၏။

(၁၃)

ဧီ ၆ဝ အပြည့် တစ်ခွေစာတော့ မဟုတ်။ ၁၀ ပုဒ်ခန့်ကို တစ်ရက်တည်းနှင့် သွင်းကြခြင်းဖြစ်သည်။

ဆရာ စိုင်းခမ်းလိတ်နှင့် နွဲ့တင်တို့ ကိုယ်တိုင်လိုက် စောင့်၊ စားစရာများ ယူလာပြီး အားပေးခဲ့ကြသည်။

Vocalနှင့် လီဒ်ကို စိုင်းထီးဆိုင်၊ ရစ်သမ် ခွန်မျိုးလွင်၊ ဘေ့စ် စောသိမ်းဝင်းနှင့် ဒရမ်ကို ဧည့်သည်တော်အဖြစ် ကိုကိုကြီးတို့ တီးခတ်ခဲ့ကြ၏။

(၁၄)

စတူဒီယိုမှာ သွင်း။ Reel ထဲ ရောက်သွားသည့် အသံကို ရီကော်ဒါကြီးထဲမှ တစ်ဆင့် ပထမဆုံး ပြန်နားထောင်ရသည်။

အသံ ပေါ်မလာသေးခင် Reel တွေ လည်နေကတည်းက ရင်ခုန်လှပြီ။ ပထမဆုံး ထွက်လာသော တီးလုံးသံ။ အဲသည့် ကတည်းက စိတ်ဓာတ်ကျချင်သလိုလို။ ဒီဘက်ခေတ်မှာ ပေါ်သည့် စတီရီယို ဟိုင်ဖိုင်သံ မထွက်။ အတီးပိုင်း မသပ်ရပ်သလို အသံဖမ်း ကွာလတီလည်း စကားပြောသည်။

သီဆိုသံ ပေါ်လာတော့ ပို၍ ဆိုးတော့သည်။ မြန်မာ စကားလုံးများ အသံများ ပီပီသသ မရှိဘဲ ဝဲသည့်နေရာ အရမ်းဝဲသည်။ လူရယ်စရာလိုပင် ဖြစ်ရတော့သည်။ မျှော်လင့်စိတ်ကူး အိမ်မက်ထားသည်များနှင့် တခြားစီ။

ဘာပဲဖြစ်ဖြစ် သူတို့ သီချင်းတွေကို Central ဆိုင်တွင် တစ်ခါတစ်ရံ ဖွင့်ထားတတ်သည်။ ဖွင့်မည့် အချိန်ကလေးနှင့် တိုက်ဆိုင်အောင် စက်ဘီးနှင့် တကူးတကန့် သွား၍ နားထောင်ရတော့သည်။

(၁၅)

တေးဘီမှ ဝေဖန်သံတွေ အမျိုးမျိုး။ အချို့ကျတော့ သူတို့ ထင်ထားသလောက် မဆိုးဝါး။ မန္တလေး ပရိသတ်က သူတို့ကို ကြင်နာစွာဖြင့် နားလည်ပေးပြီး ဖေးမကြိုဆို အားပေးခဲ့လေသည်။ စိတ်ဝင်စားသူတွေက တီးခတ်ပုံနှင့် သံစဉ်ဆန်း၍ သဘောကျ သူများပင် ရှိသည်။

မကြိုက်သူများ ထံမှလည်း အဖိုးတန်သော မှတ်ချက်များ ရရှိသည်။ ကိုယ့်ဘာသာ လိုအပ်ချက် ကိုယ်ပြန်ဝေဖန် ရသည်။ ကိုယ့်အားနည်းချက် ကိုယ်သိသော အခါ ပြင်ဆင်နိုင်တော့မည်။

ဘယ်လိုဖြစ်ဖြစ် အသံသွင်းလောကမှာ အခြေချဖူးသလိုတော့ ဖြစ်ခဲ့ပြီ။ စက်အားနည်း၊ အသံထွက် အားနည်းသော်လည်း ရန်ကုန်မှာ ထွက်နေသည့် စတီရီယို တေးများနှင့် နှိုင်းစာလျှင် သီချင်းတွေကတော့ အညံ့စား မဟုတ်တာ ကိုယ့်သီချင်းတွေ ကိုယ့်ဘာသာ လမ်းနံဘေးမှ ပြန်နားထောင်ရင်း သဘောပေါက်လာခဲ့သည်။

(၁၆)

သူတို့ တစ်ဖွဲ့လုံး အားပြန်တတ်လာသည်။

ရန်ကုန်မှာ အသံဖမ်းစနစ် ကောင်းကောင်း။ စတူဒီယို ကောင်းကောင်းနှင့် အသံသွင်းလိုက်လျှင် ယခုထက် ပိုကောင်းလာမည်က သေချာသည်။ ကိုထီးကလည်း သူ့အဆိုသံမှာ မဝဲသင့်တာ မဝဲရအောင် ပြင်ဆင် ဖြည့်စွက် သီဆို၍ ရသည်။

နံဘေးမှ အားပေးသူတွေကလည်း ပိုများလာသည်။

ငွေကြေးအားဖြင့် မန္တလေးရှိ လက်ဖက်ခြောက် ဦးအေးတို့က အတော်များများ ပံ့ပိုးပါဝင်ပေးဖို့ အဆင်သင့် ရှိနေပြီ။ မန္တလေး ရုပ်ရှင်ခြံတွင် စင်ထရယ်က သွင်းခဲ့သော သီချင်းများကို ဦးအေး နားထောင်ကြည့်ပြီးပြီ။

ဦးအေးကား နဂိုကတည်းက ရှမ်းပြည်နယ်နေ့၊ ရှမ်းတိုင်းရင်းသားသစ်လွင် ကြိုဆိုပွဲများတွင် သူများတီးဝိုင်းကို နားထောင်ဖူး၊ ဆုငွေချဖို့ လက်မတွန့်ခဲ့သူ ဖြစ်သည်။ ဆရာ စိုင်းခမ်းလိတ်နှင့် ရင်းနှီးသလို လေးလည်း လေးစားသည်။ ရှမ်းတိုင်းရင်းသား အနုပညာရှင်များ၊ ရှမ်းတိုင်းရင်းသားဓလေ့နှင့် အနုပညာများ ပေါ်ထွန်းလာတာ သဘောကျ၍ တတ်နိုင်သမျှ မြေတောင်မြှောက်ချင်သည်။ သူကလည်း ရန်ကုန်မှာ သွားအသံသွင်းဖို့ တိုက်တွန်းသည်။

နောက်ထပ် လိုအပ်သည့် ပိုက်ဆံတော့ ကိုယ့်ဘာသာ ကိုယ်ပဲ စုပေါင်း စိုက်ထုတ်ကြမည်။

## (၁၇)

ရန်ကုန်တွင် ဦးဘသိန်း စတူဒီယိုကတော့ ထိုအချိန်တွင် အကောင်းဆုံး ဖြစ်၍ အဲသည့်ကိုပဲ သွားကြမည်။ တီးဝိုင်းကတော့ ကိုယ့်လူပဲ ကိုယ်သုံးမည်။ ရန်ကုန် တီးဝိုင်းဆိုလျှင် သူတို့ လောင်းရိပ် မလွတ်မှာ စိုးသည်။

သို့ဖြစ်၍ The Outsiders ရယ်၊ The Highlanders ရယ်၊ မခွဲခြားတော့ဘဲ သူငယ်ချင်းတစ်စု အကုန် ပါလာကြသည်။

လိဒ် စောဂျက်ဆင်၊ ရစ်သမ်နှင့် Vocal စိုင်းထီးဆိုင်၊ ဒရမ် စိုင်းခမ်းသီ၊ ဘေ့စ်က စောသိမ်းဝင်းနှင့် ကျောင်းကုန်းဘက်မှ သိန်းတင်ထွဋ်တို့ ဖြစ်ကြ၏။

အားတက်သရောပင် ကြိုတင် လေ့ကျင့်ကြသည်။ အားချိန်ရသမျှ လူစုမိသည်နှင့် ကျင့်သားရ၊ ကြေညက်အောင် အထပ်ထပ် လေ့ကျင့်ကြ၏။ လေ့ကျင့်မှု များလေ၊ တကယ့် လက်တွေ့မှာ အခက်အခဲ နည်းလေ ဖြစ်မည် ဆိုတာ သူတို့ သိကြ၏။

## (၁၈)

ဒါတောင်မှ ရန်ကုန်ကို တကယ် ဆင်းသွားတော့ အခက်အခဲ အမျိုးမျိုး။

တည်းခိုတာက ရန်ကုန်စက်မှုတက္ကသိုလ် အဆောင်နေ သူငယ်ချင်း စိုင်းစိုးမြင့် အားကိုးနှင့်။ ကြိုတင် အသိပေးထား၍ သူက အခန်းဖော်နှင့် သူငယ်ချင်း အခန်းများ ရှင်းထားပြီး တစ်ယောက်စ၊ နှစ်ယောက်စ ညှပ်ထည့်ပေးသည်။ ဦးဘသိန်းထံ စတူဒီယို ကြိုတင် ညှိနှိုင်းရက် ယူပြီး စောင့်ရလေသည်။

မန္တလေး ဆေးတက္ကသိုလ်၊ အင်္ဂလိပ်စာဌာနမှ ကိုထီး၏ ဆရာမ တစ်ယောက်က ဟိုကျ အခက်အခဲ ဖြစ်မည် စိုး၍ သူနှင့် ခင်မင်သော အင်္ဂလိပ်စာ ဆရာမ ဒေါ် Joyce Win (နွဲ့ယဉ်ဝင်း) ထံ သွားတွေ့ဖို့ စာတစ်စောင် ရေးပေးထားသည်။

ကိုထီးက စာသွားပြလိုက်လျှင် အကူအညီ အကောင်းဆုံး ရလိမ့်မည် ဆိုတာ သိသည်။ သို့သော် သည်မှာက ရဲဘော်ရဲဘက်သဖွယ် သူငယ်ချင်းတွေ။ စိတ်ကူး မျှော်လင့်လာကြတာ တစ်မျိုး။ လမ်းညွှန်ပြတာက တစ်နည်း တစ်ဖုံ လွဲချော်သွားမည် စိုး၍ မသွားဖြစ်။ စာလည်း မပေးဖြစ်တော့ချေ။ သူငယ်ချင်း အချင်းချင်း ယုံကြည်၍ ညီညွတ်စွာ ခါးစည်းခံ ဆောင်ရွက်ဖို့ပဲ သန္နိဋ္ဌာန် ချထားခဲ့၏။

(၁၉)

စတူဒီယို သွားတော့ သူငယ်ချင်း တစ်ယောက်၏ မော်တော်ကား အကူအညီယူ။ တက္ကစီ စီး။ အဲသလို စုပေါင်း သွားကြသည်။

စတူဒီယိုမှာက Instruments များ ချမပေးထားသောကြောင့် အပြင်ကနေ ကိုယ့်ဘာသာ ငှားရမ်းပြီး ယူလာရသည်။ သုံးဘီးခတော့ ကုန်ကျသည်။ အစစအရာရာ တွက်ချက် ခြိုးခြံနေရသောကြောင့် ပိုက်ဆံအတွက် အမြဲမပြတ် စိတ်ပူနေရလေသည်။

The Elves နှင့် The Playboys တီးဝိုင်းတို့မှာ ပစ္စည်းကောင်းများ ရှိသည်။ သို့သော် သူတို့နှင့် အဆက်အသွယ် မရှိ။ စောဂျက်ဆင်တို့ ခရစ်ယာန် အသိုင်းအဝိုင်းနှင့် နီးနွယ်မိသောအခါ အင်းစိန်ခဝဲခြံတွင် The Might Knight ဆိုသော တီးဝိုင်း။ အင်းစိန်၌ပင် The Crescendo ဆိုသော တီးဝိုင်းတို့နှင့် ဆက်စပ်မိလာသည်။

The Crescendo တွင် လိဒ်တီးနေသော Victor Raj ကား နောင်တွင် The Aces တီးဝိုင်းမှ ဘေ့စ်သမား ဇာလျန်းပင် ဖြစ်သည်။ သူတို့က လိုလိုချင်ချင် ကူညီကြသည်။ တွေ့ပြီး တခဏတွင်း ခင်မင်ရင်းနှီးသွား၍ ဒရမ်က အစ ဂစ်တာများ၊ Instrumentsများ ငှားရမ်းရတာ အဆင်ပြေသွားသည်။ နိုင်ငံခြားဖြစ် ပစ္စည်း အကောင်းစားတွေ ယခင်တစ်ကြိမ်မျှ မကိုင်ခဲ့စဖူး။ ပီဘိ တောသား အရိုင်းသက်သက် ဂီတသမားများပင်။

(၂၀)

စိတ်လှုပ်ရှားစရာတွေက တစ်ခုပြီး တစ်ခု ဖြစ်နေသည်။

စတူဒီယိုခန်း အပြင်အဆင်မှအစ ဟိတ်ဟန်မတူ။ မန္တလေး ရုပ်ရှင်ခြံနှင့် အစစအရာရာ ကွာခြားသည်။ မြန်မာ့အသံမှာ အသံသွင်း အတွေ့အကြုံရှိသူ ကိုထီး အတွက်ပင် ခြားနားချက် ရှိသေးသည်။

ဝမ်းဂျူတီကို မနက် ၉နာရီမှ စတင်ရာ ည၇နာရီ၊ ၈နာရီအထိ ပေးထားသည်။ အထပ်ထပ် လေ့ကျင့်ထား၍ နတ်စ်တွေ အားလုံး By heart နီးပါး ရနေကြသည်။ Lunch ချိန် နေ့လယ်စာ ထမင်းစား၊ လက်ဖက်ရည် သောက်ချိန်နှင့် အချင်းချင်း နည်းနည်းပါးပါး ညှိနေရချိန်ပဲ ရှိသည်။ လက်ညီနေသူများဖြစ်၍ တီးရတာ အခက်အခဲ မရှိ။ သို့သော် သူတို့က နယ်မှလာသူ တွေမို့ အသံသွင်းရတာ အထာမညက်။ စက်ကိရိယာများ၏ သဘောသဘာဝကို မရိပ်စားမိကြသေး။

## (၂၁)

စတူဒီယိုပိုင်ရှင် ဦးဘသိန်း၏ ဆန္ဒက The Playboys တစ်ဖွဲ့လုံး ရှိနေ၍ ငှားလိုက် ပြီးရောပေါ့ သဘောထားပုံ ရသည်။ ခုလို အစိမ်း တီးဝိုင်းနှင့်ကျတော့ အခက်အခဲ အထစ်အငေါ့ ရှိမည်သာ။ ဂျေဂျေတို့ဆိုလျှင် နယ်က လာပြီး ရန်ကုန် တီးဝိုင်းကပဲ တီးပေးလိုက်ရတာ အဆင်ပြေသည်။

ကိုထီးတို့ သီချင်းတွေ သွင်းနေစဉ် ကိုသန်းနိုင်ကလည်း သူ့ဦးလေးထံ အကြောင်းကိစ္စရှိ၍ ဝင်လာရင်း နှုတ်ဆက်သွားသည်။ မန္တလေး စင်ထရယ်ကို သီချင်း လာဖြန့်စဉ်တုန်းက ကိုကျော်စိန် မိတ်ဆက်ပေးဖူး၍ သိထားပြီး ဖြစ်ကြသည်။ ကိုသန်းနိုင်ကလည်း "သီချင်းလေးတွေ ကောင်းတယ်ဗျ။ ခင်ဗျား အဆိုပိုင်းလည်း သဘောကျတယ်ဗျာ၊ တီးဝိုင်းသာ ကောင်းရင် ပိုနာမည်ကျော်မှာပေါ့" ဟု ခပ်အေးအေးမှတ်ချက် ချသွားခဲ့သေး၏။

ဘာပဲဖြစ်ဖြစ် သူငယ်ချင်းတွေ စုပေါင်းစိုက်ထုတ် ကြိုးစား ဖန်ဆင်း လိုက်ကြတာ ဝမ်းဂျူတီ တစ်ရက်တည်းနှင့် သီချင်း ၁၇ ပုဒ် အပြီးသွင်းနိုင်ခဲ့ လေသည်။

## (၂၂)

မာစတာ အခွေချော ထွက်လာသည်အထိ ရန်ကုန်မှာ စောင့်ရသည်။

သူတို့အတွက် တစ်ရက်ဆို တစ်ရက် ဖိစီးမှု ရှိသည်။ လာကတည်းက မရှိ ရှိသမျှ စုဆောင်းလာခဲ့ရသည်။ အသံသွင်းစရိတ် လောက်ငသော်လည်း သွားစရိတ်၊ လာစရိတ်၊ တစ်နေ့ တစ်နေ့ စားစရိတ်တွေ ကုန်ကျသည်။ ပြန်ဖို့ရက်ကို မျှော်ဆဲ လက်ထဲ ငွေပြတ်လပ်စ ပြုလာပြီ။

ဒါပေမယ့် ရန်ကုန်ရောက် သူငယ်ချင်းတွေက သူတို့အပေါ် ကောင်းလှသည်။ Albert ဆီဟာတ် (စိုင်းစိုးမြင့်) နှင့် အခန်းကပ်ရက် Albert ခွေချမ်း (ဝင်းနိုင်) တို့က နေစရာ အခန်းတင်မက အစစ ကူညီ ဖေးမခဲ့ကြသည်။

## (၂၃)

မာစတာခွေ ထွက်တော့ ရန်ကုန်ရှိ ဟသ်ာ၊ ဒဂုံ၊ ဟိုင်ဖိုင်၊ မာဇဒါ တေးသံသွင်းတွေ လိုက်ပြကြည့်ရာ ဘယ်သူမှ မယူ။ မန္တလေးရောက်တော့ စင်ထရယ်ကို အားကိုးပြကြည့်သည်။ သူတို့လည်း နားထောင်ကြည့်ပြီး မဆုံးဖြတ်ရဲ။ အမြတ်အစွန်း မသေချာ။ ဖြန့်ချိဖို့အထိ မစွန့်စားနိုင်။

သို့ဖြင့် ကိုယ်တိုင် တစ်ဆိုင်ဝင် တစ်ဆိုင်ထွက် လိုက်ဖြန့်ရတော့၏။ တစ်ပုဒ် ၂ ကျပ်နှုန်းနှင့် ယူမည်ဆိုလျှင် တစ်တွဲလုံး ယူရသည်။ မာစတာမူရင်း ခဏ ထားခဲ့ ရလေသည်။ ပြန်ကူးစားသောအခါ သူတို့ ဘယ်လောက် မြတ်စွန်းမည်ကို ကိုယ် မသိ။ ကာဘာကာတ် စနစ်လည်း မရှိ။

သည်ကြားထဲ တစ်ပုဒ်၊ နှစ်ပုဒ်ပဲ ရွေးကူးမည်ဟု ဈေးဆစ်တာများ ရှိသေးသည်။ မယူလို၍ ငြင်းလိုက်ကြတာကတော့ အများဆုံး။ အချို့ဆို ပစ်ပစ်ခါခါ ခါးခါးသီးသီးပင် ငြင်းဆန်သည်။

(၂၄)

မန္တလေးမှာ ၄၊ ၅ ဆိုင် ဝင်ပြပြီး ကတည်းက စိတ်ဓာတ်တွေ အဆုံးစွန်အထိ ပြိုကျလုနီး ဖြစ်ရပြီ။ Hits မဖြစ်။ သူတို့ နာမည် မကြားဖူးကြ။ ကြော်ငြာကလည်း မရှိခဲ့။

အရာရာအားလုံး အသိုင်းအဝိုင်းနှင့် နောက်ခံ အင်အားအပေါ် တည်မှီနေသည့် အလား ချောက်ချားဖွယ် ဖြစ်နေသည်။ တောင်ကြီးမှ မောတေးသံသွင်း တစ်ဆိုင်ပဲ လိုလိုလားလား ရှိခဲ့သည်။ မောရစ်ခွေချမ်းက သဘောထားကြီးကြီး နှင့် တစ်ပုဒ် နှစ်ကျပ် ဈေးမဖြတ်ဘဲ အတော်များများကြီးကို ကူညီပေးလိုက်သည်။ ဒါပေမယ့် ကျန်သည့် တခြားမြို့တွေ ဘယ်ကိုမှ ဆက်မသွားရဲ။ ရင်ဆိုင်ဝံ့သည့် သတ္တိနည်းနေသည်။

စိတ်ဓာတ်ကျနေဆဲတွင် အောင်ခိုင်မြင့်နှင့် သွားတွေ့သည်။

(၂၅)

အောင်ခိုင်မြင့်ကား နောင်တစ်ချိန်တွင် အဆိုတော် ဂျေမောင်မောင်အဖြစ် ထင်ရှား ကျော်ကြားလာမည့်သူ။

ကိုထီး တောင်ကြီး အထက ၄ တွင် နေစဉ် မောင်မောင်က အထက ၁ မှာ ရှိသည်။ စောသိမ်းဝင်း အစ်ကို စောကာလီနှင့် အတန်းဖော်များ ဖြစ်၍ သိကျွမ်းခင်မင်ခဲ့ကြ၏။ မောင်မောင့်အဖေက အခွန် ဦးစီး ဖြစ်၍ တာဝန်ကျရာ ကျောင်းလိုက်နေရသည်။ မုံရွာမှာလည်း အနေကြာခဲ့သည်။ ရန်ကုန်သား၊ ပန်းဆိုးတန်းတွင် အိမ်ရှိသည်။ သို့ဖြစ်၍ မောင်မောင်ကား အမြင်ကျယ်သူ၊ လောကနံ့စပ်သူ ဖြစ်၏။ ထိုအချိန်တွင် မောင်မောင်သည် စန္ဒီနှင့် အိမ်ထောင်ကျ၍ သမီးကလေး တစ်ယောက် (နောင် သီရိဂျေမောင်မောင်) ပင် ရှိနေပြီ။

သူ့ကို အခွေပြရာ "ဟာ ..မပူနဲ့၊ ကိုယ်က ရန်ကုန်မှာလည်း မိတ်ဆွေတွေ ရှိတာ၊ လိုက်ဖြန့် မှာပေါ့။ မာစတာခွေသာ ထားခဲ့၊ အဆင်ပြေအောင် လုပ်ရမှာပေါ့၊ သည်အတိုင်း ထိုင်ကြည့်နေလို့တော့ ဘယ်ဖြစ်လာမလဲ" ဟု ဆိုသည်။

သူ့စကား ကြားတော့ အားတက်ရမည် လိုလို။ ကိုယ့်ဘာသာယုံကြည်မှု ကျတော့လည်း ရှိမလာသေး။ ဘာပဲဖြစ်ဖြစ် လက်လွှတ်လိုက်ရတော့မည်လား။ ချီတုံချတုံနှင့်ပင် ထားခဲ့ဖြစ်၏။

(၂၆)

မောင်မောင်က အခွေကို သေသေချာချာ လိုက်ဖြန့်သည်။ သူ့စေတနာနှင့်ပင် လူကြားထဲ ပျံ့နှံ့ခဲ့သည် ဆိုရမည်။ ရန်ကုန်မှာ ယခင် ယူမထားသော ဆိုင်များ၌ သူတို့ သီချင်းတွေ တွေ့လျှင် မောင်မောင်ကလိုက် အစ်အောက်သည်။ မူပိုင် ယူထားတာ မဟုတ်လျှင် တရားဝင် ယူအောင် လုပ်ယူသည်။ တစ်ဆိုင်ဝင်၊ တစ်ဆိုင်ထွက် ချဲပေးခဲ့သည်ဟု ဆိုရမည်။ ငွေကြေး အကျိုးအမြတ်ထက် သီချင်းတွေက လူတွေ ကြားထဲတော့ ရောက်သွားသည်။

(၂၇)

ရစရာ မရှိအောင် ပျစ်ပျစ်နစ်နစ် ဝေဖန် ရှုတ်ချသူတွေလည်း ရှိသည်။ ငိုနေတာလား၊ ညည်းတွားနေတာလားဟု ဆိုသူဆိုသည်။ တီးဝိုင်းက လမ်းဘေး သံဖြူခွက်တွေ ရိုက်နေသလိုပဲဟု ရန်ကုန်ဘက်မှ အားပေးကြသည်ဟု ဆိုသည်။

ရန်ကုန်မှ ဂီတ စီးပွားရေး အလားအလာ မြင်တတ်သူတွေ၊ လက်ဝါးကြီးအုပ် ကြီးစိုးထားသူတွေက ပါးစပ်မှ များများ ရှုတ်ချနေသော်လည်း စိတ်ထဲက မျက်စိကျနေကြပြီ။ ရှေ့အလားအလာအတွက် ကြိုတင် အကွက်တွေ တွက်ချက်နေနှင့်ပြီ ဆိုတာဖြင့် သူတို့ကတော့ မသိကြ။



ူငယ်ချင်း အောင်နိုင်မြင့်
ဂျမောင်မောင်)၊ ကိုဂျယ်လီတို့နှင့်အတူ

*အခန်း (၁၂)*

သဘာဝရဲ့ ရင်သွေးငယ်တွေ

(၁)

ကိုထီး သီချင်းတွေ ပရိသတ်ကြားထဲ တစိမ့်စိမ့် ပျံ့နှံ့ဆဲ အချိန်။

၁၉၇၃ ခုနှစ်။

အောင်မြင်မှုရယ် မယ်မယ်ရရ မရရှိခဲ့ကြသော်ငြား လမ်းစလေးတော့ တွေ့ရှိခဲ့ကြပြီမို့ ဆက်လက် ကြိုးစားရင်း။ The Outsiders နှင့် The Highlanders ဝိုင်းတော်သားများ စုစည်းဖို့ အခြေအနေ ပေးလာခဲ့ရာ The Wild Ones ဟူသော တေးဂီတဝိုင်း ပေါ်ပေါက်လာခဲ့ရလေသည်။

သည်အမည်ကို တေးရေးဆရာ စိုင်းခမ်းလိတ်နှင့် ဝိုင်းတော်သားများ တိုင်ပင်ပြီး မှည့်ဆိုထားခြင်း ဖြစ်သည်။ အနက်အဓိပ္ပါယ်မှာ သဘာဝလောကထဲ၌ တင်းတိမ် ရောင့်ရဲမှုကို ရယူကြသော လူငယ်များဟု ဆိုလိုသည်။ သို့ဖြစ်၍ မြန်မာလို "သဘာဝရဲ့ ရင်သွေးငယ်များ" တေးဂီတဟူ၍ ဖြစ်လာခဲ့သည်။

ဤအမည် ခေါင်းစဉ်အောက်၌ပင် သူတို့ အဖွဲ့၏ဖြစ်တည်မှု အဓိပ္ပါယ်များ စတင်လာခဲ့၊ ဖွံ့ဖြိုးလာခဲ့၊ ဝေဆာသီးပွင့် ခိုင်မာလာခဲ့ခြင်းကြောင့် အရေးကြီးသည်။

အခက်အခဲတွေကတော့ အမျိုးမျိုးပင် ဆီးကြို ငံ့လင့်နေခဲ့သည်။ သူတို့သည် ဘယ်ကိုမှ မရောက်သေးသောကြောင့် ဝေးလံကြမ်းတမ်းစွာပင် ဖြတ်သန်း ရပေဦးတော့မည်။



၁၉၇၄ ခုနှစ်က The Wild Ones အဖွဲ့သားများနှင့်အတူ

(၂)

အဲသည်အချိန်မှာ လုံး၀ ကြိုတင် မျှော်လင့်မထားဘဲ ရန်ကုန်တွင် ဒုတိယ စီးရီးသွင်းဖို့ အခွင့်အလမ်း တစ်ရပ် ကြုံလာသည်။

ကမ်းလှမ်းလာသူက တောင်ကြီး ယဉ်ကျေးမှု တီးဝိုင်း အဖွဲ့မှ အကော်ဒီယံ ဂီတဆရာ လူကြီးဖြစ်၍ လေးစား ခင်မင်ပြီးသားလည်း ဖြစ်သည်။ တာချီလိတ်ဘက်မှ ကားပစ္စည်းများ တင်သွင်းသူ ဖြစ်သောကြောင့် နောက်ခံငွေကြေး တောင့်တင်းသည်။ တစ်မိသားစုလုံးလိုလို ဂီတ ဝါသနာပါကြရာ သမီးငယ်လေးဆိုလျှင် အသက်အရွယ် နနယ်သော်လည်း အဆိုပါရမီ ထူးခြားသည်။ တောင်ကြီး ယဉ်ကျေးမှု ဖျော်ဖြေပွဲတွေမှာ သီဆိုလျှင် ပရိသတ်က နှစ်သက် လက်ခံ အားပေးကြသည်။

အစီအစဉ်က စိုင်းထီးဆိုင်နှင့် သမီးငယ်တို့ အခွေ တွဲထုတ်ဖို့ ဖြစ်သည်။ ဆရာစိုင်းခမ်းလိတ်ကိုလည်း သမီးအတွက် သီချင်းများ ရေးပေးဖို့ မေတ္တာရပ်ခံ ပေးစေလိုသည်။ တီးတာလည်း The Wild Ones နဲ့ပဲ တီးမည်။ တီးဝိုင်းခ၊ တေးသံသွင်း ကုန်ကျစရိတ်အားလုံး စိတ်ပူပန်စရာ မရှိ။ တာဝန်ယူသည်။

(၃)

ယခုလို လှိုက်လှိုက်လှဲလှဲ ကျောထောက် နောက်ခံ ပြုပေးသောအခါ အားတက်လာကြသည်။

ဆရာ စိုင်းခမ်းလိတ်ကလည်း စိတ်ပါလက်ပါပင်။ အရည်အချင်း ရှိသည့် ရှမ်းပြည်နယ်ကို ကိုယ်စားပြုသူ အမျိုးသမီး အဆိုတော်တစ်ဦး ထွက်ပေါ်လာဖို့ သင့်သည် ဖြစ်၍ သူ ရေးဖွဲ့ထားသမျှထဲက အကောင်းဆုံး သီချင်းတွေကို ရွေးချယ်ကြသည်။

နွေရာသီ၊ အချစ်ကို ဦးစားပေးခဲ့သူ၊ သံလွင်မြစ်ရဲ့ အလှဆုံး အချိန်၊ စိုင်းပြန်ရဦးမယ်။

(၄)

ထိုအချိန်တွင် ဆရာ စိုင်းခမ်းလိတ်၏ ညီဖြစ်သူ စိုင်းခမ်းသီက စိုက်ပျိုးရေး တက္ကသိုလ် External ကျောင်းသားဘဝကို စိတ်ကုန်၍ တက္ကသိုလ်မြေကို ကျောခိုင်းသွားခဲ့ပြီ။ သူ့ချစ်သူ မိုင်းကိုင်သူနှင့် အိမ်ထောင်ကျနေပြီ။ ဟန်းပိုင်းတွင် ဆွဲခန့်ဆရာ ဝင်လုပ်နေသလိုလို။ သို့ဖြစ်၍ ဒရမ်တီးရန် လူကြုံ၊ စာကြုံနှင့် အတန်တန် လှမ်းခေါ်ယူရသည်။ လီဒ်ကို တောင်ကြီး ကြေးနန်းရုံးမှ စောဂျော်နီ တီးမည်။ ဘေ့စ်ဂစ်တာက စောဂျက်ဆင်။ ရစ်သမ်နှင့် Vocal စိုင်းထီးဆိုင်။

(၅)

သူတို့၏ သဘာဝရင်သွေးငယ် အဖွဲ့အပူအပင် အကြောင့်အကြ ကင်းမဲ့စွာ ရန်ကုန်ကို ဆင်းလာခဲ့ကြသည်။

မီးရထား ခုတ်မောင်းသံသည်ပင် စည်းချက်ကျကျ သူတို့ကို အားပေးနေသည့် ပမာ။

အားလုံး တောက်ပ၊ အားလုံး လင်းလက်နေသည်။ အစစ အရာရာ ပထမ စီးရီးတုန်းကနှင့် ကွာခြားသည်။ အခက်အခဲမရှိ။ ချို့တဲ့မှု မရှိ။ ခြစ်ခြုတ်ကုတ်ကပ် ပူပန်ကြောင့်ကြ ကင်းမဲ့သည်။ ဂျူတီယူစရာ ရှိတာ ယူပြီး အသံဖမ်း စတူဒီယိုထဲကို ရဲရဲတင်းတင်း လှမ်းဝင်နိုင်ခဲ့သည်။

(၆)

ဒါပေမယ့် ကြိုဆိုမှုက မလှပ။

(၇)

တကယ်တော့ ဂျူတီရက် သတ်မှတ်ထားသော ငွေကြေးများကို အကျေအလည် ပေးထားပြီးသား။ မိမိတို့ ဘက်က ပျက်ကွက်မှု မရှိ။ သို့သော် မိမိတို့ ရသင့် ရထိုက်သော စတူဒီယိုတွင်းရှိ Privacy ဆုံးရှုံးနေသည်။ ဘာကြောင့်မှန်း မသိ။ စတူဒီယို၌ ရှိရမည့် စောင့်စည်းမှုတွေ ပျက်ပြယ်နေသည်။ အမှောင့် ပယောဂ တစ်ခုခု ပူးကပ် အနှောင့်အယှက် ပြုသလိုမျိုး ဂယက်တွေ ရှိနေသည်။

မိမိတို့ ဂျူတီချိန်အတွင်း တီးခတ်၊ သီဆို၊ အသံသာ သွင်းနေရသော်လည်း စိတ်လုံခြုံမှုမရှိ။ နောက်ကျော ဘက်တွင် တစ်ခုခု ရှိနေသလိုလို တထင့်ထင့်။ အပြင်လူတွေက ဝင်ချည်ထွက်ချည်။ ဟိုလူ့အနီး နားကပ်၊ တီးတိုးစကား ပြောလိုက်။ သည်လူ့ကို လက်လာတို့၊ ခေါ်ထုတ်ပြီး အပြင်ဘက်တွင် တွတ်ထိုးလိုက်။ အားလုံး လုပ်ခွင့် ရှိနေသည်။

အဲသည်တော့ ဘယ်လိုမှ စိတ်က မဖြောင့်နိုင်။

(၈)

နာမည်ကျော် တီးဝိုင်းတစ်ခု ကိုယ်ပိုင် ရှိထားသည့် နာမည်ကြီး အမျိုးသား အဆိုတော် တစ်ယောက်က သူ့လူအုပ်စုနှင့် စတူဒီယိုအတွင်း ဂျူတီချိန်ကြီးမှာ တံခါးမရှိ ဓားမရှိ မားမားကြီး လာရောက်နေသည်။

သားကောင်အနံ့ရသည့် အမဲလိုက်ခွေးများသဖွယ်။ မာန်တဖီဖီ။ သွားတဖြီးဖြီး။

(၉)

ထိုသူက ကိုထီးကို အသာ လက်တို့ခေါ်ပြီး ပြုံးစနဲ့နဲ့ သဲ့သဲ့ စကား တီးခေါက်သည်။

"ဘယ်လိုလဲဗျာ၊ သည်လောက်ကောင်းတဲ့ ခင်ဗျား အသံနဲ့ ခင်ဗျားတို့ သီချင်းတွေနဲ့ တီးဝိုင်းကျတော့ သည်လို အားနည်းနေတာမျိုး မဖြစ်သင့်ဘူးလေ၊ ကျွန်တော်တို့ တီးဝိုင်းနဲ့သာ တီးမယ်ဆိုရင်ဗျာ ပြောနေစရာ မလိုဘူး၊ အစအဆုံး ကူညီမှာပေါ့" ဟု ပေါ်တင်ကြီး ပြောလာသည်။

ကိုထီးက ခေါင်းပဲ ခါပြလိုက်သည်။

ထိုအချိန် ထိုအခါက စပြီး ဘာဖြစ်သည် မသိ။ အသံသွင်းရတာတွေ အဆင်မပြေ။ အထစ်ထစ်အငေါ့ငေါ့ ဖြစ်ရသည်။ တစ်ရက်လုံး သွင်းမှ သီချင်းတစ်ပုဒ်၊ နှစ်ပုဒ်ပဲ ကျသည်။ ယူခဲ့သည့် ဂျူတီနှင့် မလောက်င။ နောက်ထပ် ဂျူတီကို ထပ်စောင့်ရတော့မည်။

(၁၀)

ဂျူတီ စောင့်ဆိုင်းနေဆဲ။ အချင်းချင်း ညှိနှိုင်းကြသောအခါ တစ်နေရာတွင် ကြီးမားလှသည့် စိမ့်အက်ကြောင်းကြီး တစ်ခု သွားတွေ့ရလေသည်။

ထုတ်လုပ်မှု စရိတ်စကတွေ ကမကထ ပြုမည့် ပုဂ္ဂိုလ်နှင့် သူ့သမီးထံ ရောက်သည်နှင့် သူတို့တစ်တွေက မူပြောင်းနေကြချေပြီ။ မျက်နှာကအစ နဂိုနှင့်မတူ။ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေရာမှ အဖေလုပ်သူက သမီးကို ပြောပြလိုက်ဟု အချက်ပေးလိုက်သောအခါ မိန်းကလေးကလည်း ဆိုင်းမဆင့် ဗုံမပါ။

"ပီထီးကို ပြောပြရဦးမယ်၊ ညီမကတော့ အဖေနဲ့လည်း အားလုံး တိုင်ပင် ထားပြီးသားပါ။ စိတ်ထဲလည်း တစ်မျိုး မထင်စေချင်ဘူး၊ ဘာပဲပြောပြော ရန်ကုန်တီးဝိုင်းက နာမည်ဆိုလည်း ကျော်ပြီးသား။ တီးခတ်တဲ့ အပိုင်းလည်း တကယ် သပ်သပ်ရပ်ရပ် ကောင်းကောင်းမွန်မွန် တီးနိုင်တာ ဆိုတော့လေ။ ညီမတို့ သီချင်းတွေနဲ့ အဆိုပိုင်းကို သူတို့နဲ့ သွင်းမှပဲ တကယ် အောင်မြင်မှာ ပေါ့နော်၊ အဲဒါ ပီထီးသဘောက ဘယ်လိုလဲ"

ကိုထီး အရမ်း အံ့အားသင့်သွားသည်။ ရင်ဝ အရှိက်တည့်တည့် ဆောင့်ကန် ထည့်လိုက် သလို ဖင်ထိုင်ရက်သား လဲကျသွားသည်။ အသံပင် မထွက်နိုင်။ ဩော်.. သူတို့က ခြေလှမ်းသွက်လှပါကလား။ ကလေးမတို့ သားအဖကို တစ်ဖက်လှည့် ဖြားယောင်း သွေးဆောင်ထားပြီးပြီ။ အပြီးအပိုင် ညှို့ငင်ထားပြီးနေပြီ။

"ပီထီးက ဘာမှ မပြောလည်း ညီမကတော့ ရှင်းရှင်းပဲလေ၊ The Wild Ones နဲ့တော့ ရှေ့ခရီး မဆက်ချင်တော့ဘူး၊ ဆုံးဖြတ်ထားပြီးပြီ၊ ပီထီးတော့ ပီထီ သဘောပါ၊ ကြိုက်သလိုလုပ်"

(၁၁)

ထိုအချိန်မှာပင် ကလေးမလေး ဖခင်က ဟိုတစ်ဖက်က အဆင်သင့် လုပ်ပေးထားသော သီချင်းစီးရီးကြော်ငြာ ဒီဇိုင်းတစ်ခုကို ထုတ်ယူလာပြီး လက်ထဲ ထိုးပေးသည်။ ဒီဇိုင်းပေါ်မှာ ရန်ကုန်တီးဝိုင်း အမည်ပါပြီးသား။ ကလေးမလေး အမည်နှင့် ဓာတ်ပုံ ပါပြီးသား။ အသည်းပုံ ကွက်လပ်တစ်ခုပဲ ကျန်သည်။

"ဒီကွက်လပ်က မောင်ထီးဆိုင်လည်း အတူ ဆိုမယ်ဆို၊ မောင်ထီးဆိုင်ပုံ ထည့်ပေးမယ်၊ ဒါပေမယ့် မဆိုချင်ဘူးဆိုလည်း ရပါတယ်၊ ထီးဆိုင်ဆိုတာလည်း စိန်ပဲ၊ ဦးတို့မှာလည်း စိန်နာမည်နဲ့ အမျိုးသား အဆိုတော် အဆင်သင့် ရှိပြီးသား၊ သူနဲ့ ဖြည့်လိုက်လည်း ရတယ်၊ အားလုံးတော့ စီစဉ်ထားပြီးပြီ"

"ကဲ ပီထီး ဘယ်လိုလဲ၊ ညီမတို့နဲ့ လက်တွဲမှာလား၊ ကိုယ့်လမ်း ကိုယ်သွားမှာလား"

(၁၂)

ဘယ်လောက် အသည်းနာစရာ ကောင်းလိုက်ပါသလဲ။ ဘယ်လောက် လက်မြန်ခြေမြန် ရွှေ့ပြောင်း ကစားထားပြီးကြပြီလဲ။ အားနည်းသူကို အားကြီးသူက စားပစ်သည့် တိရစ္ဆာန်လောက ဥပဒေသ။

ငွေကြေးနှင့် သစ္စာတရားကို အလဲအလှယ် ပြုရက်ကြသည်။ တဒင်္ဂဖြစ်ဖြစ် ကိုယ်အသာစီးရဖို့ဆို အရာရာကိုပင် ရောင်းစားပစ်ကြသည်။

ကိုထီးက တစ်ဖက်၌ ညီအစ်ကိုတစ်မျှ ရင်းချာသော သွေးသောက်ဂီတ ရဲဘော်များကို မစွန့်ပစ်နိုင်။ တစ်ဖက်မှာ အချိုကြီး ချိုလာခဲ့သော မျှော်လင့်ချက်။

ထောင့်မှာ ချောင်ပိတ်ပြီးမှ လုပ်ကြံရက်ကြသည်။ သူတို့အားလုံး စီစဉ်ထားပြီးနေကြပြီ။

သည်သီချင်းတွေ၊ အနေ့နေ့ အရက်ရက် အထပ်ထပ် အခါခါ သွေးအန်မတတ် သီဆိုလေ့ကျင့်ထားသော သီချင်းတွေ၊ မျှော်လင့်ချက် အားလုံးကို သည်သီချင်းတွေ ထဲမှာပဲ ပုံအောထားခဲ့သည်။ ဟော... အခုတော့ ကိုယ့်ထက်နာမည်ကြီးနင့်နေသော အဆိုတော်က ယူဆိုသွားတော့မည်လား။ ငွေကြေးနှင့် သစ္စာတရား။

အဖွဲ့သားတွေကလည်း ဒေါသထွက်ကြသည်။ သို့သော် ဘာမျှ မစီစဉ်နိုင် တော့ပြီ။ လှည့်ဖြား ကောက်ကျစ်တတ်သော သဘာဝ လောကကြီး။ ကိုထီးလည်း ဘာမျှ မတတ်နိုင်တော့ဘူး ဆိုတာ သိသည်။ သို့သော် သူ အော်ပစ်လိုက်သည်။ အားလုံး လန့်ဖျပ်သွားအောင် သူ အော်ပစ်လိုက်သည်။

"ခင်ဗျားတို့ စီစဉ်ချင်တိုင်း စီစဉ်လို့ ရမှာလား"

(၁၃)

အဲသည့်နောက် စကားတွေ များကြသည်။ အသံတွေဝင်၊ လည်ချောင်း အက်ကွဲသည်အထိ အော်ကာ ဟစ်ကာ အချေအတင် အပြန်အလှန် ငြင်းခုံ စွပ်စွဲ အပြစ်တင်ကြသည်။

သို့သော် ညှိနှိုင်း၍ မရ။ အဖြေက မထွက်။

အံအချော်ကြီး ချော်ခဲ့ပြီ။

တောင်ကြီးမှ ပြုံးရွှင်ပျော်ပျော်၊ တူတူညီညီ လာခဲ့ကြသည်။ ယခုတော့ဖြင့် အကွဲအပြဲ ဇာတ်လမ်းကိုမှ ကပြခဲ့ရချေပြီ။

(၁၄)

ကိုထီးတို့ အဖွဲ့သားအားလုံးသည် အခြေအနေ ရောက်မှတော့ နောက်ဆုတ်၍ မရမှန်း သဘောပေါက်ကြသည်။ သီချင်း သွင်းစရာ ရှိတာတော့ မဖြစ်မနေ သွင်းကို သွင်းရမည်။ ဒါပေမယ့် လက်ရှိ စတူဒီယိုနှင့်ကဖြင့် ဘယ်လိုမှ အဆင်ပြေစရာ မရှိတော့ပြီ။ ပညာတွေလည်း ပေးလိုက်၊ ပြလိုက်ကြတာ ဒဏ်ရာ တကယ်စုံခဲ့ပြီ။

သို့ဖြင့် တခြား တစ်နေရာရာမှာ အသံသွင်းပေးမည့်သူကို လိုက်၍ ရှာရသည်။

ရန်ကုန် နေပူပူအောက်၊ ပလက်ဖောင်း တကာလျှောက်။ စိတ်မော လူမော။ အားလုံး ခြေကုန်လက်ပမ်း ကျနေသည်။ မိမိတို့သည် ဘာလဲ။ ဘာမျှ မဟုတ်သေး။ ဘာနာမည်မျှ မရှိသေး။ အသီးဖြစ်ဖို့ နေနေသာသာ ကြိုးစားဖူးပွင့်ဖို့ ရုန်းကန်ဆဲ။ အဲဒါကိုပဲ ချိုးဖဲ့ ခြေမွရက်ကြသည်။

လက်ထဲမှာ ငွေကလည်း မဖြစ်စလောက်ပဲ ရှိတော့သည်။ စိတ်ဓာတ်တွေက ထိုးကျသွားလိုက်၊ အားခဲ မာန်တင်း၊ ဆောင့်ကန် ပြန်တက်လိုက်။ အဲသလိုပဲ ကိုယ့်ဘာသာ ဖွတ်မောင်းနေရသည်။

(၁၅)

တစ်ယောက်က ရွှက်ဝါမောင်မောင်နှင့် မိတ်ဆက်ပေးသည်။ သူက ငွေကုန်ကြေးကျ သိပ်မများဘဲ အသံသွင်းဖြစ်အောင် ဆောင်ရွက် ပေးနိုင်သည်ဟု ဆိုသည်။ အတန်ငယ် ပြောဆိုပြီးနောက်

"ကဲ ကဲ ဟုတ်ပါပြီ၊ အသံသွင်းမယ့် အဆိုတော်က ဘယ်သူလဲ"

"ကျွန်တော်ပါ၊ ကျွန်တော် ဆိုမှာပါ"

ကိုထီးက ရန်ဖြစ်ထားသဖြင့် အက်ကွဲနေသော လည်ချောင်းထဲက အသံဝင်ဝင် ပြာနမ်းနမ်းနှင့် ပြောပြသည်။ ရွှက်ဝါမောင်မောင် ထခုန်မတတ် ဖြစ်သွားသည်။ ပြောစကားကို မယုံကြည်သလို....

"ဘာ. . မင်းဆိုမှာ ဟုတ်လား၊ နောက်စရာ ပြောင်စရာ ရှားလို့ကွာ၊ မင်းအသံကဖြင့် အက်ကွဲကွဲ ပြာတာတာနဲ့၊ ဒီလောက် တိမ်တိမ်လေးကို၊ ငွေတွေ ရေထဲ မျှောလိုက်တာ ကောင်းမယ်၊ သဲထဲရေသွန်ဖြစ်မှာ အသေအချာပဲ၊ မဖြစ်နိုင်တာ မလုပ်ပါနဲ့ကွာ၊ စေတနာနဲ့ ပြောတာပါ၊ ပြန်သာ ပြန်ကြပါ၊ မင်းတို့ ဥစ္စာက မကြံအပ် မစည်ရာ"

ခေါင်းကို တွင်တွင်ယမ်းပြီး အတင်းနှင်လွှတ်သည်။

သို့သော် ကိုထီးတို့က အလျှော့မပေး။ ရေနစ်သူမှာ အရှုးအမူး အသည်းအသန် အသက်ရှင်ဖို့ အရေး တွေ့ရသည့် ကောက်ရိုးမျှင် တစ်မျှင်လေးကိုပင် ရှန်းကန် လှမ်းဖမ်းဆွဲသည့် ပမာ။

"မဟုတ်ပါဖူးဗျာ၊ စီစဉ်စရာရှိတာသာ စီစဉ်ထားပေးပါ၊ ရန်ဖြစ်ပြီး အော်ထား ဟစ်ထားလို့ ကျွန်တော့်အသံ ဝင်နေတာ၊ ရက်ကလေး နည်းနည်းခြားသွားတာနဲ့ ကျွန်တော့် နဂိုအသံ ပြန်ရလာမှာပါ၊ အဲသည့်အခါကျ သည်လို မဟုတ်စေရပါဘူး"

ရွှက်ဝါမောင်မောင် မျက်လုံးထဲမှ သံသယများ ပျောက်မသွား။

(၁၆)

"အေးကွာ၊ ဟုတ်ပါပြီ၊ စတူဒီယိုကိုတော့ မသွင်းနဲ့၊ ငွေကုန်ကြေးကျ များလိမ့်မယ်၊ ပြီးတော့ မင်းတို့ဟာက ဘာမှ သေချာတာ မဟုတ်တဲ့ ကိစ္စ၊ အဲသည်တော့ ဒီမှာ M -10 စက်တစ်လုံး အဆင်သင့်ရှိပြီးသား၊ ယာမာဟာ Mixer တစ်လုံးတော့ အပေါင်းအသင်း တစ်ယောက်ဆီက ခဏ ဆွဲလိုက်မယ်၊ ရုပ်ရှင်ခြံ တစ်ခုမှာ သွင်းကြတာပေါ့" ဆိုသော ရွှက်ဝါမောင်မာင်၏ အစီအစဉ် ကိုပင် ကျေကျေနပ်နပ် လက်ခံလိုက်ကြသည်။

(၁၇)

ရက်အနည်းငယ် အနားယူလိုက်သောအခါ ကိုထီးအသံလည်း ပုံမှန်ပြန်ဖြစ်ပြီ။

စိတ်ထဲမှာလည်း အံ့အားသင့်စရာ ကောင်းလောက်အောင် ဒေါသတွေ မရှိတော့။ ကိုယ့်အလုပ် ကိုယ်လုပ်ရမှာပဲဟုသာ တွေးထားသည်။ သို့ဖြင့် တူရိယာ ပစ္စည်းတွေကို ထုံးစံအတိုင်း The Crescendo မှ ငှား။ သည်တစ်ခါ ရန်ကုန် ရုပ်ရှင်ခြံသို့ ရောက်လေသည်။

"ငါတို့ကွာ မန္တလေးရောက်တုန်း မန္တလေး ရုပ်ရှင်ခြံ၊ အခု ရန်ကုန်ကျတော့ ရန်ကုန် ရုပ်ရှင်ခြံတဲ့"

တစ်ယောက်က အဲသလို အရွှန်းဖောက်လိုက်သော်လည်း ဘယ်သူမှ မရယ်ဖြစ်။ အသံသွင်းကိစ္စ အဆင်ချောဖို့ပဲ စိတ်စောနေကြသည်။ ထင့်တာကတော့ တထင့်ထင့်ပင်။

ရုပ်ရှင်ခြံထဲမှာက ကျောက်စရစ်ကြမ်းတွေနှင့် လူဆိုးများ စုဝေးရာ။ ဖိုက်တင် ပလေးရာ။ အဲသလို သုံးဖို့ တိုက်ပျက်လိုလို၊ အပြီးသတ် အချောကိုင်မထားသည့် အဆောက်အအုံတစ်ခု ရှိသည်။

အဲဒီမှာပဲ အသံသွင်းရမှာဆိုတော့ စိတ်မပူပန်ဘဲ မနေနိုင်။ သို့သော် ကံအားလျော်စွာ အသံ Dubbing လုပ်ပေးနိုင်သော အခန်းတွေလည်း စနစ်တကျ ရှိနေ၍ တော်သေးပေ့ါဟု ဟင်းချရတော့၏။

(၁၈)

မိုက်ကရိုဖုန်းရှေ့ရောက်သောအခါ ကိုထီး စိတ်တွေ သွေးကြွလာခဲ့ပြီ။

နွေရာသီ၊ ချစ်တာ တစ်ခုတည်း သိတယ်၊ စိုင်းပြန်ရဦးမယ်၊ ရွှေဟသာ်နားခိုက် အစရှိသဖြင့် သီချင်း ဆယ်ပုဒ်လောက် သွင်းဖြစ်ခဲ့သည်။

(၁၉)

ထိုအခွေသည် ညည်းညည်းညူညူ တဖျစ်တောက်တောက်နှင့် အသံသွင်းပေး ခဲ့သော ရွှက်ဝါမောင်မောင်ကို အံ့အားအသင့်ကြီး သင့်သွားစေခဲ့သော အခွေ ဖြစ်သည်။ အချို့တေးသံသွင်းများမှာ ညည စီးရီးငွေသိမ်းရတာ အိပ်ရေးပင် ပျက်သည်ဟု ဆိုလေသည်။

ပရိသတ်ကြီးကိုပင် ကျေးဇူးတင်ရမည်။ အံ့သြစရာ ကောင်းလောက်အောင် တခဲနက် အားပေးခဲ့ကြသည်။ ဟိုဟိုသည်သည် သွားလေရာရာ လက်ဖက်ရည်ဆိုင်များက ဖွင့်ကြသည်။

အထူးသဖြင့် မန္တလေးက သူ့မြို့အသိုင်းအဝိုင်းလည်း ဖြစ်၍ အကျအန လက်ခံ ကြိုဆိုခဲ့ကြလေသည်။ ရန်ကုန်ကလည်း ဟိုးအရင် အခွေတုန်းကလို "ဘာကြီးတွေလဲဟ၊ ငိုနေတာလား၊ ရယ်နေတာလား၊ တီးဝိုင်းကလည်း တုံချမ်းတုံချမ်းနဲ့" အစရှိသဖြင့် လက်လွှတ်စပယ် ရှုတ်ချတာမျိုး မရှိတော့ပြီဟု

သိရသည်။ တွေ့သူတိုင်း မေးကြ၊ ပြောကြ၊ ဝေဖန်ချက် စကားသံ။ ထောက်ပြသံ၊ အားပေးသံတွေ ကြားလာခဲ့ရပြီ။

(၂၀)

အောင်မြင်ခြင်း၏ အရသာ။

ဒါကလည်း တစ်မူ ထူးခြားသည်။ ဈေးချိုထဲ သွားသွား။ မဟာမြတ်မုနိ ဘုရားကြီး သွားဖူးဖူး။ ဆရာ စိုင်းခမ်းလိတ်၏ ဆေးတက္ကသိုလ်ဘက် ရောက်ရောက်၊ ကျုံးနံဘေးလမ်းအတိုင်း စက်ဘီးစီးသွားစဉ် ဖြစ်စေ၊ သိသူတွေက အချင်းချင်း လက်တို့ ပြကြ၊ တိုးတိုးတစ်မျိုး၊ မကြားတကြား တစ်ဖုံ၊ ကိုယ့်အကြောင်း၊ ကိုယ့်သီချင်းတွေ အကြောင်း ပြောကြတာ။ တက္ကသိုလ် ဝင်းထဲမှာလည်း မျက်နှာပွင့်လှသည်။ ကျေလည်း ကျေနပ်ချင်စရာ။

နာမည်လေး တစ်လုံးတော့ ထွက်လာပြီ။

သို့သော် အိပ်ကပ်ထဲမှာ ပိုက်ဆံမရှိ။ ကာဘာစနစ် မရှိသေး၍ အကျိုးခံစားခွင့် တီတီပပ ပြောမရ။

(၂၁)

ဂီတဘက်တွင် စိတ်ရော ကိုယ်ပါ ထိုမျှအထိ စူးနစ်လိုက်သော အခါ သဘာဝကျစွာပင် ကျောင်းစာဘက်မှာ အားနည်းသွားရလေသည်။ ဒုတိယနှစ်တွင် ကိုထီး စာမေးပွဲ စကျသည်။

လင်းခေးပြန်သောအခါ အဖေက သူ စာမေးပွဲ ကျတာကိုတော့ သဘောမကျ။ သို့သော် တစ်ဖက်က သား၏ အောင်မြင်မှု သတင်းတွေကို ဟိုလူသည်လူ ပြန်ပြန်ပြောကြတာကိုဖြင့် ကျေနပ်ဟန် တူသည်။ ပါးစပ်ကတော့ ထုတ်မပြော။ ထုံးစံအတိုင်း သူနှင့် အဖေ့ ကြားမှာ အလှမ်း ကွာဟမှု ရှိသည်။

ယခုတော့ ညီမလေးများ ဖြစ်ကြသော နန်းဝင်းထိန်၊ နန်းမြင့်အုန်း၊ နန်းသိန်းထွေးတို့ အပြင် အထွေးဆုံး ညီငယ်လေး စိုင်းအောင်ထီးခမ်းလည်း ရှိလာခဲ့ပြီ။ သူနှင့် အသက် ၂၀ ကျော်မျှ ကွာခြား။ တက္ကသိုလ် ကျောင်းသား ဘဝရောက်မှ ဤညီငယ်ကို ရခဲ့ခြင်းဖြစ်သော်လည်း ညီလေး တစ်ယောက်လောက် လိုချင်လှသည့် ဆန္ဒ ပြည့်ဝရလေပြီဟု ဝမ်းသာအားရ ဖြစ်ခဲ့သည်။

(၂၂)

ဒုတိယ စီးရီး၏ အရှိန်တွန်းအားကြောင့် တတိယစီးရီး ဆက်၍ သွင်းဖြစ်သည်။

တောင်ကြီးမှာဆို ရှမ်းရိုးမ တေးသံသွင်းက မောတေးသံသွင်းနှင့် ဟိုဘက်လမ်း၊ သည်ဘက်လမ်းပဲ ဖြစ်သည်။ ရှမ်းရိုးမမှ ကိုထွန်းကျော်က မန်းတက္ကသိုလ် ကျောင်းသား။ ခွန်မျိုးလွင်နှင့် ဂစ်တာတီးဖက် သူငယ်ချင်း။ The Beatles သီချင်းလေးတွေ တီးတတ်သည်။ သူက အခွေထုတ်လုပ်မှု အားလုံး တာဝန်ယူခဲ့လေသည်။

ကိုထွန်းကျော်၏ ရန်ကုန်ရှိ မိတ်ဆွေ ကိုချစ်ခင် (နောင်ယင်းမာ)၊ ကိုကျင်ဆန်း( The Music Plug)၊ကို ကျော်မြင့်(နောင်ဂန္ဓမာ)တို့ သုံးဦးပေါင်း၍ တိုက်တစ်ခု ရှေ့ထဲ ယင်းမာအမည်ဖြင့် ရက်ကောဒင်းလေး ဖွင့်ထားခါစ။ သူတို့ကလည်း စိတ်ဝင်စားကြသည်။ မြန်မာပြည်အောက်ပိုင်း (ထက်ဝက်စီ) ဖြန့်ချီဖို့ တာဝန်ယူပါရစေ ဆိုပြီး ကမ်းလှမ်းသည်။

အရင် တစ်ခေါက်တုန်းက စတူဒီယို မဟုတ်၊ ဘာမဟုတ်သည့် နေရာမှာ သွင်းခဲ့ရတာ အဆင်မပြေ။ တကယ်တော့ စတူဒီယို ကွာလတီပဲ ဆိုင်တွေက လက်ခံချင်သည်။

ထိုအခါ အဆိုတော် ဦးအံ့ကြီး၏ သားEugene အံ့ကြီးက သူအကူအညီ ပေးမည်။ သူ့မှာ စတူဒီယိုတော့ မရှိ။ စက်နှင့် Mixer များ ရှိထားသည်။ အဲဒါတွေလည်း စမ်းချင်သည် ဆိုပြီး သူ့သူငယ်ချင်း Bryan သက်ထင်ကို ဆက်သွယ်သည်။ Bryanက စတူဒီယို နေရာပေးသည်။

နေရာက တေးနယဉ်လမ်း၊ ပန်းသာ ရုပ်ရှင်ခြံ။

(၂၃)

ရုပ်ရှင်ခြံတွေနှင့်ကတော့ဖြင့် ယခုအချိန်ထိ ရေစက်မကုန်သေးဟုပင် ဆိုရမည်။

ပန်းသာ ဦးထွန်းရီက သူတို့ လူငယ်တွေကို လာကြ၊ လုပ်ကြ လိုက်လိုက်လှဲလှဲ ကြိုဆိုသည်။ အားပေးသည်။ Eugene အံ့ကြီးက စက်တွေ၊ Mixerတွေ သယ်ချလာသည်။ သည်တစ်ခါ လုပ်ရတာ အုပ်သင်းလည်း တောင့်တင်းသည်။ အားလုံး တက်တက်ကြွကြွ ရှိကြသည်။

ဂစ်တာနှင့် Instruments တွေ သည်တစ်ခေါက်မှာ Crescendo က မငှားတော့။ တကယ်ပြောရလျှင် The Wild Ones မှာ ဂျော်နီတီးဖို့ Yamaha တစ်လက် ကိုယ်ပိုင် ဝယ်ထားနိုင်ခဲ့ပြီ။

ကိုထီးကလည်း မန္တလေးမှာ လာတီးသော နိုင်ငံခြားသား Gospel အဖွဲ့တစ်ဖွဲ့နှင့် ဆုံခဲ့သည်။ သူတို့က ဆက်ကပ်ပူဇော် ဖျော်ဖြေ အပြီးတွင် ပစ္စည်း ပြန်မသယ်ချင်။ ဂစ်တာနှင့် ဘေ့စ်ဂစ်တာ ရောင်းခဲ့ချင်သည်။ သို့ဖြင့် ကြုံတောင့်ကြုံခဲ အခွင့်အရေး ဖြစ်၍ ပိုက်ဆံရအောင်တော့ ဟိုဆွဲ သည်ဆွဲ နှင့်ပင် ဝယ်ယူထားခဲ့သည်။

သို့ဖြင့် လက်နက် ကိရိယာတွေ ရှိသင့်သလောက် ရှိပြီ ဆိုရမည်။

(၂၄)

သည်တစ်ကြိမ်မှာ အပေါင်းအသင်းတွေကလည်း တိုးလာသည်။

စိုင်းခမ်းသီက သူနှင့် ခင်မင်သော ဂေါ်ဒင်ပေါကို ခေါ်လာသည်။ သူကား ရန်ကုန် စီးပွားရေးတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာ ဝီလယမ်ပေါ၏သား။ တက္ကသိုလ် အေးမောင်တို့ The Elves တီးဝိုင်းမှာ ဒရမ်တီးသည်။ သူ့အစ်ကို ပီတာပေါက ကီးဘုတ်သမား။ သူတို့က ရန်ကုန်ရှိ ကလပ်၊ အင်းလျားလိတ်၊ ပါတီများတွင်သာ တီးသော သီးသန့်ဝိုင်း။ သူတို့ဝိုင်းမှ ပင်တိုင် အဆိုတော်က ကိုဆက်မော်။

အားလုံး နီးနွယ်ပြီး အားလုံး ခင်မင် ရင်းနှီးသွားကြသည်။

ပီတာတို့၊ ဂေါ်ဒင်တို့က ကိုထီးတို့ထက် သုံးလေးနှစ်လောက် ငယ်ရွယ်သည်။ ဘာပဲပြောပြော အားလုံး အသက်၂၀ မပြည့်ကြသေး။

(၂၅)

ဂေါ်ဒင်ပေါက ပစ္စည်းအချို့ ငှားပေးသည်။ အရေးထဲ ဒရမ်က ချက်ချင်းမရ။ ဂေါ်ဒင်ပဲ တောင်ဥက္ကလာမှ ဟိုတစ်ပိုင်း သည်တစ်ပိုင်း ဆက်စပ်ပြီး ဒရမ်တစ်လုံး ဖြစ်အောင် စီစဉ် ငှားရမ်းပေးခဲ့သည်။ တကယ် တီးကြ ခတ်ကြတာ တွေ့တော့ ဂေါ်ဒင် စိတ်လှုပ်ရှားလာသည်။

"ခင်ဗျားတို့ ဥစ္စာဗျာ၊ အင်္ဂလိပ်သီချင်း၊ ကော်ပီသီချင်းတွေ တီးရတာနဲ့ မတူဘူး။ အဲဒါတွေ တီးရတာ တင်းကျပ်နေပြီ၊ အခုလို သီချင်းမျိုးတွေ စိတ်ဝင်စားစရာပဲ"ဟု မှတ်ချက်ချသည်။

စိုင်းခမ်းသီက

"လာဗျာ တစ်ပုဒ်တလေ ဝင်တီးစမ်းကြည့်ပါလား၊ ဒီမှာ နတ်စ်တွေ အဆင်သင့်ပဲ"ဟု ဖိတ်ခေါ်သော်လည်း ပြုံးရင်း ခေါင်းခါ၍သာ နေသည်။ တစ်ခုခုကို ချင့်ချိန်တွေးဆနေပုံ။

ဒါပေမယ့် သူ့သွေးများ တကယ်ပူနွေးလာသောအခါ သီချင်းတချို့အတွက် ဒရမ်တီးပေးသည်။

(၂၆)

ဤစီးရီးတွင် ဆရာ စိုင်းခမ်းလိတ်၏ ညီဖြစ်သူ ဒရမ်မာ စိုင်းခမ်းသီက ညာတာပါဆောင်း၊ သန်းခေါင်ထက် နက်တဲ့ညဉ့်၊ ချစ်ကေ့စ် ဆိုသော သီချင်း သုံးပုဒ် ဝင်ဆိုခဲ့သည်။

ပျောက်ဆုံးနေသော နီဗွာန်ဘုံ စီးရီးကြော်ငြာကို တံခွန်လို အားကစား စာစောင်တွင်လည်း ထည့်ဖြစ်သည်။ သည်တစ်ခါတော့ အဲသလိုလည်း ဖြန့်ချိရေး ဆိုင်များက ဆန့်ထုတ်ခဲ့ကြလေသည်။

(၂၇)

အစွမ်းကုန် ကြိုးစားခဲ့သလို မျှော်လင့်သည်ထက် ပို၍ အောင်မြင်ခဲ့သည်။ စီးရီး Titleထက် မန္တလေးရောက် ရှမ်းတစ်ယောက် သီချင်းက လူတွေကြားထဲမှာ တကယ်Hit ဖြစ်သွားသည်။

"ဈေးချို ထွက်တိုင်းလည်း မြင်းလှည်းသမားတွေက ဘုရားကြီးလားလို့ မေးကြတယ်၊ လမ်းတကာ လျှောက်တိုင်းလည်း ကလေးလေးတွေက နောင်ပိန်နောင် လို့စကြတယ်၊ ရုပ်ရှင်ခေါ်ကြည့်တိုင်းလည်း ပြကြတဲ့သူတိုင်း သေနတ်ပစ်ကားတွေ ကြိုက်သလားတဲ့၊ လက်ဖက်ရည်ဆိုင် ထိုင်တိုင်းလည်း ရောင်းကြတဲ့ သူတိုင်း သကြားချိုချိုနဲ့ ကြိုက်သလားတဲ့၊ တက္ကသိုလ်ဘက်ရောက်တိုင်းလည်း မိန်းမလှလေး တွေက ပြုံးစိစိနဲ့ ကြည့်ကြတယ်၊ ဆေးရုံ ဝင်တိုင်းလည်း နာ့စ်မလေးတွေက ခပ်မာမာနဲ့ ဟောက်ထုတ်တယ်"

"အို . . အို . .နေရာချင်းတော့ မလဲပါဘူး

တောင်ပေါ်သားတစ်ယောက် ဖြစ်ရတာ

ဂုဏ်ယူပါတယ်ကွာ၊

ဒါပေမယ့်လည်း မန္တလေးရောက်

ရှမ်းတစ်ယောက်ရဲ့ အဖြစ်ဟာ

မလွယ်ပါလား"တဲ့။ ဆရာ စိုင်းခမ်းလိတ်၏ လက်စွမ်းပြ လက်ရာ (Masterpiece) တစ်ပုဒ်ဟုပင် ဆိုရမည်။

ရန်ကုန် မန္တလေး သည်အခွေကို လက်မလည်အောင် ကူးနေရသည်။ သွားလေရာရာတွင် သည်အခွေ ဖွင့်သံကိုပဲ ကြားရသည်။ ၁၉၇၅ ခုနှစ်၏ အမှတ်တရ တေးသီချင်းများ အခွေဟုပင် ဆိုရမည်။

(၂၈)

ငွေကြေးပိုင်းတော့ ရှမ်းရိုးမက ထွန်းကျော် ကြည့်ပေးပါသည်။ သို့သော် Professional မဆန်သေး။ ဘယ်ရွေ့ဘယ်မျှ တိတိကျကျ သတ်မှတ်ချက်မရှိ။ အခွေထွက်လျှင် ပြီးပြီဆိုသည့် သဘောမျိုး ဖြစ်နေသည်။ လူတွေ ကြားထဲမှာ တကယ်ကို နာမည်ကျော်ကြားပြီဟု ဆိုရမည် ဖြစ်သော်လည်း အခက်အခဲက ပိုက်ဆံ လိုက်မလာ။

တကယ့်ကိုပဲ နာမည်ကြီး ထမင်းငတ်ဟုပင် ဆိုရမည်။ သူတို့ဂီတနှင့် စီးပွားဖြစ်ကုန်ကြ သော်လည်း တေးရေး၊ တေးဆို၊ တီးဝိုင်း Playerများ ခံစားခွင့် ကောင်းကောင်း မရှိကြ။

ကိုထီး စိတ်ဓာတ်ကျလျှင် ဆရာ စိုင်းခမ်းလိတ်က အားပေးသည်။

"တိတ်သားပေါ် သီချင်းတွေ ရောက်သွားတာနဲ့တင် တို့တွေ ကျေနပ်လို့ ရပါပြီ။ အခုဆို လမ်းဘေး ပလက်ဖောင်းပေါ် လျှောက်လျှောက်၊

ဆိုက်ကားပဲ စီးသွားသွား တို့တွေရဲ့ သီချင်းသံ လှမ်းကြားလိုက်ရတာ ပီတိဖြစ်စရာပဲ" ဟု ဆိုသည်။

(၂၉)

သို့သော် ထိုအကြောင်းအရာသည် ဆရာစိုင်းခမ်းလိတ်၏ နှလုံးသားကိုလည်း နာကျင် ထိခိုက်စေခဲ့လိမ့်မည်သာ။ သို့ဖြစ်၍လည်း နောက်ဆုံးသီချင်းလို ဖန်တီးမှု လက်ရာမျိုး ပေါ်ပေါက်လာရခြင်း ဖြစ်လေသည်။

"ဝါသနာထက် ကိုယ့်ဝမ်းရေးခက်တော့ ဒီသီချင်းဟာ ငါ့ရဲ့နောက်ဆုံး သီချင်း ဖြစ်ချင်ဖြစ်မယ်၊ မပြောတတ်ဘူး၊ ဟိုအရင်ကလို ဖက်ခွက်စားလို့ အခေါ် မခံရတာ တစ်ခုက လွဲရင်လေ၊ တို့ဘဝဟာ လုံးဝ..မထူးသေးဘူး"

"အို...အနုပညာကို ငွေဆိုတဲ့ ဘုရားအတွက် ပျော်တော်ဆက်ဖို့ရာ မဖြစ်စေလိုပါ၊ အို...တောင်းရမ်းစားသောက်သူ သာသာ၊ လူတွေ စွန့်ကြဲသမျှ မျှော်နေရတဲ့ ဘဝ၊ ရောက်နေသူမို့ ကိုယ်ချစ်တဲ့ အနုပညာကို တကယ် စွန့်လွှတ်ရတော့မှာ"

"ဝါသနာနဲ့ လူတန်းစေ့ ဘဝမျိုး နေနိုင်အောင် ကိုယ်ကြိုးစားခဲ့ပေမယ့် ခုထိတော့ လုံးဝ..မထူးသေးဘူး"

(၃၀)

၁၉၇၆ခုနှစ်။

သူတို့ လက်ထဲမှာ သီချင်းတွေကလည်း အတော်များများ ရှိသည်။ ပရိသတ်ကလည်း တောင်းဆိုနေကြသည်။ ထိုအခါ ထုတ်လုပ်လိုသူများ မရှား။

သို့ဖြင့် ရန်ကုန်သို့ စတုတ္ထအကြိမ် ဆင်းခဲ့သည်။ သည်တစ်ခါတော့ Eugene အံ့ကြီး မပါတော့ချေ။ တေးနယည် တေးသံသွင်းမှ ဦးထွန်းရီနှင့် Bryan သက်ထင်တို့ပဲ စီစဉ်အသံသွင်းပေးသည်။

စီးရီး၂ခွေစာ သီချင်းများကို တစ်ကြိမ်တည်း အပြီးသွင်းသွားကြခြင်း ဖြစ်၏။ သီချင်းပုဒ်ရေ များသကဲ့သို့ သီဆိုသူတွေကလည်း များသည်။ ကိုထီးအပြင် စိုင်းခမ်းသီ၊ စောသိမ်းဝင်း၊ ခွန်မျိုးလွင်၊ ဆလိုင်းဆွန်ကျဲအို၊ စိုင်းခမ်းမတ် သာမက လိဒ်ဂစ်တာသမား ဂျော်နီလည်း ပါဝင်သီဆိုခဲ့ကြ၏။

ကိုထီးက သူငယ်ချင်းတွေအတွက် အမြဲ စဉ်းစားသည်။ သူ နာမည်ကြီး၍ ဒီကောင် ဘဝင်မြင့်သွားပြီ။ ဒီကောင် အခွင့်ရေးသမားပဲဟု မြင်မှာ ကြောက်သည်။ တတ်နိုင်သမျှ အဖွဲ့ကို စုစည်းထားချင်သည်။

(၃၁)

သည်တစ်ကြိမ် သွင်းလာသော သီချင်းများထဲမှ တစ်ခွေစာ ရွေးနုတ်၍ "ခြသေ့်လည်ပြန်(သို့မဟုတ်) ပြန်ညိုရမယ့် ကာရံ" စီးရီးအဖြစ် ဖြန့်ချိခဲ့သည်။ သီချင်းကောင်းတွေ အတော်များများ ပါဝင်ခဲ့သော စီးရီးဖြစ်သည်။



တီးရုပ်မြင်သံကြား ရိုက်ကူးစဉ်က The Wild Ones အဖွဲ့သားများနှင့်အတူ

စိုင်းထီးဆိုင်၏ ငွေတောင်တန်း၊ ခွဲစိတ်ခန်းက ဆရာမလေး၊ မူးမှပြေမှာပဲ၊ ဆေးတံတို တို့ နာမည်ကြီးခဲ့သလို စိုင်းဆေနော်၏ ဇရာ၊ စိုင်းခမ်းသီ၏ အပြာရောင် မျက်ရည်တို့ နာမည်ကြီးခဲ့သည်။



*အခန်း(၁၃)*

## စိတ္တဇအလွမ်း



(၁)

ကိုထီးသည် ဒုတိယနှစ်စာမေးပွဲတွင် အကဲဖြတ်ထိသွားပြီး နောင်မှာ ပြန်အောင် ပါသော်လည်း အဆောင်မှာ မနေဖြစ်တော့ချေ။

တတိယနှစ် တက်မည့် အချိန်။

မန်းတက္ကသိုလ် အနီးနားက ဇောမိကုန်းထဲလည်း ယခင်လို မဟုတ်ဘဲ အခန်းငှားခတွေ ဈေးတက်ပြီ။

အဆင်ပြေချင်တော့ မန္တလေးဘူတာကြီး၊ မီးရထားဝင်းအတွင်း နေစရာ ရဖို့ ပေါ်လာသည်။

(၂)

ဂျမ်ဘိုက အောင်ခိုင်မြင့်(ဂျေမောင်မောင်)နှင့် မယားညီ အစ်ကို။ သူလည်း ဂီတ ဝါသနာပိုး ရှိသည်။ ဂျမ်ဘို့ ဖခင်က မီးရထား အရာရှိဖြစ်၍ မီးရထားဝင်းအတွင်း အလုပ်သမား မိသားစုနေသော အိမ်ခန်းလွတ် တစ်ခန်း စီစဉ်ပေးထားသည်။ ဂျမ်ဘို့ဇနီး မနွယ်နီက မန်းတက္ကသိုလ်တွင် သတ္တဗေဒ ဆက်တတ်ဆဲ။ သူတို့ လင်မယားက တစ်ခန်း။

ကိုထီးနှင့် ဂျမ်ဘို့ ညီငယ်၊ မန္တလေး ဆေးတက္ကသိုလ် ကျောင်းသား အောင်ဇော်ဇော်က အခန်းတစ်ခန်း အတူတူနေကြသည်။

အောင်ဇော်ဇော်က ဖြူဖြူသွယ်သွယ်၊ ရုပ်ချောချော၊ ပြင်ဦးလွင်မှာ ကတည်းက The Tenders "ရွှယ်န" တီးဝိုင်းမှာ ဆိုတီးလာခဲ့တာ။ လူကအေးအေး။ ကိုထီးက ရယ်စရာတွေ ပြောပြလျှင် အောင်ဇော်ဇော် သဘောကျသည်။ ညီငယ်တစ်ယောက် သဖွယ် သီချင်းစာအုပ်တွေ လှန်လှောပြီး အတူတူ ဂစ်တာတီးကြသည်။

ဂျမ်ဘိုက ကိုထီးအတွက် မောင်ဗမာ စက်ဘီးတစ်စီး ငှားပေးထား၍ ကျောင်းတက်ရတာ အဆင်ပြေသည်။ အောင်ဇော်ဇော်က တစ်စီး ဖြစ်သည်။ စားသောက်တာတော့ ကိုထီးရော အောင်ဇော်ဇော်ပါ မန္တလေးနီထံ ထမင်းလခ ပေးစားကြလေသည်။

(၃)

ထိုအချိန်တွင် မျှော်လင့်မထားဘဲ စိုင်းခမ်းသီ၏ "မင်းဝမ်းသာတော့" စီးရီး ထွက်လာသည်။ တီးခတ်ပေးထားသော The Playboys ဖြစ်လေသည်။

(၄)

သို့ဖြင့် ကိုထီးလည်း The Wild Onesဖြင့်ပင် စီးရီးတစ်ခု စီစဉ်သည်။

သူကိုယ်တိုင် ရေးဖွဲ့သော သီချင်းအများစုကို သူ့ဘာသာ ပြန်ဆိုမည်။ ကိုနေဝင်း သီချင်းက တစ်ပုဒ်ပဲ ပါသည်။ သို့သော် ထိုတစ်ပုဒ်က "မောင့်လပြည့်ဝန်း"။

(၅)

စီးရီး ခေါင်းစဉ်ကိုတော့ ကိုထီးရေးစပ်သည့် "စိတ္တဇ အလွမ်း" သီချင်း အမည် ပေးထားသည်။

*"လေထဲမှာ လွင့်မျောတဲ့*

*စိတ္တဇ အလွမ်းရယ်*

*သစ်ရွက်ကြွေတွေလိုပဲ*

*ပြေးကစားတယ်။*

*အတိတ်က အဖြစ်တွေ*

*တရိပ်ရိပ် ပေါ်လာတုန်းဝယ်။*

*မြင်နိုင်သလို...*

*တစ်ခါတစ်ခါ*

*မပီပြင်မှုန်ဝါးတယ်"*

*"အချိန်တွေ ကုန်ခဲ့လို့*

*အသည်းကျွမ်းလုပြီကွယ်။*

*နွေကန္တာ ခရီးထဲ နွမ်းလျလုပါတယ်။*

*ရင်ခုန်သံ ကြားမှာ*
*ခေါ်သံလေလားကွယ်။*
*နှီးတစ်ဝက် အိမ်မက်မှာ*
*သံသရာမဆုံးတော့*
*မောင်တစ်ယောက်တည်း*
*အတွေးကမ္ဘာမှာ*
*တဝဲလည်လည်"*

(၆)

အချို့ သီချင်းတွေကတော့ သူ့ဘဝကိုပင် တစ်ပိုင်းတစ်စ သင်္ကေတသဖွယ် ပုံထင်ဟပ်နေသည်။

*"နွေဦးသြရယ် အသံချိုတယ်၊ အဝေးမှာ သီကျူးရင့်လို့၊ လွမ်းတေးများ ဖွဲ့ဆိုတယ်၊ ဘယ်ဘဝကံ အကြောင်းရယ်ကြောင့်၊ လူမတွေ့ရာ သုရှောင်ပုန်း၊ တေးဆိုရင်း ကြားသူ လွမ်းအောင် ချွဲတယ်"*

*"အရောင်အဆင်းမယ်၊ မထည်ဝါလို့၊ အားငယ်နေတာများလား၊ ခြောက်သွေ့တဲ့ တောတောင်မှာ နောက်ဘဝအတွက် ဆုပန်မြဲ၊ အထီးကျန် တစ်ကိုယ်ရေတည်း၊ တစ်နှစ်တစ်ခါ ချစ်တဲ့သူကို တမ်းတရှာ"*

*"ဆုတောင်းရယ်၊ မပြည့်နိုင်တယ်၊ အသံချိုအေးလေး ရှိပါလည်း ရုပ်အဆင်းက နုံချာတယ်၊ ကြော် စိတ်မနာသူ ရှိမလား၊ သူ့ဘဝရယ်"*

*(နွေဦးသြ-ရေး-ဆို- စိုင်းထီးဆိုင်)*

*"တကယ်တော့ မကောင်းမှုန်း သိတယ်၊ ကိုယ်လိုကောင် လူမိုက်ရဲ့ မိုက်တွင်း နက်ပုံ၊ ဘယ်သူ့ အပြစ်ရယ်လို့လည်း မပြောချင်ဘူး၊ လူတကာတွေထက် ခံစားချက် ပိုလို့ပဲလား၊ ပိုးဖလံမျိုးမို့ မီးကိုတိုး၊ ပိုးဖလံမျိုးမို့ မီးကိုတိုး"*

*"ဝါသနာချင်းတူတဲ့ အပေါင်းအသင်းတွေ၊ ယုံကြည်ရာ စိတ်ထားချင်း ဖလှယ်တဲ့ ချစ်သူ၊ ဝေးနေတဲ့ အဖေအမေ အစား ဖြစ်နေခဲ့၊ နေသလို မဖြစ် လူတွေ ဥပေက္ခာ နေနိုင်မှတော့ ပိုးဖလံမျိုးမို့ မီးကိုတိုး၊ပိုးဖလံမျိုးမို့ မီးကိုတိုး"*

*(ပိုးဖလံမျိုးမို့ မီးကိုတိုး-ရေး-ဆို စိုင်းထီးဆိုင်)*

(၇)

ထိုသီချင်းများအပြင် လူ့ဘဝ၊ ဆုတောင်းခဲ့ဖူးတယ် မိငယ်၊ ခွင့်လွှတ်ပါ စောငယ်၊ ကိုယ်ဟာ မင်းအတွက် ခလုတ် သီချင်းများလည်း ပါဝင်သည်။

"စိတ္တဇ အလွမ်း" စီးရီးတွင် ကိုထီးကို သီဆိုအားဖြည့်ပေးကြတာက ဂျမ်ဘိုနှင့် သူငယ်ချင်း ဆလိုင်း ဆွန်ကျဲအို။ ပြီးတော့ အောင်ဇော်ဇော်လည်း "လွယ်အိတ်ကလေး" တစ်ပုဒ် ဝင်ဆိုသည်။

ယင်းမာက ထုတ်လုပ်ပေးခဲ့ရာ "အမျိုးသမီး အဆိုတော်တစ်ယောက် ပါလာလိမ့်မယ်ဗျာ၊ စုံတွဲ တစ်ပုဒ်လောက် ထည့်စမ်းကြည့်ရအောင်၊ ဟိုက အတော်လေး စိတ်အားထက်သန်တာ၊ ဖြစ်နိုင်ရင် သည်လို သီချင်းမျိုးတွေချည်း သူနဲ့ သီးသန့် တစ်ခွေတောင် လုပ်ရမှာ။ ဘာပဲဖြစ်ဖြစ်လေ၊ စုံတွဲတစ်ပုဒ်လောက်တော့ ထည့်ရအောင်" ဟု ဆိုသည်။

(၈)

အဲဒါ မမျှော်လင့်ဘဲ နာမည်ကျော် အဆိုတော် ရုပ်ရှင်မင်းသမီး ချိုပြုံး ဖြစ်နေသည်။ ကိုထီး ရေးဖွဲ့သည့် သီချင်းကို အတူတူ ဆိုကြသည်။

"တမာမြေကို ရောက်တဲ့ ရှမ်းလေး ကျောင်းမှာ ခင်ကြတာ၊ အစဉ်ပါကွယ်၊ ပွင့်လင်းကြတာ၊ ဟန်ပန်တွေ မလုပ်သူ၊ တောင်ပေါ်က စိုင်းတို့မြို့နဲ့ တောအလှ ပန်းလေးတွေ၊ မြင်ချင် ရောက်ချင်နေလှတယ်"

"ဟန်ဆောင်ကာ မပြောတတ်ဘူးကွယ် တို့တောင်ပေါ်သားတွေ၊ တကယ် ခင်ရင် လိုက်ခဲ့စမ်းပါ ရွှေညာမြေပြန့်သူ၊တောင်ပေါ် ဖွဲ့စပ်တဲ့ သီချင်းနဲ့ တို့ရှမ်းဘဝကို၊ မကုန်နိုင် မခန်းနိုင်အောင် ပြောမယ်"

အလွန် လှပချိုမြ တွဲဖက်ညီသော စုံတွဲ တေးတစ်ပုဒ်ဖြစ်၍ လာခဲ့သည်။ ကိုထီး၏ ပထမဆုံးသော စုံတွဲတေးလည်း ဖြစ်သည်။

(၉)

ဤစီးရီးတွင် The Wild Ones အဖွဲ့ထဲမှာ အပြောင်းအလဲ နည်းနည်း ရှိသွားသည်။

တစ်ခွေလုံးကို ဂေါ်ဒင်ပေါက ဒရမ်တီး။ ပီတာပေါက ကီးဘုတ် တီးပေး ထားခြင်း ဖြစ်သည်။ ပီတာပေါက အတိမ်းအစောင်း၊ အလွဲအချော်မခံ၊ မောင့်လပြည့်ဝန်း သီချင်းအတွက်ဆို နဂိုတီးခဲ့သော ဂီတကော့ဒ်များကို ပြန်ပြင်တီးရသည်။

(၁၀)

စတူဒီယိုကလည်း အသစ်။

ရန်ကုန် စက်မှုတက္ကသိုလ်မှ ကိုရဲခေါင်၏ 'မေ'။ ကိုရဲခေါင်ကလည်း နာမည်ရဖို့ အကောင်းဆုံး ကွာလတီ အတွက်ပဲ အမိက ကြိုးစားပေးခဲ့သည်။

"စိတ္တဇ အလွမ်း" စီးရီးအထိ The Wild Onesအဖွဲ့တွင် မန်နေဂျာရယ်လို့ မရှိသေး။ ဂျမ်ဘိုက လူတစ်ယောက် ခေါ်လာပေးသည်။ မန်းတက္ကသိုလ် ဘော်လီဘော လက်ရွေးစင်၊ ပထဝီ မေဂျာ ကျောင်းသား။

ကျိုင်းတုံမှ စိုင်းဆမ်တစ် ဖြစ်၏။ သည့်နောက်ပိုင်း အခွေများကို သူပဲ မန်နေဂျာ လုပ်ပေးခဲ့သည်။



စောအလက်စန္ဒား

**(၁၁)**

"စိတ္တဇ အလွမ်း" စီးရီးသည် ပရိသတ်အားပေး လက်ခံမှုကို ထိမိစွာပင် ရရှိခဲ့၏။







*အခန်း(၁၄)*

ပျံသန်း လေဟုန်စီးရင်း ချိုးကွေ့သွား

**(၁)**

"စိတ္တဇ အလွမ်း" စီးရီး ထွက်ရှိပြီးသည့်နောက် ပဉ္စမစီးရီးအဖြစ် ယခင် သွင်းထားခဲ့သော သီချင်းများကို "ပျံသာ ပျံပါ ရွှေဟသာ" အမည်ဖြင့် ထုတ်လုပ် ဖြန့်ချီခဲ့သည်။ "ကျေနပ်တော့" ဟုလည်း သိကြသည်။ ဆရာ စိုင်းခမ်းလိတ်၏ သီချင်း အများစု ဖြစ်သည်။ "ဘီး ကလေးစီး"၊ "ဘီးနံပတ် OK 01221" သီချင်းများ နာမည်ကြီးခဲ့လေသည်။

ကြားဖြတ် သွင်းဖြစ်သော "အိပ်စက်အနားယူပြီ" စီးရီးမှာ ကေဇင်လတ်လည်း ပါဝင် သီဆိုခဲ့ရာ မောမြေမြင့်ရဲ့ သမီးပျို အချောအလှ ထိပ်ခေါင်တင် အစရှိသဖြင့် ကြော်ငြာခဲ့ကြသေးသည်။

(၂)

ထိုစီးရီးများ အပြင် ရန်ကုန်တွင် The Wild Ones စတိတ်ရှိုး တက်ရသည်။

ရှမ်းပြည်နယ်နေ့ ရှမ်းတိုင်းရင်းသား ရိုးရာအကများနှင့် တွဲဖက်တင်ဆက်သည်။ ရန်ပုံငွေလည်းရ၊ ယဉ်ကျေးမှုလည်း သိစေနိုင်သော အစီအစဉ်ပင်။ လှိုင် အားကစားကွင်းတွင် ဦးထွန်းရီက ကူညီစီစဉ်ပေးဖူးသည်။

စီးရီး မထွက်သေးသော်လည်း သီချင်းတွေကို ရှိုးမှတစ်ဆင့် လူတွေ ကြားထဲ ကြို၍ ပျံ့နှံ့ရလေသည်။

သို့သော် ကိုထီးအတွက် ရန်ကုန် စင်တင်ပွဲတွေ လမိုင်းမကပ်။

မှတ်မှတ်ရရ အင်းလျားလိတ် ခရစ္စမတ် ပါတီတစ်ခုမှာလည်း အဆင်မပြေခဲ့ချေ။ တကယ့်ကို ကသောင်းကနင်း သည်းထိတ်ရင်ဖိုစရာ ကြုံခဲ့ တွေ့ခဲ့ရသည်။

(၃)

သို့သော် ထိုကာလမှာ ပျံသန်းရသော ကာလမဟုတ်။ လေဟုန် စီးရသလို ဖြစ်သည်။ အောင်မြင်မှု၊ ကျော်ကြားမှု အားလုံး ရရှိသည်။ စန်းထချိန် ဖြစ်၍ ပရိတ်သတ်က တစ်ခဲနက်ကြီးကို အားပေးနေသည်။ အိမ်မက် မက်နေသည့် အလားပင် ထင်ရသည်။

(၄)

ဆရာ စိုင်းခမ်းလိတ်၊ ကိုထီးနှင့် The Wild Ones အဖွဲ့သားများ တိုင်ပင်ကာ ယခင် ထွက်ပြီးသမျှ စီးရီး အားလုံးထက် ကျော်လွန်အောင် အကောင်းဆုံး အားထုတ်ကြမည်။ ကိုယ်တင်ခဲ့သော စံချိန်များကို ကိုယ်ပြန်ချိုးခြင်း ဟုလည်း ဆိုနိုင်ရမည်။ သီချင်းတွေ အကောင်းဆုံး ရေးစပ်။ ဆန်ခါတင် ရွေး။ ဂီတ တီးခတ်မှုတွေလည်း အပီပြင်ဆုံး အားထုတ်။ သီဆိုမှုလည်း အစွမ်းကုန်။

The Wild Ones ၏ အမှတ်တရ မှတ်တိုင်အဖြစ် အခွေကိုလည်း "သဘာဝရဲ့ ရင်သွေးငယ်" ဟု အမည်ပေးမည်။ အဲသလို စိတ်ကူးယဉ်ခဲ့ ကြသည်။ ယဉ်သမျှ စိတ်ကူးကို တကယ်လက်တွေ့လည်း အကောင်အထည် ဖော်ကြသည်။

စီးရီးတွင် ပါဝင်မည့် သီချင်းတွေက သဘာဝရဲ့ ရင်သွေးငယ်တွေ၊ အပေးအယူ၊ လိမ္မော်ချိန်၊ နွေနံနက်ခင်း၊ မိုးလင်းမိုး၊ တစ်ပတ်နွမ်း၊ လေ့ငယ်ရှင် ဆုတောင်း၊ ရင်သွေးငယ်သို့ သီချင်းတစ်ပုဒ်။ ရထားထွက်တော့မယ်။

(၅)

စီးရီးမထွက်ခင် မန်းတက္ကသိုလ် ဂီတဆည်းဆာ၊ ပရိသတ်က ထောင်သောင်း၊ ဆရာ စိုင်းခမ်းလိတ်၏ လက်စွမ်းပြ လက်ရာမွန် "နွေနံနက်ခင်း" သီချင်းကို ကိုထီး သီဆို လိုက်သောအခါ အပ်ကျသံ ကြားရမတတ်၊ တိတ်ဆိတ်စွာဖြင့် စူးစိုက်နားဆင်ခဲ့ကြတာ။

သီချင်း ဆုံးသွားသော်လည်း ပရိသတ်တွေ အားလုံး မင်တက် မိနေခဲ့ကြသေးသည်။

ခဏလေး ကြာတော့မှ တစ်ခဲနက် သြဘာသံတွေ ကြားရသည်။

(၆)

"အိပ်စက် အနားယူပြီ" တုန်းက နေပြည်တော် တေးသံသွင်းနှင့် ပင်လုံ တေးသံသွင်းက ဖြန့်ချီရေး တာဝန်ယူခဲ့သည်။

နေပြည်တော် ကျော်ကျော် စီစဉ်၍ လှိုင်ပဒုမ္မာကွင်းမှာ ရိုးတစ်ခု သွင်းဖြစ်သည်။

ပရိသတ်က ကိုထီး၏ "ငါ့ဘဝ" သီချင်းကိုလည်း တော်တော် ပွဲတောင်း ကြ၏။ သို့သော် အဆင်မပြေ။ သုံးရက် အစီအစဉ်ကို နှစ်ရက် တီးပြီး ပွဲသိမ်း လိုက်ရသည်။ သို့သော် ကိုထီးက အနား မယူရ။

နေပြည်တော် ကျော်ကျော်က သံဖြူဇရပ်သား။ မော်လမြိုင်တွင် စတိတ်ရှိုး တစ်ခု စီစဉ်ပြန်သည်။

အဲသည်မှာ သွားတီးပြီး ပြန်လာ၊ လူက ပင်ပန်းလှပြီ။

(၇)

ခရီးကအပြန် ရန်ကုန်တက္ကသိုလ် နယ်မြေထဲရှိ ဂေါ်ဒင်ပေါ်တို့ အိမ်၌ တည်းသည်။

တက္ကသိုလ် ပရိဝုဏ်ထဲ ရောက်သည်နှင့် စိတ်က အေးချမ်းသွားသည်။ ဂေါ်ဒင်တို့ အိမ်က ခြံဝင်းကျယ်ကျယ်။ နှစ်ထပ်အိမ်ကြီး။ ဂျဒ်ဆင် အဝင်လမ်းပေါ်မှာ တစ်ဖက်က သီရိဆောင်နှင့် မျက်နှာချင်းဆိုင်။

ညပိုင်း ပြည်လမ်းပေါ်က မော်တော်ကား အသွားအလာသံတွေ ကြိုပါးသွားတာနှင့်ပင် နှစ်နှစ်ခြိုက်ခြိုက် သူ အိပ်ပျော်သွားခဲ့သည်။

(၈)

နောက်တစ်နေ့ကျတော့ သူ့ဘဝတစ်ခုလုံး အချိုးအကွေ့ အပြောင်းအလဲ ဖြစ်သွားလေသည်။

(၉)

အခုတော့ဖြင့် ဆိတ်ဖလူးရန့် သင်းပျံ့သည့် ဘဝ တက္ကသိုလ်မှာ။

တကယ်တော့ ဘာမဆို ဘယ်သူမပြု၊ မိမိမှုသာ။ မိမိ ပျိုးကြဲခဲ့သည်ကိုပင် မိမိ ရိတ်သိမ်းရခြင်း ဖြစ်သည်။ ရေမွှေးပုလင်းနှင့် လူက ရေမွှေးနံ့ သင်းပျံ့မည်။ ဆီပူအိုး ကိုင်လာသူသည် ဆီပူလောင်တာ မဆန်းပြီ။ ဘယ်သူ့ အပြစ်ရယ်လို့တော့ ပြော၍ မရ။ ဝဋ်ကြွေးရယ်လို့သာ ရိုးမယ်ဖွဲ၍ ရချင် ရမည်။

ကန့်လန့်ကာတွေ ဆွဲပိတ်လိုက်သလို အတိတ်နှင့် အနာဂတ်များကို လုံးလုံး လျားလျားကြီး ခြားနား ပစ်လိုက်ရသည်။ ပစ္စုပ္ပန် တည်းဟူသော နယ်ပယ် ကျဉ်းကျဉ်းလေးမှာပဲ ရှင်သန် ဖြစ်တည်ခွင့် ရနေသည်။

သူ့ဘဝမှာ မည်သူပြုသော တွန်းအား၊ မည်သည့် မောင်းနှင်မှု ဆိုတာ မသိ။ ဘေးဘီကို မကြည့်အားခဲ့။ နောက်ကိုလည်း လှည့်မကြည့်ဘဲ တပြေးတည်း ပြေးလာခဲ့ရသည်။

အခုတော့ ခလုတ်တိုက်၍ မှောက်လျားထိုး လဲလေပြီ။ တကယ်ကို မျက်နှာနှင့်မှ မြေကြီးနှင့် အရှိန်ပြင်းစွာ ရိုက်မိသည်။ မျက်လုံးထဲ ကြယ်ပွင့်တွေ ရောင်စုံ ဖြာခနဲ လင်းလက်။ အားလုံးပဲ အစိတ်စိတ်အမြွာမြွာ ဖြစ်ခဲ့ရသည်။

(၁၀)

ခဏလေးနေ တည်ငြိမ်သွားတော့မှ အစိတ်အပိုင်း တစ်ခုစီ တစ်ခုစီ ပြန်ဆစ်ပိုင်းပြီး စဉ်းစားနိုင်တော့သည်။

စိုင်းထီးဆိုင်ဆိုသည့် အကျော်ကြားဆုံး၊ အအောင်မြင်ဆုံး၊ သွေးနီးတက်ကြွ ဂီတလူငယ် တစ်ယောက်၏ မိမိဘဝ ရုပ်ပုံလွှာကို ယခုဖြင့် ဘယ်ပုံ ဘယ်သို့ ရေးသား ခြယ်မှုန်းရမည် ဆိုတာ မသိတတ်တော့ပြီ။

အတွေးအမျှင်မျှင် ပင့်ကူအိမ်သဖွယ် မြေးယှက်ရက်လုပ်။

တဖြည်းဖြည်းချင်း ရုပ်လုံးပေါ်လာသည်က တည်ကြည်လှသော အဖေ့မျက်နှာ။ လင်းခေးမြို့နယ်ဝန်းကျင် ရပ်ရွာထဲက လူတွေ အားလုံး၏ လေးစားခြင်း ခံရသူ။ စာတတ်ပေတတ်။ ကမ္ဘောဇနစရိယ ပုဂ္ဂိုလ်။

သူ ဖြစ်လေသမျှ သည်သတင်းကို ကြားသိရလျှင် အဖေ ဘယ်လို ခံစားပြီး ဘယ်လို တုံ့ပြန်မလဲ။

ပြီးတော့ အမေ။

အမေကား အစစ အရာရာ အပင်ပန်းခံ၊ အနစ်နာခံ၊ စိတ်ပူပန်စွာ၊ စီမံခန့်ခွဲသူ။ အမေ အခုအချိန်မှာ ဘယ်လောက်အထိ စိတ်ဆင်းရဲလေမလဲ။ အဖေနှင့် အမေအတွက် သူ့အောင်မြင်မှု၊ ကျော်ကြားမှုတွေက ဘယ်လောက် ဂုဏ်တက်စေခဲ့ဖူးသလဲ။

အခု သူဖြစ်ပျက်သွားပုံကြောင့် အဖေနှင့် အမေ ဘယ်လောက်အထိ မျက်နှာငယ်ရရှာမည်လဲ။

တွေးရင်း တွေးရင်း သူဝမ်းနည်းလာသည်။

ညီမလေး သုံးယောက်နှင့် ညီအငယ်ဆုံးလေး တစ်ယောက်။ သူတို့တစ်တွေရော သူ့ကိစ္စကို ဘယ်လိုများ နားလည်ပေးကြမလဲ။ သူတို့ ပတ်ဝန်းကျင်မှာများ ခေါင်းမဖော်ဝံ့အောင် ဖြစ်ကြရရှာမည်လား။ သူ မစဉ်းစားတတ်တော့ပြီ။

အဝေးရှိ သူ၏ မွေးဇာတိ လင်းခေးမြို့ကလေးကတော့ မပြောင်းမလဲ အေးချမ်းငြိမ်သက် ရှိနေမည်။ နိမ့်တိမ်း ချောင်းရေအလျဉ်သည် မရပ်မနား လေးတွဲ့ ညင်သာ စီးမြဲ စီးဆင်းနေလိမ့်မည်။ လွယ်စလေတောင်လည်း တည်ကြည် မားမတ် မှိုင်းညို့ဆဲပဲ၊ မပြောင်းမလဲ ရှိလိမ့်မည်။

သို့သော်...။

(၁၁)

သူ့အခြေအနေကတော့ လုံးဝ ပြောင်းလဲသွားခဲ့ရချေပြီ။

ကမ္ဘာပေါ်မှာတော့ နေ့တွေ ညတွေ စက်ဝိုင်း သံသရာသဖွယ် လှည့်ပတ် သွားနေဆဲ။ တစ်ခဏလေးမျှ ရပ်နားသည်ဟု မရှိခဲ့။

ဪ...ငယ်စဉ်က အပယ်ခံလေး အိုက်တူး၊ မောင်ရုပ်ဆိုးလေး။ နောက်တော့ မောင်တင်ဦး။ ယခု အချိန် ယခု အရွယ်အထိ သူများတကာလို လူလူသူသူ ရှင်ပင် မပြုခဲ့စဖူးသူ။ ကျောင်းနေတော့ ရစ်ချတ်နန္ဒာ။ စစ္စတာတွေက တစ်ခါတစ်လေ Richard The Lion Heart ဟု ခေါ်တတ်သည်။ ရော်ဘင်ဟု ဇာတ်လမ်းမှာဆို မပါမဖြစ်သည့် ခြင်္သေ့ နှလုံးသားပိုင်ရှင် ရစ်ချတ်ဘုရင်။ အခုတော့ ဘာဖြစ်နေပြီလဲ။

သည့်နောက်မှာတော့ စိုင်းထီးဆိုင်တဲ့။ တင်စီးလှသည့် အမည်။ ထွတ်ထိပ် အထက်က စိန်ကျောက်မျက်ပါတဲ့။

တကယ်လည်း နာမည်တွေ လျှမ်းလျှမ်း တောက်ပ၊ လင်းလက်ပြိုးပြက် ကျော်ကြားခဲ့သည်။ ပရိသတ်တို့၏ လက်ခုပ် သြဘာသံ။ ရင်ဘတ်မှာ ဆုတံဆိပ်တွေ။ အောင်မြင်သည့် စင်ပေါ်က လူ။

ယခုဖြင့် ထိုစိန်သရဖူသည် ဖုန်တောထဲမှာ လဲကျလျက်။ ခြောက်ကပ်သော မြက်ရိုင်းတောထဲ လွင့်စဉ်ကျခဲ့ပြီ။

(၁၂)

ပိုးဖလံမျိုးမို့ မီးကို တိုးခဲ့သည်။

တကယ်တော့ မကောင်းမှန်း သူ သိခဲ့သည်ပဲ။ သို့သော် နေသလို မဖြစ်။ ဥပေက္ခာ မနေနိုင်တော့မှ အန္တရာယ်ဘုံအတွင်း သူ သက်ဆင်းမိခဲ့သည်။

သူ ဆင်းရဲသောကြောင့်ပင် သူ ဆင်းရဲခဲ့ရလေပြီ။

အလျှံညီးညီး မီးတောင်ကြီးက သူ့ကို လောင်ကျွမ်းခဲ့လေပြီ။ မီးတွေ ဘယ်လောက် ပူသည်ကို နှုတ်နှင့် ပြော၍မရ။ စာဖွဲ့၍ မဖြစ်နိုင်။ ကိုယ်တိုင် ကြုံရမှ သိနိုင်မည်။

သူသည် ပြာကျခဲ့ပြီလား။

ပြာပုံထဲကိုတော့ သူရောက်ရပြီ။

သူ့ ရှေ့ဘဝကို မျှော်လင့်ချက် ထားကြည့်သော်လည်း

အားလုံး မှောင်ပိန်းဆဲ။

(၁၃)

တစ်ခါတလေတော့လည်း ပျော်စရာ၊ ရယ်စရာကလေးတွေကို သူ ပြန်တွေးကြည့်သည်။

လင်းခေးမှာ ကုန်တင်ကားမောင်းစဉ် ကားပျက်၍ ကားလမ်းနံဘေး ညအမှောင်ထဲ ချမ်းချမ်းစီးစီး မီးလှုံခဲ့ရတာ။ လင်းခေးမှာ ဘောလုံးကန်ခဲ့ကြတာ။ တောင်ကြီးမှာ တိတ်ဆိတ်လှသည့် တောင်ပေါ်လမ်းကို လမ်းလျှောက်သွားခဲ့ကြတာ။ ပြီးတော့ မန်းတက္ကသိုလ်၏ မမေ့နိုင်သော အဆောင်နံဘေး သီချင်းညတွေ။ မြန်မာ့အသံ ရှမ်းတိုင်းရင်းသား အစီအစဉ်အတွက် ပထမဆုံး အသံသွင်းခဲ့သည့် အတွေ့အကြုံ။

(၁၄)

သူသည် ချိုမြသလောက် သွက်လက်သည့် အရိုင်းဗုံသံလို ပထမဆုံး ရင်ခုံခဲ့ရတာကိုလည်း သတိပြန်၍ရလာသည်။

၉ တန်း ကျောင်းသားဘဝ၊ လွယ်လင်မှာ။ ကရင်မလေး မနော်သည် အားကစား အပြေးထူးချွန်၊ ချာ့ချ်မှာ သီချင်းအဆိုကောင်း။ နပျိုပူနွေး ချိုမြိန်သည့် စိတ်ကူးယဉ် ရင်ခုန်သံလေးပင်။ သို့သော် တကယ် ထုထည်နှင့် ဒြပ်။ ဆုပ်ကိုင် သတ်မှတ်ပြ၍ မရနိုင်။

တက္ကသိုလ် ကျောင်းသားပေါက်စ။

တောင်ကြီးပြန်လာစဉ်မှာ အချိုနှင့် တွေ့ခဲ့ကြသည်။ အချိုကား ပောနန်း အနွယ်တော် စော်ဘွားမြေး။ ရန်ကုန်မှာ နေထိုင် ကြီးပြင်းသူ။ တောင်ကြီးအိမ် ခဏ ပြန်လာစဉ် အခိုက် ဂီတဝါသနာ ပါသူမို့ ဂျပ်ဆင်တို့နှင့် တီးခတ်သီဆို။ ဆိုရင်း တီးရင်း ရင်းနှီးခဲ့သည်။

အချိုသည် ထိုစဉ်ကတော့ ပီဘိကလေး။ ညီမတစ်ယောက် သဖွယ်ပင်။ စိတ္တဇအလွမ်း စီးရီး သွင်းနေစဉ် ကိုဆက်မော် အိမ်မှာ ရှိရမည်ဆိုပြီး အချို လှမ်းဖုန်းဆက်သည်။ ထိုအချိန်တုန်းက အမေနှင့် စိတ်တွေ ကောက်၍ ရန်ကုန်မှာ အချို နေနေစဉ် သူက အချို လမ်းသွေဖယ်သွားမည် စိုး၍ တောင်ကြီး ပြန်ပို့ပေးရန် ကြိုးစား ချော့ခေါ်ခဲ့တာတွေ တရေးရေး ပေါ်လာခဲ့သေးသည်။

အချိုက တောင်ကြီးအထိ မသွားပဲ ကလေးလေး တစ်ယောက်လို စိတ်လိုက်မာန်ပါ အောင်ပန်းမှာ ကားပေါ်က ဖွတ်ဆင်းသဖြင့် သူလည်း လိုက်ဆင်းခဲ့ရသည်။ သူ့ သူငယ်ချင်းဆီကို ရောက်သွားခဲ့ကြတာ။

(၁၅)

သူတစ်ယောက်တည်း ပြုံးတော့ ပြုံးမိသေးသည်။ သို့ပါသော်လည်း သူ့ အပြုံးက အပြုံး မပီသ။

အဲသည့်နောက် ရင်ဘတ်ပေါ်ကို လက်တင်လိုက်သောအခါ လက်ဖဝါးကို လာတိုးသည့် နလုံးခုန်သံ။ သူ ပြန်စဉ်းစားကြည့်မိသည်။

"မောင့် လားဟူမလေး" ဟုပင် သူ သီချင်းရေးဖွဲ့ သီဆိုခဲ့ရသည်။ မန်းတက္ကသိုလ် နယ်မြေတွင် တွေ့ခဲ့ကြ။ ပထဝီဝင် မေဂျာ ကျောင်းသူ။ ကဇ္ဇနဆောင် ကျောင်းသူ ဘဝကတည်းက တေးဂီတနှင့် သီချင်းများကို အရင်းခံလျက် သံယောဇဉ် ရှိလာခဲ့ကြသည်။ နောင် သစ္စာဆောင် ရောက်သည်အထိ တေးသီချင်းနှင့် ဂီတသံစဉ် လှပဆဲ။

ဒါပေမယ့် အခုတော့ဖြင့် ရေရေရာရာ ဘာမျှ မရှိတော့ပြီ။ မီးဝေးချိတ်ပမာ တင်းမာခဲ့ပြီ။ သူ့နှလုံးသား တစ်ချက် ခုန်လိုက်တိုင်း ခုန်လိုက်တိုင်း နာကျင်မှုကိုသာ သူ ခံစားနေရသည်။

လေပြင်းကျ၍ လွင့်မျောချေပြီ။

(၁၆)

လွင့်မျောကာလမှာ အရိပ်ခိုနားစရာပမာ သူ့ကို စောင့်ရှောက်ခဲ့တာက ဦးမဂ္ဂနာ ဖြစ်သည်။ သူ့ကို ချစ်ချစ်ခင်ခင် လေးလေးမြတ်မြတ် ထားခဲ့သည်။ ရိက္ခာရုံးစာရေး တာဝန်ပေး၍ စာအုပ်စာတမ်းများနှင့်သာ သူ အလုပ် လုပ်ရသည်။ အိပ်ရာ သီးသန့်နေပြီး လွတ်လပ်စွာ ဂစ်တာ တီးနိုင်ခဲ့သည်။

ထိုဂစ်တာသည်သာ သူ၏ လတ်ဆတ်သန့်ရှင်းသော လေပြည် လေညှင်းကလေး ဖြစ်ခဲ့သည်။ ကက်ဆက်ကလေး တစ်လုံး ရှိထားပြန်ရာ သူ၏ ပြတင်းပေါက်ပဲ ဆိုရမည်။

(၁၇)

ကက်ဆက်ကလေးမှ တစ်ဆင့် သူ နားဆင်ခဲ့၊ သိခဲ့ရသည်။

သူတို့၏ The Wild Ones အဖွဲ့နှင့် ဆရာ စိုင်းခမ်းလိတ်တို့ အမျှော်လင့်ကြီး မျှော်လင့်ထားခဲ့သော "သဘာဝရဲ့ရင်သွေးငယ်တွေ" တေးစီးရီးကို ဆိုင်တွေက အခွေနှစ်ပိုင်း ခွဲပစ်လိုက်ကြသည်။

စိုင်းထီးဆိုင်၏ အခွေအသစ် ထွက်စရာက ဘယ်လိုမှ မရှိနိုင်၍ လက်ထဲမှာ ရှိထားသော တေးသီချင်းများကို စီးပွားရေး တွက်ချက်မှု အမြင်မျိုးဖြင့် ပိုင်းခြားလိုက်ခြင်း ဖြစ်ပုံရသည်။

စောသိမ်းဝင်း၊ စိုင်းဆေနော်တို့ သီချင်းတွေနှင့် ဖြည့်ထည့် တွဲလျက် "နွေနံနက်ခင်း" သီချင်းခွေက တစ်ခွေ ထွက်ခဲ့သလို ကိုဆက်မော်ဆိုသော သီချင်းတွေနှင့် တွဲလျက် "သဘာဝရဲ့ ရင်သွေးငယ်တွေ" တစ်ခွေ သပ်သပ် ထွက်လာသည်။ မူလရည်ရွယ်ချက်ကတော့ ပျက်စီးသွားခဲ့သည်ဟု ဆိုရပေမည်။

(၁၈)

The Wild Ones အဖွဲ့က စိုင်းဆေနော်၊ စောသိမ်းဝင်းတို့ နှစ်ယောက် "ဆက်ရက်မ" စီးရီး တစ်ခွေ အားထုတ် ကြိုးပမ်းထွက်ခဲ့ကြသေးသည်။

သူက အဝေးကို ရောက်နေသော်လည်း စတီရီယို နယ်ပယ်မှာ ကိုယ်ပိုင်သံစဉ် မြန်မာသီချင်းများ ပို၍ အားကောင်းမောင်းသန် ဖွံ့ဖြိုးလာကြတာကို ကက်ဆက်ကလေး ကျေးဇူးအားဖြင့် သိခွင့်ရလေသည်။

ခိုင်ထူး၊ ခင်ဝမ်း၊ ကိုင်ဇာတို့ သီချင်းတွေ ကြားရသည်။ ဆလိုင်းသွဲအောင်၊ ဂျွန်သင်ဇမ်း၊ ဖိုးချိုတို့ အခွေများ ပေါ်ထွက်လာသည်။ ခင်မောင်တိုး၏ "အဋ္ဌလီအတွက် အဋ္ဌလီ" နားဆင်ခဲ့ရသည်။

(၁၉)

၁၉၈၀ ပြည့်နှစ်။

အနေဝေးကွာ ကန့်လန့်ကာခြားနေခဲ့တာ။ သုံးနှစ်နှင့် လေးလခန့်အကြာ။

*"သောကအတွက် သက်သက်*

*ဖြစ်လာလေတဲ့ အရှုံးတွေ*

*သတိရတိုင်း၊*

*ခွင့်လွှတ် မရနိုင်နေတဲ့ အမိုက်အမဲ၊*

*အဖြူပေါ် ပေကျံ ငြိစွန်းခဲ့တဲ့ ဘဝ၊*

*စင်စင်ကြယ် တစ်ဖြစ်လဲ*

*လရောင် ထွန်းခဲ့ပြီ။*

*ငြိမ်းချမ်းရေး နိမိတ်ရဲ့*

*အသွင်ကို ပြတယ်"*

*(နယုန်ညမှာ သာတဲ့ လရယ်. . အို. . )*

*နယုန်လမှာ သာတဲ့လ*

*(ရေး-ဆို စိုင်းထီးဆိုင်)*

(၂၀)

ငှက်လောင်ချိုင့် တံခါးကလေး ပွင့်လုပ်သွားခဲ့ပြီ။

အတောင်ပံ မခတ်ရတာ ကြာ၍ ညောင်းညာနေသော ကြွက်သားများကို သူ ဆန့်ထုတ်လိုက်သည်။ အတောင်ပံကား လေးလံဆဲ။ မိုးကောင်းကင်ကား အပြောကျယ် လှ၏။ ရာသီဥတု ပြောင်းလဲမှုတွေကို သူ မသိသေး။

ဘယ်လိုပဲ ဖြစ်ဖြစ် သူ ပျံသန်းရတော့မည်။

စဉ်းစားကြည့်၊ ဘယ်လောက်များ ပျော်စရာ ဖြစ်ပါသလဲ။ အပျော်ရွှင်ဆုံး နေ့ရက်အဖြစ် ရေတွက်ကြသသည့် နေ့တစ်နေ့၊ နေ့စဉ်လက်ချိုး၊ စောင့်မျှော်ခဲ့ရသည်။ ဒါပေမယ့် တကယ် ကြုံရတော့ ထင်သလောက် သူ တုန်လှုပ်ဝမ်းသာခဲ့ခြင်း မရှိ။

ရှေ့လာမည့် အနာဂတ် နေ့ရက်တွေကို သူ မျှော်ကြည့်မိသည်။



*အခန်း(၁၅)*

အသစ် မွေးဖွားခြင်း

(၁)

ချစ်သော ရောင်းရင်း၊ အပေါင်းအသင်းများထံ သူ အရောက် ပြန်လာခဲ့ရာ သူတို့ အားလုံး လှိုက်လှိုက်လှဲလှဲ ကြိုဆိုခဲ့ကြသည်။

ဂျက်ဆင်က ပုလဲနှင့် ငါးတွင် အလုပ် ဝင်လုပ်ခဲ့၍ မြိတ်၊ ကော့သောင်းအထိ ကျွန်းပတ်သင်္ဘောများနှင့် သွားခဲ့သည်။ ယခု အလုပ်က ထွက်ပြီး အားလပ်နေသည်။ ရန်ကုန်မှာပဲ နေသည်။

"ပီထီး အဝေးကို ရောက်နေခဲ့တဲ့ သည်ကြားထဲမှာ စိုင်းဆေနော်၊ စောသိမ်းဝင်းတို့နဲ့ ဆက်ရက်မ တစ်ခွေ ထွက်လိုက်ကြသေးတယ်၊ အဲသည့်နောက်ပိုင်း The Wild Ones က အနားယူသွားသလိုမျိုး ဖြစ်နေတယ်၊ တကယ်တမ်းကျ အလုပ်တွေ လုပ်နိုင်သေးတာပဲ၊ အခုတော့ တစ်ကွဲတစ်ပြားနဲ့ပေါ့။ ခမ်းသီက မိုင်းကိုင် ကျေးသီးမှာ ဆိုလား။ ဟိုင်းငမ်းမှာ ဆိုလား။ ဆွဲခန့်ဆရာတဲ့။ ဆရာလိတ်က ပြင်ဦးလွင်မှာ လက်ထောက်ဆရာဝန်၊ ဘာပဲပြောပြောကွာ၊ ပီထီးလည်း ပြန်ရောက်လာပြီ၊ အမှတ်တရ ဖြစ်အောင် The Wild Ones နဲ့ တစ်ခွေတော့ ဖြစ်အောင် လုပ်ရအောင်"

(၂)

မြေပြန့်ပြင်၏ ထိပ်ဦးရှိ တောင်ပေါ်က လွင်။

မြေပြန့် အပူငွေ့ဆီမှ တက်လာသောအခါ ရှမ်းကုန်းပြင်မြင့်၏ အအေးဓာတ်က အမေ တစ်ယောက်လို ယုယစွာဖြင့် ပိုက်ထွေး ကြိုဆိုသည်။ သည်မြို့ကလေးကို လာရတာ အမေ့ရင်ခွင်မှာ ခိုလှုံရသည့်ပမာ။

ပြင်ဦးလွင် ပြည်သူ့ဆေးရုံဝင်းအတွင်း ထင်းရှူးပင်ကြီးတွေက မှိုးမှိုးမတ်မတ်။ မြွေလို ရစ်ခွေကောက်ကွေ့သော ကတ္တရာလမ်းနှင့် ဆင်ခြေလျှော ပြေပြေကလေး၏ ပခုံးပေါ်ရှိ တိုက်နီကလေးသို့ ရောက်လာကြသည်။

ဆရာ စိုင်းခမ်းလိတ်ကား ဘာမျှ မပြောင်းလဲ။ နားကျပ်ကို ပခုံးပေါ်တင်လျက်။ ဆေးရုံဘက်မှ အေးအေးဆေးဆေး လမ်းလျှောက်လာနေသည်။ နှုတ်ခမ်းမွေး မည်းမည်း။ မျက်လုံးများ တောက်တောက်ပပ။

ကိုထီးကို မြင်တော့ အပြုံးလဲ့လဲ့ ပွင့်လန်းလာသည်။ ကိုထီး ပခုံးကို တင်းတင်း ဆုပ်ကိုင်ပြီး

"ပြန်လာပြီ ဟုတ်လား၊ အလုပ်တွေ ပြန်လုပ်ကြအောင်"

အားရှိစရာ ကောင်းလိုက်သည့် စကား။

(၃)

ဆရာ စိုင်းခမ်းလိတ်မှာ ရေးထားပြီးသား သီချင်းတွေ အဆင်သင့် ရှိနေသည်။ ထိုသီချင်းများကို ပြင်ဦးလွင်၌ပင် ကြေညက်သွားအောင် အပြီး သင်ကြသည်။

ဆရာလိတ် အိမ်မှာ ဆက်တီတစ်စုံ ရှိသည်။ "မောင်မနေတတ်ဘူး" သီချင်းကို ရုပ်ရှင်မင်းသား ကျော်ဟိန်း ဝယ်ယူ သီဆို၍ လက်ထဲ အဖတ်တင် ဖြစ်ကျန်ခဲ့သော အမှတ်တရ ဆက်တီဖြစ်သည်။

ထိုဆက်တီပေါ်၌ သီချင်းတွေ ကျင့်ကြသည်။ ဆရာလိတ် မိခင်ကြီးက အချက်အပြုတ် ကောင်း၊ သူ့ လက်ရာ စားကောင်းသောက်ဖွယ်များ စားကြရသည်။

ဆရာလိတ် လက်ရာ သီချင်းများအနက် "ဥပေက္ခာ လောကသား" ကိုတော့ သူ အားအရဆုံး ဖြစ်သည်။ သူ့ဘဝနှင့်လည်း တိုက်ဆိုင်သလို ဖြစ်နေသည်။

*"အခန်းထောင့်က*

*စားပွဲပေါ် တင်ထားတဲ့*

*ဆုတံဆိပ်တွေ ဖုန်တက်တော့*

*အောင်မြင်မှုရယ်*

*မနေ့က ကျန်ခဲ့ပြီ။*

*အသစ်လုပ်ဖို့ အားအင်ကုန်ခန်း၊*

*အပေါင်းတွေးပြီး မွှေလျော်*

*ပျော်ရွှင်ခြင်းရယ် မလတ်ဆတ်နိုင်တော့ပြီ။*

*ကက်ဆက်က ဖွင့်တဲ့ ကိုယ့်သီချင်းတွေ*

*ကြားမိတိုင်း ရှက်တယ်။*

*အမှန်တရားရယ် အတွေးထဲ ကျန်ခဲ့ပြီ"*

(၄)

ဘာပဲပြောပြော အသံသွင်းတော့ သူအတတ်နိုင်ဆုံး ကြိုးစား အားထုတ် ခဲ့သည်။ ရင်နှင့်အမျှ ရင်းနှီးပြီး သီဆိုခဲ့သည်။ ဘာကိုမျှတော့ သိပ်ကြီး မမျှော်လင့်ရဲ။

ပရိသတ် အခြေအနေကို သူ တိကျစွာ မခန့်မှန်းနိုင်။

ဂီတစီးပွားရေး လောကနှင့် သူ ကင်းကွာသွားတာ သုံးနှစ်ကျော်၊ လေးနှစ်နီးပါး ရှိခဲ့ပြီ။ ထုတ်လုပ်သူတွေကတော့ သူ့ကို အစမ်းသဘော လွှတ်ကြည့်တာ ဖြစ်မလား မသိ။ သို့သော် သူ ဘာကိုမျှ မတွေးတော့။ လုပ်စရာရှိတာ ခွန်အားအပြည့်၊ စိတ်ပါလက်ပါ ဆောင်ရွက်ခဲ့သည်။

ပြီးပြီပေါ့။

(၅)

ထိုအချိန်တွင် ဂေါ်ဒင်ဂေါနှင့် ပီတာပေါ ညီအစ်ကိုတို့က ရန်ကုန် တက္ကသိုလ် ပရိဝုဏ်၊ ဂျဒ်ဆင် Chapel Road နေအိမ်မှ မရွှေ့ပြောင်းကြသေး။

ကွဲကွာနေသော သူငယ်ချင်းတွေ အားလုံး ပြန်စုစည်းမိကြတာ အားရစရာပဲ ဖြစ်သည်။

ကိုဆက်မော်ကလည်း သူ့အချစ်တော် ဖောက်စဝဂွန်လေးနှင့် ရောက်ရောက် လာတတ်သည်။

ဂေါ်ဒင်တို့ အိမ်မှာ စကားပြော။ ပျင်းလျှင် ကိုဆက်မော်က ရှမ်းလမ်းအိမ်ကို ခေါ်သွားသည်။ ဟိုမှာ သူ့အခန်း သပ်သပ်ရှိသည်။ Record Changer များ နားထောင်၍ ရသည်။ တစ်ခါတစ်လေ သူ့ဆီမှာပဲ လိုက်အိပ်ဖြစ်၏။

ချက်ပြုတ်တာ မအားလျှင် ကိုယ့်ဘာသာ အပြင်မှာ ထွက်စားကြလေသည်။ ဒါပေမယ့် ကြာလာတော့ ကိုယ့်ဘာသာ ချက်ပြုတ်သည့် လက်ရာရော၊ ဆိုင်လက်ရာများပါ ငြီးငွေ့လေပြီ။

(၆)

တစ်နေ့တော့ ကိုဆက်မော်က ထူးထူးဆန်းဆန်း စကား စလာသည်။

"ဗီထီးရေ အိမ် ထမင်းဟင်း လက်ရာကောင်းကောင်းလေး မစားချင်ဘူးလား"

"ဟာ ဘယ့်နယ့် ပြောပါလိမ့်၊ မစားချင်တဲ့ လူ ရှိပါ့မလား"

"ဒါဆို ဟုတ်ပြီ၊ကျွန်တော် စီစဉ်လိုက်မယ်"

ကိုဆက်မော်က အပေါင်းအသင်း ဝင်ဆံ့။ မိတ်ဆွေသင်္ဂဟ ပေါ်များသူ။ အံ့သြစရာ မရှိ။ ချက်ချင်း ဖုန်းဆက်သည်။

"ခင်အေးသီလား၊ မနက်ဖြန် နေ့လယ်လောက် လာလည်မလို့လားဟေ့၊ စိုင်းထီးဆိုင်လည်း ပါလာလိမ့်မယ်" ဟု ဆိုသည်။ ဟိုဘက်က ဘာပြန်ပြောသည်မသိ။

"နေ့လယ်စာ စီစဉ်မလို့လား၊ ဟာ အားနာစရာကြီးပါ" ဟု ဆိုနေသေးသည်။

"မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲကတော့ ချက်ချင်တာသာ ချက်ထား၊ ဗိုက်ဝဖို့က လိုရင်းပဲ" ဟု ပြောလိုက်လေသည်။

(၇)

နောက်တစ်နေ့ကျ ထီးတန်းဘက်က မခင်အေးသီတို့ အိမ်ကိုသွား။

ဟိုကျတော့ အားလုံးက လိုလိုလားလား၊ မိတ်ဆက်ပေး။ မစားခင် စကားစမြည် ပြောကြ။ စားသောက်ပြီးတော့ ဂစ်တာတီး သီချင်းဆိုလျှင် သူတို့က အိမ်ရှိ ကက်ဆက်နှင့် အသံဖမ်းယူထားကြလေသည်။

"လာလည်တဲ့ လူတွေကို ဒါ ငါတို့အိမ်မှာ စိုင်းထီးဆိုင်တို့၊ ဆက်မော်တို့ လာကြတုန်းက တီးသွား ဆိုသွားတာလို့ ကြွားဖို့လေ" ဟု ဆိုသည်။

ကိုသန်းမြင့် (ဘဂျ်)၊ မကြူ အစရှိသဖြင့် ကိုဆက်မော် စီမံထားသော စားအိမ် သောက်အိမ်များ ရှိနေသည့်အတွက် အစစအရာရာ အဆင်ပြေလျက် ရှိတော့၏။

(၈)

တစ်ရက်တော့ ခင်အေးသီက ဖုန်းဆက်လာသည်။

"ဆက်မော်ရေ၊ စားအိမ်သောက်အိမ် တစ်အိမ် တိုးတော့မယ် နင်တို့ကို ဖိတ်ချင်လို့တဲ့"

"ဟာ ကောင်းတာပေါ့၊ ဘယ်က ဘယ်သူလဲ"

"ခေမာလမ်းထဲက တို့သူငယ်ချင်းပါ၊ မစိုးတဲ့။ RASU မှာ Botany တက်နေတာလေ၊ အဲဒါ ဟိုတစ်နေ့က အိမ်မှာ ဆိုသွားတဲ့ သီချင်းခွေ ဖွင့်ပြပြီး ကြွားလိုက်တာ၊ ကိုထီးနဲ့လည်း ခင်နေကြပြီလို့ပေါ့၊ မစိုးတို့ တစ်အိမ်လုံးက ကိုထီးသီချင်းတွေဆို အရမ်းကြိုက်ကြတာတဲ့၊ ဒါကြောင့် သူတို့အိမ်ကလည်း ဖိတ်ချင်နေတယ်လေ၊ မစိုးက လာပြီး အပူကပ်နေတယ်"

ကိုဆက်မော်ကတော့ ပျော်ပျော်ရွှင်ရွှင် ပေါ့ပေါ့ပါးပါးပင်။

"စီစဉ်လိုက်ပါဟာ၊ အသိမိတ်ဆွေ အိမ်တစ်အိမ် တိုးတာ သတင်းကောင်းပဲ ဥစ္စာ"

(၉)

ရန်ကုန်တက္ကသိုလ် ပရိဝုဏ်ထဲရှိ ဂေါ်ဒင်ပေါတို့ အိမ်သို့ ခင်အေးသီနှင့်အတူ သူ့ သူငယ်ချင်း မစိုး (ခင်သန်းစိုး) လိုက်လာသည်။

ပိန်ပိန်သွယ်သွယ်၊ ပုပုသေးသေး၊ အသားညိုညို၊ မျက်လုံး တောက်တောက် ကလေးနှင့် မစိုးသည် စကားလည်း မပြောသလောက်ကို နှုတ်နည်းသည်။ ပုံစံက ယောကျ်ားလျာလိုလို၊ ဂန့်ဂေါ် ပုဆိုးဆင် ဝတ်ထား လိုက်သေးသည်။

ဖိတ်ထားသော နေ့။

စမ်းချောင်း ခေမာလမ်းထဲရှိ မစိုးတို့အိမ်ကို အလည်ရောက်သွားကြသည်။ သစ်ပင် အရိပ်အာဝါသ ကောင်းသော ခြံဝင်းကျယ်ကြီးထဲမှာ ရှေးကိုလိုနီလက်ရာ မီးရထားအိမ်။ အောက်အုတ်ခံ။ အပေါ်ထပ်က ရေနံ့ဝအောင် သုတ်ထားသည့် ပျဉ်ထောင်မည်းမည်း။ ပြတင်းပေါက်များများ။ အမိုးချွန်ချွန်။

(၁၀)

"အိမ်ပေါ် တက်ကြပါ"

မစိုးက အသံတိုးသော်လည်း ဖော်ရွေပျူငှာ ဖိတ်ခေါ်လိုက်သည်။

ရေးပုံစံ လေ့ကားအတိုင်း တက်လာရာ ဘယ်ဘက်ချိုးကွေ့ တက်လိုက်သည်နှင့် အရှေ့တည့်တည့်မှာ ဆီဆေး ပန်းချီကားကြီး တစ်ချပ်။ ၁၆ လက်မ၊ ၁၈ လက်မ အရွယ်။ အိမ်လယ်ခန်းမှာ ထင်းထင်းကြီး ချိတ်ဆွဲထားတာ။

ကိုထီးသည် ကိုယ့်မျက်စိကို ကိုယ် ပြန်မယုံနိုင်။ တကယ့်ကို အထိတ်တလန့်၊ တအံ့တသြ မဖြစ်ဘဲကို မနေနိုင်။ တကယ် အလစ်အငိုက်မိသွားသည်။

## (၁၁)

ပန်းချီကားထဲမှ ဆီဆေး အရောင်တွေက တောက်တောက်ပပ၊ စူးစူးရဲရဲ၊ စုတ်ချက်တွေကလည်း လွတ်လွတ်လပ်လပ် ရှိလှသည်။ ထိုပန်းချီကားထဲမှ ထူထဲသော မျက်မှန်အောက်ရှိ အတန်ငယ် မှေးစင်းသော မျက်လုံးများဖြင့် သူ့ကို တည့်တည့်ကြီး စိုက်ကြည့်နေတာ။

သူကိုယ်တိုင်ပဲ ဖြစ်နေသည်။

နှုတ်ခမ်းမွေး မည်းမည်းတွေကလည်း သူ့နှုတ်ခမ်းမွေးများပင်။ နဖူး၊ မေးရိုး အားလုံး သူ ဖြစ်နေသည်။

## (၁၂)

ကိုထီးသည် သူ၏ ရုပ်ပုံလွှာ ပန်းချီကားကို အပီအပြင် ရေးဆွဲပြီးတော့ အိမ်လယ်ခန်းတွင် တခမ်းတနား အမြတ်တနိုး ချိတ်ဆွဲထားသည့် အိမ်တစ်အိမ်သို့ အလည်ရောက် သွားရလိမ့်မည်ဟု စိတ်ကူးအိပ်မက်မျှပင် မမက်ခဲ့စဖူး။

## (၁၃)

ပန်းချီကား၏ လက်ရာရှင်ကား မစိုး၏ အစ်ကို ကိုခင်မောင်သန်း။ မွေးရာပါ နလုံးရောဂါ ရှိသူဖြစ်သည်။ အနုပညာ လွန်စွာ စိတ်ထက်သန်သည်။ ဆရာပေါ်ဦးသက်ထံ ပန်းချီသင်ဖူး၍ Abstract ပန်းချီများ ရေးသည်။

မစိုးတို့မှာ မောင်နှမ သုံးယောက် ရှိကြရာ အစ်မက အပျိုကြီး။ သူလည်း ယောကျ်ားလျာလိုလို ပုံစံပဲ ဖြစ်သည်။

မစိုး ဖခင်က ဗဟုသုတ နှံ့စပ်သော ရေးလူကြီး တစ်ယောက်။ ရေးလူကြီးပင် ဖြစ်သော်ငြားလည်း Times,Newsweek အစရှိသည့် စာအုပ်များ မှန်မှန် ဖတ်ထား၍ မျက်မှောက်ခေတ် ကမ္ဘာ့ရေးရာများနှင့် အဆက်မပြတ်။ အားလုံး သိထားသည်။



[illegible]နိုး၏ အစ်ကိုဖြစ်သူ ခင်မောင်သန်းမှ သူ၏ လက်ဝဲ [illegible]

(၁၄)

သူတို့အားလုံး ကိုထီးကို ရင်းရင်းနှီးနှီး ဖြစ်နေကြတာ အံ့သြစရာ ဖြစ်လေသည်။ ယခင်တုန်းက အိပ်မက်ထဲမှာ ဖြစ်ပျက် ကြုံတွေ့ပြီးသား အဖြစ်အပျက် တစ်ခုကို ပြင်ပ ဒိဋ္ဌလောကတွင် ထပ်တူထပ်မျှ ပြန်ကြုံတွေ့ရသည့် အလားသဏ္ဍာန်တူနေသည်။

မစိုး ဖခင်ကြီးက ကမ္ဘာ့ရေးရာများ နီးနှောသည်။ ကိုခင်မောင်သန်းကတော့ သီချင်းများအကြောင်း မေးလေသည်။ အချိန်တိုကလေးအတွင်း အားလုံး ရင်းရင်းနှီးနှီး၊ ပွင့်ပွင့်လင်းလင်း၊ ခင်မင်ရင်းချာ ဖြစ်သွားကြတော့၏။

(၁၅)

ကိုထီးက ကျောင်းထဲရှိ ဂေါ်ဒင်တို့ အိမ်မှာ စတည်းချတာ များသည်။ ကျောင်းပြန်တက်၍ ရနိုင်၊ မရနိုင် ကိစ္စကိုလည်း ရန်ကုန်တက္ကသိုလ် စိတ်ပညာဌာနသို့ ပြောင်းရွှေ့ ရောက်ရှိနေသော ဆရာကြီး ဒေါက်တာ စိန်တူထံ သွားသွားပြီး စုံစမ်းနေဆဲ။ တက္ကသိုလ် ပရိဝုဏ်အတွင်း ကျင်လည်နေချိန် ဖြစ်၏။

ကျောင်းထဲမှာ မစိုးနှင့် မကြာခဏဆိုသလို တွေ့ကြသည်။

တွေ့လျှင် ဟိုက ဘာစကား တစ်ခွန်းမျှ မဟ။ မစိုး၏ ပင်ကိုသဘာဝ အလွန် နှုတ်နည်းသည်။ ကင်တင်းသွားလည်း အတူတူ လိုက်လာသည်။ သို့သော် စကားလုံးတွေက အရှားပါးဆုံး။ အတန်းထိ ပြန်လိုက်ပို့လည်း မျက်လုံးနှင့်ပင် နှုတ်ဆက်ပြီး အခန်းထဲသို့ သူ့ဘာသာ ဝင်သွားတတ်သည်။

ဂေါ်ဒင်တို့ အားလုံးကတော့ဖြင့် စကြ၊ ပြောင်ကြလေပြီ။

(၁၆)

ကိုထီး အသက် မငယ်တော့ပြီ။ ၃၁ နှစ်ပင် ရှိပြီ။

မစိုးက ကိုထီးထက် ၁၁နှစ်ခန့် ငယ်သည်။ ကိုထီးသည် အရိုင်း အစိမ်း မဟုတ်။ ဒါပေမယ့် မစိုးအပေါ် သူ ရင်ခုန်နေပြီလား။ ထူးခြားချက်ကတော့ ရှိသည်။ ဒါပေမယ့် ဘယ်က စ၍ ဘာကို ပြောမည်နည်း။ ကိုထီး သက်ပြင်းချရချေပြီ။

သူကိုယ်တိုင် ဒွိဟစိတ်နှင့်။ ချိတုံ ချတုံ တွန့်ဆုတ်တွေဝေဆဲ။ သူနှလုံးသား လှုပ်ခုန်နေတာတော့ သေချာသည်။ သည်တစ်ခါ လွန်စွာ လေးနက်လွန်းနေသည်။

(၁၇)

"ဥပေက္ခာ လောကသား"သီချင်းခွေ အောင်မြင်စွာ ထွက်သွားပြီ။

သို့သော် ဘာအသံမျှ ပြန်မကြားရသေး။ သူ့ ပရိသတ်ဟောင်းတွေက အားပေးကြသော်လည်း ယခင်လို သည်းသည်းလှုပ်လှုပ် မဟုတ်သည့်နှယ်။ သူ့အတွက် ထုံနေသလို ခံစားချက်ပဲ ဖြစ်ရသည်။

သီချင်းကိုဖြင့် နောက်ထပ် မဆိုတော့ဘူးပဲ ဆုံးဖြတ်သည်။ အသက်လည်း အတန်ရပြီ။ ဘဝ အတွေ့အကြုံတွေလည်း မနည်းတော့။ ဒဏ်ရာဒဏ်ချက်တွေ များလွန်းပြီမို့ ပိုရင့်ကျက်လာဖို့ပဲ ကျန်တော့သည်။

သူ လင်းခေး ပြန်မည်။ ဟိုမှာပဲ အရောင်းအဝယ် လုပ်တော့မည်။ အိမ်ဆောက်ပစ္စည်း ဆိုင်ကလေး တည်ဖို့ ရန်ကုန်မှာ စုံစမ်း။ အချို့ ကုန်မာပစ္စည်းတွေ ဝယ်ယူ စုဆောင်းဖြစ်သည်။

ကုန်မာပစ္စည်းဆိုင်တွေ သွားလျှင် ကိုဆက်မော်လည်း လိုက်လိုက်လာပေးရာ တစ်ခါကျတော့ ဆိုင်ထဲရှိ တစ်နေရာကို လက်ညှိုးထိုးပြီး

"တောင်ပေါ်မှာ အသုံးဝင်တယ်၊ ဝယ်သွားပါလား၊ စိတ်ကူးမလွဲနဲ့နော်" ဟု တိုက်တွန်းသည်။

ညွှန်ပြရာကို ကြည့်လိုက်တော့ သဘော် ကျောက်ဆူးကြီး ဖြစ်နေလေသည်။

(၁၈)

ကိုဆက်မော် နောက်ပြောင်မှန်း သိသော်လည်း ကိုထီး၏ ပင်ကိုသဘာဝနှင့် အရောင်းအဝယ် ကိစ္စ။ ထိုမျှအထိ လွဲချော်သွားနိုင်ကြောင်း သွယ်ဝိုက်ပြီး အလေးအနက် သတိပေးသလိုမျိုးလည်း ဖြစ်နေသည်။

(၁၉)

လင်းခေး ပြန်ခါနီး မစိုးကို နှုတ်ဆက်တော့ မစိုးက "စာအုပ်ပို့လိုက်မယ်" ဟု ဆိုလေသည်။

ထိုစကားအဓိပ္ပါယ်ကို သူ ကောင်းစွာ နားမလည်။ ဒါပေမယ့်လည်း အနီးနားမှာ တခြား သူငယ်ချင်းတွေ ရှိနေ၍ သူ ထပ်မမေးမိ။ မေးကြည့်သည့်တိုင် မစိုးကလည်း သေသေချာချာ ပြောပြချင်မှ ပြောပြမည်။ တစ်စုံတစ်ခု လျှို့ဝှက်သည့် အနက် အဓိပ္ပါယ်ကတော့ ဆောင်သည်။

သူ့ဘာသာ စဉ်းစားကြည့်သော်လည်း အဖြေက မပေါ်။

(၂၀)

အဖေနှင့် အမေရှိရာ လင်းခေး ရင်ခွင်ထဲသို့ ပြန်သာလာခဲ့ရတာ စိတ်တော့ တထင့်ထင့်နှင့်ပင်။ အဖေနှင့် သူ့အကြား ဝေးလှမ်းသော ကွက်လပ်တစ်ခုအမြဲ ရှိခဲ့၍ ထိုကွာဟချက်သည် ယခုအချိန်မှာ သိပ်များ ကြီးမားသွားမည်လား။

အမေကတော့ အမြဲတမ်း အမေ။ ကမ္ဘာပေါ်မှာ ရှိရှိသမျှ အမေတွေကတော့ ခြားနားခြင်း မရှိ။ တူညီကြလိမ့်မည်သာ။ ယခင်က အမေ ပူပင်သောက တဖွဖွ ပြောလျှင် ကျွဲပါးစောင်းတီး စကားလို။ အသိခက်သည့် သား။ ဖွတ်တရွတ်နိုင်ခဲ့သည်။ မိဘစကား ပယ်ရှား၍ ဒုက္ခရောက်တာ ကိုယ်တွေ့ပဲမို့ ယခုတော့ နားလည်ခဲ့ပြီ။

(၂၁)

အမေက သူ့ကို တွေ့တော့ မျက်ရည် တလိမ့်လိမ့် ကျလာသည်။ ဝမ်းသာ၍ ကျသည့် မျက်ရည်လား။ ဝမ်းနည်း ကြေကွဲခြင်းလား။ သြော်. . . တောင်းဆိုးပလုံးဆိုးသာ စွန့်ပစ်ရိုး ထုံးစံ။ အမေ့အေးရိပ် သားပြန်ခဲ့ပြီပဲ။ အမေ့မျက်ရည် စိုစိုတွေ ခန်းခြောက်စေဖို့ မျှော်ရည်ကြိုးစားရတော့မည်။

*"လူကြုံရင် တမှာတည်းမှာ၊ လူလာတိုင်း တမေးမေးနဲ့ အဝေးရောက်နေတဲ့ သားတစ်ယောက်အတွက် ရတက်ငယ် မအေးတဲ့ မွေးမေမေရယ်. . .။ လွမ်းအားနဲ့ ပူပင်ကာ တဖွဖွပြောရင်၊ ကျွဲပါးစောင်းတီး စကားလိုပဲ၊ အသိခက်တဲ့သား ဖွတ်တရွတ်နိုင်အား၊ မိဘစကား ပယ်ရှားလို့ ဒုက္ခရောက်တာ ကိုယ်တွေ့ပဲမို့ သားမိုက် သိနားလည်ခဲ့ပြီ. . သီတာရေကြည် တစ်ပေါက်ကျ မိဘတိုင်း စိတ်အေးချမ်းမြ ထွေးပိုက်ချင်မယ်၊ သားလှရဲ့ နဖူးပြင်လေး မွေးကြူကာရယ်၊ ခေါင်းစိုက် မေးမှီရင်း ကဗျာအချို့ တအေးအေး ညည်းကာ ကျောသပ်လို့ ချော့သိပ်ပုံများ။*

*အဝေးရောက်တဲ့သား မမေ့ရက်နိုင်အား သောကစိတ်ကြေမွလို့ ဝမ်းနည်း ဆွေးပူနေတောင်မှ တောင်းဆုမပျက်တဲ့ အမေ့မေတ္တာ. . . ဘယ်ဆီ ဘယ်ဝယ် ရောက်ရောက် အချိန်တန်လို့ အပြန်လမ်းခရီးက အမေ့ရဲ့ ရင်ခွင်တစ်ပါးမှ လွဲရင် တစ်ခြား နားခိုစရာ မမြင်. . . တောင်းဆိုး ပလုံးဆိုးသာ စွန့်ပစ်ရိုးထုံးစံ၊ သားဆိုး သမီးဆိုး မစွန့်နိုင်တဲ့ ကျေးဇူးမြင့်မား မြင်းမိုရ်တောင်မက အမေ့ရဲ့ မျက်ရည်စို့စို့ ခမ်းခြောက်ဖို့ မျှော်ရည်ကာ အဝေးမှ အမေ့အေးရိပ်သားပြန်ခဲ့ပြီ. . . ။*

*မလွမ်းနဲ့တော့ သားပြန်ခဲ့ပြီ. . အမေ့အေးရိပ် သားပြန်ခဲ့ပြီ . . "*

*အမေ့အေးရိပ် သားပြန်ခဲ့ပြီ (ရေး-ဆို စိုင်းထီးဆိုင်)*

အဖေကား အိမ်မှာ မရှိ။ ရပ်စောက်၊ ပင်းတယဘက် ပလောင်တောင်များတွင် တရားစခန်း ရှိ၍ သွားနေသည်။

(၂၂)

လင်းခေး ရောက်ပြီး များမကြာမီ စာတိုက်မှ ပါဆယ်တစ်ထုပ် ရုတ်တရက် ရောက်လာသည်။ အတန်ငယ် အံ့အားသင့်နေသော လက်များဖြင့် ပါဆယ်ထုပ်ကို သူ ဖြည်ကြည့်လိုက်သည်။

(၂၃)

အထုပ်ထဲမှာ ဒိုင်ယာရီလို စာအုပ် တစ်အုပ် တွေ့ရသည်။ ပေးပို့လိုက်သူက မစိုး။

မစိုးသည် ထိုစာအုပ်ထဲမှာ ကိုထီးနှင့် ပထမဆုံး တွေ့ဆုံခဲ့ရသည့် နေ့စွဲမှစ၍ တစ်ရက်စီ၊ တစ်ရက်စီ အကြောင်းတွေကို ကဗျာတိုလေးတွေသဖွယ် စာညွှန့်များအလား၊ အမျိုးမျိုးပင် ရေးသားဖွဲ့နွဲ့ မှတ်တမ်းတင်ထားခဲ့လေသည်။

ကိုထီး အံ့သြလွန်း၍ သိသိသာသာ တုန်လှုပ်သွားခဲ့သည်။

အပြင်မှာ စကားနည်းလှသည့် မစိုး။ ထွင်းဖောက်မြင်ဖို့ ခက်ခဲလှသည့် မစိုး။ သိုသိုသိပ်သိပ် ရှိလှသူ။ သည်စာအုပ်ထဲမှာတော့ မစိုး၏ ခံစားချက်၊ မစိုး၏ စိတ်လှုပ်ရှားမှု အားလုံးကို အသေးစိတ် ပွင့်ပွင့်လင်းလင်း တွေ့နေရလေသည်။

စာမျက်နှာပေါ်က မစိုး၏ စိတ်ရှည်ညီညာစွာ ရေးထားသော လက်ရေးများကို လက်နှင့် စမ်း၍ပင် ကြည့်မိသေးသည်။ အပြင်မှာ ကိုထီးကို ရင်းရင်းနှီးနှီး ပြောဆို ဆက်ဆံခဲ့တာ မရှိဖူးပါဘဲနှင့် စာအုပ်ထဲမှာတော့ တကယ့်ကို ခင်ခင်မင်မင်ကြီး။ 'မင်း' ဟူသော နာမ်စားဖြင့် သုံးစွဲထားခဲ့သည်။ ဤမျှ ရိုးသား ရှင်းလင်းသော ခံစားချက်မျိုးကို ယခင် တစ်ကြိမ် တစ်ခါမျှ ကိုထီး တွေ့ကြုံခဲ့ဖူးခြင်း မရှိ။ သည်မှာက အားလုံး အနီးကပ်ဖြစ်နေသည်။ အားလုံး သူနှင့် သက်ဆိုင်နေသည်။

အခုတော့ သူ နားလည်သွားပြီ။

(၂၄)

ခုတင်ပေါ်ကို ပက်လက်ပစ်လှဲချပြီး မျက်စိကို အသာ မှိတ်ထားလိုက်သည်။ ဒါပေမယ့် သူအားလုံးကို မြင်နေရသည်။ မြင်သမျှ အားလုံးတို့လည်း အသက်ဓာတ်ဖြင့် လှုပ်ရှားနေခဲ့သည်။ မျက်လုံးဖွင့်လိုက်ပြန်တော့ လောကဓာတ် တစ်ခွင်လုံး ပို၍ပင် လင်းနေသည်။ ပို၍ စိမ်းစိုနေသည်။ ပို၍ လှပနေတော့သည်။

(၂၅)

ရန်ကုန်ဘက်မှ ဆွဲငင်အားတွေ များပြားလွန်းသော်လည်း လင်းခေးမှ ချက်ချင်း သူ မပြန်ဖြစ်သေး။

အမေက သူနှင့် စကားပြော၍ မဝနိုင်။ ပြီးတော့ ညီမလေးများ ဖြစ်ကြသော နန်းဝင်းထိန်၊ နန်းမြင့်အုန်း၊ နန်းသိန်းထွေး။ သည့်အောက်မှ သူနှင့်

အနှစ် ၂၀ခန့် ငယ်သော ညီလေး စိုင်းအောင်ထီးခမ်း၊ သည်မောင်နမတွေနှင့် လည်း အခုမှပဲ အေးအေးဆေးဆေး တွေ့ခွင့်ရကြသည်။

နောက်တစ်ခုက အဖေနှင့် အခုထက်ထိ သူမဆုံရသေး။

အဖေက လင်းခေးမှာလည်း မရှိ။ ဟိုးဝေးလံလှသည့် ရပ်စောက်နှင့် ပင်းတယအကြား။ တောင်ပေါ် ပလောင်ရွာဆီသို့ ရောက်နေသည်။ ထိုတောင်ပေါ်ရွာတွင် ဝိပဿနာစခန်း ရှိသည်ဖြစ်၍ အဖေက ကမ္မဋ္ဌာနာစရိယ နည်းလမ်းပြဖို့ တာဝန်ကျခြင်း ဖြစ်လေသည်။

အဖေနှင့် တွေ့ဖို့ ကိုထီး ရပ်စောက် လိုက်သွားသည်။

(၂၆)

သားနှင့် အဖ။

မဆုံခဲ့ကြတာ ကြာပြီ။ နှစ်တွေပင် ချီခဲ့ပြီ။

သားမျက်နှာကို မမျှော်လင့်ဘဲ မြင်တော့ အဖေ ဝမ်းသာအားရ။ တရားစကား ထိုင်ပြောနေသည့် ဝိုင်းထဲမှ ရုတ်ခနဲပင် မတ်တတ်ထရပ်သည်။ အဖေ့မျက်နှာ ဝင်းခနဲပင် လက်သွားသလား ထင်ရ၏။ ကိုထီး ရင်ထဲမှာလည်း လှိုက်ခနဲပင်။

သို့သော် အဖေနှင့် စကားပြောတော့ ပြောစရာက သိပ်မရှိ။ အဖေ့ မျက်နှာလည်း ခပ်တည်တည်။ ပါးစပ်က ဝတ္တရားမပျက် စကားပြောပင် ပြောနေ သော်လည်း ဟက်ဟက်ပက်ပက် မဟုတ်သလိုလို။

အမူအရာ ခပ်နွမ်းနွမ်း။ အဖေ့ စိတ်ထဲမှာ သူ့အပေါ် ဘဝင်မကျစရာ ဘာရှိနေမှန်း မသိ။

တွေတွေချင်းမှာ ထပင် ရပ်ခဲ့သည့် အဖေ။ ဘာများ စိတ်မကြည်လင်စရာ ဖြစ်ပြန်သည် မသိ။

အခု သူ ပြန်လာပြီပဲ။ သူတတ်နိုင်သရွေ့ ကြိုးစားပြုပြင် တည်ဆောက် သွားမည်ပဲ။ ဒါကိုတော့ အဖေ သိသင့်သည် ထင်သည်။

(၂၇)

အပြန်မှာ နှုတ်ဆက်တော့လည်း အဖေက မူဟန်မပျက် ထိန်းထိန်းချုပ်ချုပ်နှင့် ပုံမှန်ပဲ တုံ့ပြန်သည်။

တကယ်ဆို ဝမ်းသာအားရကြီး မဖြစ်သင့်ဘူးလား။ သားနှင့် အဖ။ သည့်ထက် လှိုက်လှဲနွေးထွေး မဖြစ်သင့်စကောင်းလား။ တစ်လမ်းလုံး သူ့စိတ်ထဲမှာ အထုံးအဖု ဖွဲ့နေသည်။ ဘာလဲ။

သူ ဘာမှားနေခဲ့သလဲ။ စဉ်းစားနေရင်း စဉ်းစားနေရင်း တစ်ခုတော့ ပေါ်လာသည်။

တကယ်ဆို သားနှင့် အဖေ။

အခုလို အချိန် အကြာကြီး ခွဲခွာပြီးမှ ပြန်တွေ့ ကြလျှင် ဗုဒ္ဓဘာသာ ရှမ်းတိုင်းရင်းသား ရိုးရာဓလေ့အရ ရှိသေစွာဖြင့် ရှိခိုး ဦးချရစမြဲ။

ခုတော့ သူ မလုပ်လိုက်မိ။

သူကိုယ်တိုင် ယုံကြည်မှုနှင့် ပတ်သက်၍ ရေရေရာရာ ရှိမနေသလိုမျိုး ဖြစ်နေသည့်အပြင် သူငယ်ချင်း စောဂျက်ဆင်ကလည်း ဘေးမှ ပါလာတာ တစ်ကြောင်း ဖြစ်ခဲ့သည်။

သည်တစ်ခုပဲ သူ့ အပြစ်ကို သူ ပြန်ရှာတွေ့သည်။

(၂၈)

ရန်ကုန် ပြန်ဆင်းလာခဲ့ပြီ။

တက္ကသိုလ် ပရိဝုဏ်ထဲ ရောက်လာတော့ သူ စိတ်လှုပ်ရှားနေသည်။ မစိုးကို တွေ့လျှင် သူဘာပြောရမည်လဲ။ စဉ်းစားထားတာတွေက အများကြီး။ ဒါပေမယ့် တကယ်တွေ့တော့ နှုတ်ဆိတ်ဆွံ့အလျက်။

ပါးစပ်ပေါက် ပျောက်သလို ဖြစ်နေသည်။

"စာအုပ် ပို့လိုက်တာ ရတယ်"

အထစ်ထစ်အငေါ့ငေါ့ ထိုစကားပဲ ပြောထွက်သည်။

သည်နောက်တော့ ခေါင်းမညိတ်။ ခေါင်းမခါနှင့်ပင် သူတို့နှစ်ယောက် နားလည်မှု ရသွားကြလေသည်။ နေ့စဉ် နေ့စဉ် အင်းလျားကန်စောင်းရှိ ဘူးသီးကြော်ဆိုင်မှာ ထိုင်ကြသည်။

နှစ်ယောက်စလုံး နှုတ်နည်းကြ၍ စကားများများ မဆိုဖြစ်သော်လည်း ထိုနေ့ရက်များသည် ပျင်းစရာ မကောင်း။

ပတ်ဝန်းကျင်၏ တုံ့ပြန်မှုကတော့ အမျိုးမျိုး။

သို့သော် သူနှင့် မစိုးအတွက် ထိုအကြောင်းအရာများသည် ဘာဆို ဘာမျှ အရေးမကြီး။

ထိုအချိန်တွင် သူတို့နှစ်ယောက် ကမ္ဘာပေါ်တွင် အပျော်ဆုံးဟု ဆိုလျှင် မမှားနိုင်။

(၂၉)

ဝမ်းသာကျေနပ်စရာ နောက်ထပ်တစ်ခုက "ဥပေက္ခာ လောကသား" အခွေကို ပရိသတ်က လက်ခံအားပေးခဲ့ကြခြင်းဖြစ်သည်။ အခွေထွက်စ "ခပ်အေးအေး" ဟု ထင်စရာ ဖြစ်နေခဲ့သော်လည်း နောက်ပိုင်းတွင် တစ်စတစ်စ သွက်လက် လာခဲ့သည်။ နောက်ဆုံးတော့ အားနှင့် အင်နှင့် ထုကြီးမားစွာ အားပေးကြကြောင်း သိရသည်။

တကယ်ဆို ပရိသတ်နှင့် အချိန် အတော်ကြာအောင် ကင်းကွာနေခဲ့သော အနုပညာသမား တစ်ယောက်။ ပြန်ဝင်လာချိန်တွင် ပရိသတ်က ဘယ်လို တုံ့ပြန်ကြမည်ဆိုတာ ဘာမှ ခန့်မှန်းနိုင်။

သို့သော် ပရိသတ်က ကျယ်ပြန့်သော စိတ်သဘောဖြင့် သူ့အနုပညာ တစ်ခုတည်းကိုပဲ ကြည့်ခဲ့ကြသည်။ ခုလို ကြိုဆိုခဲ့တာ ကျေးဇူး ကြီးမားလှတော့သည်။

(၃၀)

သူသည် အချစ်အတွက်ကော ပရိသတ်အတွက်ပါ အသစ် မွေးဖွားလာခဲ့ပြီ။



စိုင်းထီးဆိုင်နှင့် ဇနီး



ဘာချိုလီတ်မြို့မှာ ဇနီးဖြစ်သူနှင့် အမှတ်တရ

## *အခန်း (၁၆)*

### ထပ်မံ၍ အသစ်တစ်ဖန်မွေးဖွားခြင်း

(၁)

ပရိသတ်က လက်ခံနေတာ သေချာသော်လည်း တေးသံသွင်းတွေကတော့ ထုံးစံအတိုင်း အရိပ်အကဲကိုပဲ ကြည့်နေကြဆဲ။ ကိုထီးသည် ဘဝနှင့်ပတ်သက်၍ ဆုံးဖြတ်ချက် ကောင်းကောင်း မချရသေး။ ရန်ကုန်မှာနေပြီး ဂီတကိုပဲ ဆက်လုပ်ရမည်လား။ ဒါပေမယ့် သေသေချာချာ စဉ်းစားကြည့်တော့ ဂီတအနုပညာကို ရေရာလှပြီဆိုပြီး ဘဝတစ်ခုလုံး အပြီးပုံမအပ်ရဲ။ လင်းခေးပြန်ပြီး အခြေချလိုက်တာပဲ ကောင်းမည်လား။ သူ့မှာ ရှေ့ရေးကို လေးလေးနက်နက်ချိန်ဆစရာတွေ ရှိ၍လာခဲ့ပြီ။

မစိုးသည် ဘွဲ့မရသေး။ မစိုး ပညာရေးပြီးဆုံးလျှင် ဘာဆက်လုပ်ကြမည်လဲ။ ဒါကိုလည်းပဲ ပြတ်ပြတ်သားသား မစဉ်းစားရသေး။ ဘာပဲပြောပြော သည်လိုအချိန်မှာ စီးပွားရေးလုပ်ငန်းကလေး တစ်ခုလောက်တော့ အစပျိုးထားနိုင်မှ ရေရှည်သေချာမည် ထင်သည်။ အဲသလို ဒွိဟ ဖြစ်နေရဆဲ။

(၂)

ရန်ကုန်မှာ ဟုတ်တိပတ်တိအလုပ်မရှိ၍ လင်းခေးကို တစ်ခေါက်ပြန်ခဲ့သည်။ လင်းခေးရောက်တော့မှ အမေက အကျိုးအကြောင်း စုံစုံစေ့စေ့ပြောပြသည်။ သူ ထင်မှတ်သည့်အတိုင်း ရပ်စောက်မှာ အဖေနှင့်တွေ့ဆုံစဉ် ဦးမချခဲ့မိတာ အဖေ စိတ်ထိခိုက်သွားကြောင်း အမေက ပြောပြသည်။ ဒါပေမယ့် အဖေ သည်လောက်အထိ ဝမ်းနည်း သွားလိမ့်မည်ဟု သူမထင်ခဲ့။ သို့သော် သူသည် သားကြီးဩရသ။ သူသည် သာလျှင် အဖေ့မျှော်လင့်ချက်။ အဖေ အားထားထိုက်သည့် မဏ္ဍိုင်ဖြစ်ရမည်။ သူ့အတွက် အဖေ ကြီးစွာ ဂုဏ်ယူချင်လိမ့်မည်။

အခုတော့ သူ လမ်းလွဲခဲ့ပုံ၊ ပြုမူခဲ့ပုံ ဆိုးလှသည်။ တွေးကြည့်၊ တွေးကြည့် ပို၍ပုံပေါ်လွင်လာသည်။

(၃)

အဖေက လူတကာ လေးစားရသော လူထုပရိသတ်ကို အလင်းနည်းလမ်း ပြနေသော ကမ္မဋ္ဌာနာစရိယ တစ်ဦး။ သူကတော့ အစဉ်အလာ အမျိုးဘာသာဓလေ့၏ အခြေခံသဘောတရားကို မေ့လျော့ပစ်ပယ်ပြီး မိဘကိုပင် ရှိသေစွာဦးမချတတ်သော သား။ အဖေ စိတ်မထိခိုက်ဘဲ နေနိုင်လိမ့်မည်လား။

အဖေ့နှုတ်က ဖွင့်မပြောခဲ့သော်လည်း အဖေ့နလုံးသား အလွန်အမင်း ထိခိုက် နာကျင်ခဲ့ရသည်။ ထိုအကြောင်းတွေ အမေ့ထံမှ တစ်ဆင့်သိလာရတော့ သူလည်း တုန်လှုပ်မိသည်။ စိတ်ထိခိုက်သွားသည်။

(၄)

အဖေ ရှိရာကို သူ ချက်ချင်း ထလိုက်သွားသည်။ လွယ်လင်ကမ္ဘောဇ္ဇသန်း ကျောင်းတိုက်ခွဲပေါင်း ၂၆ တိုက်မျှ ရှိနေပြီ။ အမှားကို ကောင်းစွာသိမြင်ပြီ ဖြစ်သော သား။ အဖေကိုတွေ့တော့ တွေ့တွေ့ချင်းပင် လက်ဆယ်ဖြာ စုံမိုး၍ ရှိသေစွာ ရှိခိုးဦးချ လိုက်လေသည်။

(၅)

အဖေက တော်ရုံတန်ရုံနှင့် စကားရှည်လျားများပြား မပြောတတ်။ တစ်ဆိတ်ရှိ အမေကသာ တတွတ်တွတ်နှင့် ဆုံးမနေတတ်သည်။ အဖေစကားနည်း၍ ပြောပြီဆိုလျှင်လည်း တစ်ခွန်းဆို တစ်ခွန်း ထိရောက်သည်။ သည်အချိန်မှာတော့ စကားတွေ အဖေ သိပ်ပြောချင်နေပြီ။ တာရိုးသည် ဖိအားများ၍ ကျိုးပေါက်ချေပြီ။

(၆)

"သားကို အဖေ နည်းနည်း ပြောပြချင်တယ်။ သားလည်း ကိုယ်ပိုင် ဉာဏ်ရှိတာပဲ။ ချင့်ချိန်စဉ်းစား၊ လက်ခံသင့်မှ လက်ခံပေါ့။ ဝါဒမှိုင်းတိုက်စရာ၊ ဆွယ်စရာလည်း မရှိပါဘူး။ လူတွေအတွက်က ယုံကြည်ကိုးစားစရာ ဝါဒကြီးတွေ ဘယ်နှစုပဲရှိရှိ၊ အကျဉ်းရုံးလိုက်လို့ရတယ်။ ဝါဒတစ်ခုခုကို ယုံကြည် ကိုးစား အားထားလိုက်တယ်။ ကိုယ်တိုင် လိုက်နာကျင့်သုံးလိုက်တယ် ဆိုပြီး နောင်တစ်ချိန်ချိန် ကျတော့မှ နောင်တရရမယ်ဆိုယင် ဘယ်ကောင်းတော့မလဲ။ ဒီမှာ သားလည်း သိဖူး ကြားဖူးပြီးသားပဲ။ မနုဿတ္တော၊ ဒုလ္လဘောတဲ့။ လူ့ဘဝဆိုတာ အလွန်အလွန် ရခဲတယ်။ အဲ့သည် ရှားပါးလှတဲ့ လူ့ဘဝထဲမှာမှ ပုညကြိယာ က ဆယ်ပါး။ လှူဒါန်း ပေးကမ်းတဲ့ ဒါနရယ်၊ စောင့်ထိန်းရတဲ့ သီလရယ်၊ သမထဘာဝနာ၊ ဝိပဿနာဘာဝနာ ဆိုတဲ့ ကျင့်ကြံအားထုတ်မှုရယ်၊ ရိုသေမှုပြုတဲ့ အပစာယန ရယ်၊ ကိုယ်ပြုခဲ့တဲ့ ကုသိုလ်အဖို့ကို အခြားသူတစ်ပါးဆီ ဝေငှတယ်ဆိုတဲ့ ပတ္တိဒါနရယ်၊ သူဝေငှတဲ့ ကုသိုလ်အဖို့ကိုပဲ ဝမ်းသာအားရ သာဓုခေါ်တယ် ဆိုတဲ့ပတ္တာနုမောဒနရယ်၊

သင်ကြား ဟောပြောသမျှ တရားကို ကြည်ကြည်ညိုညို နာယူတယ် ဆိုတဲ့ ဓမ္မဿဝနရယ်၊ အမှုဝတ္တုဆယ်မျိုးရှိတဲ့ သမ္မာဒိဋ္ဌိဉာဏ်ကို ဖြောင့်မတ်အောင်ပြုတယ် ဆိုတဲ့ ဒိဋ္ဌိဇုကမ္မရယ်။ အဲ့သလို ရှိတာကိုး။ ကိုယ့်အဖို့ရခဲလှတဲ့ လူ့ဘဝ ရောက်ခိုက်လေးမှာ အဲသလို ပုညကြိယာ ကောင်းတဲ့ကုသိုလ် အစရှိခဲ့၊ ပြုခဲ့ပြီးပြီဆိုယင်တော့ နောက်နောင် ဘာမှ နောက်တရစရာ မရှိတော့ဘူး။ ရခဲလှတဲ့ လူ့ဘဝ ဒုလ္လဘမှာ

သာမဏေဘဝဆိုတာ ရဖို့ကြံဖို့ ပိုပြီးတော့ကို ခဲယဉ်းသေးတယ်။ အဲ့တာ တတ်နိုင်ယင် ခုနစ်ရက်လောက်တော့ ဝတ်ပါလို့ အဖေတိုက်တွန်းချင်တယ်။"

အဲသလို အဖေက ဆိုသည်။

"အခု တရားစခန်းကလည်း ဖွင့်လက်စမို့ အဲ့တာလည်း တစ်ပါတည်း ဝင်စေချင်တယ်။ တရားအားထုတ် ကျင့်ကြံရမှာလည်း လူသာမန်လို ကျင့်ကြံတာထက် သင်္ကန်းစည်းပြီး ဆယ်ပါးသီလနဲ့ သိက္ခာပုဒ်တွေ စောင့်ထိန်းယင်း ကျင့်ကြံ အားထုတ်တာက ပိုပြီးတန်ဖိုးရှိပါတယ်။ သားအတွက် ဆုံးရှုံးစရာဆိုလို့ ဆံပင်ပဲရှိပါတယ် သားရယ်" ဆိုသည့် အဖေ့စကားက လှိုက်လှိုက်လှဲလှဲရှိလှသည်။

"သည်ခုနစ်ရက် ဟိုဘက် လူပြန်ထွက်ပြီး နောက်နောင်ကျယင် သား လုပ်ချင်တာလုပ်။ အဆိုတော်ပဲ လုပ်လုပ်၊ နောက်ဆုံးမှားလို့ တခြားအယူ ကွဲပြားတဲ့လူနဲ့ပဲ ဘဝလက်တွဲရဦး၊ အဲသည်မတိုင်ခင် ပေါသည် ကောင်းတာလေး တစ်ခုတော့ လောလောဆယ်မှာ လုပ်လိုက်ပါလို့ အဖေတိုက်တွန်းချင်တယ်။ ကဲ … ဘယ်လိုလဲ၊ သား လုပ်နိုင်ပါ့မလား"

(၇)

ကိုထီး ဦးခေါင်း ငိုက်စိုက်ကျနေသည်။ သူ့ရင်ထဲ လှုပ်ရှားလွန်း၍ အားလုံး သွက်သွက်ခါနေသည်။ သို့သော် သူ၏အာရုံခံစားမှုများ ထက်မြက်ပြတ်ရှလွန်းအားကြီး၍ အဖေပြောသမျှအားလုံး စက္ကူအဖြူပေါ်မှာ ချရေးလိုက်သလို ထင်ရှားစွဲမြဲကျန်ရစ်သည်။ တကယ်တော့ ကိုထီးဘဝ တစ်လျှောက်လုံးမှာ အဖေက သူ့ကို ဒီလောက် များများစားစား စကားတွေ တစ်ခါမျှပင် မပြောခဲ့ဖူး။ သည်စကားတွေပြောဖြစ်ဖို့ အချိန်မည်မျှကြာအောင် အဖေ စောင့်ခဲ့ရသလဲ သူမသိ။

"ရခဲလှတဲ့ လူ့ဘဝ ဒုလ္လဘမှာ သာမဏေဘဝဆိုတာ ရဖို့ ကြံဖို့ ပိုပြီးတော့ ခဲယဉ်းသေးတယ်၊ အဲ့တာ တတ်နိုင်ယင် ခုနစ်ရက်လောက်တော့ ဝတ်ပါ" တဲ့။ အဖေ့ အသံတွေပင် တုန်ယင်လှိုင်းခတ် နေခဲ့သည်ပဲ။ ကိုထီးသည် သူ့တစ်ဘဝလုံးကို အစအဆုံးပြန်မြင်လာသည်။ မှန်သည်။ အကြောင်းအမျိုးမျိုးကြောင့် လွဲချော်ခဲ့ရသည်။ ယခုအချိန်ထိ သူ ရှင်မပြုရသေး။

(၈)

အဖေ့ကို သူပြန်ပြောတော့ သူ့စကားသံတွေ အဲသလောက်တည်ငြိမ်နေတာ သူ့ဘာသာပင် ပြန်၍အံ့သြရတော့၏။

"ကျနော်လုပ်နိုင်ပါတယ်၊ ခုနစ်ရက်မဟုတ်။ ဆယ်ရက်ဝတ်ပါ့မယ်"

ထိုအချိန်တွင် သူနှင့် အဖေ့ကြား ရှိထားခြားထား ခဲ့ဖူးသမျှ နံရံအားလုံး ပြိုကျသွားတော့သည်။

(၉)

"ကဲ ဟုတ်ပါပြီ၊ ဒါဆိုအခုဟာက ကိုရင်ကြီးဝတ်ရမှာပဲ၊ အပေါင်းအသင်းနီးစပ်ရာ ဖိတ်ချင်ခေါ်ချင်လည်း ဖိတ်ပါ ခေါ်ပါ၊ ဒါပေမယ့် ဘာမှ အကျယ်ချဲ့စရာမရှိဘူး။ ပွဲကြီးလမ်းကြီးလည်း မလိုပါဘူး။"

ကိုထီးက အဖေ့စကားမှန်သမျှ မြေဝယ်မကျနားထောင်ဖို့ ဆုံးဖြတ်ထားပြီးပြီ။ ဒါက မိဘကျေးဇူး ဆပ်ရာလည်း ရောက်သည်။ ပြီးတော့ တစ်ခြားလမ်း တစ်ခုခုမှ သူသွားဖို့ရာ စိတ်ကူးထားတာလည်း ဘာမျှမရှိ။ သည်တော့ သင်္ကန်းစည်းသည့် လမ်းပေါ်ကို စိတ်ပါလက်ပါ အလေးအနက်ပင် သူလျှောက်လှမ်းခဲ့သည်။ ဆံပယ်ဖို့အတွက် ဦးခေါင်းအရေပြားအပေါ်မှာ ထက်မြက်လှသည့် သင်ဓုန်းဓါး တရှပ်ရှပ် သွားလာနေချိန်၊ ဆံပင်တွေအထွေးလိုက်၊ အထွေးလိုက်။ အဖေ ခံယူထားသည့် တဘက်ပိတ်ဖြူပေါ်ကို ကျလာကြသည်။

ဘာ အိုးစည် ဗုံမောင်းသံမျှမရှိ။ ဘာရှင်လောင်းလှည့် အခမ်းအနားမျှမပါ။ ပကတိရိုးရှင်းသန့်စင် တိတ်ဆိတ်သည်။ သင်္ကန်းတောင်းပြီးသော် သင်္ကန်းကို ဝတ်ရုံခွင့်ရလေပြီ။ သာမဏေဘဝကို ရောက်ဖို့ နှစ်ပေါင်းများစွာ သူမှာ ကြာမြင့်ခဲ့ရသည်။ ယခုတော့ ဖြစ်တည်ခွင့် ရချေပြီ။

"ရှင်ဓမ္မရက္ခိတ"

(၁၀)

ကိုရင်ကြီးဘဝ သူ ရောက်ရှိခဲ့ရပြီ။ ဆံပင်ရှည်နှင့် နှုတ်ခမ်းမွှေးတွေ အားလုံး ရှင်းထုတ်လိုက်သော အခါ သူ့ဘဝတွင် အတိတ်ကာလ အရှုပ်အထွေးများပင် ပြတ်တောက်သွားသလို ခံစားရသည်။ ဦးပြည်းစိမ်းမြမြ။ မျက်မှန်ထူထူအောက်မှ မျက်လုံးများက ရုတ်တရက်ပင် ကြည်လင်ပြီး တောက်ပလာခဲ့သည်။ ကြိုတင်မျှော်လင့် မထားဘဲ တရားဓမ္မ အရိပ်အာဝါသအောက်သို့ လုံးလုံးလျားလျား ရောက်ရှိသွားခဲ့ရလေပြီ။

တရားဓမ္မတွင် ခိုလှုံရသော ဘဝသည်ကား စိတ်ထားနိုင်လျှင် အေးချမ်း လှလေသည်။

(၁၁)

လွယ်လင်ကျောင်းထိုင် ဆရာတော် ဦးဝါယမနှင့်လည်း နဂိုကတည်းက ကျွမ်းဝင် ရင်းနှီးပြီးသား။ သို့သော် အဆိုတော်ဖြစ်ခဲ့သည့် ဘဝတုန်းက ဆရာတော်နှင့် စကားပြောရတာ အမြဲအမောက် တည့်လှသည်မရှိ။ ဘယ်နေရာမှာ သွားလွဲချော်နေမှန်း မသိ။ အမြဲတမ်းပင် ထစ်ငေါ့တတ်သည်။ အဆင်မပြေဖြစ်ရသည်။ ဟော..ယခု ကိုရင်ကြီးဘဝ ဆရာတော်နှင့် စကားပြောဆို ဆက်ဆံရတာ ကျေနပ်အားရစရာ၊ အားလုံး ချောမွေ့သည်။

(၁၂)

အဖေ့မျက်နှာကား တိမ်ကင်းစင်သော လပြည့်ဝန်းပမာ ထွန်းပရွှန်းမြနေတော့သည်။ အဖေ့မှာ နဂိုမူလ သွေးတိုးရောဂါရှိခြင်းကြောင့် အဖေ့ကိုကြည့်လိုက်လျှင် ရွှင်လန်းလှသည် မဟုတ်။ အမူအရာ၊ အသွားအရေ၊ လှုပ်ရှားပုံတွေ။

ယခုကြည့်လိုက်တော့ ဘာဖိစီးမှုမှမရှိ။ ပေါ့ပါးရွှင်ပျလန်းဆန်းနေသည်။ အဖေ့ သွေးတိုးရောဂါမှာ ယူပစ်လိုက်သလို များစွာသက်သာသွားခဲ့၏။ သည်တစ်ချက်နှင့်တင် မိဘကျေးဇူး အပိုင်းအဖွဲ့ဆပ်နိုင်ခဲ့ပြီဆိုပြီး ကျေနပ်ရလေသည်။

(၁၃)

ရှင်ဓမ္မရက္ခိတ ကိုရင်ကြီးဘဝနှင့် နေ့စဉ်နေ့တိုင်း ကမ္မဋ္ဌာန်း ဝိပဿနာတရားအားထုတ်ရသည်။ တရားစခန်းမှာ နံနက်ရောင်နီမသမ်းခင်ကတည်းကထပြီး ဘုရားဝတ်တက်၊ သီလခံယူပြီး ကမ္မဋ္ဌာန်း ဝိပဿနာတရားဆက်တိုက်အားထုတ်ရသည်။ အထိုင်ကျင့်စဉ်အပြင် စင်္ကြံလျှောက် တရားရှုမှတ်၊ ဆွမ်းစားလည်း သတိမလွတ်ရ၊ တိမ်းချော်မှု မရှိအောင် တရားစစ်ဆေးလမ်းညွှန်ပေးသည်။ ဆယ်ရက်အတွင်း သူ့စိတ်သည် လျှော်ဖွတ်လိုက်သလို တစ်စတစ်စ ဖြူစင်သန့်ရှင်းလာခဲ့သည်။

စည်းကမ်း တင်းကျပ်လှသော တရားစခန်းဆယ်ရက်သည် သူ့အတွက် ဘာမှ အခက်အခဲမရှိ။ တရားအားထုတ်ရတာလည်း ပုံမှန်အတိုင်းပဲ သူ ခံယူကျင့်သုံးနိုင်ခဲ့သည်။ သူ့စိတ်နှလုံး တည်ငြိမ်လာတာ၊ သူ့အတွင်းသန္တာန် ကြည်လင်သန့်ရှင်းလာတာ သူ ပြန်သတိပြုမိသော်လည်း ကိုယ့်ဘာသာထူးခြားလှပြီဟု မထင်သေး။

(၁၄)

ဆယ်ရက်ပြည့်၍ တရားစခန်းအထွက်။ ထိုနေ့သည် ဥပုသ်လပြည့်နေ့။

လွယ်လင်မြို့ထဲကလူတွေ ကျောင်းသို့ စုဝေးလာပြီး သံဃာများကို ကန်တော့ကြသည်။ ယောဂီ ယောဂီ သပ်သပ်၊ ရှင်ရဟန်း သပ်သပ် ကန်တော့ခံရသည်။ လူအများ၏ ကန်တော့ခြင်းကို ခံယူရသောအခါ သူ့စိတ်ထဲမှာ တစ်နည်းတစ်ဖုံ ဂယက်ရိုက် သွားလေသည်။

(၁၅)

ကြည်ညိုရိုကျိုး ကန်တော့ခြင်းကို ခံယူရသော ရှင်သာမဏေဘဝ၊ ကျောင်းထိုင် ဆရာတော်ကြီး အမှူးပြုသော သံဃာတော်များနှင့် နိုင်းစာလျှင် သူသည် ဘာမျှ မဟုတ်သေးပါလား။

မြတ်စွာဘုရား၏ သာဝက သံဃာအရှင်မွန်မြတ်တို့နှင့် တကွ ပရမတ္ထသံဃာ၊ အရိယာ ၈ ပါး၊ တပည့်သားအပေါင်းတို့သည် သုပ္ပဋိပန္နော လွန်ကောင်းမြတ်သော၊ ဥဇုပ္ပဋိပန္နော လွန်ဖြောင့်မတ်သော၊ ဉာယပ္ပဋိပန္နော လွန်သင့်မြတ်သော၊ သာမိစိပ္ပဋိပန္နော ရိုသေအပ်သော၊ ပဋိပတ်ဂုဏ်တို့နှင့် ပြည့်စုံတော်မူကြပေ၏။ အာဂန္တုအား ရည်၍ ထားသော အလှူဝတ္ထုမျိုး၊ လက်ဆောင်အလို့ငှာ ယူဆောင်လာသော အလှူဝတ္ထုမျိုး၊ နောက်နောင် ဘဝအကျိုးရဖို့ ပျိုးချတတ်သည့် မြတ်သော အလှူဝတ္ထုမျိုးကို ခံယူခြင်းငှာ ထိုက်တန်စွာသည့် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် များနှင့် ပြည့်စုံတော်မူကြပါ ပေသည်။ လူမင်း၊ နတ်မင်း၊ ဗြဟ္မာမင်းတို့၏ လက်အုပ်ချီခြင်းကို ခံယူထိုက်သော၊ သီလ၊ သမာဓိ၊ ပညာဂုဏ်များနှင့် ပြည့်စုံကြပါ ပေသည်။ လူအပေါင်း၏ အတုမရှိမြင့်မြတ်သော ကုသိုလ်မျိုးကို စိုက်ပျိုးချရာ လယ်ယာမြေကောင်း သဖွယ်လည်း ဖြစ်တော်မူကြပေ၏။

သူ့ရင်ထဲမှာ ကြည်နူးပီတိစိတ်များ ယိုဖိတ်လာခဲ့သည့် နည်းတူ ရှင်သာမဏေ အဖြစ်နှင့် ထိုက်တန်အောင်ပင် သူအားထုတ်ရဦးမည့် အကြောင်း ရှင်းလင်းသဲကွဲစွာ သိမြင်နားလည်လာခဲ့သည်။

(၁၆)

လွယ်လင် မင်းကွန်းတိုက်ခွဲရှိ ဦးပဉ္ဇင်း ဦးဝိစိတ္တသာရကား လင်းခေးသား။ ကိုရင်ကြီး ရှင်ဓမ္မရက္ခိတ(ကိုထီး)ထက် အသက်ငယ်သည်။ သို့သော် ရဟန်းဘဝကို လွန်စွာ တန်ဖိုးထားသည်။ ရှမ်းလို အဟောအပြော၊ တရားပြကောင်းလှသည့် ကိုယ်တော် ဖြစ်၏။

ဦးဝိစိတ္တသာရက

"ကဲ ကိုရင်ကြီး၊ ဒီမှာ မကြာခင် ဝါလည်းဝင်တော့မယ်။ ရဟန်းဆိုတာ ဘုရားရှင် လက်ထက်တုန်းကတော့ ဧဟိဘိက္ခု အခေါ်ခံလိုက်ရတာနဲ့တစ်ပြိုင်နက် နဂိုရှိရင်းစွဲ ဆံမုတ်ဆိတ် ကျင်စွယ်တွေ အလိုလိုပပျောက်စင်ကြယ်ပြီး သင်္ကန်းပရိက္ခရာအစုံအလင်နဲ့ အလွန် ကြည်ညိုဖွယ် ရဟန်းအသွင်ကို ဆောင်ယူရတယ်။ ရဟန်းဆိုတာ အသွယ်သွယ်သော ဝိနည်းသိက္ခာပုဒ်တွေကို ခါးဝတ်ပုဆိုးလို မြဲမြဲအောင် စောင့်ထိန်း ရတာ၊ ရှင်သာမဏေ အဖြစ်ထက်လည်း မြင့်မြတ်တယ်။ အလွန်ဖြစ်ခဲ၊ ရခဲတဲ့ ဒုလ္လဘလို့ပဲ ဆိုရမယ်။ အဲသလို ရဟန်းဘဝမျိုးကို သည်ဝါအဝင်မှာ ကိုရင်ကြီး မလိုချင်ဘူးလား" ဟု မေးမြန်းတိုက်တွန်းသည်။

(၁၇)

နောက်ထပ် ဦးပဉ္ဇင်းတစ်ပါးကား ဦးသြစိန္တ။ တကယ်တော့ ဦးသြစိန္တသည် သူ ကိုးတန်း ကျောင်းသားဘဝ၊ လွယ်လင်မှာနေခဲ့စဉ် အတန်းတူသူငယ်ချင်း၊ ငယ်နာမည်ရင်း အောင်ထွန်း၊ ဟိုး.. တောင်နောက်ဘက်မှ လွယ်လင်အထိ စက်ဘီးစီးပြီး ကျောင်းတက် လာခဲ့သူ။

ဦးသြစိန္တကလည်း -

"ကိုရင်ကြီး သတိမူမိသွားအောင် အလေးအနက် ထားစေချင်တယ်။ မြတ်စွာဘုရားဟာ တရားတော်မြတ်ကို အစ၊ အလယ်၊ အဆုံး သုံးပါးအစုံ ကောင်းခြင်း ဂုဏ်နဲ့ ပြည့်စုံစွာ ဟောကြားတော်မူခဲ့တယ်။ အဲ့သည်တရားတော်ကို ကျင့်ဆောင် သူတို့မှာလည်း ယခုဘဝ ပစ္စက္ခတင် ဒိဋ္ဌကိုယ်မှာ တွေ့မြင် ခံစားရတဲ့ ဂုဏ်ကျေးဇူး အထူးနဲ့လည်း ပြည့်စုံတော်မူ ပေတယ်။ အချိန်မရွေး ကျင့်ကြံတဲ့ နေ့မှာပဲ တွေ့မြင် ယုံကြည်ရတဲ့ ကောင်းကျိုး ချမ်းသာနဲ့ ပြည့်စုံတယ်။ မြတ်စွာဘုရားရှင်ရဲ့ တရားတော်တွေဟာ လာပါ၊ ရှုပါ၊ ကျင့်ကြံပါလို့ မပါပါအောင် ခေါ်ဆောင် တိုက်တွန်းဖို့ ထိုက်တန်တဲ့ ဂုဏ်ထူး ဝိသေသတွေနဲ့လည်း ပြည့်စုံတယ်။ ကိုယ့်ရဲ့ အဇ္ဈတ္တအထိ ရရှိပေါက်ရောက် ကိုယ်တွေ့မြောက်အောင် ကပ်ထား၊ ဆောင်ထား ထိုက်တယ်။ ပညာရှိတဲ့ ရဟန်းရှင်လူအားလုံးတို့ဟာ သည်တရားကို ကျင့်ကြံမိတဲ့အခါ ချမ်းသာလေစွ၊ ကောင်းလေစွလို့ ကာယ၊ စိတ္တ သုခနှစ်ဖြာ ထင်ရှားစွာ သိမြင်ခံစားမြဲဖြစ်တယ်။ တရားအားထုတ်တဲ့ နေရာမှာ ရဟန်းဘဝနဲ့ ကိုရင်ဘဝ ကွာခြားတာကိုလည်း ကိုရင်ကြီး လက်တွေ့အားထုတ်ကြည့်ပြီး သိသွားစေချင်တယ်" ဟု ဆိုသည်။

(၁၈)

ထိုစကားတွေက ကိုရင်ကြီး ရှင်ဓမ္မရက္ခိတ၏ အတွင်းဆန္ဒကို နှိုးဆွလိုက်သလို ဖြစ်လာသည်။ အပေါ်ယံကြော သိသလိုလိုပဲ လုပ်ပြီး လှည့်ပြန်သွားမည်လား။ အတွင်းအထိ နိုက်ယူကြည့်ရမည်လား။ တကယ့်စိတ်အထိ ရောက်အောင် အလွှာတစ်လွှာချင်း ကွာကျစ ပြုလာပြီ။ ဆယ်ရက်စခန်း ဝင်ပြီးစ အရှိန်ကလေး မသေသေးခင် ခရီးဆက်ဖို့ သင့်သည်။ အဲသလို တွေးသိနားလည်လာသည်။

ရဟန်းတက်ပြီးမှ တရားဆက်လက် အားထုတ်လျှင် အသွယ်သွယ်သော ဝိနည်း၊ သိက္ခာ စောင့်ထိန်းမှု အမာခံကြောင့် သမာဓိအား၊ ရှုမှတ်အားများ ပို၍မြင့်မားသည်။ အဲဒါဘယ်လိုများ ထူးခြားမည့် အရသာလဲဆိုတာ သိချင်နေသည်။ ကိုရင်ကြီးသည် လွန်စွာစိတ်အား ထက်သန်နေကြောင်း ထိုအခါကျမှ သူ့ဘာသာ သဘောပေါက်လာသည်။ သဒ္ဒါစိတ်သည် အမြင့်ဆုံး၌ ရှိနေခဲ့၏။ ထိုအကြောင်းများ ဦးပဋ္ဌင်း ဦးဝိစိတ္တသာရကို လျှောက်ထားသောအခါ

"ကောင်းပြီ။ ကိုရင် လူမထွက်နဲ့တော့။ ကျောင်းမှာ ဝါးသိမ်ကလေးလည်း အဆင်သင့်ရှိတာပဲ။ ရဟန်းတက်ဖို့ စီစဉ်ရအောင် ဆရာတော်ကြီးကိုလျှောက်မယ်"

(၁၉)

လွယ်လင်ကျောင်းရှိ ဝါးသိမ်ကလေးကား အမြင်အားဖြင့် ခမ်းနားထည်ဝါမှုမရှိ။ ပီသသော အဆောက်အအုံ မတွေ့ရ၊ နံနဲ့နဲ့ မြေစိုက် ဝါးတဲကလေးမျှသာ။ ဘေးတိုင်ပဲရှိ၍ အကာမရှိသေး။ သို့သော် နယ်နယ်ရရဖြင့်မဟုတ်။ ပင်လုံမှ မိုင်းနောင် ဆရာတော်ဘုရားကြီးတို့ ကြွလာ၍ သိမ်သမုတ် ပေးသွားခဲ့ခြင်း ဖြစ်သည်။ သိမ်ဒကာ အလှူရှင် မရှိသေးသော်လည်း ကိုရင်ကြီး ရှင်ဓမ္မရက္ခိတကတော့ ဤသို့ နိမ်နိမ်ချချ ရိုးစင်းသော

သိမ်နေရာကလေးသည်ပင် သူနှင့်သူ့ဘဝအတွက် ထိုက်တန်သည်ဟု ယူဆ ကျေနပ်ခဲ့လေသည်။

(၂၀)

သူ၏ ရဟန်းဒကာသည်ကား ငယ်သူငယ်ချင်း စိုင်းအောင်ငြိမ်း။ ပဥ္စင်းဘဝ တက်လာပြီးသည့်အချိန်မှာ ဝါမဝင်သေး။ လွယ်လင်တရားခွင်ကား ပိတ်သွားပြီ။ သို့ဖြစ်၍ ဝါအဝင်မှာ တရားစခန်းရှိသော အခြားမြို့သို့ ပြောင်းရမည်ဖြစ်သည်။ ရှင်ဓမ္မရက္ခိတ စိတ်က လွန်စွာလေးနက်လျက်ရှိသည်။ လွယ်လင်မြို့ထဲ ဆွမ်းခံထွက်ချိန်များတွင် ဘေးဘီလုံးဝ မကြည့်၊ စက္ခုက္ကန္ဒြေ၊ ဝစီက္ကန္ဒြေများ စောင့်ထိန်းထားသည်။

"အောင်မယ်လေး၊ မျက်လွှာချထားလိုက်တာ၊ ဘယ်သူ့ မျက်နှာကိုမှ မကြည့်ဘူးနော်။ သည်ကိုယ်တော်က ဝစီပိတ် "အစရှိသဖြင့် ဦးပဥ္စင်း၏ က္ကန္ဒြေကြီးပုံမှာ ဒကာ၊ ဒကာမများအကြား ကောလဟာလဖြစ်၍ပင် နေတော့၏။

(၂၁)

ဝါကပ်မည့် အချိန် တဖြည်းဖြည်း နီးကပ်လာခဲ့ပြီ။ ကျောင်းပြောင်း တရားစခန်း ဝင်ရမည်ဖြစ်၍ ဦးဝိစိတ္တသာရက ပင်လုံ၊ လင်းခေးကား ပူလွန်းသည်။ မိုးနဲကျောင်းမှာ တရားစခန်းလည်း ရှိပေလိမ့်မည်။ ရာသီဥတုကလည်း သပ္ပါယမျှတသည်။ ကမ္မဋ္ဌာန်းကျောင်းက မြို့နှင့် ခုနစ်မိုင်ခန့်ဝေး၍ တောရသဘောလည်း ဆောင်သည်။ မိုးနဲကျောင်း တိုက်အုပ် ဆရာတော်လည်း လင်းခေးသားပင် ဖြစ်သည်။ အစစအဆင်ပြေသည်ဟု ဆုံးဖြတ် စီစဉ်ပေးလေသည်။

ဦးပဥ္စင်း ဦးဩစိတ္တလည်း မိုးနဲတွင် တရားစခန်းဝင်မည် ဖြစ်၍ အတူတူ ကြွသွားကြ၏။ ဝါတွင်းကာလ အပြင်ခရီးမထွက်ရ၊ ကျောင်းထဲမှာပဲ တရားအားထုတ်မှုကို အကျိုးထူးအောင် လေ့လာကျင့်ကြံမည်ဟု အားခဲပြီး သန္နိဋ္ဌာန်ချ ကြိုးစားသည်။ အချိန်ပိုကလေးရှိသမျှ အအားမနေ၊ တရားဓမ္မစာအုပ်များ ဖတ်ရှုလေ့လာသည်။ ရဟန်းဒကာ စိုင်းကျော်ငြိမ်းက မှတ်တမ်းစာအုပ် ထူထူတစ်အုပ် လှူထား၍ နစ်သက်ရာ ဘုရားရှိခိုး၊ တရားစာ၊ဂါထာများ အားလုံးကို ကူးယူရေးမှတ်ထားခဲ့သည်။

အသက်ကြီးမှ ဇိနတ္ထပကာသနီ၊ အဋ္ဌကထာ၊ နိဗ္ဗနမဂ္ဂ ဒီပနီကျမ်းစာအုပ်များ ဖတ်ရသည်။

(၂၂)

တရားစခန်းတွင် ငြိမ်းလိုက်၊ အေးလိုက်ပုံမှာ စာဖွဲ့မကုန်။ အမှတ်သတိ လွန်စွာကောင်းလာသည်။ အချိန်ပြည့်နီးပါး တရားထဲမှာပင် နစ်ထားသည်။ စကားကို မလိုလျှင် ပြောကို မပြောဖြစ်တော့၍ အသံလည်း တိမ်ဝင်သွားသည်။ တိုးတိုးလေးပဲ ပြော၍ ထွက်တော့၏။ သီချင်းဆိုဖို့ ဝေလာဝေး၊ သီချင်းဆိုတာကိုလည်း စိတ်ကူးလုံးဝမရှိ၊ အရာရာအားလုံး ဖုန်မှုန့်ခါချလိုက်သလို အဝေးမှာ ကျန်ခဲ့ပြီ။ သူ့စိတ်သည် အပ်ချည်မျှင်တန်း ပေါ်တွင် တရွေ့ရွေ့

တွားတက်သကဲ့သို့ တဖြည်းဖြည်းချင်း သွားနေခဲ့သည်။ အတိတ်ကို ပြန်မကြည့်၊ အနာဂတ်ကို စိတ်မကူး၊ စိတ်က သန့်စင်လာသည်နှင့်အမျှ ရုပ်ကလည်း ကြည်လင်လာသည်။

(၂၃)

တရားထဲတွင် ဆက်တိုက် ၄၆ ရက်ကြာသည်။ တရားစခန်းမှထွက်ပြီး သံဃာဆောင်မှာ နေသည်။ စခန်းထဲမှာကဲ့သို့ မဟုတ်သော်လည်း ဦးပဍ္ဍင်းသည် အမှတ်တရားကိုမချ၊ နေ့စဉ်မှန်မှန် ဆက်လက်အားထုတ်သည်။

(၂၄)

ဝါလ သီတင်းကျွတ်ပြီ။ ရဟန်းဘဝနှင့် မိခင်ဖြစ်သူ ဒကာမကြီး မြင်ဖူးအောင် လင်းခေးသို့ ကြွလာခဲ့သည်။ ဒကာမကြီး၏ ဝမ်းသာပီတိကိုလည်း အရှိန်အဟုန်ကြီးစွာ တွေ့ရ၏။

"ဦးပဍ္ဍင်းကို အခုလို ကျန်းမာကောင်းကောင်းနဲ့ တွေ့ရလို့ တပည့်တော် စိတ်ချမ်းသာတာ ဘာနဲ့မှ နှိုင်းမရပါဘူးဘုရား"

ဒကာမကြီးသည် ယခုတွေ့နေရသော ဦးပဍ္ဍင်း ရှင်ဓမ္မရက္ခိတသည် တချိန်က သူမွေးခဲ့သော မောင်ရုပ်ဆိုးကလေး အိုက်တူးဆိုတာ ဘယ်လိုမှ မယုံနိုင်အောင် ဖြစ်နေပုံရသည်။

(၂၅)

လင်းခေးမှာ တိုက်တိုက်ဆိုင်ဆိုင် တရားစခန်းက ရှိနေပြန်သည်။ ရဟန်းဆိုလျှင် တရားစခန်းကို အနည်းဆုံး တစ်လဝင်ရမည်။ သို့ဖြင့် တွန့်ဆုတ်မှုမရှိ။ စိတ်ပါလက်ပါ တရားစခန်း ဝင်ဖြစ်သည်။ ဦးပဍ္ဍင်းရှင်ဓမ္မရက္ခိတ အတွက် အရှုအမှတ် တရားမှာ အားကောင်း ရင့်သန်သရွေ့ အားကောင်းခဲ့ပြီ။ အလေ့အကျင့်ရှိခဲ့ပြီ။ မွေ့လျော်စွာပင် အားထုတ်နိုင်ခဲ့၏။

(၂၆)

အားလုံးပုံမှန် ရှိနေရာမှ တရားစခန်းပြီးဆုံးဖို့ သုံးလေးရက်အလို။ ဘယ်လိုက ဘယ်လို၊ ညညဆို လုံးဝ အိပ်မရ၊ သမာဓိမြင့်မား၊ သတိအားကောင်းလာသောကြောင့် အိပ်မရတာလား ဆိုတော့ မဟုတ်၊ စိတ်ပျံ့လွင့်သည့် ဥဒ္ဒစ္စ။ ဘယ်နေရာမှ အက်ကြောင်းရှာ၍ စိမ့်ဝင်လာသည်မသိ။ စိတ်လှိုင်းဂယက် ထလာသည်။ ထိန်း ... ထိန်း ၊ ထိန်း။ ထိန်းသည့်ခဏ ထိန်းချုပ်မိသော်လည်း ခဏကြာတော့ လွတ်ထွက်ရပြန်သည်။ ဘယ်လိုလဲ၊ ဘာဖြစ်တာလဲ။

(၂၇)

အာရုံပျံ့လွင့်မှုကို သတိဖြင့်ချုပ်သော်လည်း မနိုင်မနင်း၊ လပေါင်းများစွာ တည်ဆောက် တည်ငြိမ်လာသည့် သမာဓိသည် ဘယ်ကဘယ်လို ဝင်ရောက်လာမှန်း မသိသော မာယာရူပါရုံများကြောင့် အနောက်အယှက် ဖြစ်ရလေပြီ။ ရန်ကုန်က မြင်ကွင်းကို ပြင်ပက အစစ်သဖွယ် တွေ့နေရသည်။ မစိုးကို တွေ့ရတာဆို အပြင်မှာ သွားလာလှုပ်ရှား၊ စကားပြောဆိုနေသည့် အတိုင်းပင်။ ဆရာစိုင်းခမ်းလိတ်ကိုလည်း ထင်ထင်ရှားရှား တွေ့ရသည်။ ပြုံးလဲ့လဲ့ မျက်လုံးတောက်တောက်၊ နှုတ်ခမ်းမွှေး မည်းနက်။ မိတ်ဆွေ သူငယ်ချင်းတွေ တစ်ယောက်ချင်း၊ တစ်ခါတလေ တစ်စုတစ်ဝေးကြီး ထင်းထင်းပြက်ပြက် ပေါ်လာကြသည်။

ဒါ ဘယ်လို ဖြစ်မှန်းမသိ။ ဘယ်လိုမှ တားဆီးပိတ်ပင်လို့လည်း မရ၊ နံရံအက်ကြောင်း အကြားမှ ရေစိမ့်ဝင်၍ စိုစွတ်လာသလိုမျိုး။ ဟိုးအဝေးကြီးက သီချင်းသံများ သဲ့သဲ့ကြားလိုက်လျှင် လိုက်ဆိုကြည့်ချင်သည်။ စိတ်အမျှင်တန်း ပေါ်သို့ သီချင်းတွေ ရောက်လာသောအခါ အနီးအနားတွင် ရီကော်ဒါချထားပြီး နားထောင်နေရ သလိုမျိုး ပီသသဲကွဲစွာဖြင့် ကြားရ၏။

(၂၈)

ဘုရားသားတော်ဘဝ။ ဓမ္မတရားအရိပ်မှာ သက်န်းစည်းထားတာကိုပင် တစ်ခါတလေ မေ့လျော့သလို၊ မအပ်မရာ နောက်နောက်ပြောင်ပြောင် ပျော်ပျော်ရွှင်ရွှင် နေချင်လာသည်။ အခုလို သူ့အမူအယာတွေ ပြောင်းလဲစပြုလာတာ ဦးပဥ္ဇင်း ဦးဝိစိတ္တသာရတို့ ချက်ချင်းသတိထားမိကြသည်။ တားမြစ်ဆုံးမ လမ်းညွှန်ပြကြသည်။ ရခဲလှသည့် ရဟန်းဘဝ၌ တည်ခဲ့ပြီ။ မြဲအောင်၊ ခိုင်အောင် အားထုတ်ကျင့်ကြံအပ်သည်။ လွယ်လွယ်နှင့် မစွန့်လွှတ်ထိုက်၊ ဦးပဥ္ဇင်းဘဝ၌ ယခုနေ အဟောအပြော မတတ်သေး၍ အထိုင်မကျသော်လည်း နောင်တွင် ချောမွေ့ အဆင်ပြေသွားမည့်အကြောင်း သူ့ကို အမျိုးမျိုး ဖျောင်းဖြဆုံးမနားချကြသည်။

(၂၉)

သူလည်း သဘောတူ လက်ခံသည်။ သို့သော် ပြောလျှင်ပြောတုန်း ခဏသာ။ တဒင်္ဂမကြာခင် သူ့စိတ်၏ စိမ့်ပေါက်များမှ တိုးဝင်လာကြပြန်သည်။ ဘယ်လိုမှ တားမရ။ ဘယ်လိုမှ ဖာထေးပိတ်ဆို့လို့ မရ။ အဆိုးဆုံးက စိုးရိမ်စိတ်ကြီး တစ်ခုဝင်လာခြင်းပင် ဖြစ်သည်။ သူ့သူငယ်ချင်းတွေများ သူ့နာမည်နှင့် ယင်းမာတွင် ကြိုတင်ငွေတွေ ယူသုံးထားကောင်း သုံးထားမိကြလေမည်လား။ အဲသည်လိုသာဆို တင်နေသည့် အကြွေးများအတွက် သူ့ဘက်က တကယ်သီချင်း ပြန်မဆိုပေးဖြစ်၊ မဆပ်မိက

ဒုက္ခရောက်တော့မည်။ ဘယ်လိုမှ မကောင်းနိုင်တော့ပြီ။ အဲ့သလိုတွေ မဆီမဆိုင် တွေးတွေးပြီး ပူပန်စိတ်က သူ့ကိုဖိစီးလေသည်။

(၃၀)

သူငယ်ချင်း ဂျက်ဆင် ဖြုန်းခနဲ လင်းခေးရောက်လာသည်။ ဘာကိစ္စများ အရေးတကြီးရှိသလဲ။ ဘာမှုမရှိပါ။ သူ့ကို သတိရ၍ သူဘယ်လိုနေသလဲ လာကြည့်တာ။

(၃၁)

ယခုတော့ သူ သဘောပေါက်ပြီ။ သူ့ကို ဟိုတစ်ဖက်ရှိ သံယောဇဉ်ကြိုးမျှင်တွေက ဆွဲငင်ကြလေပြီ။ တေးသီချင်းတွေက သူ့ကိုမျှော်လင့်နေကြသည်။ ပရိသတ်က သူ့ကိုစောင့်နေကြသည်။ သူ ပေးဆပ်ရဦးမည်။ သူ့စိတ်က ပို၍ ပို၍ လေလာသည်။

ဟာ ... မဟုတ်သေးပါဘူး။ ဒါတွေက မသင့်တော်တော့ဘူး။ သည်မှာ သည်လောက် ငြိမ်းချမ်းအေးဆေးသည့်ဘဝ၊ ဟိုတစ်ဖက်က ရှုပ်ထွေးပွေလီသည့် လောကီသံသရာ။ အဲသလို နလုံးသွင်းသော်လည်း စိတ်သည် တဆတ်ဆတ် တုန်ယင်လျှက်။ အဝေးမှ ဆွဲငင်အားတွေကိုလည်း သူမလွန်ဆန်နိုင်သလို ဖြစ်လာသည်။ ဝိနည်းများကို နားလည်စအချိန်၊ သည်စိတ်ကူး တစ်ခုတလေမျှ ရဟန်းဘဝနှင့် မအောက်စပ်မှန်း သူ သဘောပေါက်လာသည်။ ကဲ ... ဘယ်လိုလုပ်မည်နည်း။

(၃၂)

ဖခင်ကြီးကိုပြောပြရာ-

"ဦးပဥ္ဇင်း သင်္ကန်းစည်းလာတာ ဘာလိုလိုနဲ့ ဆယ့်တစ်လကျော်ပြီ၊ တစ်နှစ်ပြည့်ဖို့ ရက်ပိုင်းလောက်ပဲ လိုပါတော့တယ်ဘုရား၊ ဒုလ္လဘသဘော ရက်ပိုင်းလောက် ဆိုယင်တောင်မှ အတိုင်းထက် အလွန်ဖြစ်ရမှာပါ ဘုရား။ ဦးပဥ္ဇင်းရဲ့ ဖွဲ့နသဲကြောင့်သာ ဝတ်နိုင်ခဲ့တာ။ အားလုံး ဦးပဥ္ဇင်းသဘောပါပဲ ဘုရား။ တပည့်တော်တို့ သီးခြားလျှောက်ထားဖို့မရှိပါ။" ဟု ကျေနပ်သဘောတူဟန်ပြသည်။

(၃၃)

သို့နှင့် အပြီးအပိုင် ဆုံးဖြတ်လျက် လူ့ဘောင်လောက ပြန်ရောက်လာခဲ့ ပါတော့သည်။

(၃၄)

လူထွက်လိုက်ပြန်တော့လည်း ကျောင်းသံယောဇဉ် မပြတ်။ ကျောင်းကို ခဏခဏ ပြန်ပြန် ရောက်သည်။ ဘုရားဝေယျာဝစ္စ၊ ကျောင်းဝေယျာဝစ္စ ဝတ်ဖြည့် ဖြစ်သည်။ သည်တစ်ကြိမ် အိမ်မှာ မိသားစုနှင့် နေရတာတော့ စိတ်ချမ်းသာ လှသည်။ အဖေနှင့် သူ့ကြားမှာ နားလည်မှုတွေ တည်ဆောက်နိုင်ခဲ့ပြီ။ အဖေ့ကို သူသဘောပေါက်သွားပြီ။ အဖေ့ကို သားက ကြည်ညို၍ သားကိုအဖေက တန်ဖိုးထားခဲ့ပြီ။ ကြီးမားလှစွာသော အမေ့မေတ္တာနှင့် အမေ့ကြိုးစား အားထုတ်မှုတွေကိုလည်း ပီပြင် သဲကွဲစွာပင် သူ တွေ့မြင်လာခဲ့သည်။ ညီမတွေ၊ ညီငယ်တွေနှင့်လည်း ချစ်ချစ်ခင်ခင် နေဖြစ်လာခဲ့ကြသည်။

တစ်နှစ်နီးပါးခန့် သမာဓိကို တည်ဆောက်နိုင်ခဲ့သည့် အတွက် လူဝတ်ကြောင်ဘဝ၊ အပြင်ရောက်သော် စာပဲဖတ်ဖတ်၊ သီချင်းပဲနားထောင် နားထောင်၊ လွန်စွာညက်ညောသည်။ စိတ်သည် ခွန်အားပြည့်လျက် ကြည်လင်နေသည်။ ဒါပေမယ့် သူသည် နောက်ကိုသိပ်လှည့်မကြည့်။





(၃၅)

အခုတော့ ဆန္ဒရှိသောအခါ နမ့်တိန်း ချောင်းထဲကို လွတ်လွတ်လပ်လပ် ဒိုင်ဗင်ထိုးဆင်း၊ ရေချိုးနိုင်ခဲ့လေပြီ။ ဝိနည်းတွေ ထိန်းစရာ မလိုပြီ။

အဲ့တာကတော့ တကယ်အရသာရှိသည်။

## အခန်း (၁၇)

ရန်ကုန် ရေအလျဉ်

### (၁)

၁၉၈၃ ခုနှစ်၊ ကိုထီး လူထွက်ပြီးတော့ အချိန်ခဏကြာ လင်းခေးမှာနေ၊ သည့်နောက် ရန်ကုန် ရောက်လာသည်။ ရန်ကုန်ကတော့ နဂိုအတိုင်း။ ဆက်ဆံရေး အပြောင်းအလဲမရှိ၊ ဝမ်းသာအယ်လဲ မဟုတ်သလို၊ အေးတိအေးစက် အိုက်တင်မခံ၊ နွေးထွေးမှုတသူကို လက်ခံ ထွေးပွေ့လိုက်သည်။

### (၂)

သူ့ခေါင်းတုံးမှာ ဆံပင်ပေါက်ခါစ။ မစိုးနှင့် တွေ့တော့ သူ့မှာ ပြောပြစရာတွေ အများကြီး။ မစိုးမှာလည်း သူ့ကိုပြောပြစရာတွေ ဘယ်လောက် များနေမှန်းမသိ။ သို့သော် ထုံးစံအတိုင်းပင်။ သူတို့နှစ်ယောက် အကြားမှာ စကားလုံးတွေ များများစားစား ဖြစ်မလာ။ အရည်လဲ့နေသော မစိုး၏ မျက်လုံးများကို ကြည့်ပြီးတော့ပဲ နားလည် သွားရတာက ပိုများသည်။

### (၃)

သူငယ်ချင်း ဂျက်ဆင်နှင့်အတူ ဆရာစိုင်းခမ်းလိတ်ရှိရာ ပြင်ဦးလွင်သို့ ရောက်ခဲ့ကြပြန်သည်။ ပြင်ဦးလွင် ပြည်သူ့ဆေးရုံကြီးက ဝင်းကျယ်ကျယ်ကြီးထဲမှာ ငြိမ်းချမ်း တိတ်ဆိတ်နေသည်။ ဆေးရုံအစွန်းရှိ သက်ရင့် ထင်းရှူးပင်မြင့်မြင့်ကြီးတွေ အောက်က တစ်ထပ်တိုက်နီနီလေး။

ဆရာစိုင်းခမ်းလိတ်နှင့် ပြန်တွေ့ဖြစ်ပြီ။ တွေ့လိုက်တိုင်း အင်အားတွေ မရသည်မရှိ။ တွေ့လိုက်တိုင်း အနုပညာခွန်အားတွေ တက်လာရစမြဲ။ ဆရာ့မှာ ရေးစပ်ဖွဲ့ ဆိုထားသော သီချင်းတွေကလည်း အပြည့်။ ထိုအချိန်တွင် ဆရာ့ဇနီး ဒေါက်တာဒေါ်နွဲ့တင်သည် မန္တလေးဆေးတက္ကသိုလ်၊ ခန္ဓာဗေဒဌာနတွင် သရုပ်ပြ၊ မိသားစုက မန္တလေး၊ ဆရာကပြင်ဦးလွင်မို့ အလှမ်းမဝေးလှဟုလည်း ဆိုနိုင်သည်။

### (၄)

ဆရာစိုင်းခမ်းလိတ်သည် ဇာတ်လမ်း သဘောပါသော မြင်ကွင်းများကို တစ်စိတ် တစ်ဒေသ သီချင်းတွေ ဖြစ်လာအောင် ရေးဖွဲ့လေ့ရှိသူ။ ဒါပေမယ့် ထိုအချိန်တွင် ရေးဖွဲ့သော သီချင်းတို့မှာ ပြီးပြည့်စုံသော ဝတ္ထုတိုလေးများ သဖွယ်၊ တစ်ခန်းရပ် ပြဇာတ်များအသွင် လူ့စရိုက်သဘာဝတို့ဖြင့် ထုံမွမ်းထားခဲ့၏။ အချို့က သရော်သည့် သဘော။ အချို့သီချင်းကျတော့ ကြေကွဲစရာ။ အခွေလုပ်သောအခါ ဆရာ့ဆီမှ သီချင်းအကြမ်းထည်၊ စာသားနှင့် တေးသွားများယူပြီး ကိုထီးက အင်ထရိုတွေ၊ အတီးပိုဒ်တွေ၊ တီးကွက်နေရာချထားမှုတွေ ရှာသည်။

အဲသလို ပူးပေါင်းလုပ်မှ ထိုသီချင်းသည် အရောင်အသွေး ပြည့်စုံလာသည်။ ခွေထဲရောက်၍ ပြန်နားထောင်သောအခါ သူတို့ကိုယ်တိုင် ပြန်ခံစားပြီး ပို၍ ရုပ်လုံးကြွလာသလား၊ မကြွလာဘူးလား အကဲခတ်ရသည်။ ထင်သလောက် မပေါက်ဘဲ လုံးလုံးမြုပ်သွားသော သီချင်းတွေလည်း ရှိခဲ့သည်သာ။ အချို့လည်း မထင်မှတ်ဘဲ တေးသွားလိုက်ဖက်ကာ ပို၍ရုပ်လုံးကြွ ပီပြင်ပေါ်လွင်လာသည်လည်း ရှိသည်။ အဖွဲ့၏ သဘောနှင့် အားလုံးတိုင်ပင်ဆုံးဖြတ်သည်။ စုပေါင်းလုပ်ကြသည်။

(၅)

The Wind Ones ခေါ် သဘာဝရဲ့ ရင်သွေးငယ်များ။ ဂီတအနုပညာနှင့် နှောင်ဖွဲ့မိသော ဘဝများ။ ရေစက်ဟုပင်ခေါ်မည်လား။ ပါရမီအကြောင်းကံ ပါခဲ့ကြသည်။ သူတို့ရဲ့ တေးသီချင်းများအပေါ် ချီးမွမ်းတာ၊ ကဲ့ရဲ့တာတွေကတော့ အစုံပဲကြုံခဲ့ရသည်။ ကိုယ်ပိုင်သံစဉ် စတီရီယိုသီချင်းများကို ကိုင်စွဲလျက်၊ စုစုပေါင်း ဆယ်စုနှစ်တစ်စုခန့် ပုံသဏ္ဍာန် အမျိုးမျိုးနှင့် သူတို့ဖြတ်သန်းခဲ့ကြသည်။ သူတို့အနုပညာကို နှစ်သက် လက်ခံသော ပရိသတ်ကတော့ အတိုင်းအတာတစ်ခုထိ ထုထည်ဖွံ့ခဲ့မိပြီ။

သို့သော် အောင်မြင်သည်ဆိုတာ ဘာလဲ၊ ကျော်ကြားမှုဆိုတာ ဘာလဲ၊ ဂုဏ်လား၊ ငွေလား။ အဓိပ္ပာယ်ကတော့ မပြည့်စုံသေးဘူး ထင်သည်။ ဆရာစိုင်းခမ်းလိတ်ကတော့ "အရှုံးတစ်ခုနဲ့ အရင်းတည်မယ်" ဟု ရေးဖွဲ့ခဲ့သည်။

*အရှုံးတစ်ခုနဲ့ အရင်းတည်မယ်*

*ရှုံးပြီးယင်း အရှုံးလည်း*

*အရှုံးခံရဲသေးတယ်။*

*ဘဝရဲ့ လောင်းကစားဝိုင်းပေါ်မှာ*

*ကိုယ့်ရဲ့ သီချင်းနဲ့*

*တစ်ထောင့်တစ်ပုဒ်အထိ*

*ငုပ်ကောင်ကို ဆက်ထိုးနေမယ်။*

*ပေါ်လည်း ပေါ်တဲ့အလျောက်*

*ငုပ်လည်း ငုပ်တဲ့အလျောက်*

ထိုမျှသာမက၊ "စင်မြင့်ပေါ်ရောက်လည်း ကိုယ့်သီချင်းနဲ့ ပျော်မယ်၊ ကျောက်လမ်းပေါ်ရောက်လည်း ကိုယ့်သီချင်းနဲ့ပျော်မယ်" ဟု ဆရာစိုင်းခမ်းလိတ်က ရေးစပ်ဖွဲ့ဆိုသည်။ ထိုစာသားသည် တေးဂီတနှင့် အနုပညာအပေါ်တွင် သူတို့ The Wind Ones ခေါ် သဘာဝရဲ့ ရင်သွေးငယ်များ အားလုံး ထားရှိကြသော သဘောထားဟုပင် ဆိုရချိမ့်မည်။

(၆)

ကိုထီးက ပရိသတ်နှင့် နှစ်အတန်ကြာကင်းကွာပြီးမှ ထွက်လာရသော "ဥပေက္ခာ လောကသား" အခွေကတည်းကပင် အမာခံပရိသတ်က သူ့ကို သံယောဇဉ်ကြီးစွာ၊ ချစ်ခင်စွာ အားပေးခဲ့ကြသည်။ ယခုတဖန် တစ်နှစ်ခန့် သာသနာ့ဘောင်သွားဝင်နေခဲ့ပြီး "လူကြမ်းမင်းသား"၊ "ရန်ကုန်မှာ သာတဲ့လ" အစရှိသည့် အခွေများ ပြန်သွင်းဖြစ်သည်။ လူကြမ်းမင်းသားစီးရီးအထိ The Wind Ones အဖွဲ့မှာ ဆရာစိုင်းခမ်းလိတ်၏ ညီဖြစ်သူ စိုင်းခမ်းသီ ပါဝင်ခဲ့သေးသည်။ စိုင်းခမ်းသီသည် မိုင်းကိုင်-ကျေးသီးဘက်မှာ အိမ်ထောင်ကျပြီး ဆွဲခန့်ကျောင်းဆရာ လုပ်နေခဲ့သည်။ အခွေတီးစရာရှိလျှင် လာလုပ်ကိုင်ပြီး ပြန်သည်။ နောက်ဆုံး အခေါက်အပြန်တွင် အသက်သုံးဆယ်ကျော်ကျော်၊ ငယ်ငယ်နှင့်ပင် ဆုံးပါးခဲ့ရှာသည်။

ဂျော်နီလည်း လူကြမ်းမင်းသားအထိ တီးဖြစ်သည်။ ရာထူးတက်လာ၍ အဝေးသို့ ပြောင်းရွှေ့ရသည်။ သို့ဖြင့် လာပေးဖို့အခက်အခဲ ဖြစ်လာသည်။ အဲသလို အပြောင်းအလဲ အချို့ရှိသော်လည်း The Wind Ones သည် စုစည်းညီညွတ်ဆဲ။

(၇)

"ရန်ကုန်မှာ သာတဲ့လ" အခွေတွင် ဆရာစိုင်းခမ်းလိတ်အပြင် ကိုနေဝင်းကလည်း "နေမင်းပြုံးမယ့်နေ့၊ ပိုးသာကုန်၍ မောင်ပုံစောင်းတတ်ခဲ့ပြီ၊ ရင်ဆိုင်ကြဦးစို့၊ သည်နေရာမှာ ကွန်းခိုပါ" အစရှိသည့် တေးများ ရေးဖွဲ့ပေးခဲ့၏။ ထိုစီးရီးကို ကိုချာလီ(ကောင်းမြတ်)၏ လင်းစတူဒီယိုမှာ သွင်းဖြစ်ခဲ့ကြသည်။ ယခင် UCF က ဂေါ်ဒင်တို့၊ ဦးအာသာကိုလေးတို့ အကူအညီတောင်း၍ ပဲခူးမှ ပရိုဂျူဆာနှင့် ခရစ်ယာန် ဓမ္မတေးတစ်ခွေ စမ်းသွင်းခဲ့ဖူး၏။ ယင်းမှာနှင့်ကျတော့ စီးပွားရေးသဘောဖြစ်သွားသည်။

(၈)

"ပလက်ဖောင်းမင်းသား" အခွေကျတော့ ကိုရဲခေါင်(မေ) စတူဒီယိုသို့ ပြန်ရောက်သည်။ ယင်းမှာ လက်ဦးသုံးယောက်မှာ စီးပွားရေး အကိုင်းအခက်များ သီးခြားခွဲသွားကြပြီ။ သည်ကြားထဲတွင် အမှတ်တရတေးစုများ ထွက်ဖြစ်သည်။ New Version အစအဆုံး ပြန်ဆို၊ ပြန်တီးကြခြင်း ဖြစ်သည်။ အမှတ်တရများတေးစုကျတော့ ပြင်ဦးလွင်အထိ သွားစရာမလို။ ရန်ကုန်သို့ ဆရာစိုင်းခမ်းလိတ် ရောက်တုန်းရောက်ခိုက် တေးသံသွင်းများနှင့် ပြောဆိုညှိနှိုင်းခဲ့ကြခြင်းဖြစ်၍ အဆင်ပြေသည်။

အမှတ်တရ(၁) တေးစုကို ဥပေက္ခာလောကသား ထုတ်ခဲ့သော စက်ကာပူ တေးသံသွင်းမှ ထုတ်သည်။ ရွှေဟင်္သာနားခိုက်၊ ပျံသာပျံပါ ရွှေဟင်္သာ၊ ရွှေဟင်္သာ ပျံမှာစိုး၊ အစရှိသည့် ရွှေဟင်္သာသီချင်းများ၊ ဘီးကလေးကိုစီး၊

ကယ်ရီယာမပါသည့် ဘီး၊ ဘီးနံပါတ် OK 0122L အစရှိသည့် စက်ဘီးသီချင်းများ ပါဝင်သည်။ အမှတ်တရ (၂)၊(၃) ကျတော့ ယင်းမာတေးသံသွင်းမှ ထွက်သည်။

(၉)

ထိုအချိန်တွင် ကိုထီးက ရန်ကုန်တွင်နေသည် ဆိုသော်လည်း အခြေတကျမဟုတ်။ ရန်ကုန်မှာ ရှိနေလျှင်တော့ တံတားဖြူမှာ အပေါင်းအသင်းတွေနဲ့ ဖြစ်သည်။ လင်းခေးကိုတော့ သွားလိုက်ပြန်လိုက်ပင်ဖြစ်သည်။ ဘယ်လိုပဲဖြစ်ဖြစ် ရွှေတိဂုံဘုရား မသိုးသင်္ကန်း ကပ်လှူပူဇော်ပွဲဆိုလျှင်ဖြင့် စတိတ်ရှိုးလည်းရှိ၍ နှစ်စဉ်ဆင်းလာပြီး မပျက်မကွက် ဖျော်ဖြေသည်။ ထိုအခါ ပရိသတ်နှင့်လည်း ထိတွေ့မှု မပြတ်။

ထိုအချိန်ထိ စိတ်က ရန်ကုန်ကို လုံးလုံးလျားလျား မယုံစားဝံ့သေး။ နောက်ဆုံးတော့ လင်းခေးမှာပဲ အခြေချဖြစ်လိမ့်မည်ဟု စိတ်ကူးထင်ထားသည်။ မစိုးနှင့် လက်ထပ်ပြီးလည်း လင်းခေးကိုသာ ခေါ်ထားဖြစ်လိမ့်မည်ထင်သည်။

(၁၀)

မစိုး ဘွဲ့ရသွားပြီးသော်လည်း အလုပ်ရေရေရာရာ မရှိသေး။ လေဘာကဒ်တော့ လုပ်ထားပြီးပြီ။ ရန်ကုန်မြို့ထဲမှ သူ့အဖေနှင့် ခင်မင်ရင်းနှီးသော ကုန်သွယ်ရေး ရုံးတစ်ရုံးတွင် လုပ်အားပေးအဖြစ် အလုပ်ဝင်ခဲ့သေးသည်။ အဲသည်မှာ ခဏ ကြာသော်လည်း နေသားမကျ၊ သို့ဖြင့် ကျောင်းဆရာမပဲ လုပ်တော့မည်ဟု ဆုံးဖြတ်လိုက်၏။ ပုသိမ် တီတီစီမှာ သင်တန်းသွားတက်ရသည်။ သင်တန်းဆင်းလာပြီး ပထမဆုံး တာဝန်ကျသည်က မရမ်းကုန်း အထက(၂) ကျောင်းမှာ သွားတွေ့သောအခါ မစိုးက အင်္ကျီဖြူ၊ ထမီစိမ်း၊ ကြိမ်ခြင်းတောင်းကလေးနှင့် ဖြစ်လေသည်။

ကျောင်းဆရာမ ဖြစ်လာသောကြောင့် မစိုးကို "ဆရာမ၊ ဆရာမ" ခေါ်ယင်း နှုတ်ကျိုးသွားပြီး နောက်ဆုံးအချိန်အထိ ဆရာမဟုပင် ခေါ်ဖြစ်ခဲ့ပါသည်။

(၁၁)

ဂျက်ဆင့်အမက နတ်မောက်လမ်းသွယ်ထဲတွင် ငှားနေရာ ထိုအိမ်တွင် မစိုးနှင့် တွေ့ဆုံ စကားပြော ဖြစ်ကြသည်။ အခုတော့ နှစ်ယောက်စလုံးမှာ အလေးအနက် ပြောစရာရှိနေပြီ။ မစိုးဘက်ကဆိုလျှင် ဘွဲ့လည်းရပြီးပြီ။ အလုပ်အကိုင်လည်း ရနေပြီ။ ကိုထီးဘက်ကလဲ ဘာပဲပြောပြော သီချင်းဂီတကျေးဇူးအားဖြင့် ရပ်တည်မည်ဆိုပါက ရပ်တည်နိုင်မည်။ ယခုတော့ အပေါင်းအသင်းတွေနဲ့မို့ လက်ထဲရောက်သမျှ အဖတ်တင်သည် မရှိ။ တွန်းအားလည်း ကင်းမဲ့သလိုမျိုး ဖြစ်နေသည်။ ပြီးတော့ ကိုထီးအသက် ၃၁ နှစ်ရှိပြီ။ အတည်တကျ အိမ်ထောင်ပြုဖို့ သင့်ပြီ ဆိုရမည်။

(၁၂)

ဒါဖြင့် ဘယ်လိုလဲ၊ လက်တွေ့ကျကျ စဉ်းစားကြရသည်။ မစိုးဘက်က အဆွေအမျိုး အချို့ကတော့ ကိုထီးကို ကန့်ကွက်တာ မဟုတ်သော်လည်း သဘောမကျ သလိုလို၊ မစိုးဖခင်ကြီးကလည်း ချင့်ချင့်ချိန်ချိန်ပဲ ဖြစ်သည်ဟု သိရသည်။ ဘေးဘီ မှတ်ချက်တွေကလည်း သူတို့နှစ်ယောက်ကို သိပ်လိုက်ဖက်လှသည်ဟုမထင်။ ကိုထီးက နာမည်ကြီးသူပီပီ အသာစီးယူသွားမည်လား၊ မိန်းကလေးဘက်မှ ဆိုတော့လည်း သည်လို စဉ်းစားကြတာ သဘာဝကျပါသည်။ ဒါတွေလည်း သေချာပြော ဆိုရှင်းပြလိုက်လျှင် သဘောတူကြလိမ့်မည်သာ။

ကိုထီးဘက်ကတော့ ဘာပြဿနာမှ သိပ်မရှိ၊ အမေနှင့် မစိုးက တစ်ကြိမ်ဆုံပြီးပြီ။ အဆင်ပြေခဲ့သည်ပဲ ဆိုရမည်။

(၁၃)

တစ်ခါက်တော့ အမေ့နာခေါင်းထဲရှိ အနာခွဲရန် တောင်ကြီးမှာ ဆေးရုံတက်ရသည်။ သည်တော့မှပဲ အမေ့မှာ ဆီးချိုရောဂါ ဆိုးဆိုးဝါးဝါး ရှိနေတာကို သိလာရသည်။ ဆီးချိုထိန်းရန် ရန်ကုန်မှ သမားတော်များနှင့် အမေ လာပြ ကြည့်ချင်သည်။ သို့ဖြင့် အမေ ရန်ကုန် ဆင်းလာရသည်။ ထိုအခါ ကိုထီးက မစိုးနှင့် အမေ့ကိုတွေ့ဆုံစေပြီး ရိုးရိုးတန်းတန်း သဘောမျိုး မိတ်ဆက်ပေးခဲ့ဖူးသည်။ ဘာပဲဖြစ်ဖြစ် အမေကလည်း ငယ်ရာကကြီးလာသူ၊ ကိုထီးတို့အကြောင်း ရိပ်စား အကဲခတ်မိ ခဲ့သည်သာ။

(၁၄)

တကာယ့်တကယ် ရှင်းပြတော့လည်း မစိုးဖခင်ကြီး၏ သဘောထားက ရှင်းသည်။ သမီးရွေးချယ်ထား ပြီးလျှင် ငြင်းပယ်စရာမရှိ။ လက်ထပ်တာ ကိန်းကြီးခန်းကြီး မလို၊ မိန်းကလေး ဂုဏ်သိက္ခာအရ အစဉ်အလာသဘော လူကြီးချင်း တောင်းရမ်း ပြောဆိုလျှင် ပြီးပြီ။ အိမ်ထောင်ကိုတော့ အပီအပြင် ခိုင်မာအောင် ဖန်တီးစေချင်သည်။ ကိုယ့်ခြေထောက်ပေါ် ကိုယ် သေသေချာချာရပ်စေချင်သည်။ အဲသလိုဆိုတော့ ကိုထီးက လင်းခေးတစ်ခေါက်ပြန်၊ အဖေတို့ကိုခေါ်ပြီး လူကြီးချင်း စကားပြောဆို စေ့စပ်စေသည်။ အဖေက ကြည်ကြည်ဖြူဖြူပဲ လိုက်လာသည်။ ရှမ်းတိုင်းရင်းသား ထဲမှာ ပညာတတ် တစ်ယောက် ဖြစ်သော်ငြားလည်း မြို့ကြီးပြကြီး ထုံးစံတွေတော့ အဖေ မသိ။ ရိုးရိုးကြီးနေမြဲထုံးစံအတိုင်း တဘက် ခေါင်းပေါင်းနှင့် ပဲပါလာသည်။

ရန်ကုန်တွင် နေထိုင်သော အစ်မဝမ်းကွဲ ဇနီးမောင်နှံ (နန်းနောင့်နောင့်၏ မိဘများ)က အစစအရာရာ လိုက်ပါဆောင်ရွက်ပေးကြသည်။ မိသားစုနှစ်ဖက်စလုံးမှ ကြီးမားသော လိုလားချက်မရှိ၊ ဖြောင့်ဖြောင့်စင်းစင်းမို့ အစစအရာရာချောမွေ့ အဆင်ပြေခဲ့တော့၏။

(၁၅)

သည်နောက်တော့ ကိုထီးနှင့် မစိုးတို့ တရားရုံးမှာ လက်မှတ်ထိုးကြသည်။ အားလုံး ရိုးရိုးနှင့်ရှင်းရှင်းပင်။ ရေကျော်ဝန်ကြီးလမ်းတွင် နန်းနောင့်နောင့် အကိုရှိသည်။ သူ့အစီအစဉ်ဖြင့် ရွှေဘုန်းပွင့်မှ သံဃာတော်များကို ပင့်ဖိတ်ပြီး မင်္ဂလာဆွမ်းကပ်သည်။ မစိုးတို့ ဆွေမျိုးရင်းချာတွေ၊ သိပ်ရင်းနှီးသော မိတ်ဆွေအပေါင်းအသင်းတွေ ခပ်ကျဉ်းကျဉ်းလေးပဲ ဖိတ်ပြီး တင်တင်အေး မုန့်ဟင်းခါးနှင့် ဧည့်ခံလိုက်လေသည်။

(၁၆)

အိမ်ထောင် တစ်ခုကိုတော့ ထူထောင်ခဲ့ကြပြီ။ ကိုထီးနှင့်မစိုး တိုင်ပင်၍ အတူတူ နေစရာနေရာတစ်ခု စီစဉ်ထားနှင့်ခဲ့ကြ၏။ အင်းစိန်၊ ခဝဲခြံ၊ ဒေါ်လှပန်းလမ်း၊ အမှတ်(၂၅)၊ နယ်လှည့် တရားဟောဆရာ ဦးစောထူးစော ဆီမှာ အခန်းငှား နေဖြစ်ခဲ့ကြသည်။ မစိုး၏ အထက(၂) မရမ်းကုန်း(စိန့်ဂျွန်ကျောင်း) ကလည်း အဲသည်ထိပ်မှာတင်ရှိသည်။ အိမ်နီးနားချင်း ကရင်လူမျိုးတွေကလည်း လွန်စွာဖော်ရွေ ခင်မင်ကြသည်။ ဘာမဆို ပွင့်ပွင့်လင်းလင်း အကူအညီပေးကြသည်။

အိမ်ထောင်ဦးအစ ဘာမျှ ပြည့်ပြည့်စုံစုံမရှိသေး။ ကိုထီးကလည်း တံတားဖြူနှင့် လင်းဓေး ခေါက်တုန့်ခေါက်ပြန် သွားလာနေခဲ့သူမို့ သေသေချာချာ သိမ်းထုပ် စုဆောင်းခြင်း မရှိခဲ့။ ပန်းကန်ခွက်ယောက်ပင် မစုံလင်၊ မစိုး၏ ဆရာမလစာကိုပင် အဓိက အားပြုရသည်မို့ ကသီလင်တလေးတွေတော့ ရှိသည်။ ဒါပေမယ့် သူတို့ နှစ်ယောက်စလုံး ပျော်ကြသည်။ နဂိုကတည်းက စကားနည်းနည်းပဲ ပြောကြသော်လည်းနားလည်မှုအပြည့်၊ အပြန်အလှန် ယုံကြည်မှုတွေရှိကြသည်။

*နေမင်းရဲ့အလင်းရောင်သည်လည်း*

*မနေ့ကနဲ့မတူ၊ မနေ့ကလို မပူတော့ပြီ*

*အားသစ်အင်သစ်တွေ ဆောင်ကြဉ်းပေးခဲ့လို့ငါသည်*

*အချစ်အတွက်တစ်ဖန် မွေးဖွားခဲ့ပြီ။*

*မျှော်လင့်ခြင်းတွေရင်မှာ ပြန်ရှင်သန်လာ*

*မာန်မာနတွေရင်မှာ ပြန်ခိုင်မာလာ*

*ဒီဘဝကို အရှုံးမပေးတော့ဘူးလို့..*

*ငါ့နလုံးသား တစ်ချက်ခုန်လိုက်တိုင်းလေ*

*မနေ့ကနဲ့ကွာ၊ မနေ့ကလို မနာတော့ပြီ*

*သူ့မျက်နှာ ခဏမြင်လိုက်ကတည်းက ငါသည်*

*အချစ်အတွက် တစ်ဖန် မွေးဖွားခဲ့ပြီ။*

(၁၇)

ထိုအချိန်တွင် ဆရာစိုင်းခမ်းလိတ်က မမျှော်လင့်ဘဲ ရန်ကုန်မှာ အချိန်တော်တော်ကြာနေဖို့ ရောက်ရှိလာခဲ့သည်။ မင်္ဂလာဒုံဆေးတက္ကသိုလ်(၂) တွင် ခန္ဓာဗေဒ မဟာသိပ္ပံ သင်တန်း လာတက်ခြင်း ဖြစ်သည်။ ဆရာစိုင်းခမ်းလိတ်၏ ဇနီး ဒေါက်တာနွဲ့နွဲ့တင်က ထိုအချိန်တွင် ဘွဲ့လွန်မတက်ရသေး၊ မန္တလေး ဆေးတက္ကသိုလ် ခန္ဓာဗေဒဌာန၌ နည်းပြဆရာမလုပ်နေဆဲဖြစ်သည်။

ဆရာစိုင်းခမ်းလိတ်သည် ဘွဲ့လွန်ကျောင်းသားဘဝ ပြန်ရရှိ၍ တက္ကသိုလ် နယ်မြေတွင် ခြေချရသောအခါ လူငယ်တစ်ယောက်သဖွယ် နပျိုတက်ကြွလာခဲ့သည်။ သို့သော် သူ့ခမျာ စာအုပ်ထူကြီးတွေ အပုံလိုက်ကြားထဲက သိပ်မထွက်နိုင်၊ မဟာသိပ္ပံဘွဲ့လွန် သင်တန်းက သူ့ကိုဖိစီးထားလေသည်။ ဆေးစိမ်ထားသော လူသေအလောင်းကောင်တွေ အကြားမှာ ပျော်မွေ့နေရသည်။

(၁၈)

ဆရာစိုင်းခမ်းလိတ် ကျောင်းတက်တော့ မင်္ဂလာဒုံ။ နေတော့ မေတ္တာညွန့် ရပ်ကွက်မှာ။ ဒေါက်တာနွဲ့နွဲ့တင်နှင့် သားချင်းတော်စပ်သော ဦးအေးချမ်း ဆိုသူ၏အိမ်မှာ ကွန်းခိုခဲ့ရသည်။ မင်္ဂလာဒုံနှင့် မေတ္တာညွန့်ဆိုတော့ မြို့ပတ်ရထားပဲ အစီးများသည်။ လမ်းကမကောင်း၊ မိုးမှာရွှံ့ဗွက်၊ နွေမှာဖုန်ထူ ညဆို လမ်းမီးမရှိပါ။ သို့သော် ဆရာစိုင်းခမ်းလိတ်က ဖွဲ့နပဲ ထားသည်။ ခေါင်းမာမာနှင့် သည်းခံနိုင်သည်။

တစ်ခါတလေ အားလပ်သောအခါ ကိုထီးတို့ အင်းစိန်အိမ်သို့ ရောက်ရောက် လာတတ်သည်။ လသာရက်များဆို ခြံဝင်းထဲကုလားထိုင်ချပြီး စကားပြောကြသည်။ ဂီတအကြောင်းကတော့ ဘယ်လောက်ပြောပြော ဝသည်မရှိ။ ရှမ်းတိုင်းရင်းသား ရိုးရာဂီတမှသည် နိုင်ငံတကာ ခေတ်ပေါ်ဂီတ အမျိုးအစားအထိ ရောက်တတ်ရာရာ ပြောမိတတ်စမြဲ။

"ပါမောက္ခ ဒေါက်တာမောင်မောင်ညိုက ဘွဲ့လွန်သင်တန်း တက်နေတုန်း သီချင်းသစ် လုံးဝမရေးရဘူး၊ စာထဲမှာပဲ အာရုံအားလုံး နှစ်ထားရမယ်။ သီချင်းသစ် ထွက်လာယင် ဘွဲ့လွန်ယူဖို့ စိတ်မကူးနဲ့တော့လို့ကို ပြောထားတာ။" ဆရာစိုင်းခမ်းလိတ်က လေသံအေးအေးလေးနှင့် ပြောသည်။

"အေးလေ၊ သီချင်းသစ် မထွက်ရတော့လည်း အမှတ်တရတွေဘက် ပြန်လှည့်နိုင်တာပေါ့။ Version အသစ်နဲ့ ပြန်ဆိုတီးတော့ အယင်သီချင်းလေးတွေ ပိုပြီးသပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်း ဖြစ်သွားတာပေါ့။ သည်လိုပဲ မှတ်ရမှာပဲ" တစ်ဆက်တည်း သက်ပြင်းတစ်ချက်မှုတ်ထုတ်လိုက်ပြီး

"သိပ်မရေးဖြစ်တော့ပေမယ့် သီချင်းကတော့ ရှိလာတာပဲ။ သူ့အလိုလိုကို ရေးဖြစ်တဲ့အခါ ထွက်လာတာပဲ။ တားဆီးပိတ်ပင်ထားလို့ရတာမျိုးမှ မဟုတ်ဘဲလေ၊ အဲဒါလေးတွေတော့ ခဏသိမ်းထားလိုက်ဦးမယ်၊ အခုတက်နေတဲ့ ဘွဲ့ ရပြီးသွားတော့မှ ထုတ်ကြသေးတာပေါ့ ဟုတ်လား" ဟု ဆိုသည်။

ဆရာစိုင်းခမ်းလိတ်၏ မျက်လုံးများက လရောင်အောက်တွင် အရောင်ဖိတ်ဖိတ် လက်၍နေလေသည်။







(၁၉)

ညနက်လှပြီဟု မစိုးက သတိလာပေးမှ အိပ်ရာဝင်ဖြစ်ကြသည်။ ခဝဲခြံနှင့် မေတ္တာညွှန့်ကတော့ အလှမ်းဝေးလွန်းသည်။ ဆရာလိတ်က မအိပ်ခင်

"ရန်ကုန်မှာ သည်နေရာလေးတွေကတော့ တောမြို့ကလေးလိုပဲ အေးအေး ချမ်းချမ်း ရှိတယ်၊ မြို့ထဲကတော့ သိပ်ကို ရှုပ်ထွေးလွန်းအားကြီးတယ်။ ရန်ကုန်တိုက်ခန်း ကျဉ်းကျဉ်းတွေ ပေါ်ကလူအများစုဟာ လသာနေလို့တောင် လသာနေမှန်း မသိတော့တာပဲ များကြတယ်" ဟု ဆိုလိုက်သေးသည်။

## အခန်း (၁၈)

အနုပညာ နယ်နိမိတ်များ

(၁)

အမှတ်တရ (၂)၊ (၃) ထွက်ပြီးတော့ "ကိုယ့်အချစ်နဲ့ အရာရာကို အကောင်းအတိုင်း ဖြစ်စေမယ်" စီးရီးထုတ်ဖို့ ပြင်ဆင်နေဆဲ အချိန်။ ထိုကာလမှာ ပန်းသီစံနှင့် အေးသီခိုင်အမည်ရှိ လူငယ်မိန်းကလေး အဆိုတော် မျိုးဆက်သစ်နှစ်ယောက် ပေါ်ပေါက်လာခြင်းနှင့် တိုက်ဆိုင်နေသည်။ ယင်းမှာ ကိုချစ်ခင်က အေးသီခိုင်ကို အမည်ရင်း မီမီဝင်းဖေဖြင့် ကိုထီးနှင့်အတူ တွဲဆိုဖို့ ခေါ်ယူလာခဲ့သည်။ သို့ဖြင့် "အကောင်းအတိုင်းဖြစ်စေမယ်" စီးရီးမှာ "မိုးချစ်သူ" သီချင်းတစ်ပုဒ် စုံတွဲသီဆိုဖြစ်ကြသည်။ သည့်နောက် မိသားစုအချင်းချင်း ခင်မင်သွားခဲ့ကြလေသည်။

(၂)

ထိုအချိန်သည် ဗွီဒီယိုဇာတ်ကားများ ပေါ်ပေါက်စ၊ မြေစမ်းခရမ်းပျိုးဆဲအချိန်။ ယခုခေတ် ယခုအခါလို များများစားစားတော့ မတွင်ကျယ်သေး။ ဈေးကွက်က ရှိစပြုနေပြီ ဖြစ်သော်လည်း မကျယ်ပြန့်သေး၊ ရုပ်ရှင်ဇာတ်ကားကြီးများ ထဲမှ နာမည်ကြီးမင်းသား၊ မင်းသမီးတွေက အခြေအနေ စူးစမ်းလေ့လာဆဲ။ အချို့နာမည်ကြီးတွေကတော့ ဗွီဒီယိုဇာတ်ကား ဘယ်တော့မှမရိုက်ဟု ပြောင်ပြောင်တင်းတင်း ကြေညာထားသည်။ အချို့ကတော့ မငံ့မရဲ ချီတုံချတုံ။

ဒါရိုက်တာမောင်ငြိမ်းချမ်းကတော့ ဗွီဒီယိုဇာတ်ကားအချို့ စမ်းရိုက်ကြည့်ပြီးပြီ။ နောက်ထပ်ရိုက်ကူးဖို့လည်း စိတ်အားထက်သန်နေသည်။

"ကိုထီး..ခင်ဗျား။ ဗွီဒီယိုဇာတ်ကား ရိုက်ပါလား၊ ဒီဘက်မှာ မင်းသားက ရှားနေသေးတယ်။ ကိုထီးလည်း ပရိသတ်အနိုင်အမာရှိတဲ့ Public Figure တစ်ယောက်ပဲ။ ကိုထီးသရုပ်ဆောင်ထားတာဆို ပရိသတ်ကလည်း ကြည့်ချင်ကြမှာပဲ။ စမ်းရိုက်ကြည့်ယင် ဖြစ်လိမ့်မယ်လို့ ကျနော်ထင်တယ်။ ဘယ်လိုလဲ၊ ဝါသနာမပါဘူးလား" ဟု ဆိုသည်။

ကိုထီး အံ့အားသင့်နေသည်။ ဘာပြောရမှန်းမသိ။ သူ့လိုပုံမျိုးကို သရုပ်ဆောင် ဇာတ်လိုက်လုပ်ဖို့ လာကမ်းလှမ်းနေတာ ကိုယ့်နားကိုယ် ပြန်၍မယုံနိုင်၊ ဘယ်လိုများ ဖြစ်နိုင်မည်လဲ။ မကြံကောင်း မစည်ရာ။

(၃)

မောင်ငြိမ်းချမ်းကတော့ လုံးဝ စိတ်မလျှော့။

"ကိုထီးရုပ်က အများသိ မင်းသားတွေနဲ့ မတူပေမယ့် ကျနော်တို့ ဒါရိုက်တာတွေ အမြင်အရ ကင်မရာထောင့်ဆိုတာ ရှိတယ်၊ တည်ကြည်မှု ရှိတယ်၊ ရိုက်လို့ ရကိုရတယ်။ ထူးခြားဖို့ပဲလိုတာပါ။ မင်းသားရုပ်ကလှရမယ်ဆို နိုင်ငံခြားက တချို့မင်းသားကြီးတွေက ဘယ်လိုလုပ်မှာလဲ။ မဆိုင်ပါဘူးဗျာ။

ဇာတ်နဲ့လိုက်ဖက်အောင် သရုပ်ဆောင်တတ်ဖို့ပဲ လိုတာပါ။" ဟု ယုံယုံကြည်ကြည် ရဲရဲတင်းတင်း ပြောနေသည်။

ကိုထီးက "ကျနော်မှ သရုပ်မဆောင်တတ်ဘဲ" ဟု ပြောရာ ဒါရိုက်တာ မောင်ငြိမ်းချမ်းက ရယ်သည်။

"ဘယ်သူမှ မွေးကတည်းက လမ်းမလျှောက်တတ်ပါဘူး။ ဘာမဆို လုပ်ယင်းနဲ့ အတွေ့အကြုံက သင်သွားရတာမျိုးချည်းပါဗျာ။ ကိုထီးလည်း အနုပညာသမားပဲ။ ဒါတွေ တစ်ခုနဲ့တစ်ခု ဘာမှမဝေးဘူး။ လုပ်ကြည့်ကြရအောင်"

(၄)

ကိုထီးကတော့ သည်စကားတွေကို အလွယ်သဘော စပ်မိစပ်ရာပြောခဲ့သလိုပဲ ပေါ့ပေါ့လွယ်လွယ် သဘောထားခဲ့သည်။ ဒါပေမယ့် မောင်ငြိမ်းချမ်းကတော့ အတည်ပေါက်ကြီးကိုပဲ ဇာတ်လမ်းတစ်ပုဒ် ယူချလာခဲ့လေသည်။

(၅)

ဖတ်ကြည့်လိုက်တော့ ဟိုးတစ်ချိန်က မင်းသားစိုးရွှေ၊ မြတ်လေးတို့ ရိုက်ကူးခဲ့သည့် "မြေမှာပွင့်သော မေတ္တာပန်း" လို ဇာတ်လမ်းမျိုး၊ တစ်နည်းအားဖြင့် မင်းသားကြီး Anthony Quinn ၏ The Humpback of the Notre Dame ဇာတ်လမ်းသဖွယ်၊ မောင်ရုပ်ဆိုးနှင့် လှယမင်း ကျောရိုး။ ကိုထီး တွေ့ဝေသွားသည်။

"ဘယ့်နှယ့်လဲ ကိုထီး၊ ဖြစ်နိုင်မလား" ဟု ဒါရိုက်တာကမေးသည်။ ကိုထီးက ရယ်မောလျက်.....

"ကိုငြိမ်းချမ်းရယ်၊ ဖွင့်ဖွင့်ချင်း အစဦးဆုံး ဇာတ်ကားမှာ သည်လောက်ကြီး ဆိုတော့လည်း မဟုတ်သေးဘူး ထင်တယ်ဗျာ။ လူတွေအမြင်သေ သွားနိုင်တယ်၊ ကျနော်တို့က ပရိသတ်ကြီးရဲ့ ကျေးဇူးအပေါ်မှာပဲ ဘဝတွေ တည်နေရတာပါ၊ သည်ဇာတ်လမ်းမျိုးတော့ လက်မခံပါရစေနဲ့"

အဲသလို ယဉ်ယဉ်ကျေးကျေး ငြင်းပယ်ခဲ့ရသည်။

(၆)

ခေတ္တ နောက်ဆုတ်သွားသော မောင်ငြိမ်းချမ်းက သည်မျှနှင့်မပြီး၊ ထပ်လာညှိပြန်သည်။ ဆရာစိုင်းခမ်းလိတ် ရှိနေသည့် အခိုက်အတန့်များနှင့် ကြုံကြိုက်သောကြောင့် ထိုကိစ္စအပေါ် ဆရာစိုင်းခမ်းလိတ်ကလည်း စိတ်ပါဝင်စား လာခဲ့သည်။ တကယ်တော့ ဆရာစိုင်းခမ်းလိတ်မှာ ရုပ်ရှင်ဝါသနာပိုးရှိသည်။ ဆရာလိတ် ဂီတပိုင်းမှာ ပါရမီပါတာ ပြေစရာမလိုတော့သလို စာပေအရေးအသားမှာလည်း ရှမ်းဘာသာနှင့် ရေးသမျှ သူ့အယူအဆ၊ အသုံးအနှုန်း၊ ဝါကျအထားအသိုများကို ကိုထီးတို့ တော်တော်ကြိုက်ခဲ့ရသည်။

စကားပြောကို ကျစ်ကျစ်လစ်လစ်၊ သေသေချာချာ၊ ဒိုးခနဲဒေါက်ခနဲ။ စကားလုံးများ လေ့လာတော့မည် ဆိုလျှင် ဆရာလိတ်သီချင်းတွေ ထဲကတော်တော် အတွေ့အကြုံရသည်။ စာအရေးအသားဆို သူ့ဆီကပဲ အများကြီး အတုယူခဲ့ရသည်။

ဆရာလိတ်သည် ဝတ္ထုတို ဇာတ်လမ်းလေးတွေလည်း စိတ်ကူးဖြင့် ရေးဖွဲ့ခဲ့ဖူးသည်။ သူ့ဇာတ်လမ်းကို ရုပ်ရှင်ရိုက်မည် ဆိုလျှင်လည်း ဝါဝါဝင်းရွှေတို့လို မင်းသမီးမျိုးကို ခေါင်းဆောင်တင်ပြီး ပုံဖော်ဖို့အထိ စိတ်ကူးယဉ်ခဲ့ဖူးသည်။ သို့ဖြစ်၍ ယခုလည်း ဆရာလိတ် စိတ်ပါဝင်စားလာသောအခါ အကောင်အထည်ဖော်ဖို့ နီးစပ်လာ ခဲ့တော့သည်။

(၇)

ကိုထီး၏ ဘဝဇာတ်ကြောင်းအပေါ် ကျောရိုးသဘောလောက် အခြေခံ၊ စိတ်ကူးနှင့်ရောစပ်၊ ဇာတ်ကွက်ချသည်။ သို့ဖြင့် ဇာတ်လမ်းဇာတ်ညွှန်း ဆရာစိုင်းခမ်းလိတ် ဖြစ်လာသည်။

(၈)

ကိုထီးသည် သူ့ကိုယ်သူ ဘယ်အချိန်တုန်းကမျှ ရုပ်ရည်ရူပကာကို အရင်းခံ ဖော်ပြရသည့် သရုပ်ဆောင်မျိုး ဖြစ်လာလိမ့်မည်ဟု ယုံကြည်မထားခဲ့ဖူးသူ။ ယခုတော့ အခြေအနေတွေက တိုက်ဆိုင်စွာ တွန်းပို့လာ၍ ထိုဘဝသို့ရောက်ခဲ့ပြီ။ ဂီတဘက်မှာ အလုပ်က နည်းနည်းကျဲပါးလာသော အချိန်၊ စီးရီးဆိုတာက သိပ်အနီးကပ် ဆက်တိုက်ထွက်လို့ မရ၊ စတိတ်ရှိုးကလည်း သိပ်မရှိသော ကြားကာလမှာ။ မီးမောင်းနှင့် မှန်ရောင်ပြန်တွေအောက်၊ ကင်မရာရှေ့မှောက်သို့ ရောက်ခဲ့ရသည်။

မိတ်ကပ်တွေလိမ်းပြီး သရုပ်ဆောင်ရသောအခါ အခက်အခဲက အမျိုးမျိုး၊ စိတ်လှုပ်ရှားမှု ပုံစံကလည်း အသွင်မူကွဲ အဖုံဖုံ။

(၉)

ဗီဒီယိုဇာတ်ကားအမည်မှာ "လေညာအရပ်က အချစ်"

မင်းသမီးက သင်္ကြန်မိုးရုပ်ရှင်ဖြင့် နာမည်ကြီးလာခဲ့သော မေသန်းနု။

(၁၀)

မင်းသမီးနှင့် တွဲဖက်သရုပ်ဆောင်ရတာ သူ့အတွက် အခက်အခဲ အမျိုးမျိုးပင် ဖြစ်ခဲ့သည်။ သို့သော် မေသန်းနုက နားလည်မှုရှိစွာပင် ဖေးမလက်တွဲ ခေါ်ယူပေးခဲ့သည်။ ဇာတ်ကားက တေးသံစုံ သဘောမျိုးဖြစ်သည်။ ဇာတ်လမ်းလေးကို တေးသီချင်း အတော်များများနှင့် ရောမွှေထားသည်။ ကိုထီးအတွက်ကတော့ တကယ့်ကို နယ်ပယ် အသစ်ဖြစ်သည်။ တစ်ဖက်မှာ MTV လည်းရိုက်ဖြစ်သည်။

စီစဉ်ညွှန်ကြားသူ၊ ဒါရိုက်တာ၏ စိတ်ကူးထဲ ပေါ်လျှင်ပေါ်သလို၊ သူတို့ The Wind Ones အဖွဲ့တွေက ပုံဖော်ပေးရသည်။ "သဘာဝရဲ့ ရင်သွေးငယ်" သီချင်း သရုပ်ဖော်ပုံဆိုလျှင် အင်္ကျီတွေမှာ သစ်ရွက်သစ်ခက်များ ဟိုထိုး သည်ထိုးနှင့် ဂစ်တာတွေကို သေနတ်များသဖွယ်ကိုင်ကာ တောထဲကို လျှောက်သွားရသည်။ ထိုစဉ်က ယခုခေတ် ဗီစီဒီ၊ ကာရာအိုကေ ရေစီးကြောင်းထဲမှာလို အလုအပ သရုပ်ဖော်မှု အတတ်ပညာတွေ အမျိုးမျိုး မထွန်းကားသေး။ သို့သော် နာမည်ရဖို့ကြိုးစားနေကြသော မင်းသမီး မော်လ်ဒယ်တွေတော့ ပါဝင်သရုပ်ဆောင်ကြသည်။ ထိုသူတွေအထဲမှာ နောင်တစ်ချိန်တွင် အကယ်ဒမီ ထက်ထက်မိုးဦးအဖြစ် လျှမ်းလျှမ်းတောက် ထင်ရှား ကျော်ကြားလာမည့် မှုန်ရွှေရည် တစ်ယောက်လည်း ပါဝင်ခဲ့ပါသည်။

(၁၁)

နောက်ပိုင်းဇာတ်လမ်းတွေကို ဒါရိုက်တာ မောင်ငြိမ်းချမ်းတို့ပဲ စီစဉ်ရေးဖွဲ့ လာကြ၍ ဆက်လက်ရိုက်ကူး ဖြစ်ခဲ့သည်။ "အချစ်အတွက် တစ်ဖန်မွေးဖွားခြင်း" မှာ မေသန်းနု၊ "မန္တလေးရောက် ရှမ်းတစ်ယောက်" မှာ မေသဇ္ဇာဦး၊ "မစ္ဆရိယ" မှာ မေသန်းနု၊ ထွန်းထွန်းနိုင်တို့နှင့် တွဲဖက်သရုပ်ဆောင်ခဲ့ရသည်။ တွဲဖက်ရသူတွေက ဘာပဲပြောပြော သရုပ်ဆောင်မှုပါရမီ ထူးချွန်သူများ ဖြစ်ကြသည်။ သရုပ်ဆောင်ခြင်း အတတ်ပညာကို နားလည်ပြီး သရုပ်ဆောင်သည့် အတွေ့အကြုံများလည်း ကိုယ်စီ ရှိကြသည်။ လူသစ်ဖြစ်သော ကိုထီးကိုလည်း တတ်နိုင်သမျှ ဖေးမသင်ပြပေးကြသည်။

သို့သော် ကိုထီးက သူ့ဘာသာ အားမလို အားမရဖြစ်မိသည်။ ထူးထူးခြားခြား အိုင်တင်မျိုးကို သူ မလုပ်နိုင်၊ ဤနယ်မြေသည် သူ့နယ်မြေမဟုတ်၊ ရုပ်ရှင် ပတ်ဝန်းကျင်သည် အသံသွင်း စတူဒီယိုနှင့် ခြားနားသည်။ စတိတ်ရှိုးစင်မြင့်နှင့် မတူကွဲပြားသည်။ မီးထိုး၊ မှန်ထိုး၊ မိတ်ကပ်နှင့် ကင်မရာတွေက သူ၏ ပင်ကိုယ် သဘာဝကိုပင် ပြောင်းလဲ သွားစေနိုင်သည်ဟု ထင်လာသည်။ သို့ဖြင့် နောက်ထပ် မရိုက်ဖြစ်တော့။ ဘယ်လောက်ခေါ်ခေါ် သူမသွားဖြစ်တော့ပြီ။



## အခန်း (၁၉)

### လောကခရီးနှင့် ဂီတအရိပ်

(၁)

သီချင်းစီးရီးတွေကတော့ မှန်မှန်ထွက်ဖြစ်ခဲ့သည်။ "ကိုယ့်အချစ်နဲ့ အရာရာကို အကောင်းအတိုင်း ဖြစ်စေမယ်၊ ရေဒီယိုကမာရွတ်၊ ချစ်အာမခံ၊ မောင့်အရိုင်းပန်း၊ သခင့်ဆီ အပြေးပြန်လာမည်၊ လေညာအရပ်ကအချစ်"။

ကိုထီးနှင့် မစိုးတို့ နှစ်ယောက် တည်ဆောက်ခဲ့သော အမိုးအရိပ်ကလေးသည်လည်း တဖြည်းဖြည်းနှင့် သိုက်သိုက်ဝန်းဝန်း ဖြစ်၍ လာခဲ့၏။ တကယ်ဆို အိမ်ယာ ထူထောင်ခါစ ဘယ်ကမှ ပံ့ပိုးမှုသိပ်မရနိုင်ခဲ့။ မိဘများကလည်း စိတ်ဓါတ် ခွန်အားကိုသာ အဓိကအမွေ ပေးနိုင်ခဲ့လေသည်။ သို့သော် ကိုထီးကလည်း အယင်လိုမဟုတ်။ အပေါင်းအသင်း မက်မောမှုကို ထိန်းချုပ်နိုင်လာခဲ့သည်။ ရှုပ်ထွေးလွန်းသော လောကထဲမှ နားခိုစရာ ဆိပ်ကမ်းလေးတစ်ခု ရှိလာခဲ့ပြီဖြစ်သည်။ အထိန်းအကွပ်နှင့် နွေးထွေးသော မိသားစုအသိုက်အမြုံထဲမှာ ပျော်မွေ့တတ်လာသည်။

မစိုးကလည်း အိမ်ထောင်ရှင်မ ပီသစွာ ဘာမဆို သိမ်းသိမ်းထုပ်ထုပ်၊ လိမ်လိမ်မာမာရှိသည်။ အယိုအဖိတ် အလေအလွင့်မရှိအောင် စေ့စပ်စွာ ဂရုစိုက်သည်။ အိမ်ထောင်ဦးအစ ခဝဲခြံမှာ ဆရာမလစာလေးနှင့် အိမ်တွင် ပန်းကန်ခွက်ယောက်ပင် မစုံလင်၊ အဲသလို မပြည့်မစုံနှင့် ဒုက္ခလေးတွေကြားထဲကပင် တဖြည်းဖြည်းနှင့် မော့မတ်လာအောင် တည်ဆောက်ယူခဲ့ရသည်။

(၂)

ကိုထီးနှင့် မစိုးတို့ နှစ်ယောက် ၁၉၈၄ ခုနှစ် နိုဝင်ဘာလတွင် လက်ထပ်ခဲ့ရာ ၁၉၈၅ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်နေ့တွင် သားဦးရတနာကလေး ပထမဆုံး မွေးဖွားခဲ့သည်။ ပထမဆုံးရင်သွေးမို့ မျှော်လည်းမျှော်လင့်၊ စိတ်ကူးဖြင့် အရှူးအမူးတွေးပြီး ပျော်ရသည်။ ဖခင်ဖြစ်လာတော့မည့် အတွက် တာဝန်ယူမှုအပိုင်းကိုလည်း ပြင်ဆင်ခဲ့ရသည်။ ကိုထီးသည် ဦးပဥ္ဇင်းဝတ်ခဲ့သော ကာလမှာရော၊ သည့်နောက်ပိုင်းမှာပါ ရင်သွေးလေးများ လိမ္မာရေးခြားရှိဖို့ ဆုံးမစာတွေ စုလည်းစုဆောင်း၊ ဖတ်လည်း သေချာဖတ်ဖြစ်သည်။ ကန်တော်မင်ကျောင်း ဆရာတော်၏ လောကသာရဆုံးမစာနှင့် ဩဝါဒမေတ္တာစာ၊ အတုလဆရာတော်ခင်ကြီးဖျော်၏ ပုတ္တောဝါဒဆုံးမစာ၊ စာတော်ပြင်ဆရာကြီး ဦးပညာ၏ သားရွှေဥဆုံးမစာ အစရှိသည်တို့ကို ထိုအချိန်မှာ ပို၍ဖတ်ဖြစ်ခဲ့သည်။



၁၉၈၅ ခုနှစ်မှာ မွေးဖွားခဲ့တဲ့
သားကြီး စိုင်းနိုင်ခမ်း

"သားရွှေဥ၊

မျက်ရှုကြေးမုံ၊ သက်လုံးပုံကို၊

တူစုံမိဘ၊ ဝိသေသဖြင့်၊

ဆုံးမဆိုမည်၊မောင်နားလည်လော့။

ချစ်ကြည်သော့အား၊ ရင်ခွင်ထား၍

ကစားလိုရာ၊ ပျော်ပါးစွာလျှင်

အိမ်မှာသို့ပင်၊ နေစေချင်လည်း

မယ့်ရွှေရင်နှစ်၊ ယောက်ျားဖြစ်လျက်

စင်စစ်စွဲမှတ်၊ အတတ်ပညာမရှိပါက

ရုပ်မှာမတော်၊ ဂုဏ်ညှိုးလျော့သား

လေလျော့ဝန်ထမ်း၊ အမှုကြမ်းကို

ကြိုးပမ်းဆောင်ရွက်၊ အသက်မွေးကပ်ရှိတို့တတ်၏။

စွဲမှတ်ပညာ၊ ဝိဇ္ဇာသိပ္ပံတတ်ကျွမ်းကမူ

ဓနဥစ္စာ၊ ရတနာကို

ရှာလည်းရလွယ်၊ ပြည့်စုံကြွယ်၏။

သင့်တင့်လျောက်ပတ်၊ သက်မွေးမြတ်၏။

မှတ်လော့စေ့စေ့ ......"

စသည့် ဆုံးမစာမျိုးကို ဖတ်၍ စွဲလမ်းနေခဲ့သည်။

(၃)

သို့ဖြင့် သားကြီး မွေးဖွားလာသောအခါ အမည်ကို စိုင်းခိုင်ခမ်းဟု မှည့်ဆိုဖြစ်ခဲ့သည်။ ရှမ်းဘာသာစကားတွင် ခိုင် က ဉ၊ ခမ်း က ရွှေ ဖြစ်သည်။

(၄)

ကိုထီးတို့ မိသားစု ခဝဲခြံအိမ်လေးမှ တာမွေ၊ ကျားကွက်သစ်ရပ်ကွက် ဓမ္မဝိဟာရလမ်းသို့ ပြောင်းရွှေ့လာကြသည်။ အိမ်ခန်းအပိုင်နှင့် ဖြစ်လာခဲ့ပြီး မစိုးဖခင်ကြီးက အစစအရာရာ ထိန်းသိန်းတည့်မတ်၊ သိမ်းထုပ်စုစည်း တတ်လာအောင် လမ်းကြောင်းဖော်၍ ဆောင်ရွက်ပေးခဲ့သည်။ တစ်ဖက်မှာ ဂီတအနုပညာလောကထဲက ပျောက်လွင့်မသွားအောင်၊ ဘေးထွက်မသွား အောင်လည်း ထိန်းသိမ်းရသေးသည်။

၁၉၉၀ ပြည့်နှစ် ဩဂုတ်လ ၁၈ ရက်နေ့မှာတော့ သမီးလေး မွေးဖွား ခဲ့ပြန်သည်။ နန်းစံဟောမ် ဟု အမည်ပေးခဲ့၏။ စံဆိုတာက စံပယ်၊ ဟောမ် က မွှေးသည့်အဓိပ္ပာယ်၊ ဟောမ်က ကိုထီး၏ အဘွားနာမည်လည်းဖြစ်သည်။

(၅)

အကိုင်းအခက်မှာ အရွက်ညွှန့်အရွက်သစ်များ လွှန့်လူး တိုးထွက်ဝေဆာ ဖူးပွင့် စိမ်းလန်းလာခဲ့ချိန်၊ ပင်မကြီးရှိ အချို့အရွက်များ အိုဟောင်းစပြုပြီ။ ဘယ်အချိန်က ဝါကျင်ခဲ့မှန်းမသိ။ ဝါကျင်နီမှိုင်း ရင့်ရော်စပြုလာခဲ့ချေပြီ။ အဖေက သွေးတိုးသမား၊ ကျန်းမာလှသည် မဟုတ်၊ သည်ကြားထဲကပင် ကမ္ဘောဇနာစရိယအလုပ်ကို ဖွဲ့သန်သန်နှင့် ဆောင်ရွက်ဆဲ။ အမေက ရောဂါပိုစုံသည်။ ညီမရှိရာ မိုင်းပန်မှာ အမေ လိုက်နေရသည်။ အမေ့မှာ ဆီးချိုရှိသောကြောင့် နှစ်ကာလကြာလာသောအခါ သွေးတိုးက ဝင်လာသည်။ အမေ့ ကျောက်ကပ်လည်း အကောင်းကြီး မဟုတ်ဟု ဆိုကြသည်။ နလုံးရောဂါ ဖိစီးလာသောကြောင့် အမေ အမောမခံနိုင်။



သမီးကြီး နန်းစံဟွမ်၊ သမီးလေး
နန်းယုခေါင်၊ သားကြီး စိုင်းခိုင်ခမ်းတို့နှင့်
ယ်တာ၀ အမှတ်တရ



ကြီး ၁၀ နှစ်သားအရွယ်မှာ ရှင်ပြုစဉ်က

(၆)

၁၉၉၂ ခုနှစ်။ အမေ အသည်းအသန်ဖြစ်သည့် သတင်းရ၍ ကိုထီး အပြေး လိုက်သွားသည်။ အမေ့ကို တွေ့ရတော့မှ အမေ ဘယ်လောက် အိုမင်းရင့်ရော်သွားပြီ ဆိုတာ သူ သတိပြုမိတော့သည်။ တကယ်ဆို အမေက အသက်ကြီးလှသည် မဟုတ်သေး။ သို့သော် ဘဝမှာ စိတ်ရောဂါလူပါ အမေ ပင်ပန်းခဲ့ပြီ။ ရောဂါဘယတွေ ကလည်း ဖိစီးကြပြန်သောကြောင့် အမေပြိုလဲကျခဲ့တာမဆန်းဟု ဆိုရမည်။

"သား.. ရောက်လာပြီလား"

အမေ့အသံက ယဲ့ယဲ့ပဲကျန်သည်။ အမေသည် အိပ်ယာပေါ်မှာ ပက်လက်၊ ထူပေးသည့်တိုင် ကောင်းစွာ မထနိုင်တော့ပြီ။ အမေ အတော်လေးကိုမောနေသည်။ သို့သော် အမေ့မျက်လုံးတွေက သားရောက်လာသည့် အတွက် ရွှန်းလက် တောက်ပ နေကြသည်။

(၇)

အမေ့လက်ကို သူဆုပ်ကိုင်လိုက်သော အခါ နွေးထွေးနူးညံ့သော စီးဆင်းမှု တစ်ခု သူ့တစ်ကိုယ်လုံးအနှံ့ တိုးဝင်လာခဲ့သည်။ အမေ ၏ နောက်ဆုံးအချိန်များဆိုတာ သူနားလည်၍ ရေတွက်ထားနိုင်သည်။ အပြင်ဘက်မှာ အေးစက်သောလေက တဟူးဟူး တိုက်ခတ်လျက်ရှိသည်။ ဝါကျင်သော သစ်ရွက်ကလေး တစ်ရွက်သည် အကိုင်းဖျား၌ တွဲလျားကျလျက် မကြွေလွင့်မီ ဟိုသည်လူပ်ခတ်နေရှာသည်။ မီးစာကုန်၍ ဆီပင်ခန်းခဲ့ သော်လည်း မီးတောက်ကလေးက ငြိမ်းမသွားသေး။ မှျင်မှျင်တန်းတန်း လင်းနေဆဲ။

အမေ့ကို အသက်မီလျက်သား တွေ့လိုက်ရတာ သူ့အတွက် အလွန် ကျေနပ်ဖွယ် ဖြစ်သည်။ အမေ့ကို သူပြုစုခွင့်ရသည်။ အမေ့ကို သူ အစာခွံ့ပေးဖြစ်သည်။ အမေသည် မောနေသည့်ကြားမှ သား၏ လက်ကို ဆုပ်ကိုင်ပြီး စိတ်ချမ်းသာစွာ အိပ်မောကျသွားတာ သူမြင်ခဲ့ရသည်။

(၈)

ထိုညက သူ မအိပ်နိုင်။ အမေ့ကျေးဇူး ဘယ်လောက်ကြီးမားသလဲ။ အမေ့ အရိပ်အာဝါသ ဘယ်လောက်အေးမြ လုံခြုံသလဲ။ အမေ့ဂုဏ်ကို ဘယ်လိုနည်းနဲ့မှ ပြီးပြည့်စုံအောင် သူ ဖွဲ့နွဲ့နိုင်စွမ်း ရှိပါလိမ့်မည်လဲ။ မိုးလင်းခါနီးမှ မှေးခနဲ တစ်ချက် ငိုက်သွားသည်။

(၉)

ညီမလေးက နှိုးလိုက်တော့ဖျတ်ဆို သူခုန်ထမိသည်။ အမေကား လောကကြီးကို ခွဲခွာသွားတော့မည်။ အမေ့ကို သူ ပွေ့ထားစဉ် ညီမလေးက ဆရာဝန်ကို ပြေးခေါ်သည်။ ဆရာဝန်ခေါ်ဖို့ လိုသေးသလား။ သူ့ရော ညီမလေးပါ မစဉ်းစားမိ။ ဤနောက်ဆုံး အချိန်လေးသည် ဘယ်လောက်ထိအောင်

တိုတောင်းသွားပြီလဲ။ ဘယ်လောက် ထိအောင် အဖိုးတန်ပါသလဲ။ သူ နားမလည်ခဲ့ချေ။

အမေ့ကို ပွေ့ထားယင်းကပင် သူ့စိတ်ထဲမှာ တဖြည်းဖြည်းချင်း ဝမ်းနည်း ကြေကွဲလာသည်။ အမေကား စကားမပြောနိုင်တော့ပြီ။ သိမ်မွေ့စွာပင် မောပန်း လို့ကျိုက်ဖိုနေရှာသည်။ သြော် အမေ့ကိုကြည့်ရတာ ပင်ပန်းလိုက်တာ။ အမေဟာ သနားစရာ ကောင်းလိုက်တာ။ အမေ့ကို သူတစ်ခုခုလုပ်ပေးချင်သည်။ ဒါပေမယ့် သူ ဘာမျှ မလုပ်တတ်။ အမေသည် သတိတော့သိပ်မလွတ်။ အမေ့မျက်လုံးမှာ မှိန်ဖျော့လာ သော်ငြား အရောင်လေးရှိသေးသည်။ ထူးခြားသော မေတ္တာဓါတ်၏ အလင်းရောင်။

ကြိုးမျှင်ကလေးကတော့ဖြင့် ဆွဲဆန့်ထုတ်ယင်း ထုတ်ယင်း တဖြည်းဖြည်းချင်း ပါးလျားလာသည် ထက်ပါးလျားလာခဲ့ပြီ။ နောက်ဆုံးတော့ ပြတ်ထွက်သွားခဲ့ရလေသည်။ ဘယ်သူတားမြစ် ဆွဲယူထားနိုင်ပါသလဲ။ သစ်ရွက်ကလေးကြွေလွင့်ပြီ။ နောက်ဆုံး မီးတောက်ငြိမ်းချေပြီ။ သူ့စိတ်မှာ တဒင်္ဂအတွင်း အစိတ်စိတ်အမြွှာမြွှာ ကွဲကြေသွားသည့် အလား ခံစားလိုက်ရသည်။

အမေ .... အမေ ....

အမေ ......။

အသံထွက်ပြီး သူ .. ငိုကြွေးမိချေပြီ။

(၁၀)

၁၉၉၄ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့မှာတော့ တတိယရင်သွေး၊ သမီးထွေးလေး နန်းယုခေါင် မွေးဖွားလာခဲ့သည်။ ယုဆိုတာ အပြုံး၊ ခေါင်က ပန်းရောင်ဖြစ်သည်။

မစိုးမှာ ညှပ်ရိုးကျဉ်း၍ သုံးယောက်စလုံးကို ခွဲမွေးခဲ့ရသည်။

(၁၁)

သားသမီးတွေကို ပြုစုပျိုးထောင်ရတာ ကလည်း လှပသောအနုပညာ ဖန်ဆင်းမှုတစ်ခု အဖြစ် ကိုထီးသဘော ပေါက်လာခဲ့သည်။ ညီညွတ်သော သံစဉ်တေးတစ်ပုဒ်ဖြစ်အောင် ကြိုးစားဖွဲ့ဆိုခဲ့ကြသည်။ ၁၉၉၅ ခုနှစ်။ သားကြီးစိုင်းခိုင်ခမ်း ၁၀ နှစ်သားအရွယ်မှာ ရှင်ပြုပေးဖြစ်သည်။ ရန်ကုန် ကိုးမိုင်ရှမ်းကျောင်း၌ ထိုက်ထိုက်သင့်သင့် စည်စည်ကားကားပင် လှူဖြစ်ခဲ့လေသည်။ လင်းခေးမှ ဆွေမျိုးသားချင်း မိတ်ဆွေ ပရိသတ်များလာနိုင်အောင် ကားကြီးနှစ်စီးစာ စီစဉ်ပေးခဲ့ရာ လူတစ်ရာကျော် လာကြသည်။ အဖေလည်း လာဖြစ်သောကြောင့် အထူးဝမ်းသာစရာပင်။ အလှူရေစက်ချသော အခါမှာတော့ အမေသာရှိသေးလျှင် ဘယ်လောက်များ ပြည့်စုံ သွားလိမ့်မည်လဲဟု တွေးရင်း ကြေကွဲမိသေးသည်။

(၁၂)

မြန်မာ့ရိုးရာ ဆို၊က၊ရေး၊တီး ပြိုင်ပွဲကြီး ကျင်းပခါနီး။

ကိုကြည်သာ (ပွဲကြိုက်ခင်) က ကိုထီးကို မြန်မာသံခွေများ ဆိုဖြစ်ဖို့ လာတိုက်တွန်းသည်။ ကိုထီးကလည်း စိတ်ပါလက်ပါ ဖြစ်သည်။ သို့ဖြင့် "လက်ရည်တစ်ပြင်တည်း" ကို ဟေမာနေဝင်းနှင့် တစ်ခြမ်းစီ သီဆိုဖြစ်သည်။ အဲ့သည်နောက် မြန်မာသံ ဓမ္မတေးစီးရီးအခွေ ဖြစ်သည့် "မေတ္တာဂုဏ်" ကို ဟေမာနေဝင်းနှင့်ပင် တွဲလျက်စီစဉ်ခဲ့ပြန်သည်။

ဆရာလင်းခေးလုလင်၏ ဖန်တီးမှုလက်ရာ မြန်မာသံ တေးသီချင်းများ စုစည်းထားသော "မိုးလုံးပတ်လည်" တေးစီးရီးကို ကိုထီး တစ်ကိုယ်တော်သီဆိုပြီး တေးပုလဲ ကိုဘမြင့်မှ ထုတ်လုပ်ခဲ့သည်။ ငယ်နစဉ်ကလေးဘဝ လင်းခေးမြို့ကလေးမှာ ဆရာလင်းခေးလုလင် တာဝန်ထမ်းခဲ့ချိန်၊ ကိုထီးတို့အိမ်မှာပဲ နေထိုင်ကာ အချိန် အားများတွင် စုဝေးဝိုင်းဖွဲ့တီးမှုတ် သီဆိုခဲ့ကြသည်။ ယခုလို တစ်နေ့ကျလျှင် ဆရာလင်းခေးလုလင်၏ တေးသီချင်းများကို သီဆိုခွင့်ရလိမ့်မည်၊ သီဆိုခွင့် ကြုံလိမ့်မည်ဟု အိပ်မက်ပင် မမက်ခဲ့ရ။ ထူးထူးခြားခြား တိုက်တိုက်ဆိုင်ဆိုင် ဂီတလက်ဦးဆရာ၏ လက်ရာများကို သီဆိုအသံသွင်းခဲ့ရသော တေးစီးရီးလည်းဖြစ်သည်။



ဦးမောင်မောင် (ဆရာလင်းခေးလုလင်)နှင့်

"အကျည်းတန်ချစ်သူ" အခွေကလည်း မြန်မာ့အသံရေဒီယို ခေါ်ဖြား တေးသီချင်းများ စုစည်းထားခြင်းဖြစ်လေသည်။ ဒေါက်တာတင်စံဦး မိတ်ဆက်ပေး၍ ကဗျာဆရာမောင်ခိုင်မာနှင့် သိကျွမ်းခဲ့ရပြီး "အနီးဆုံး သွေး၊ အဝေးဆုံး လူ" ဟူသော အမည်ဖြင့် ကဗျာများကို သီချင်းလုပ်ဆိုဖြစ်ဖို့ အားထုတ်ခဲ့သေးသည်။

(၁၃)

ကိုထီးသည် နဂိုကတည်းက မြန်မာသံများကို မြတ်နိုးသူဖြစ်သည်။ တွံတေးသိန်းတန်၏ ထွေးညိုကို နားရည်ဝလာခဲ့ရသည့် အချိန်မှာပဲ လူလားမြောက်ခဲ့ ရသည်။ ရေဒီယိုတေးများကို မက်မောခံစားခဲ့ရသည်။

"ဟိုး ... အနှစ်နှစ်ဆယ်၊ အနှစ်သုံးဆယ် ခေတ်ဟောင်းတေးတွေကို ပြန်ကြည့်ယင် သူ့ခေတ်သူ့ အခါအလျောက် သီချင်းစာသားတွေဟာ ပေါ်ပင်မဟုတ်ဘူး။ ပရိသတ်ရဲ့ စိတ်ထဲစွဲလောက်အောင် ကိုယ့်လူမျိုးက "ကိုယ့်လူမျိုးရဲ့သီချင်း" ဆိုပြီးတော့ ဂုဏ်ယူရလောက်အောင် ဖြစ်ခဲ့ရတယ်။ နောက်ပိုင်းကျတော့ ကျနော်တို့လက်ထက်မှာ အခြေအနေ အမျိုးမျိုးကြောင့် နည်းနည်း ဝေဝါးသွားခဲ့ရတယ်။ မကောင်းဘူးရယ်လို့တော့ မဟုတ်ပါဘူး၊ကောင်းတာတွေလည်း အများကြီးရှိပါတယ်။ ဒါပေမယ့် တချို့ကျတော့ ရေးလူကြီးတွေရဲ့ အမြင်မှာ နည်းနည်းကဲ့ရဲ့စရာလေးတွေ ပါနေသေးတယ်။ ကျနော်တကယ်တမ်း လုပ်ချင်တာက ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးအတွက် ကိုယ်တိုင် ဂုဏ်ယူနိုင်မယ့် သီချင်းတွေပါ။ အယင်ဆုံးတော့ ကိုယ့်ဘာသာကိုယ် ခံစားနိုင်အောင်၊ ကြိုက်အောင်လုပ်မယ်၊ နောက်မှ ကိုယ်ခံစားရသမျှ၊ ကြိုက်သမျှတွေကို ဝေမျှမယ်၊ ပရိသတ်နဲ့ တိုက်ဆိုယင် ပျံ့နှံ့သွားမှာပဲပေါ့။ မြန်မာစာအရေးအသား ကျစ်လစ်သိပ်သည်းမှု ရှိပြီး အကြောင်းအရာ ပေါ်လွင်ထိရောက်တဲ့ စာသားမျိုး ကိုယ်ပိုင် ရှိထားချင်တယ်။ ရှိပြီးယင်လည်း အများအတွက် ဝေငှချင်တယ်။ " ဟု ကိုထီး တစ်ခါက ပြောဖူးသည်။

(၁၄)

ကိုထီးက ကိုနေဝင်း၏ ကိုယ်ပိုင်သံစဉ်တေးသီချင်းများချည်းပဲ စုစည်းပြီး "ချစ်ခြင်းရဲ့ အဖော်မွန်" စီးရီးတစ်ခွေ ထုတ်ဖြစ်ခဲ့သေးသည်။ မြတ်သော အကျင့်၊ စပျစ်ရည်ချိုနောက်က မေ့မျက်ရည်၊ နေမင်းပြုံးမယ့်နေ့၊ စိဋ္ဌမာဏဉာဏ်၊ မိုးရဲယင် ဆောင်းရဲရမယ် ... အစရှိသည့် တေးသီချင်းကောင်းများစွာ ပါဝင်ခဲ့သည်။ ရှမ်းတိုင်းရင်းသား တေးသီချင်းများစွာကိုလည်း သူ ရေးသားဖွဲ့သီဖြစ်သည်။ သူကိုယ်တိုင် ဆိုခဲ့သလို တခြားသူတွေလည်း ယူဆိုခဲ့ကြသည်။ ထိုစီးရီး အခွေများသည် ရှမ်းတိုင်းရင်းသားများ အကြား တောရောမြို့ပါ ပျံ့နှံ့ခဲ့သည်။ ရှမ်းတိုင်းရင်းသား ပရိသတ်တွေက ကိုထီး သီချင်းအရေးကောင်းတာ သိကြသည်။



(၁၅)

ကိုထီးသည် သမင်လည်ပြန်ငဲ့စောင်း၍ လှည့်ကြည့်လိုက်သော အခါ သူ့ဘဝတစ်ခုလုံး တေးသီချင်းများနှင့် နီးကပ်စွာ ယှက်နွယ်နေတာ တွေ့ရသည်။ အစဉ်တစိုက် အားပေးခဲ့သော ပရိသတ်ကြောင့်သာ သူ ရှေ့ဆက်နိုင်ခဲ့သည်။ ကက်ဆက်ခွေများသည် ပင်လယ်ရပ်ခြား ဒေသများအထိ ရောက်ရှိသွားပြီး အဝေးမှ မြန်မာများစွာတို့ကိုလည်း ဖျော်ဖြေပေးနိုင်ခဲ့လေသည်။ သူ့သီချင်းတွေ ထွက်ပေါ်ခါစ ၁၉၇၀ ပြည့်နှစ်များ၏ အစောပိုင်း ကာလတုန်းက စွဲလမ်းနှစ်ခြိုက်ခဲ့ကြသည့် လူငယ်များသည် ယခု လူလတ်ပိုင်းသို့ရောက်ရှိလာကြပြီ။ လူကြီးတွေနှင့်နောက်ပိုင်း လူငယ်တွေ ထဲမှာလည်း သူ့ကိုအားပေးသော ပရိသတ် ထုနှင့်ထည်နှင့် အခိုင်အမာ ရှိသည်။

နိုင်ငံရပ်ခြားမှ ပရိသတ်များက ကက်ဆက်နှင့် အားမရနိုင်ဘဲ သူကိုယ်တိုင် အရောက်လာပြီး ဖျော်ဖြေပေးဖို့ ဖိတ်ကြားချက်တွေ ပေါ်ပေါက်လာခဲ့သည်။ ပထမဆုံး ခရီးစဉ်မှာ ၁၉၉၅ ခုနှစ် စင်္ကာပူသွားရခြင်းဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးနေ့ (ဇန်နဝါရီ ၄ ရက်) အထိမ်းအမှတ် ဖျော်ဖြေပွဲသို့ သွားရောက်ခဲ့ရခြင်းဖြစ်သည်။ ၁၉၉၆ တွင် ယူကေနိုင်ငံမှ ပရိသတ်များထံရောက်ရှိခဲ့ရပြီး အပြန်တွင် ဂျပန်သို့ဝင်ရောက် ဖျော်ဖြေပေးခဲ့သည်။ ၁၉၉၇ တွင် ယူကေပရိသတ်များက တောင်းဆိုကြပြန်သဖြင့် ရောက်ရပြန်သည်။ ၁၉၉၈ခုနှစ်တွင် ကိုရီးယားနိုင်ငံ၊ ဆိုလ်းမြို့တော်သို့ ရောက်ခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် ယူကေသို့ထပ်ရောက်သည်။ ၂၀၀၀ ပြည့်နှစ်မှာတော့ ဘယ်ကိုမှ မသွားဖြစ်ခဲ့။ ၂၀၀၁ တွင် လောနိုင်ငံသို့ရောက်ခဲ့ပြီး ၂၀၀၁ ခုနှစ်တွင် မကာအိုသို့ သွားရောက် ဖျော်ဖြေပေးခဲ့ရပါသည်။



...ယဉ်လင်းဦး၊ ဂေါ်ဒင်ပေါ်တို့နှင့်အတူ



...နှစ်သစ်ကူးပွဲ အင်္ဂလန်နိုင်ငံမှာ ဖျော်ဖြေစဉ်က
...ငြိမ်းလိုက်၊ နန်းခမ်းနွဲ့လိုက်၊ သားနိုင်းနိုင်စမ်းတို့နှင့်အတူ)



ndon Bridge ရှေ့ အမှတ်တရ



၉၆) U.S.A 1996



ဂ်လန် စရိုးဒွိုင်မှာ ဆရာ စိုင်းခမ်းလိတ်၊ နန်းခမ်းနွံ့လိတ်၊
းဖြစ်သူ စိုင်းစိုင်ခမ်းတို့နှင့် သီချင်းတိုက်စဉ်




၀၇ ခုနှစ် အင်္ဂလန်နိုင်ငံတွင် ကျင်းပသည့် ရှမ်းနှစ်သစ်ကူးပွဲတော် အထိမ်းအမှတ်ည

**(၁၆)**

၁၉၉၆ ခုနှစ်တွင် အမျိုးသားဇာတ်ရုံ၌ တစ်ကိုယ်တော်ဖျော်ဖြေမှု One Man Show တစ်ပွဲလုပ်ဖြစ်သည်။ မြန်မာ့ရိုးရာ ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲကြီး ရန်ပုံငွေ အတွက်လည်း ဖြစ်သည်။ ထွက်ဖူးသမျှထဲက လူကြိုက်များ နာမည်ကြီးခဲ့သော သီချင်းတွေကို တစ်ယောက်တည်း မရပ်မနား ဖျော်ဖြေရခြင်း ဖြစ်သည်။ "ကံကောင်းခြင်း ကောင်းကင်" ဟု အမည်ပေးထားသော ကိုအစီအစဉ်သည် ကက်ဆက်နှစ်ခွေတွဲ ထွက်ရှိခဲ့လေသည်။




၁၀၀ ခနစ် ရေရတာမွေးနေ့ ကျင်းပစဉ်



၅၀ ပြည့်မွေးနေ့ကို အမျိုးသားစာတော်ရုံမှာ ကျင်းပစဉ်က



အမေက ဆို သားကြီးက တီးခတ်စဉ်



တီးရုပ်မြင်သံကြား(၁၉၉၆) အစီအစဉ်
က်တူးစဉ်ကသမီးကြီး နန်းစံဘွမ်၊
မီးငယ် နန်းယမဓါင်တီနင်အတူ

(၁၇)

တေးသီချင်းတွေကို မပြတ်သီဆိုခဲ့ရာ စားသောက်ဆိုင်ညပွဲများမှသည် စတိတ်ရှိုးများအထိ ပရိသတ်ကို ဖျော်ဖြေရမည်ဆိုလျှင် သူနောက်တွန့်ခြင်းမရှိ၊ ခံစားချက် အပြည့်နှင့် နားထောင်နေရသော ပရိသတ်ရှေ့တွင် ဖျော်ဖြေရတာ ကျေနပ်စရာဖြစ်သည်။ စားသောက်ဆိုင် ညပွဲများမှာ တစ်ခါတလေ ပရိသတ်ဖြစ်နေပုံမှာ ထိုအခြေအနေမျိုး မရှိတာလည်း ကြုံရသည်။ သို့သော် ကိုထီးကတော့ ကိုယ်ကျွမ်းသမျှ အနုပညာနှင့် ပရိသတ်ကို အမြဲပေးဆပ်သွားဖို့ စိတ်ဆုံးဖြတ်ထားခဲ့လေသည်။

(၁၈)

သည်ကြားထဲမှာပဲ ဆရာစိုင်းခမ်းလိတ် နှစ်ငါးဆယ်ပြည့် ရွှေရတုမွေးနေ့ကို မန္တလေးမြို့၌ ခမ်းခမ်းနားနားကျင်းပသည်။ ဆရာလိတ်ကား တေးရေးဂီတ စာဆိုတစ်ဦး ဖြစ်ရုံမျှမက ကဗျာလင်္ကာ ဆရာတစ်ဦးလည်း ဖြစ်သည်။ အိုမာခရမ်၏ ရူဘာအိယတ် ကဗျာများကို အင်္ဂလိပ်ဘာသာမှ ရှမ်းဘာသာသို့ပြန်ဆို ထုတ်ဝေခဲ့သေးသည်။ ဆရာလိတ်သည် အငြိမ့်နှင့် ဇာတ်သဘင်ကိုလည်း ချစ်မြတ်နိုးသူတစ်ယောက် ဖြစ်သည်။ ဆရာစိုင်းခမ်းလိတ်၏ နှစ်ငါးဆယ်ပြည့် မွေးနေ့ပွဲကို မန္တလေး အနုပညာအသိုင်းအဝိုင်း တစ်ခုလုံးက အားပါးတရချီးမြှင့်ကြ၍ စည်ကားစွာ ကျင်းပနိုင်ခဲ့သည်။

ဆရာစိုင်းခမ်းလိတ်တို့ မိသားစုအနေနှင့်လည်း ဖားကန့်မြို့၊ ဆိတ်မူရွာ၊ ရှမ်းဘုန်းတော်ကြီးကျောင်း ဝင်းထရံအလှူတော် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ကိုထီးက ဆရာလိတ်၏ မွေးနေ့ပွဲကိုသွားဖို့ လွန်စွာအားခဲထားသော်လည်း အကြောင်းကြောင်းဖြင့် မရောက်ဖြစ်ဘဲ လွဲခဲ့ရလေသည်။

(၁၉)

၂၀၀၀ ပြည့်နှစ် စက်တင်ဘာ ၂၃ မှာတော့ ကိုထီး အသက် ၅၀ ပြည့်လေသည်။ ကိုထီးသည် ဟိုယခင်တုန်းက ဘယ်တော့မှ မွေးနေ့ပွဲမလုပ်၊ အသက် ၄၅ ကျော်သောအခါမှ ရဟန်း၊ သံဃာ၊ ယောဂီများကို ဆွမ်းကပ်တာမျိုး အလှူဒါန လုပ်ဖြစ်လေသည်။ ငါးဆယ်နှစ်ပြည့်မှာတော့ တိုက်တိုက်ဆိုင်ဆိုင် စက်တင်ဘာ ၂၃ သည် စနေနေ့ကျနေသောကြောင့် မွေးနေ့၊ မွေးရက် ကိုက်ညီလျက် ရှိသည်။ ဖျော်ဖြေပွဲလေး တစ်ခုတော့ဖြင့် သူလုပ်ချင်ခဲ့သည်။ ဂီတအနုပညာ ညီအကို မောင်နှမများကို ပျော်ပျော်ပါးပါး ဖိတ်ကြားမည်၊ ဂီတသက်တမ်း တစ်လျှောက် သီဆိုခဲ့သော တေးသီချင်းများကို အမှတ်တရပြန်၍ သီဆိုကြမည်ဟု သူ စိတ်ကူးခဲ့သည်။ လုပ်မည့်လုပ်တော့လည်း အမျိုးသားဇာတ်ရုံကြီးမှာပဲ သူလုပ်ချင်သည်။

ထိုအချိန်မှာ မြန်မာ့ရိုးရာ ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲကြီးကျင်းပဖို့ အချိန်နီးကပ်နေပြီ။ အမျိုးသားဇာတ်ရုံကြီးကို သန့်ရှင်းရေးမှအစ အလှအပ အမွမ်းအမံများ အစစအရာရာ ပြင်ဆင်ထားပြီးချိန်၊ အပြင်ပွဲတစ်ပွဲကို ခွင့်ပြုဖို့ သိပ်ပြီးမမျှော်လင့်ရဲ။ ခဲယဉ်းလှသည်။ သို့သော် ကိုထီးဘက်မှ ခွင့်တောင်းခံခြင်းကို မြန်မာနိုင်ငံ ဂီတအစည်း အရုံးမှ အကော်ဒီယံဦးအုန်းကျော်အပါအဝင် တာဝန်ရှိသူများကလည်း ဝိုင်းဝန်းကူညီ ပြောဆိုပေးခဲ့ကြသည်။ သို့ဖြင့် နိုင်ငံတော်မှ ခွင့်ပြုခဲ့လေသည်။

(၂၀)

စိုင်းထီးဆိုင် နှစ်ငါးဆယ်ပြည့် ဂီတရွှေခရီး ညဖျော်ဖြေပွဲအစီအစဉ်မှာ ချိုပြုံး၊ လွှမ်းမိုး၊ ဟေမာနေဝင်း၊ မျိုးကျော့မြိုင်၊ မီမီဝင်းဖေ အစရှိသဖြင့် ဂီတညီအစ်ကို မောင်နှမတွေ တပျော်တပါး ဖြေဖျော်နိုင်ခဲ့သည်။ ဒါရိုက်တာအောင်ကိုလတ် အဖွဲ့က မှတ်တမ်းတင်ရိုက်ကူးပြီး မေစတူဒီယိုမှ

အသံဖမ်းပေးခဲ့သည်။ အစစအရာရာ ချောချော မောမော ပြီးစီးနိုင်ခဲ့တာလည်း အားရကျေနပ်စရာပဲဖြစ်သည်။

မျှော်နေခဲ့သော ဆရာလိတ် တစ်ယောက် မန္တလေးတွင် အလုပ်တွေများနေ သောကြောင့် ကိုယ်တိုင် မလာရောက်နိုင်၊ လူကြုံအမှာစကားပဲ ပါးလိုက်သည်။ တေးရေး ကိုနေဝင်းကတော့ ရောက်လာသောကြောင့် အင်္ဂလန်မှ ဝယ်လာသော ဂစ်တာ တစ်လက်နှင့် ကန်တော့ခဲ့သေးသည်။ ကိုးမိုင်ရှမ်းကျောင်း တစ်နေ့တာ ဆွမ်းကွမ်း ဝေယျာဝစ္စကြောင့် မင်းကွန်းတောရတွင်လည်း အလှူအတန်း ပြုခဲ့ပါသည်။

(၂၁)

ဂီတနှင့်မပြတ် မွေ့လျော်နေသည် မှန်သော်လည်း ကိုထီး၏ သီချင်း အသစ်တွေ မထွက်ဖြစ်တာ တော်တော်ကြာသွားသည်။ ပရိသတ်တွေက "သီချင်းခွေ အသစ်မလုပ်ဘူးလား၊ ဘာကြောင့် သည်လောက် ကြာနေတာလဲ၊ ဆရာစိုင်းခမ်းလိတ်တို့၊ ဆရာကိုနေဝင်းတို့ သီချင်းသစ်တွေကို ကိုထီးဆိုသံ မကြားရတာကြာပြီ၊ သည်အတိုင်း အချိန်ကြာသွားယင် နာမည်ကိုများ ထိခိုက်နိုင်မလား" အစရှိသဖြင့် အမျိုးမျိုးပင် တောင်းဆိုမျှော်လင့်ကြ၊ မေးခွန်းထုတ်ကြသည်။

ကိုထီးကတော့ ပြုံးလျက်သာနေမိသည်။ သီချင်းအသစ်လုပ်မည် ဆိုတာက တကယ့်ကို အားလုံး တိုက်ဆိုင်ဖို့လိုသည်။ တကယ်ရင်ခုန်ဖို့ ကောင်းသော အသစ်ဖြစ်ရမည်။ အာသာပြေရုံမျိုး မဖြစ်ရ၊ ကိုထီးအနေနှင့် အသက်လည်း အတန်ရပြီ။ နာမည်အတွက် တမင်သက်သက် ထပ်လုပ်စရာမရှိ၊ တစ်ခါတလေဆို ကြီးသည့် နာမည်ကပင် ညှဉ်းဆဲတာလည်း ရှိတတ်သည်သာ။

ဂီတအနုပညာကို မှီခိုပြီး လုပ်ရမှာကိုတော့ အသက်အရွယ် အိုမင်း ကြီးရင့်သည် အထိ အမြဲလုပ်ကိုင်သွားမည် ဟူ၍ပဲ သန္နိဋ္ဌာန်ချထားသည်။ အဲသည် ဟိုမှာဘက်တော့ တရားမမွေ့ပေ့ါ။

(၂၂)

ကိုထီးသည် တစ်ချိန်က စနစ်တကျမသင်ဖြစ်ခဲ့သော Classical ဂီတများကို ပြန်လေ့ကျင့်ပြီး ဝမ်းစာဖြည့်တင်းရသေးသည်။ ကိုထီးစိတ်ထဲမှာ လုပ်စရာ တာဝန် ရှိသည်ဟု ယူဆသော သီချင်းအသစ်မျိုးတွေ တစ်နေ့လုပ်ရဦးမည်ဟု စွဲမြဲထားသည်။ ရှမ်းတိုင်းရင်းသား ရိုးရာတေးတွေ အစဉ်အဆက် သူ နားစွဲခဲ့သည်။ အဘိုးအဘွားများ သီဆိုပြခဲ့သော ရိုးရာသားချော့တေးတွေ၊ တောင်ယာခင်း ဆေးရွက်ခင်းများ၌ သီဆိုကြသော ကျေးလက်တေးများ၊ ကျေးလက် သဘာဝ ကစားခုန်စားရင်း သီဆိုကြသော၊ ပွဲလမ်းများတွင် သီဆိုကြသော ရိုးရာတေးတွေ ရှိခဲ့သည်။ ထိုတေးများ၏ အငွေ့အသက်နှင့် တေးသီချင်းအသစ်တွေ သူရေးဖွဲ့ချင်၊ သီဆိုချင်သည်။

အထူးသဖြင့် ကလေးများအတွက် ရည်ရွယ်လိုရင်း ဖြစ်သည်။ ဘာသာရေး သဘောလည်း ပါရမည်။ ကိုယ့်ရေမြေ သဘာဝနှင့် ယဉ်ကျေးမှု ထုံးတမ်းများကို ကလေးတွေ သိစေချင်သည်။ သားရွှေဥဆုံးမစာ၊ ကန်တော်မင်ကျောင်း ဆရာတော်၏ ဆုံးမစာ သဘောမျိုးလည်း ဖြစ်ရမည်။

နနနယ်နယ်ကလေးဘဝ ကတည်းက လိမ္မာရေးခြားရှိပြီး တည့်မှန်သွားအောင် ဂီတ၊ ကဗျာ၊လက်ာတွေနှင့် ထိန်းကျောင်း ပေးလိုက်ချင်သည်။ အမြင်တည့်တည့် စိတ်ဖြူဖြူစင်စင်နှင့် ရေးဖွဲ့သီဆိုပေးချင်သည်။ ကလေးငယ်များ ကြီးပြင်းလာသောအခါ ဝေဝေဆာဆာပွင့်လန်းသွားဖို့ အနုပညာ ယဉ်ကျေးမှုဖြင့် တတပ်တအား ထောက်ပံ့ပေးလိုရင်းဖြစ်သည်။

(၂၃)

ကိုယ်လည်း တစ်ချိန်က လူငယ်၊ ယခု အသက်ရလာသောအခါ တာဝန်ရှိလာသည်။ ကိုးမိုင် အောင်မြေဘုံသာ ကျောင်းတွင် ဂေါပကအဖွဲ့ဝင်အဖြစ် ဆောင်ရွက်ရတာမျိုး တာဝန်ယူပေးလာရသည်။ ရှေးအစဉ်အဆက် လူကြီးများက ကိုယ်ကျိုးစွန့်ပြီး ဆောင်ရွက်ခဲ့ကြသည်။ ယခုအသီးအပွင့်များ ရရှိသည်။ နောင် အလားအလာများ ပို၍လှပသွားအောင် ကြိုးပမ်းရဦးမည်။ ဂီတအနာဂတ်နှင့်ပတ်သက်၍ မြန်မာလိုရော၊ ရှမ်းလိုရော တတ်နိုင်စွမ်းသမျှ လုပ်ဆောင်ရပေဦးမည်။ အဲသလိုပဲ ကိုထီးစိတ်ထဲ စွဲမှတ်ထားခဲ့သည်။

(၂၄)

ကျန်သော တစ်ဖက်စွန်းမှာ ဖခင်ကြီးရှိနေသည်။ အဖေကား တရားသမားပီပီ ရန်ကုန်ပတ်ဝန်းကျင်မှာ မမွေ့လျော်နိုင်။ မိုင်းပန်ရှိ ညီမလေးဆီမှာပဲ နေဖြစ်သည်။ နဂိုကတည်းက သွေးတိုးရောဂါအခံနှင့် အဖေ့ကျန်းမာရေး တဖြည်းဖြည်း ယိုယွင်းလာနေတာ ဆယ်နှစ်ခန့်ပင် ရှိတော့မည်။ သို့သော်အဖေသည် တရားဓမ္မဘက်၌ စိတ်အားထက်သန်ဆဲ။ ၁၉၉၇ မှာတော့ အဖေ လေဖြတ်သလိုဖြစ်သွားသည်။ နဂိုလို ပုံမှန်မသွားလာနိုင်သော်လည်း အဖေသည် အိပ်ယာထဲလှဲမနေ၊ တရှိုက်မက်မက်နှင့် သူ့အလုပ်တွေ ဆက်လုပ်နေဆဲ။ အသက်ကြီးရင့်လာသော ရှမ်းအမျိုးသားတို့ထုံးစံ အဖေသည် ကတုံးနှင့်ပဲ နေသည်။

နေမကောင်းသော်လည်း ဝေဒနာကို သည်းခံနိုင်စွမ်းအားကြီးသည်။ ကိုထီးကား အဖေနှင့် အနေဝေးသော်လည်း အဆက်မပြတ်၊ မိုင်းပန်နှင့် ရန်ကုန် အလှမ်းခြားနားသော်လည်း အဖေ့ဆီ သူရောက်မြဲရောက်သည်။ မေ၊ ဇွန် တွင်အဖေရှိရာ မိုင်းပန်သို့ ကိုထီးရောက်သွားပြီး အဖေ့ကို သူပြုစုသည်။ သည်ကြားထဲ မစိုး ဖခင်ကြီး ဆုံးသွား၍ ရန်ကုန်ပြန်လာရသည်။ ရန်ကုန်မှာ လုပ်စရာကိုင်စရာများ ပြီးစီးသောအခါ အဖေ့ထံ တစ်ခါပြန်ပြေးရသည်။

မိုင်းပန်ရှိ ညီမလေးကတော့ အဖေ့အပေါ် ဝတ္တရား အလွန်ကျေပွန်သည်။ ကိုထီးလည်း လိုက်သွားပြီး အဖေ့ကို အတော်ကြာအောင် ပြုစုခဲ့သေးသည်။ အဖေ့ သွေးတိုး ရောဂါကား နာတာရှည်ကြာပြီ။ အဖေသည် နလုံးအားနည်းလျက်၊ ကျောက်ကပ်လည်း သိပ်မကောင်းတော့ဘူးဟု ဆိုသည်။ အဖေသည် အစာစား လျှင်လည်း ဟုတ်တိပတ်တိမဟုတ်၊ အသက်ကလည်း ရှစ်ဆယ်ကျော်ပြီ၊ အိုမင်းခြင်း ဇရာအပေါ် ဗျာဓိဆင့်လာခဲ့ချေပြီ။

(၂၅)

ညီငယ် စိုင်းအောင်ထီးခမ်းက နောက်ပိုင်းတွင် ရန်ကုန်လှည်းတန်း၊ ဇြ လမ်းမှာနေသည်။ ကိုထီးနှင့် စိုင်းအောင်ထီးခမ်းက အသက်နှစ်ဆယ်လောက်ကို ကွာသည်။ မန္တလေးတက္ကသိုလ်မှာ ကိုထီးတက်နေတုန်းက ညီငယ်လေးအတွက် သံဖြူဂစ်တာလေးတစ်လက် ဝယ်ပေးခဲ့တော့ သူ စကားပင် မပြောတတ်သေး။ ကလေးပီပီ အရမ်းပျော်နေခဲ့တာကိုကြည့်ပြီး ကိုထီးလည်း ကျေနပ်ခဲ့သည်။

ကြီးပြင်းလာတော့ ကိုထီးလည်း လင်းခေးရောက်ပြီဆို တကောက်ကောက် လိုက်သည်။ ပြောတာဆိုတာ လိုက်နားထောင်သည်။ လင်းခေးတွင် ဂီတဝါသနာပါသူများ၊ တူသားများကို ဂစ်တာအကြောင်းဆွေးနွေး၊ ပြပေး၊ ပိုင်းဖွဲ့ဆိုတီး လုပ်ခဲ့ဖူးသည်။ သို့ဖြင့် လင်းခေးတွင် စိုင်းအောင်ထီးခမ်းတို့လူငယ်တစ်စု အတူတကွ တီးခတ်ဖြစ်ကြသည်။ ပူဆာတိုင်း ကိုထီးကလည်း ဂစ်တာပစ္စည်းလေးတွေ၊ လော်စပီကာ၊ အမ်ပလီဖိုင်ယာများ နိုင်သလောက် ဝယ်ပေးဖြစ်ခဲ့သည်။

နောက်ပိုင်းမှာ သူ့ဘာသာ ရန်ကုန်ရောက်လာပြီး အသံဖမ်း စောအောင်ဒူး၏ စတူဒီယို D တွင် ပညာသင် အလုပ်လုပ်သည်။ Racing Band ဆိုသော တီးဝိုင်းလေးတစ်ခု ထူထောင်ပြီး နယ်မှာ အသံသွင်းလိုသော ရှမ်းတိုင်းရင်းသား သီချင်းခွေတွေဆိုလျှင် သူတို့လက်ခံတီးခတ်ပေးကြသည်။

*အခန်း (၂၀)*

အဖေနှင့် သား၊ သားနှင့် အဖေ



သားကြီး၊ ဖခင်ဖြစ်သူနှင့်အတူ

(၁)

ကိုထီး၏ သားကြီး စိုင်းခိုင်ခမ်းကလည်း ငယ်စဉ်ကတည်းက ဂီတဝါသနာ ပါသည်။ ဖခင်မွေ့လျော်နေသော ဂီတပတ်ဝန်းကျင်ကို အနီးကပ်တွေ့မြင်ရ၍ ရင်းနှီးပြီးသား ဖြစ်နေသည်။ သို့သော် ဘာပဲလုပ်လုပ်

အခြေခံနိုင်ရမည်။ တကယ် စနစ်တကျ တတ်မြောက်ဖို့လိုသည်။ နည်းစနစ်မမှန်လျှင် ယောင်ချာချာဖြစ်ရလိမ့်မည်။ သို့ဖြင့် Casio အော်ဂင်တီး သင်တန်းကျောင်းသို့ ၆ တန်း အရွယ်လောက်ကတည်းက ပို့အပ်ထားပေးခဲ့သည်။ ဆရာမက The Wind Ones တွင် ဘေ့စ်တီးခဲ့သော ကလဲရင့်စ်ဘထွန်း၏ ခယ်မဖြစ်သည်။ ဆရာမပလိန်းကိတ်၏ စနစ်တကျသင်ပြမှုကြောင့် Grade 3 Level သို့ ရောက်ရှိလာခဲ့ပြီ။ ဆက်လက်၍လည်း သင်ကြားဆဲဖြစ်သည်။

ဂီတကျောင်းက သင်ခန်းစာကို သင်ရိုးအတိုင်း လုပ်ရသလို တစ်ဖက်တွင် ကိုထီးကလည်း သူ့သီချင်းတွေ ပြပေးသည်။ ဆယ်တန်းပြီးမြောက်ချိန်မှာ ကီးဘုတ် လက်ကျလက်နများ မှန်ကန်တည်ငြိမ်စပြုလာပြီဖြစ်၍ တစ်ခါတလေ သားအဖနှစ်ယောက် အတူတွဲတီးကြသည်။ ဖျော်ဖြေပွဲများ၌လည်း သားအဖနှစ်ယောက် အတူတွဲထွက်ဖြစ်ကြသည်။ အဖေနှင့် သား နားလည်မှုရှိရှိ၊ အပေးအယူညီညီမျှမျှ ဂီတကို ဖန်ဆင်းရတာ ပျော်စရာလည်း ကောင်းလှပါတော့သည်။

(၂)

ကျန်သော တစ်ဖက်စွန်းမှာ ဖခင်ကြီးရှိနေသည်။ အဖေကား တရားသမားပီပီ ရန်ကုန် ပတ်ဝန်းကျင်မှာ မမွေ့လျော်နိုင်။ မိုင်းပန်ရှိ ညီမလေးဆီမှာပဲ နေဖြစ်သည်။ နဂိုကတည်းက သွေးတိုးရောဂါ အခံနှင့် အဖေ့ကျန်းမာရေး တဖြည်းဖြည်း ယိုယွင်းလာနေတာ ဆယ်နှစ်ခန့်ပင် ရှိတော့မည်။ သို့သော်အဖေသည် တရားဓမ္မဘက်၌ စိတ်အားထက်သန်ဆဲ။ ၁၉၉၇ မှာတော့ အဖေ လေဖြတ်သလိုဖြစ်သွားသည်။ နဂိုလိုပုံမှန် မသွားလာနိုင်သော်လည်း အဖေသည် အိပ်ယာထဲလှဲမနေ၊ တရှိုက်မက်မက်နှင့် သူ့အလုပ်တွေ ဆက်လုပ်နေဆဲ။ အသက်ကြီးရင့်လာသောရှမ်းအမျိုးသားတို့ ထုံးစံ အဖေသည် ကတုံးနှင့်ပဲ နေသည်။ နေမကောင်းသော်လည်း ဝေဒနာကို သည်းခံနိုင်စွမ်းအားကြီးသည်။ မိုင်းပန်ရှိ ညီမလေးကတော့ အဖေ့အပေါ် ဝတ္တရား အလွန်ကျေပွန်သည်။ ကိုထီးလည်း လိုက်သွားပြီး အဖေ့ကို အတော်ကြာအောင် ပြုစုခဲ့သေးသည်။ အဖေ့သွေးတိုး ရောဂါကား နာတာရှည်ကြာပြီ။ အဖေသည် နလုံးအားနည်းလျက်၊ ကျောက်ကပ်လည်း သိပ်မကောင်းတော့ဘူးဟု ဆိုသည်။ အဖေသည် အစာစားလျှင်လည်း ဟုတ်တိပတ်တိမဟုတ်၊ အသက်ကလည်း ရှစ်ဆယ်ကျော်ပြီ၊ အိုမင်းခြင်း ဇရာအပေါ် ဗျာဓိဆင့်လာခဲ့ချေပြီ။

(၃)

၂၀၀၂ ခုနှစ်ထဲမှာတော့ ဆရာစိုင်းခမ်းလိတ်၏ သီချင်းအသစ်တွေ တောင့်တနေသော ပရိသတ်အတွက် အာသာပြေစရာ အစီအစဉ်တစ်ရပ်ပေါ်လာခဲ့သည်။ The Wind Ones အဖွဲ့၏ ပြန်လည်ဆုံစည်းမှု အမှတ်တရလည်း ဖြစ်သည်။ လင်းစတူဒီယိုတွင် The Wind Ones သဘာဝရဲ့ ရင်သွေးငယ်လေးများ Reunion ဖြစ်ခဲ့ကြသည်။ စတူဒီယိုထဲ ဝင်လိုက်သည်နှင့် အဖွဲ့သားအားလုံး သွေးများ ပူနွေးလာခဲ့ကြသည်။ Excellent Creation မှ မူပိုင်ဖြန့်ချိခဲ့သော "နံနက်ခင်းပေါင်းများစွာ" တေးစီးရီးတွင် စိုင်းခမ်းလိတ်၊ စိုင်းထီးဆိုင်တို့၏ ငယ်မူငယ်သွေး အပြည့်ပါရှိသည်။ တကယ်ပဲ အသစ်ဖြစ်၍

နေခဲ့သည်။ သူတို့ဘက်က ပရိသတ်ထံ ပျက်ကွက်နေခဲ့တာ ကြာပြီ။ ခုမှ တကယ် ပြန်ဆုံဖြစ်ကြတော့သည်။

"ခွင့်လွှတ်တော့ ငှက်ကလေးများ

မျက်ရည်တွေစုပြီးတော့

ခွင့်လွှတ်တော့ ငှက်ကလေးများ

တစ်ခုခုတော့ ပြန်ဖော်မှာ

နံနက်ခင်းပေါင်းတွေ

မရေနိုင်ဘူး

ကိုယ်ထပြီး အိပ်ပျော်နေခဲ့

ဦးနှောက်မှာ ပေါက်ထွက်လို့

ကိုယ်ကြိုးစားပြီး ဆိုတဲ့ သီချင်း

လေထဲပျံ့လွင့်ကာ ပျံတက်ရင်း

မင်းတို့ဆီ ဒီတစ်ခေါက်မရောက်။

နှုတ်ဆက်မယ်မင်္ဂလာပါ

ယနေ့ကစ ငှက်ကလေးများ

နှုတ်ဆက်မယ် မင်္ဂလာပါ

ကိုယ့်ဘဝရဲ့ အစိတ်အပိုင်းများ"

(၄)

သူတို့ဘဝ၏ အစိတ်အပိုင်းများကား တေးသီချင်း ဂီတတွေပဲ ဖြစ်တော့၏။

(၅)

၂၀၀၂ ခုနှစ်၊ ဇူလိုင်လကုန်ခါနီးဆဲဆဲမှာ အဖေ အသည်းအသန်ဖြစ်နေသော သတင်း ရောက်လာသည်။ ကိုထီးက ရန်ကုန်-ဟဲဟိုး လေယာဉ်နှင့် ချက်ချင်း လိုက်သွားသည်။ ဟဲဟိုးမှ မိုင်းပန်အထိ ဆက်သွားဖို့ အငှားကားကို ကြိုတင် ဖုန်းဆက်သွယ်ထားနှင့်ပြီ ဖြစ်၍ ချက်ချင်း ခရီးဆက်နိုင်ခဲ့သည်။ ခရီးတစ်ထောက် နားစရာမလိုဘဲ တောက်လျှောက်သွား၍ ရခဲ့သည်။ သို့ပါသော်လည်း လမ်းက တောင်ပေါ်လမ်း၊ အတန်ငယ် အလှမ်းဝေးသည်။ တောင်ကြီးကိုတော့ ချက်ချင်း ကျော်ဖြတ်ခဲ့သည်။ ဟိုပုံး၊ လွယ်လင်၊ နမ့်ဆမ်၊ စိတ်ထင်တိုင်း ခရီးကမတွင်၊ အချိန်က တဖြည်းဖြည်းကုန်လာသည်။ နေက ကြည့်ယင်း ကြည့်ယင်း ရိပ်ခနဲ၊ ရိပ်ခနဲ စောင်း၍ ကျလာပြီ။ အုံ့မှိုင်းသော မိုးသားတိမ်လိပ်တွေက ကောင်းကင်မှာ တရွေ့ရွေ့။

ကိုထီး စိတ်တထင့်ထင့် ဖြစ်လာပြီ။ ရောက်ချင်ဇောက တွန်းလွန်းအားကြီးသဖြင့် နေးသည်ထင်မိတော့သည်။ တောတောင်ပတ်ဝန်းကျင်ကို ကြည့်ပြီး လူမမယ်ဘဝ လွယ်လင် ကျောင်းကနေ ခေါင်းမာမာနှင့် ပြေးလာခဲ့တာ သွားသတိရမိသည်။ ထိုအခါ အတန်ငယ် တုန်လှုပ်သွားသည်။ ဘဝထဲမှာ ခေါင်းမာမာနှင့် ပြေးလာခဲ့သည်။ အခုကော ခရီးတွင်ပြီလား။ အဲ့သည်နောက် အဖေ့ဆီ ချက်ချင်း စိတ်ရောက်သွားပြန်သည်။ ရန်ကုန်မှထွက်ပြီး တစ်လမ်းလုံးတွေးလာခဲ့သည်။ အဖေ၏ နောက်ဆုံးအချိန်သို့ ရောက်နေတာတော့ သူသိသည်။ သူ့အဖေ အသက်ကို မီမှ မီပါ့မလား။

(၆)

ညမှောင်သွားခဲ့ပြီ။ ရှေ့မှာအဝေးကြီး၊ မိုးနဲ၊ လင်းခေး ကျော်ဖြတ်ရဦးမည်။ ပြီးတော့မှ မိုင်းပန်ကို ရောက်လိမ့်မည်။ ဂိတ်တွေ ပုံမှန်ဖြတ်သန်းချိန်ဖြစ်သော ညနေ ၆ နာရီကို ကျော်လွန်ခဲ့ပြီ။ ကိုထီးက တာဝန်ရှိသူများကို အကျိုးအကြောင်းရှင်းပြ မေတ္တာရပ်ခံသော အခါ ဖြတ်သန်းခွင့် စာရွက်စာတမ်းများ စီစဉ်ပေးသည်။ သည်လိုနှင့် ခရီးတစ်ထောက်ပြီး တစ်ထောက် ဆက်နိုင်ခဲ့လေသည်။

မိုင်းပန်နှင့် နီးလေလေ၊ သူ့အသကရှူသံမြန်လေလေ။ မိုင်းပန်ကို ဝင်လာသည့်တိုင် သူ သက်ပြင်း မချရဲသေး၊ ညီမလေးအိမ်ရှေ့ ကားဆိုက်မိသည်အထိ ပင့်သက်ကိုပဲ ရှိုက်ထားရသည်။ အကြိမ်ကြိမ် ကြည့်နေမိသော နာရီလက်တံများက ည ၁၁ နာရီကို ညွှန်ပြနေကြသည်။

"ဟော ... ပီထီး၊ ပီထီး ရောက်လာပြီ"

အားလုံး အသံခပ်အုပ်အုပ်၊ ခြေဖျားတွေထောက်လျှောက်၍ ခြေသံဖွဖွ။

(၇)

မောင်နှမတွေ ငါးယောက်စလုံး စုံလင်ကြချေပြီ။ အဖေကတော့ မျက်လုံး ဖွင့်မကြည့်နိုင်တော့ပြီ။ အဖေ့သက်ပြင်း ရှည်ရှည်ချသံ တစ်ချက်ကပဲ အားလုံး ရောက်ပြီဆိုတာ အဖေသိကြောင်း ပြလိုက်သည့်နှယ့် ရှိတော့၏။ နာရီလက်တံတွေက အသွားမြန်နေသည်။ အချိန်သိပ်မရှိတော့ဘူးဆိုတာ အားလုံးသိကြသည်။ သက်ရှိထင်ရှား အဖေ့ကို အားလုံး ဝိုင်းကန်တော့ကြသည်။ ဖွဖွညင်သာ ခြေဆုပ် လက်နယ် ပြုစုပေးကြသည်။ အဖေ့မျက်နှာက အတန်ငယ် အမ်းနေဟန် ရှိသော်လည်း လောကကြီးကို ရောင့်ရဲကျေနပ်ဟန်၊ ပကတိကြည်လင်လျက်ရှိလေသည်။

ကိုထီးကတော့ အဖေ့ရင်ခုန်သံကိုပဲ စမ်းကြည့်နေမိတော့သည်။ ဖျော့တော့စွာ တဒိတ်ဒိတ် တိုးနေသော ရင်ခုန်သံ၊ စမ်းယင်း စမ်းယင်းကပင် မှိန်မှိန်လာသည်။ နောက်ဆုံးမတော့ ပျောက်ကွယ်သွားရသည်။ ရင်ခုန်သံ ပျောက်သွားသော်လည်း နားထင်နားက နည်းနည်းလေး လှုပ်နေသေးသည်။ အဖေ့ ကိုယ်ခန္ဓာက နွေးနေ သေးသည်။ အားလုံး ဝိုင်းစောင့်ကြည့်ဆဲ။ ဘယ်သူမှ မဆုံးဖြတ်ရဲ။

ခဏလေးနေတော့မှ ဦးလေး ဦးဆံနောင့်က နာရီကို ပိုင်းခြားလိုက်သည်။ ည ၁၂ နာရီ ၁၅ မိနစ်။ အဖေသည် သံယောဇဉ်အားလုံးကို ဖြတ်တောက်ကာ နယ်ပယ် အသစ်ဆီသို့ ကူးပြောင်းသွားခဲ့လေပြီ။

(၈)

အဖေဆုံးတော့ ရှစ်ရက်ဥပုသ်နှင့် သွားကြုံသည်။ သို့ဖြစ်၍ အသုဘ ပြင်ထားသော်လည်း ကိစ္စမစီစဉ်၊ နောက်တစ်ရက် ဩဂုတ် ၂ ရက်ကျမှ ထုံးတမ်းစဉ်လာ ရှိသည့်အတိုင်း မြေချရာပနကို ဆောင်ရွက်ရသည်။ အမေရော အဖေပါ မိုင်းပန်မြေတွင် ခေါင်းချခဲ့ကြသည်။

အဖေဆုံးပြီး ၅ ရက်မြောက်တွင် ရက်လည်သည်ဖြစ်၍ ရက်လည်ဆွမ်း မကပ်မီ ကိုထီး ကတုံးတုံးပစ်သည်။ ရှမ်းအမျိုးသား သက်ကြီးပိုင်းတို့မှာ ဆံပင်ကိစ္စ ဆောင်ရွက်ရတာ အလုပ်ရှုပ်သည်ဟု ယူဆ၍ ခေါင်းတုံးနှင့်ပဲ နေကြတာများသည်။ အဖေလည်း ခေါင်းတုံးနှင့်ပဲ နေခဲ့၍ ကိုထီးက ထိုခေါင်းတုံးအမွေကို ဆက်ခံလိုက်ခြင်း ဖြစ်လေသည်။

(၉)

ပြီးတော့ ကိုထီး လေးနက်စွာ စဉ်းစားကြည့်သည်။ အဖေသည် သူ့ကို ဘာတစ်ခွန်းမျှ နှုတ်မြွက်မသွား။ အကယ်၍ နှုတ်အားဖြင့် ပြောနိုင်မည်ဆိုလျှင် ဘာစကားများ အဖေမှာလိမ့်မည်နည်း၊ အသက်ရှိစဉ်တဖွဖွ တိုက်တွန်းခဲ့သော တရားထိုင်ဖို့ကိုပဲ မှာလိမ့်မည်။

(၁၀)

မိုင်းပန်တွင် တရားခွင်တစ်ခုလည်း ဖွင့်ထားချိန်နှင့် တိုက်ဆိုင်၍ အဆင်က ပြေနေသည်။ အဖေ့ တစ်သက်တာဆန္ဒကို လိုက်နာသောအားဖြင့် ညီမလေးကလည်း ဆယ်ရက်၊ညီငယ် စိုင်းအောင်ထီးခမ်း ဇနီးကလည်း ဆယ်ရက်၊ ညီမ၏သမီး နန်းအောင်ဆိုင်ခမ်းကလည်း ဆယ်ရက်မျှ တရားစခန်း အသီးသီးဝင်ကြသည်။ ကိုထီးကတော့ ဆယ်ရက်ပြည့်သော်လည်း မထွက်သေးဘဲ ဆယ့်ခြောက်ရက်အထိ ဆက်နေပြီး တရားအားထုတ်ခဲ့၏။ ကြီးမားလှသော ဖခင်ကျေးဇူးကို တစ်ပိုင်တစ်နိုင် ဖွဲ့၍ဆပ်ခြင်း ဟုသာ ဆိုရပေတော့မည်။

(၁၁)

သီတင်းကျွတ်မတိုင်မီ အဖေ့နှစ်ပတ်လည် ဆွမ်းသွပ်ရမည်ဖြစ်၍ ၂၀၀၂ အောက်တိုဘာလအတွင်း မိုင်းပန်သို့ရောက်ခဲ့ရပြန်သည်။ ၁၃ ရက် အဖိတ်နေ့တွင် စီမံစရာ၊အလှူအတန်း အမျှဝေခြင်း ကောင်းမှုအစုစု ပြုခဲ့ရသည်။ အလုပ်ကိုယ်စီနှင့်မို့ မောင်နှမတွေအားလုံးတော့ဖြင့် စုံညီရောက်မလာ နိုင်တော့ပေ။ ကိုထီးက သားကြီး စိုင်းခိုင်ခမ်းနှင့် အတူသွားသည်။ မိုင်းပန်က

သူ့ကိုတောင်းဆိုထားတာ တစ်ခုရှိသည်။ နောက်တစ်ခါလာဖြစ်လျှင် မြို့မှာ ခပ်ကျဉ်းကျဉ်း ဖျော်ဖြေပွဲလေးတစ်ပွဲ လုပ်ပေးပါဟု တောင်းဆိုထားခဲ့ကြသည်။ စဉ်းစားကြည့်လိုက်လျှင် မိုင်းပန်၏ ကျေးဇူးကလည်း ကိုယ့်မိသားစု တစ်ခုလုံးအပေါ်မှာ စူးရှစွာ ကျရောက်နေသည်။ အဖေကော အမေပါ ခေါင်းချရာ ဖြစ်သဖြင့် ရေစက်ကြီးလှသည်။

မိုင်းပန်၏ ပန်ကြားချက်ကို ငြင်းဆန်၍ မဖြစ်နိုင်။ သို့ဖြစ်၍ သည်တစ်ခါ တီးခတ်စရာ တူရိယာများနှင့် ပစ္စည်းများ တစ်ပါတည်း ယူဆောင်လာခဲ့သည်။ ပွဲက ခပ်ကျဉ်းကျဉ်း ဆိုသော်လည်း ကြိုတင်ကြေငြာထား၍ ဘောလုံးတစ်ကွင်းစာတော့ ပြည့်လေသည်။

(၁၂)

မိုင်းပန်မှ အပြန်၊ လင်းခေး ရောက်တော့ မိုင်းပန်မှာ ဖျော်ဖြေထားသည့် သတင်းကြားထားကြ၍ ဆီးကြိုပြီး တားကြပြန်သည်။ လင်းခေးမှာလည်း တစ်ပွဲ ဖျော်ဖြေပါဦးဟု ဆိုသည်။ လင်းခေးက ဇာတိမြေ၊ သည်မြေကိုနင်း၊ သည်ရေကို သောက်ပြီး ကြီးပြင်းအရွယ်ရောက်ခဲ့ရသည်။ ကိုယ်တတ်ကျွမ်းသည့် အနုပညာဖြင့် ကိုယ့်မြို့လေးကို ပေးဆပ်ဖျော်ဖြေရတာမို့ သန့်စင်မွန်မြတ်လှပါတော့သည်။

(၁၃)

ကိုထီးတို့ သားအဖနှစ်ယောက် ရန်ကုန်ပြန်ဆင်းလာကြချိန်မှာတော့ ကိုထီး၏ ဇာတိလင်းခေးမြို့ကလေးကော အဖနှင့်အမေတို့ လဲလျောင်းရာ မိုင်းပန်မြို့ကလေးပါ နောက်ကျောဘက်တွင် ကျန်ရစ်ခဲ့ကြလေပြီ။ သူတို့သားအဖနှစ်ယောက် ရှေ့မှာဖြင့် အပြောကျယ်လှသည့် ဂီတမိုးကောင်းကင်၊ တဖျတ်ဖျတ်လက်သည့် ကြယ်ရောင်များဖြင့် လင်းနေသည်။ မိုးကောင်းကင်၏ ဟိုအဝေး အဖျားအနားစွန်းမှာတော့ဖြင့် ပို၍ ပြိုးပြက်သော အလင်းရောင်တန်း အငွေ့မှုန်မှုန်လေးကို လှမ်း၍ မြင်ရသည်။

## အခန်း (၂၁)

ထာဝရ ကြယ်တံခွန်

(၁)

ကိုထီးက တေးသီချင်း ဂီတအနုပညာလောကမှာ မရပ်မနား သွားလာလှုပ်ရှားသည်။ ရှိုးတွေ၊ ပွဲတွေ၊ မင်္ဂလာဆောင်နှင့် စားသောက်ဆိုင်တွေမှာ တေးသီချင်းနှင့် ပရိသတ်ကို ဖျော်ဖြေ ဝန်ဆောင်ပေးခဲ့သည်။ ရန်ကုန်သာမက နယ်ပွဲတွေလည်း သွားခဲ့သည်။ အဖွဲ့အစည်းများက တာဝန်ပေးလာခဲ့လျှင်လည်း မညည်းမညူ သီဆိုပေးတတ်သည်။ ထိုသို့လှုပ်ရှားမှု မပျက်သော်လည်း ကိုထီး၏ ကျန်းမာရေးက ကောင်းလှသည် မဟုတ်။ ဆီးချိုရောဂါနှင့်အတူ နောက်ဆက်တွဲတွေကပါလာကြသည်။ သွေးတိုးနည်းနည်းရှိသလို နလုံးကိုလည်း ဂရုစိုက်ရသည်။ ဆီးချိုရောဂါကြောင့် အစားအသောက်အနေအထိုင်တွေ များစွာ ဂရုစိုက်ရလေသည်။

ဆီးချိုဆိုင်ရာ အထူးကု သမားတော်ကြီး ဒေါက်တာတင့်ဆွေလတ်က အစစအရာရာ ဂရုတစိုက်နှင့် ပြုစုကုသပေးခဲ့သည်။ ဆရာ ညွှန်ကြားသည့်အတိုင်း ဆေးတွေသောက်၊ အစားအသောက် ဆင်ခြင်သောအခါ သိသိသာသာ သက်သာလာခဲ့ လေသည်။

(၂)

ဆီးချိုကြောင့် ၂၀၀၅ ခုနှစ်မှာ မျက်လုံးခွဲရသည်။ မျက်လုံးအထဲမှာ အဖြူရောင် အစက်ကလေး ရှိနေသည်က တဖြည်းဖြည်းနှင့် ဘာမှကောင်းကောင်း မမြင်ရတော့ချေ။ American Vision မှာ အယင်ပြသည်။ နောက်ပိုင်း မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာဦးလှမြင့် နှင့် ပြသည်။

"တိမ်ဖြစ်နေပြီ။ မှည့်နေပြီဆိုတော့ ခပ်မြန်မြန်ပဲ ခွဲကြတာပေါ့" ဟု ဆရာဝန်ကြီးက ဆိုသည်။

ကိုထီးကို "ညာဘက် မျက်လုံး ဘယ်သူခွဲခွဲ မခွဲပါနဲ့" ဟု အမျိုးသမီး ဆရာဝန်တစ်ဦးက ပြောဖူးသည်။ သို့သော်ကိုထီးက ဆရာဝန်ကြီး ဒေါက်တာဦးလှမြင့်ကို ယုံကြည် အားကိုးသည်။ မြန်မြန်ဆိုတော့ ဖြစ်နိုင်လျှင် ဒီကနေ့ မနက်ဖြန်ပင် ခွဲလိုက်ချင်သည်။ ဆရာဝန်ကြီးက စိတ်ရှည်စွာပင် "ဆီးချိုထိန်း၊ သွေးတိုးချပြီးမှ ခွဲကြတာပေါ့၊ စိတ်ချလက်ချ ဖြစ်ဖို့လိုတယ်လေ။" ဟု ဆိုသည်။ ဇီဝိတဒါနမှာ မျက်လုံး သေချာစမ်းသပ်ပြီး မျက်လုံးခွဲဖြစ်သည်။ ခွဲစိတ်မှု အောင်မြင်သောကြောင့် အမြင်အာရုံများ ပြန်ကောင်းလာခဲ့ကာ ကိုထီးက ဝမ်းသာမဆုံးတော့ချေ။ သို့သော် သူစိတ်ပူနေတာ ရှိသည်။

"အခု မျက်လုံးခွဲပြီးယင် အရက်မသောက်ရတော့ဘူးပေါ့" ဟု ဆရာဝန်ကြီးကို မရဲတရဲ မေးကြည့်သည်။ မစိုးကတော့ ကိုထီးကို အရက်နှင့် ကင်းရှင်းစေလိုသည်။ ဆရာဝန်ကြီးက "အရက်က ဆီးချိုသမားကို ဒုက္ခပေးတတ်တယ်။ ဂရုစိုက်ပြီး သတိထား ရှောင်သင့်တာပေါ့" ဟု အကြံပေးတော့ မစိုး လွန်စွာဝမ်းသာသွားခဲ့သည်။ သို့သော် ကိုထီးက

"ကျနော်လည်းများများ မသောက်ပါဘူးဆရာ။ သုံးပက်လောက်တော့ မှတ်ထားပြီးမှ သောက်တာပါ။ တစ်ခါတလေ ပိုသွားတာတော့ ရှိမလား မသိဘူး" ဟု ဆိုလေသည်။

ကိုထီးက စားသောက်ဆိုင်မှာ သီချင်းဆိုသဖြင့် နားထောင်သူ သူ၏ ပရိသတ်များကလည်း အားပေးသည့်အနေနှင့် ဒကာခံကြသောကြောင့် အရက်ကို သိပ်မပြတ်နိုင်ချေ။ ဆရာဝန်က အရက်အပြင် ပါရာစီတမော၊ အနာဂျက်ဆင်လို အကိုက်အခဲ ပျောက်ဆေးတွေကိုလည်း သတိထား သောက်ဖို့ မှာထားသည်။ အရက်ဘားမှာ သီချင်းဆိုတာက အရက်ကို အားပေးနေသလို ဖြစ်နေသဖြင့် လင်မယား နှစ်ယောက် ထိုအကြောင်းကို အမြဲတိုင်ပင်ဖြစ်သည်။ အရက်ဘားမှာ သီချင်းမဆိုလျှင် ဘယ်လိုနေမလဲ တွက်ချက်ကြည့်ကြသည်။ အဘက်ဘက်က စဉ်းစားတော့ လတ်တလောမှာ စားဝတ်နေရေးအတွက် ဝင်ငွေလိုအပ်သည်။ အလုပ်ကို ရုတ်တရက် မပြောင်းနိုင်ကြောင်း ပေါ်လာသည်။ အလုပ်ပြောင်းလျှင် စာအုပ်ဆိုင် အရောင်းအဝယ်၊ စာအုပ် အရောင်းအဝယ်၊ စာကြည့်တိုက်လို စီးပွားရေးမျိုး ပြောင်းလုပ်မည်ဟု စိတ်ကူးယဉ် ကြည့်ကြသည်။ စိတ်ကူးယဉ်သည် ဆိုသော်လည်း စိတ်ကူးသက်သက်မဟုတ်၊ ကိုထီးက သေသေချာချာ တွက်ချက်သည်။ စာအုပ်တွေထားဖို့အတွက် တိုက်ခန်းကလေးတစ်ခုပင် ရည်စူးထားခဲ့လေသည်။

(၃)

၂၀၀၇၊ မိုးဦးကျ၊ ဇွန်လပိုင်း။ ဆရာစိုင်းခမ်းလိတ် ရန်ကုန်ရောက်လာသည်။။ ဆရာ့သမီးကြီး နန်းခမ်းနွံလိတ်နှင့် ကိုထီး တွဲပြီး "တွဲဖက်ကောင်း" အခွေထွက်ဖို့ လာရောက် စီစဉ်ခြင်းဖြစ်သည်။ ညီအစ်ကို ဆရာတပည့်နှစ်ယောက် အတူတူရှိနေသဖြင့် စကားတပြောပြောနှင့် တစ်ညလုံး အရက်သောက် ဖြစ်ကြသည်။ မနက်ကျ ကိုထီး ခေါင်းကိုက်သည်။ ဆရာလိတ်က ဆေးလုံးများကို ကြိတ်ထားသည့် အမှုန့်အထုပ်လေး တစ်ထုပ် သောက်ဖို့ပေးသည်။ သောက်လိုက်တော့ ခေါင်းကိုက်သက်သာသွားလေသည်။ သို့သော် ၂ နာရီလောက်နေတော့ ပျို့တက်လာပြီး နည်းနည်းအန်ချလိုက်မိသည်။

အန်သော်လည်း နား၍မရ။ မင်္ဂလာဆောင်များမှာ သီချင်းဆိုဖို့အလုပ်တွေ ရှိနေသည်။ သို့ဖြင့် ကိုယ်တိုင် ကားမောင်းသွားရသည်။ မင်္ဂလာဆောင်မှာ သီချင်းဆိုယင်း အန်ချင်စိတ်ကို ကြိတ်မှိတ်ကာ ဖျော်ဖြေရသည်။ သီချင်းဆိုပြီးမှ အပြင်ထွက်ပြီး အန်ရသည်။ အခု အန်တော့ အမည်းဖတ်တွေ ပါလာသည်။ အမည်းဖတ်က သွေးစ သွေးနတွေ အစာအိမ်အချဉ်ရည်နှင့်တွေ့ပြီး ဓာတ်ပြောင်းနေမှန်းမသိ။ သွေးအန်တာကို ညကစားထားသည့် အမြည်း ဆိတ်သားဖတ်တွေ ပြန်အန်သည်ပဲ ထင်ခဲ့သည်။ ဝမ်းလည်း သွားသဖြင့် အစာမှားပြီး အထက်လှန်အောက်လျှောဖြစ်သည်ဟု ထင်ခဲ့သည်။

ကားလည်းမောင်းပြီး မင်္ဂလာဆောင်များ တစ်ခုပြီးတစ်ခုကူးကာ တစ်နေ့လုံး သီချင်းဆိုရသည်။ ဆရာစိုင်းခမ်းလိတ်နှင့် အတူရှိနေပြန် သဖြင့် သွေးပေါင်ချိန် တိုင်းပေးသည်။ သွေးပေါင်ချိန်က ပုံမှန်။ သို့သော် ဆရာလိတ်က

ကိုထီးကို "နဂို သွေးတိုး ရှိနေတာ မဟုတ်လား။ အခု ပုံမှန်ဆိုတော့ သွေးပေါင်ချိန်ကျတာ ဖြစ်နိုင်တယ်"ဟု ဆိုသည်။ ညနေကျတော့ ကိုထီး အတော်ခံနေရပြီး။ ခေါင်းမထူနိုင်လောက်အောင် ဖြစ်နေသဖြင့် အိမ်အနီးနားက ဆရာဝန်ခေါ်ပြသည်။ ဒေါက်တာတင်စံဦး ရောက်လာပြီး စမ်းသပ်ပေးသည်။ သွေးပေါင်ချိန်ကျပြီး အထက်လှန်အောက်လျှောလို ဖြစ်နေသဖြင့် ပဋိဇီဝဆေးများ ပေးသည်။ ဓါတ်ဆားရည်ကို လုံလောက်အောင် သောက်စေသည်။ သို့သော် သွေးပေါင်ချိန်က ကျပြီးယင်းကိုကျနေသည်။ ကိုထီးအခြေအနေက သက်သာမှု မရှိလာချေ။

ဒေါက်တာတင်စံဦးက "ဆရာကြီး ဦးတင့်ဆွေလတ်နဲ့ တိုင်ပင်ကြည့်မှ ကောင်းမယ်" ဟု အကြံပြုသည်။ ပါမောက္ခ ဒေါက်တာတင့်ဆွေလတ်က ချက်ချင်းဆေးရုံ တက်ခိုင်းသည်။ သို့ဖြင့် ဆာကူရာဆေးခန်းမှာ တက်ရောက်ဖြစ်လေသည်။

(၄)

ဆာကူရာ ဆေးခန်းက သန့်ပြန့်ပြီး လူရှင်းသည်။ သီးသီးသန့်သန့် နားနားနေနေ နေနိုင်သည်။ ပါမောက္ခ ဒေါက်တာတင့်ဆွေလတ်ထံ ဆာကူရာ ဆေးခန်း တာဝန်ကျ ဆရာဝန်က သတင်းပို့သည်။ ဆရာက ကြိုတင်လုပ်ထားနှင့် ရမည့်ကုသမှုများ လှမ်းပြီး ညွှန်ကြားထားခဲ့သည်။ သွေးပေါင်ချိန်က အရေးပေါ်သွေးပင် ၉၀ လောက်သာ ဖြစ်လောက်အောင် ကျနေသည်။ ညဘက်ကျ ဒေါက်တာတင့်ဆွေလတ် ရောက်လာပြီး သေသေချာချာ ကြည့်ပေးသည်။ သွေးနီဓါတ် ဟီမိုဂလိုဘင်က ၆ ပဲရှိသည်။ အရေးပေါ် သွေးသွင်းဖို့ ညွှန်ကြားသည်။ ညအတန်နက်ပြီမို့ သွေးလှူမည့် သွေးလှူရှင်ရှာရမည်။ သို့သော် ကံအားလျော်စွာ ဆေးရုံဝန်ထမ်း လူငယ်လေး တစ်ယောက်က သွေးလှူနေ ကျဟု ဆိုသည်။

သူက "အဆိုတော် ဦးထီးအတွက်လား၊ ကျနော်လေးစားခဲ့တဲ့ ဆရာပဲ။ ကျနော်လှူမယ်" ဆိုပြီး မဆိုင်းမတွ ချက်ချင်းထလှူပေးသဖြင့် အဆင်ပြေသွားစဉ်။ မနက်လင်းတော့ နောက်ထပ်သွေးလှူရှင်တွေ အခက်အခဲမရှိ အလွယ်ရသွားသည်။ နံနက်တွင် သွေးလှူရှင်ဆေးရုံဝန်ထမ်း လူငယ်လေးက ကိုထီးကို လာကြည့်သည်။

ကိုထီးက လူငယ်လေးကို လက်အုပ်ချီပြီး "ကျနော့်အသက်ကို သွေးနဲ့ ကယ်ပေးတာ၊ သိပ်ကိုကျေးဇူးတင်ပါတယ်" ဟု လှိုက်လှဲစွာဆိုသည်။

ဆေးရုံဝန်ထမ်း လူငယ်လေးက ကြည်နူးလွန်းသဖြင့် မျက်ရည်များပင် စိမ့်ထွက်လာတော့သည်။ သွေးပေါင်ချိန်က ကျ။ သွေးနီအား ဟီမိုဂလိုဘင်က ၆ ပဲရှိသဖြင့် သွေးအတော် များများသွင်းရသည်။ သွေး ၆ ပုလင်းလောက် သွင်းလိုက်တော့မှ နေသာထိုင်သာ ရှိသွားသည်။ ဆာကူရာဆေးခန်းပေါ်မှာ ဆယ်ရက်လောက်ကြာအောင် တက်ရောက်ခဲ့ရလေသည်။

(၅)

ဆာကူရာမှာ ဆေးရုံတက်ခဲ့ပြီးနောက် ဆရာဦးတင့်ဆွေလတ်က ယခုလို သွေးသွင်းကုသရသည် အထိ သွေးအားနည်းသွားတာ အစာအိမ်ထဲက သွေးယိုသောကြောင့် ဖြစ်မည်ဆိုပြီး ပါမောက္ခ ဒေါက်တာဦးသိန်းစော ထံ ပို့ပြီး စစ်ဆေးစေသည်။ ဒေါက်တာဦးသိန်းစောက တည်တည်ကြည်ကြည်နှင့် စကားအလွန် နည်းသည်။ လူနာကို စေ့စေ့စပ်စပ် ဂရုစိုက်သည်။ "အရက်သောက်လား" လေအေးအေးနှင့် မေးရာ မစိုးက "သိပ်မသောက်ပါဘူး" ဟု ဖြေခဲ့သည်။ "ဗိုက်နည်းနည်း ရောင်တယ်၊ ခြေထောက်ကော အယင်ရောင်သေးလား" ဆိုတော့လည်း "မရောင်ဘူး" ပြောမိသည်။

အမှန်က "တွဲဖက်ကောင်း" အခွေ အသံသွင်းတုန်းက ခြေထောက်တွေ အရမ်းရောင်သည်။ မတ်တတ်ရပ်ပြီး သီချင်းဆိုရတော့ ပိုဆိုးသည်။ ပက်လက် ကုလားထိုင်နှင့် ထိုင်ပြီး ဆိုပါဆိုတော့လည်း မထိုင်။ ဆီးချိုသွေးချို ချပြီး မြန်မာဆေးလိမ်းတော့ သက်သာသွားခဲ့သည်။ ထို့ကြောင့် မေ့လျော့ပေါ့ဆ "ခြေထောက် မရောင်ပါဘူး" ဟု ပြောခဲ့ခြင်းဖြစ်သည်။

ကိုထီး ဖခင်ကြီးက ကျောက်ကပ်ရောဂါ ဖြစ်ခဲ့သည်။ ကိုထီးလည်း ဖြစ်လျှင် ကျောက်ကပ်ပဲ ဖြစ်မည်ထင်ခဲ့သည်။ အသည်းဖြစ်မည်မထင်။ သို့သော် အသည်း ရောဂါဖြစ်နေသည်။ အယ်လ်ထရာဆောင်းက ပထမတော့ ပုံမှန်အသည်းဟုဆိုသည်။ နောက်တော့ ပါမောက္ခ ဒေါက်တာဦးလင်းထွန်းထွန်း ကြည့်ပြီး အသည်းရောင်နေကြောင်း သိရတော့သည်။ ဘီပိုး၊ စီပိုးတွေ စစ်လိုက်တော့ စီပိုးရှိနေကြောင်း သိရှိရပြန်သည်။ အသည်းမကောင်း သောကြောင့် အစာအိမ်က သွေးကြောလေးတွေ ပေါက်ပြီ လွယ်ရခြင်းဟု သဘောပေါက်ရသည်။

(၆)

ပါမောက္ခ ဒေါက်တာဦးသိန်းစောက ကိုထီး၏ အစာအိမ်ထဲမှာ သွေးကြော ငယ်ကလေးများ ပေါက်နေပုံရသဖြင့် အစာအိမ်တွင်းမှန်ပြောင်းနှင့် စစ်ဆေးဖို့ (Endoscopy) မနက်ဖြန်ကြည့်မည်ဟု ဆိုသည်။ ကိုထီးက "ကျနော့်ဆရာ ဒေါက်တာ တင့်ဆွေလတ်ကို ပြန်ပြောရဦးမယ်" ဟု ဈေးဆစ်သည်။ ဦးသိန်းစောက သဘောကောင်းစွာ ဆရာတင့်ဆွေလတ်ကို ပြောပြီးသည်အထိ ရက်ချိန်းစောင့်ပေးဖို့ သဘောတူခဲ့သည်။

ဆရာတင့်ဆွေလတ် သိသောအခါ "အရေးကြီးတဲ့ဟာပဲ၊ မြန်မြန်ပြပါ။ ဒီကနေ့ပဲ ဆရာဦးသိန်းစောဆီ ချက်ချင်းတက်နိုင်အောင်လုပ်" ဟု တိုက်တွန်းလေသည်။ ကိုထီးက ဆာကူရာဆေးရုံမှာ အေးအေးဆေးဆေး ရှိတာကို သဘောကျသောကြောင့် ဆာကူရာမှာ တက်သည်။ အစာအိမ်တွင်း မှန်ပြောင်းကြည့်တာကတော့ ဗဟိုစည်မှာ သွားလုပ်သည်။ သွေးယိုနေသော နေရာများကို ဆရာဦးသိန်းစော က အစာအိမ်ကြည့် မှန်ပြောင်း (Endoscope) နှင့် သွေးကြောပြန်ထုံးပေးခဲ့သည်။ သည်တစ်ခါ ဆေးရုံမှာ လေးရက်ကြာသည်။ စုစုပေါင်း ဆေးရုံ ၃ ခါ တက်ရသည်။ အစာအိမ်တွင်း မှန်ပြောင်းနှင့် ကြည့်တာ သက်တောင့် သက်သာတော့မဟုတ်။ ကိုထီးခမျာ ဝေဒနာကို သည်းခံရရှာသည်။

(၇)

၂၀၀၇ ခုနှစ်၊ စက်တင်ဘာလမှာ ဆရာဦးသိန်းစောက "အစာအိမ် သွေးယိုတာတွေ မရှိတော့ဘူး၊ အခြေအနေကောင်းသွားပြီ၊ စီပိုး ကုရဦးမယ်" ဟု သတိပေးသည်။ ကိုထီးနှင့် မစိုးတို့ ဇနီးမောင်နှံက ဆေးကုသမှုစရိတ်စကကို စုံစမ်းကြည့်ရာ စီပိုးကုသဆေးက ဈေးသိပ်ကြီးကြောင်း သိရသည်။ ရောဂါပိုးကို အကောင်အရေအတွက်နှင့် သွေးစစ်တာကပင် ဈေးကြီးလှပြီ။ ကိုထီးက "ချက်ချင်းတော့ ကျနော် ဆေးမကုနိုင်သေးဘူး ဆရာ၊ ကျနော်ဆေးရုံ တက်ရတာလည်း ၃ ခါရှိသွားတော့ ငွေလည်း အတော်ကုန်ထားတယ်၊ ပိုက်ဆံနည်းနည်းရှာလိုက်ဦးမယ်၊ ပြီးမှ ကုပါရစေ" ဟု ပွင့်ပွင့်လင်းလင်း ပြောလိုက်သည်။ သွေးကြောချည်တာက တစ်ခါချည်လျှင် သုံး လေးသိန်းတော့ အနည်းဆုံးကုန်ခဲ့ရသည်။

ဆရာဦးသိန်းစော အံ့သြသွားသည်။ သူ့စိတ်ထဲမှာ စိုင်းထီးဆိုင်လို နာမည်ကျော် အဆိုတော်တစ်ဦးအတွက် ငွေမရှားနိုင်ဟုသာ ယူဆဖွယ်ရှိသည်။ သို့သော် ဆရာက အခြေအနေကို ချက်ချင်းနားလည်သွားသည်။ "ယခုချက်ချင်း ကုရမယ်တော့ မဟုတ်ပါဘူး၊ အခုလည်း နေကောင်းနေတာပဲ၊ ၆ လလောက်နေတော့ ပြန်ပြပါ။ ပြန်ကြည့်ပြီး စဉ်းစားကြတာပေါ့" ဟု ဆိုသည်။

အိမ်အပြန်မှာ မစိုးက "ဘာဖြစ်လို့ အဲဒီလိုကြီးပြောလိုက်တာလဲ၊ စိုး ရှက်တယ်" ဟု ဆိုမိရာ

"မရှက်ပါနဲ့ ဆရာမရယ်၊ ကိုယ့်အကြောင်းကို အမှန်အတိုင်းပြောတာပဲ၊ အခုလိုမပြောပြဘဲ ကိုယ်မနိုင်တာ ကိုယ်သွားထမ်းမိမှ ကိုယ်ပဲ အခက်ကြုံရမှာ" ဟု ပြန်ရှင်းပြလေသည်။

(၈)

စက်တင်ဘာလပိုင်းမှာ ဆေးရုံကဆင်းလာခဲ့ပြီး မွေးနေ့အတွက် သာကေတ မူလမင်းကွန်းကျောင်းမှာ ဆွမ်းကပ်ဖြစ်သည်။ ကိုထီး၏ ၅၇ နှစ်မြောက်မွေးနေ့ဖြစ်ပါသည်။ မွေးနေ့နောက်ပိုင်းတွင် အင်္ဂလန်သွားဖို့ ပြင်ဆင်သည်။ တကယ်တော့ ကိုထီးက နေသိပ်မကောင်း။ သို့သော် ဆရာတော်က အင်္ဂလန်မှာ ရှမ်းတိုင်းရင်းသားပွဲလုပ်တာ ယခုပထမဆုံး အကြိမ်ဖြစ်သည်။ ပြီးတော့ ယခုခရီးစဉ်မှာ ဆရာစိုင်းခမ်းလိတ်လည်း အတူလိုက်ပါမည် ဖြစ်သဖြင့် ထူးခြားသည်။

UK က ဆရာတော် လွှတ်လိုက်သည့် ကလေးမလေး တစ်ယောက် ကြိုတင် ရောက်လာပြီး ပြင်ဆင်စရာများ ပြင်ဆင်သည်။ ကိုထီး၏ ကျန်းမာရေး အခြေအနေမေးသည်။ သွားရမှာက ဒီဇင်ဘာလဖြစ်သဖြင့် ဟိုမှာ သိပ်အေးမည်။ အရက်လုံးဝ မသောက်ရ၊ ဆီးချိုလည်း သိပ်ကိုဂရုစိုက်ရမည်။ ဆရာဝန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာတင့်ဆွေလတ်ကော၊ ဒေါက်တာသိန်းစောကိုပါ မသွားခင် သွားရောက် မေးစမ်းတိုင်ပင်ကြသည်။ လိုအပ်သည်များ အကြံပြုကြပြီး သွားခွင့်ပြု လေသည်။

(၉)

၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလတွင် ယူကေသို့ ကိုထီးသွားဖြစ်သည်။ ဆရာစိုင်းခမ်းလိတ်လည်း အတူပါသွားမည့်ခရီးစဉ်ဖြစ်ရာ ထူးခြားသည်ဟု ဆိုရမည်။ ယူကေကနေ ပြန်လာတော့ တအားကိုပဲ နေမကောင်းဖြစ်လာခဲ့သည်။ ဘယ်လက်မောင်း တအားကိုက်ခဲသည်။ ညညကျလျှင် မအိပ်နိုင်၊ အစာအိမ်ကို ကြောက်သဖြင့် အကိုက်အခဲပျောက်ဆေး ဘာမှမသောက်ရဲ၊ သွေးတွေက တိုးနေသည်။ အပေါ်သွေး ၁၈၀ ရှိနေသည်။ ဆီးချိုလည်း မတရားတက်နေသည်။

ကိုထီး၏ ကျန်းမာရေး အခြေအနေက ဆရာဝန်ပြရမည်။ သို့သော် ကိုထီးက ဆရာဝန်မပြချင်၊ ဆူခံ ပြောခံရမှာ စိုးရိမ်သည်။ အင်္ဂလန်မှာ ဘာတွေအနေအထိုင် မှားလာသလဲဆိုတာ မစိုးက ကိုထီးကို မေးကြည့်သည်။ ဘာတွေစားသလဲဆိုတော့ နေ့ခင်းဆို ချောကလက်တွေ စားဖြစ်သည်ဟု ဆိုသည်။ ကိုထီးက ချောကလက်လည်း အလွန်ကြိုက်သည်။ ဟိုက ပရိသတ်အများစုက ကိုထီး ဆီးချိုရောဂါရှိမှန်း မသိကြ။ ကိုထီးကလည်း အားနာသဖြင့် မပြောဖြစ်၊ သို့ဖြင့် အစားတွေမှားခဲ့လေသည်။

"ဆရာမ သိတဲ့အတိုင်းပဲ။ သူများတွေက သူတို့အလုပ်နဲ့ သူတို့ရှုပ်နေတာ၊ ကိုယ့်ကြောင့် သူတို့ကို အလုပ်ထပ်မရှုပ်စေချင်ဘူ" ဟု ဆိုသည်။

ဒီဇင်ဘာလတွင် ရာသီဥတုကလည်း အေးသည့်အတွက် အပြင်မထွက်ချင်၊ ဆီးချိုဆေးက ၁၀ ရက်စာပဲ ယူသွားခဲ့သည်။ မစိုးက ပိုပိုမိုမို ယူဆောင်သွားဖို့ ပြောသော်လည်း အပိုယူမသွား။ ရောဂါအခြေအနေကို ဟိုကဆရာဝန်တွေ ပြဖို့ကိုလည်း ဆေးမှတ်တမ်း စာရွက်တွေ ချန်ထားပစ်ခဲ့သည်။ ကိုယ့်အတွက်နှင့် တခြားသူတွေ ဝန်ပိမှာကို အားနာနေသည်။ သို့သော် အကြောင်းကြောင်းကြောင့် ခရီးစဉ်က ရက်တွေ ထပ်တိုးစရာဖြစ်လာသည်။ နဂိုစီစဉ်ထားသည့် ၁၀ ရက်ထက် ကျော် ဆက်နေဖို့ ခေါ်ကြသည်။ ထိုအခါ သောက်လက်စ ဆီးချိုဆေးကလည်း ၁၀ရက်စာပဲ ယူသွားသဖြင့် ကုန်သွားတော့သည်။ ရက်နည်းနည်းလောက် ဆေးပြတ်ပြီးမှ ဟိုကရှာဖွေပေးသည့် ဆီးချိုကျဆေးတွေ သောက်ရသော်လည်း သောက်နေကျဆေး နှင့်မတူ၊ အဆင်က ပြေမလာ။

(၁၀)

မစိုးက "ကိုထီး ဒီလောက် နေမကောင်း ဖြစ်နေတာ၊ ဒေါက်တာ ဦးတင့်ဆွေလတ်ဆီ သွားပြရအောင်" ဟု တိုက်တွန်းသည်။ ကိုထီးက....

"ဆရာက သူ့လူနာ အခုလို သွေးအချိုတွေတက်နေတာ သိယင် စိတ်မကောင်း ဖြစ်မှာ၊ သွေးချိုကို ချပြီးမှ ဆရာ့ဆီသွားမယ်နော် ဆရာမ" ဟု ဆိုသည်။

သို့ဖြင့် မစိုးက ဆေးရွက်တွေ ထောင်းတိုက်ရသည်။ ပုတီးဖြူရွက်ကို ညက်ညက်ထောင်းပြီး ၃ ခွက် တစ်ခွက်တင် ကျိုပြီးတိုက်ခဲ့သည်။ သည်လိုနှင့် သွေးအချိုခါတ် ၂၀၀ ကျော်မှ ဆရာဦးတင့်ဆွေလတ်ဆီ သွားပြကြသည်။

(၁၁)

ဒေါက်တာ ဦးတင့်ဆွေလတ်ထံ ပြဖြစ်သလို ဒေါက်တာ ဦးသိန်းစောကိုလည်း ပြသည်။ ဆရာများကုသ လမ်းညွှန်ပေးသည့် ဆေးတွေသောက်တော့ နေနည်းနည်း ကောင်းလာသည်။ နေကောင်းတော့ ပွဲလက်ခံ သီချင်းပြန်ဆိုသည်။ သီချင်းဆိုတော့ မောသည်။ မစိုးက မဆိုပါနှင့်ပြောလည်းမရ။ တိတ်တိတ်လက်ခံထားတတ်သည်။

"လူတွေက ကိုယ့်သီချင်းကို နားထောင်ချင်လို့ လာတောင်းဆိုတာ ငြင်းရမှာ အားနာတယ် ဆရာမရယ်" ဟု မစိုး ကို ပြောလေ့ရှိသည်။

နေမကောင်းသည့်ကြားမှ တာမွေ ရွှင်လန်းမှာ ဆိုဖို့စီစဥ်သည်။ ကိုရွှေတိုး တီးမည်၊ ကိုထီးဆိုမည်။ စီစဉ်ပေးသူကို အားနာသည်ဆိုသည်။ မစိုးက ကိုထီး ကျန်းမာရေးအရ သီချင်း မဆိုစေချင်သေး။ ကိုထီးက ပွဲစီစဥ်ပြီးနေပြီ။ ကိုယ့်ကြောင့် ပျက်သွားလျှင် မျက်နှာပူစရာဟုဆိုသည်။ သို့ဖြင့် မစိုးနှင့် စကားများရသည်။

"ပွဲ အစအဆုံး ဆရာမ အနားမှာ လာထိုင်ကြည့်ပါ။ မမောတဲ့ သီချင်းတွေပဲ ဆိုတယ်၊ ၁၀ ပုဒ်လောက်ပဲ ဆိုမှာ၊ ဆိုယင် အရမ်းမောတတ်တဲ့ မောင့်လပြည့်ဝန်း လည်း မဆိုပါဘူး" ဟု ပြောသည်။

တကယ်ကျ ဆိုယင်း ဆိုယင်း နှင့် ၁၅ ပုဒ်ကနေ အပုဒ် ၂၀ ဖြစ်သွားသည်။ စိတ်ရော အသံပါ အလွန်အားစိုက် သီဆိုရသော မောင့်လပြည့်ဝန်း သီချင်းကလည်း မဆိုလို့မရ၊ ပရိသတ်ရှေ့မှောက်သို့ ရောက်ရသော အနုပညာရှင်သည် ပရိသတ်ကို မလွန်ဆန်နိုင်သာ။ အလိုကို လိုက်လျောရစမြဲ။ မစိုးခမျာ ကိုထီးအတွက်လည်း စိတ်ပူ၊ ပရိသတ်ကိုလည်း ကျေနပ်စေချင်သည့် ဒွိဟထဲမှာ ဗျာများခဲ့ရသည်။ ပွဲအစမှ အဆုံး သမ္ဗုဒ္ဓေဂါထာတော်ကိုသာ တဖွဖွရွတ်နေခဲ့ရရှာလေသည်။

(၁၂)

၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်နေ့ ရှမ်းအမျိုးသားနေ့တွင် သီဆိုဖျော်ဖြေပြီးနောက် ၉ ရက်နေ့တွင် တာချီလိတ်ပွဲ လိုက်သွားဖို့ လက်ခံထားကြောင်း သိရသည်။ နယ်ခရီးဖြစ်သဖြင့် ခက်ခဲပင်ပန်းမည်။ မစိုး က လိုက်မသွားစေချင်။ ကိုထီးက ထိုမျှသာမက သင်္ကြန်ပွဲတွင် The Wind Ones အဖွဲ့နှင့် ဖျော်ဖြေဖို့အတွက်လည်း လက်ခံထားပြီးနေခဲ့ပြီ။ "ပိုက်ဆံရမှာမို့လို့ပါ" ဟု ကိုထီး ဆိုသောအခါ မစိုး စိတ်တိုမိသည်။ နှစ်ယောက်သား ထုံးစံအတိုင်း စကားတွေများကြသည်။

"ပိုက်ဆံက ကိုထီး ကျန်းမာရေးထက် အရေးကြီးလို့လား" ဟု မစိုးက ဆိုမိသည်။ ကိုထီးက ဖွဖွရယ်ပြီး

"ဆရာမကလည်း၊ အခုက အိပ်ယာထဲ လဲနေတာမှ မဟုတ်တာ၊ သီချင်းက တစ်သက်လုံး ဆိုလာတာပဲလေ၊ ဆိုနိုင်ပါတယ်။ သီချင်းတွေဆိုပြီး ရလာခဲ့ယင် ဆရာမကသာ ပိုက်ဆံတွေတော့ လွှင့်မပစ်နဲ့နော်၊ ပြီးတော့ အသည်းကို ဆေးကုဖို့ အတွက်လည်း ပိုက်ဆံလိုမယ်လေ" ဟု ဆိုလေသည်။

မစိုးရင်ထဲမှာ နင့်ခနဲ ဖြစ်သွားသည်။ ပြောမည့် စကားလုံးတွေ အားလုံး လျှာဖျားမှာ ပျောက်သွားကြသည်။ ဟုတ်သားပဲ။ ကိုထီး၏ အသည်းထဲက စီပိုးကို ဆေးကုရဦးမည်။ စီပိုးကုသဖို့ ဆိုလျှင် ပိုက်ဆံလိုလိမ့်မည်။ သက်ပြင်းကိုသာ မှုတ်ထုတ်လိုက်မိတော့သည်။ ငိုချင်စိတ်ကို မျိုသိပ်ထားရမည်။ ကိုထီး ကျန်းမာရေးကို စိတ်မချသဖြင့် မစိုး တာချီလိတ်သို့ အတူလိုက်သွားသည်။ ကိုထီးကတော့ "ဆရာမ ပါလာယင် အားရှိသွားပြီ" ဟု ဆိုလေသည်။

## (၁၃)

တာချီလိတ်သို့ သွားသည့်လမ်းမှာတင် ကိုထီးအတွက် အစားအသောက်က ခက်ပြီ။ သူ့ဘာသာ သွားလျှင်ဖြင့် ဘယ်လိုဖြေရှင်းမည် မသိ။ မစိုးပါလာတော့ အစစအရာရာ လိုက်ပြီး စိတ်ပူပေးမိသည်။ လေယာဉ်ပေါ်မှာ တည်ခင်းသော ကော်ဖီ မသောက်ရ၊ အအေးကလည်း Gas ပါတော့ မတည့်ပြန်။ အသည်းဆိုင်ရာ အထူးကု ဆရာဝန်ကြီးများ ဖြစ်ကြသော ဒေါက်တာ ခင်မောင်ဝင်း၊ ဒေါက်တာ ဦးသံစစ်၊ ဒေါက်တာ ဝင်းနိုင်တို့ ရေးသားသည့် စာအုပ်တွေ ဆောင်းပါးတွေကို မစိုးက ဖတ်ထားသည်။ ကိုထီးမှာ ဖြစ်ပေါ်လာသည့် လက္ခဏာတွေကို ဂရုတစိုက်ကြည့်လာခဲ့သည်။ အစားအသောက်မှာ မတည့်တာတွေ ရေးထားသမျှ မှတ်သားပြီး ရှောင်ကြဉ်ရသည်။ ကိုထီးက လေယာဉ်ပေါ်မှာ Sparkling တော့ သောက်ပါရစေဆရာမရယ် ဟု ပူဆာသည်။ မစိုးက စပါကလင်ကို Gas တွေ အားလုံးထွက် အငွေ့ပြယ်ပြီးမှ သောက်စေသည်။

တာချီလိတ်ကို လေယာဉ် ဆိုက်ရောက်သည်နှင့် မင်္ဂလာဆောင်မှာ သွားဆိုဖို့ ပြင်ဆင်ရသည်။ ကိုထီးခမျာ အလုပ်တွေက မနားရတော့ချေ။ ကိုထီးက ထမင်းမစားနိုင်၊ တရုတ်စာတွေစားချင်၊ ရှမ်းစာလည်းစားချင်၊ သို့ပါသော်လည်း ရှာကြည့်တော့ ကိုယ်စားချင်တာ မရ၊ ရတာတွေက ကိုယ်နှင့်မတည့် ဖြစ်နေသည်။ ဆန်သစ် ပေါ်ချိန်လည်း ဖြစ်ပြန်တော့ တွေ့တာကို မစားရဲ။ ဆန်ပြုတ်သောက်ပြီး တင်းတိမ် ရတော့သည်။

## (၁၄)

ညမှာ ကိုထီး သီချင်းဆိုတာကို ရဲမှူးကြီး (နွားကြီး၊ တစ်ကောင်ပေါ်များ။ အာဟ၊ [illegible]စာရိုက်သူ မှားဆိုး၏ ပေါက်ကွဲသံ) နားထောင်ချင်သည် ဆိုသဖြင့် သွားရောက် သီဆိုပြရသေးသည်။ မတည့်တာတွေ အားလုံးရှောင်ပြီး ဆန်ပြုတ်ပဲသောက်နေရာမှ ဟိုက ကျွေးလိုက်သည့် ရှမ်းထမင်းချဉ်စားလိုက်တော့ ဗိုက်ကဖောင်းတက်လာသည်။ ဗိုက်ဖောင်းလာတာ ကိုထီးဘာသာလည်း သိသည်။ သို့သော် မစိုးကို စိတ်မကောင်းမှာ စိုးသဖြင့် မပြောတော့ချေ။ မစိုးက ကိုထီးကို အရိပ်တကြည့်ကြည့်နေသည့်အတွက် မသိဘဲမနေ၊ ချက်ချင်းဆိုသလို သိခဲ့သည်။

ကိုထီးရေချိုးပြီး ထွက်အလာ "ဗိုက်ကလေး နည်းနည်းဖောင်းတယ်နော်" ဟု မစိုးကပြောတော့ ကိုထီး ခေါင်းငြိမ့်ပြသည်။ ဗိုက်ဖောင်းလာရုံသာမက အသားလည်း နည်းနည်းဝါသည်။ ဆီးတွေလည်း ဝါထိန်ပြီး ခြေလက်တွေပါ ဖောရောင်လာခဲ့သည်။

(၁၅)

တာချီလိတ် ခရီးစဉ်မှာ အတူပါလာသည့် ဒေါက်တာချစ်သုဝေ ကလေးက ကိုထီးကို လာကြည့်ပေးသည်။ စမ်းသပ်ကြည့်ရှုပြီး

"ခြေထောက်ကလေးရောင်နေတယ်၊ စမ်းကြည့်ရအောင်၊ ဦးထီး ဗိုက်လှန်ပါဦး" ဆိုတော့ ကိုထီးက အစမ်းမခံတော့ချေ။ ကိုထီးကို ဖျောင်းဖျပြီး တာချီလိတ် ဟိုဘက်ကမ်းက မယ်ဆိုင်ရှိ ဆေးရုံမှာ သွားပြသည်။ ငယ်ပေါင်းသူငယ်ချင်း စောရော်နီက လိုက်ပြပေးလေသည်။

"အသည်းမကောင်း ဖြစ်နေသည်။ ချင်းမိုင်မှာ ဆေးရုံတက်ရမည်။ သေသေချာချာ ပြည့်ပြည့်စုံစုံ ထပ်မံစစ်ဆေးပြီးတော့မှ ဆေးပေးနိုင်မည်" ဟု မှတ်ချက်ပြုလိုက်သည်။ အိပ်ယာထဲမှာ နားနားနေနေ လှဲနေရမည်။ လိဗ္ဗော်ရည် နည်းနည်းချင်း သောက်သည်။ ထမင်း ပျော့ပျော့ကလေးပဲ စားသည်။

(၁၆)

ထိုသို့ရှိနေစဉ် ရှမ်းပွဲတစ်ပွဲက ကိုထီးကို လာခေါ်သည်။ ရှမ်းဘုန်းကြီးကျောင်း ဇရပ်ကလေး ရေစက်ချအလှူတွင် ညပိုင်းမှာ ၁၅ မိနစ် နာရီဝက်လောက် အော်ဂင်နှင့် လာပြီး သီဆိုပေးဖို့ ပန်ကြားရာ ကိုထီးက လက်ခံထားလိုက်သည်။ ကန်ထရိုက်က သတင်းကြားတော့ သွားမဆိုဖို့ ကိုထီးကို လာတားသည်။ ကန်ထရိုက်ပွဲမှာ ကိုထီးအပြင် ဟန်ထူးလွင်၊ အယ်လ်ဆိုင်းဇီ၊ ချစ်သုဝေ၊ ရဲလေး တို့လည်း ပါသေးသည်။ ကိုထီးက ကန်ထရိုက် တားမြစ်တာကို ဂရုမစိုက်၊ သွားဆိုမည်ဟု ဆုံးဖြတ်ထားပြီးပြီ။

"ကျနော့် ဆွေမျိုး ရှမ်းလူမျိုးတွေ အတွက် မဆိုဘဲ နေရမှာလား၊ ဘုန်းကြီးကျောင်းပွဲမှာ ကျနော်သွားဆိုလို့ ခင်ဗျားပွဲမှာလည်း လူလျော့စရာ မရှိပါဘူး" ဟု ဆိုလေသည်။

ကန်ထရိုက်ပွဲ အပြီးတွင် ဘုန်းကြီးကျောင်းပွဲ ဆိုရသည်။ ကား အကောင်းစားကြီး တစ်စင်းနှင့် လာခေါ်သည်။ နေ့လယ်က ထမင်းခေါ်ကျွေးသည့် သူဌေး၏ ကားဖြစ်လေသည်။ ချစ်သုဝေလည်း ကိုထီးနှင့် အတူပါလေသည်။ မစိုးက ကိုထီး အသားတွေဝါ၊ ဆီးတွေဝါပြီး ဗိုက်ဖောင်းနေတာ စိတ်မပူဘဲ မနေနိုင်၊ ဖြစ်နိုင်လျှင် သွားမဆိုစေချင်။ ကျန်းမာရေးနှင့် အနုပညာမှာ ကျန်းမာရေးကပဲ ပိုအရေးကြီးသည် ထင်သည်။ ကိုထီးကို တားနိုင်မည် မဟုတ်မှန်း သိသော်လည်း တားခဲ့သေးသည်။

ကိုထီးက "ခဏလေးပဲ သွားဆိုမှာပါ" ဟု ဆိုသည်။ မစိုးက စိတ်မထိန်းနိုင် မျက်ရည်တွေဖြိုင်ဖြိုင်ကျပြီး ငိုမိသည်။ ခဏကလေးပဲ၊ ခဏကလေးပါပဲ ဆိုပြီး အနုပညာအတွက် စတေးပေးဆပ်ဖို့ ဝန်မလေးသော ကိုထီးအကြောင်း သူသိသည်။ စိတ်ထဲမှာ လုံးဝမကောင်းဖြစ်ပြီး ဘယ်လိုမှ တားမရသည့်အတွက် ဘုန်းကြီးကျောင်းပွဲကို လိုက်မသွားတော့ချေ။ ကိုထီးက သူ့နုတ်စိတ်စာရွက်တွေယူပြီး သွားဆိုသည်။

(၁၇)

မစိုးက စိတ်မောမောနှင့် အိပ်ပျော်သွားခဲ့ရာ ကိုထီး ပြန်လာတော့ နိုးသွားသည်။ ဘုန်းကြီးကျောင်း အလှူကို ကိုထီးရောက်သွားတော့ ပရိသတ်က သိပ်ပျော်သွားကြသည်။ သူ သီချင်းဆိုတော့ ကကြ ခုန်ကြသည်ဟု ဆိုသည်။ ကိုထီးအခုလို စိတ်ချမ်းသာနေတာ တွေ့ရသဖြင့် မစိုး သက်ပြင်းချပြီး ကျေနပ်ရသည်။ ကိုထီးကျန်းမာရေးအတွက် စိတ်ပူပင်တာကတော့ လျော့နည်းမသွားချေ။

နောက်တစ်နေ့ကျ မစိုးတို့အတွက် ကားတစ်စီး ခေါ်ထားသည်။ ဟိုဘက် ကမ်းက ကုန်တိုက်ကြီး ခေါ်သွားမည်ဟု ဆိုလေသည်။ မစိုးက မသွားချင်။

"ဦးထီးမှ နေမကောင်းတာ ၊ ဘယ်မှ မသွားချင်ဘူး" ဟု ဆိုသည်။ ကိုထီးက ထုံးစံအတိုင်း လက်အုပ်ချီပြီး

"သွားပါ ဆရာမရယ်။ ရောက်တုန်းရောက်ခိုက် အချိန်ကလေးမှာ သွားလည် ရတာ၊ တောင်းပန်ပါတယ်။ နေလို့လည်း ကောင်းပါတယ်။ ဦးဂျော်နီ လာခေါ် လိမ့်မယ်၊ မိန်းကလေး အဖော်လည်း ပါပါတယ်" ဟု ဆိုလေသည်။

သို့ဖြင့် တစ်ဘက်ကမ်း ကုန်တိုက်ကို သွားလည်ရသည်။ ကုန်တိုက်ကကြီး၊ ကြည့်စရာ ဝယ်စရာတွေများ သော်လည်း ဘာမျှ မဝယ်ချင်၊ ဘာမျှ မဝယ်ဖြစ်၊ ချော့ကလက်အနည်းငယ်ပဲ ဝယ်ဖြစ်သည်။ ကိုထီးအတွက် စိတ်ပူနေမိသည်။ ထိုအချိန်မှာ ကိုထီးထက်အရေးပိုကြီးတာ ဘာမျှမရှိတော့ဘူးထင်သည်။

(၁၈)

ရန်ကုန်ပြန်ရောက်တော့ ဒေါက်တာဦးသိန်းစောထံ ပြေးပြီး သွားပြသည်။ ဆရာက စမ်းသပ်ကြည့်ရှုပြီး ဆေးညွှန်းပေးသည်။ တစ်ပတ်နေလျှင် ပြန်ပြဖို့ မှာထားလေသည်။ ဆေးတွေသောက်နေယင်း နည်းနည်း သက်သာလာပြီးမှ ဗိုက်နာလာသည်။ ဆရာတင်စံဦး ဆေးတစ်လုံးထိုးပေးတော့ သက်သာသွားသည်။ နောက်တစ်နေ့ ပြန်နာလာတော့ ဒေါက်တာဦးသိန်းစောထံ ပြန်ပြရသည်။ ဒေါက်တာ ဦးသိန်းစော ကအနီးကပ် ကြည့်နိုင်ဖို့ Green Cross ဆေးခန်းမှာ တက်ခဲ့သည်။

ကိုထီး ဆေးရုံတက်ကြောင်း သိသဖြင့် အပေါင်းအသင်းတွေ သိုင်းဝိုင်း ပေးကြသည်။ ရှမ်းဘုန်းကြီးကျောင်းနှင့် ရှမ်းတိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့တွေ အများကြီးရောက်လာကြ အားပေးကြသည်။ ၃ ရက်မြောက်တွင် အယ်ထရာဆောင်း ရိုက်သည်။ မယ်ဆိုင်မှာ စီပိုးစစ်ခဲ့တော့ ၇၀၀၀ ကျော်ကြောင်း သိရသည်။ အခုလည်း ၇၅၀၀ ကျော်သည်ဟု ဆိုသည်။

(၁၉)

ဆရာက ကိုထီးကို "အသည်းမှာ အကျိတ် ၂ ခုတွေ့ပါတယ်။ နည်းနည်းလေး အရေးကြီးပါတယ်" ဟု ရှင်းပြသည်။ မစိုးကိုတော့ အပြင်မှာ "ကင်ဆာကျိတ်" ဖြစ်ကြောင်း ပွင့်ပွင့်လင်းလင်း ပြောပြလိုက်သည်။ မစိုး ခေါင်းတွေ ချာချာလည်သွားပြီ။ ယူကေကို ၃ ခါ သွားခဲ့ရာမှာ ဒီတစ်ခါပဲ ပိုက်ဆံနည်းနည်းရခဲ့သည်။ လက်ထဲမှာ ပိုက်ဆံနည်းနည်း ရှိလာသဖြင့် စီပိုး အယင်ကုမည်ဟု စိတ်ကူးထားခဲ့သည်။ ပိုက်ဆံရှိသည်ဆိုတာလည်း များများတော့မဟုတ်ပါ။ စုစုဆောင်းဆောင်းအားလုံးပေါင်းလျှင် ၂၀ လောက်ရှိမည်။ ယခင်က စာအုပ်တွေထားဖို့ စိတ်ကူးထားသော အိမ်ခန်းကလေးတစ်ခု ရောင်းမည်ဆိုလျှင် ၆၀ လောက်ရမည်။ ရှိတာလေးတွေ ထုခွဲပြီး နည်းနည်းထပ်ရောင်းလိုက်လျှင် ၁၀၀ လောက် ပြည့်သွားမည်။ ဒီလိုပဲ စိတ်ကူးထား၊ တိုင်ပင်ထား ဖြစ်သည်။ ကိုထီးက ချက်ချင်း ဆေးမကုချင်။ ဆေးကုသမှုခံယူလျှင် အိပ်ယာထဲ လဲသွားမည်။ ဆေးတစ်ခါသွင်းလိုက် လဲသွားလိုက်ဖြစ်နေလျှင် အလုပ်တွေ ရပ်သွားရမှာ စိတ်ပူနေခဲ့သည်။

ယခုတော့ စီပိုးထက် အဆမတန် ဖြေရှင်းရခက်ခဲသည့် ကင်ဆာကျိတ် ဖြစ်နေသည်။ မစိုး ဘာလုပ်ရမည်လဲ။ ဘာများ သူလုပ်နိုင်တာ ရှိပါသေးသလဲ။

"ဆေးထိုး ဆေးသွင်းပြီး ကုပေးပါ ဆရာ" ဟု တောင်းပန်မိသည်။ အသည်း၏ ဘေးဘီတွေကို ပျံ့နှံ့နေပြီမို့ ခက်ခဲမည်။ မျှော်လင့်ချက်ကနည်းနေပြီ။

"ခွဲပြီးကုယင်ကော" ဟု ကောက်ရိုးတစ်မျှင်လို လှမ်းကိုင်ဆွဲပြီး မေးကြည့်သည်။ "မဖြစ်ပါ" ဆိုသည့် အဖြေသာ ရသည်။

"အသည်း အစားထိုးယင်ကော ဘယ်လိုနေမလဲ" ဆိုသည့် လုံးဝ မဖြစ်နိုင်သည့် စကားကိုပင် အရူးတစ်ယောက်လိုပင် မစိုး မေးခဲ့မိသေးသည်။ ဆရာက ညင်သာ သိမ်မွေ့စွာ ခေါင်းယမ်းပြလေသည်။

(၂၀)

၂၀၀၈ ခုနှစ် ၊ ဖေဖော်ဝါရီလအကုန်။

Green Cross မှာ ရက်အတန်ကြာ တက်အပြီးတွင် ဆရာဝန်ကြီး ဒေါက်တာ ဦးသိန်းစောက ကိုထီးကို ရန်ကုန်ဆေးရုံကြီးရှိ သူ၏ အစာအိမ်နှင့် အူလမ်းကြောင်းဌာန လူနာဆောင်သို့ ပြောင်းရွှေ့ကုသချင်ကြောင်း ပြောပြသည်။ မစိုးက ဘာ့ကြောင့် ယခုလို နေရာပြောင်းချင်သလဲ ဆိုတာ မေးကြည့်သည်။

"ဆေးရုံမှာ ရက်ကြာကြာနေရမှာ ဆိုတော့ ကျနော့် အနီးနားမှာ အချိန်ပြည့်ကြည့်ဖို့ ခေါ်ထားချင်လို့ပါ" ဟု ဆိုသည်။ ဆရာ့စေတနာကို လေးစား ရတော့သည်။ သို့ဖြင့် ရန်ကုန်ဆေးရုံကြီး အစာအိမ်နှင့် အူလမ်းကြောင်းဌာနသို့ ပြောင်းရွှေ့လာခဲ့လေသည်။ ဆရာက နေ့စဉ် အချိန်မှန် ကြည့်ပေးသည်။ ဆရာက မစိုးကို " ဘုရားရှိခိုးသလား" ဟု မေးရာ "ရှိခိုးပါတယ် ဆရာ" ဟု ပြောပြသည်။

"ဘုရားမှာ သေသေချာချာ ရှိခိုး ဆုတောင်းပါ။ အနည်းဆုံး စိတ်သက်သာရာ ရတာပေါ့" ဟု အကြံပေးလေသည်။

"တရားကော ထိုင်သလား" ဟုလည်း မေးသေးသည်။

"ထိုင်ပါတယ် ဆရာ၊ ကျမတို့ နှစ်ယောက်စလုံး ထိုင်ကြပါတယ်။ ဦးထီးကတော့ ပိုထိုင်တယ်" ဟု ပြောပြရသည်။

"ရသလောက် တရားထိုင်ပါ။ အဘိဏှာသုတ်ကို ရှာဖတ်ပါ။ ပါဠိထက် မြန်မာအဓိပ္ပါယ်နဲ့ ဖတ်ကြည့်။ အကျိုးရှိတာတွေရလိမ့်မယ်" ဟု ဆိုသည်။

ဆရာဝန်ကြီး ဒေါက်တာဦးသိန်းစော အကြံပြုထားသည့်အတိုင်း အဘိဏှာသုတ် မြန်မာပြန်ကို ဖတ်လိုက်တော့ မစိုးစိတ်ထဲမှာ အများကြီး အေးချမ်းသွားသည်။ ကိုထီးကို အကျိုးအကြောင်းပြောပြသောအခါ သူလည်း နားထောင်ချင်သည်ဆိုသည်။ သို့ဖြစ်၍ မစိုးက ဖတ်ပြရသည်။

(၂၁)

ရန်ကုန်ဆေးရုံကြီးရှိ အစာအိမ်နှင့် အူလမ်းကြောင်း ဌာနကျတော့ ဆရာဝန်ကြီး ဒေါက်တာဦးသိန်းစောက ကိုထီးကို သီးသန့်ခန်းလေးမှာ ထားပေးသည်။ ခံစားရသည့်ဝေဒနာ နည်းနည်းသက်သာအောင် ဓာတ်ကင်မည်။ ခါးကို ကင်မည်ဟု သိရသည်။ ကိုထီးက အစစအရာရာ လက်ခံပြီး စိတ်ကိုပြင်ဆင်ထားသည်။ ဝေဒနာနှင့် အခြေအနေကို ကိုထီးရင်ဆိုင်ပုံက လွန်စွာရဲရင့်သည်။

မစိုးက စိတ်မထိန်းနိုင်ဘဲ အကြိမ်ကြိမ်မျက်ရည်ကျတတ်သဖြင့်

"ဆရာမ ကတိပေးပါ။ ဒီနေ့ကစပြီး ဆရာဝန်ကိုတစ်ခုခုပြောမယ်ဆို ငိုပြီး မပြောရဘူး။ ရောဂါအကြောင်းပြောမယ်ဆိုလည်း ငိုပြီးမပြောရဘူး၊ အစာအိမ်ထဲ မှန်ပြောင်းနဲ့ Endoscope ထပ်မကြည့်ဖို့ ပြောပေးပါ" ဟု ဆိုသည်။

မစိုးက ကိုထီးစကားကို ကြိုးစားလိုက်နာသည်။ တတ်နိုင်သမျှ မငိုဘဲ နေနိုင်အောင် စိတ်ထိန်းသည်။ တစ်နေ့တစ်နေ့ မိုးလင်းမှသည် ကိုထီး၏ ဝေယျာဝစ္စများကို လုပ်ကိုင်ပေးယင်း မိုးချုပ် ညနက်သွားတတ်သည်။

"အချိန်တွေ အကုန်မြန်လိုက်တာ" ဟု ဆိုတော့ ကိုထီးက

"ဆရာမကသာ အချိန်အကုန်မြန်နေတာ၊ ဒီမှာ အချိန်က မကုန်နိုင်ဘူး၊ အချိန်ရှိသရွေ့ ထိသိ ခံစားနေရတာ တရားထိုင်ရသလိုပဲ" ဟု ပြောပြသည်။ ထိုအခါ အချိန်ကို အကျိုးရှိရှိ ကိုထီး အသုံးချနေကြောင်း သိလိုက်ရသည်။

ယခင်က နာကျင်မှုအတွက် ဆေးထိုးဆေးသောက်လုပ်သော်လည်း ကိုထီးက

"ဆေးထိုးလည်း ခဏပါပဲ ဆရာမရယ်။ အနာက တကယ်ပျောက်တာမှ မဟုတ်တာ။ နောက်ဆို ဆေးထိုးဖို့ သွားမပြောနဲ့တော့။ နာယင်လည်း တရားထိုင်ယင်းနဲ့ပဲ ရှုမှတ်တော့မယ်၊ Male nurse ကလေးရှိတာပဲ။ ဘယ်သူ့ကိုမှ ဆရာမ နားပူနားဆာ မလုပ်ပါနဲ့" ဟု ဆိုသည်။

ကိုထီးက နေ့ခင်းမှာပဲ နည်းနည်းလှဲအိပ်ယင်း အနားယူသည်။ ညဆို တစ်ညလုံး တရားမှတ်သည်။ မအိပ်တော့ချေ။ ယခင်က ရှုမှတ်ခဲ့သော ဓာတ်ခံရှိသဖြင့် တရားမှတ်ယင်း ဝေဒနာကို သည်းခံနိုင်ခဲ့သည်။

## (၂၂)

ဆရာကြီး ဒေါက်တာဦးသိန်းစော၏ အစီအစဉ်ဖြင့် ဝေဒနာသက်သာအောင် ဓာတ်ကင်ရသည်။ သုံးရက်ကြာသောအခါ မျက်နှာမှာ သွေးစို့လာသည်။ ချောင်းနည်းနည်း ဆိုးပြီး ထွေးလိုက်လျှင် သွေးပါလာသည်။ မတ်လ ၉ ရက်နေ့က စနေနေ့။ ဆရာကြီး ဒေါက်တာ ဦးသိန်းစောက ကိုထီးကို နေ့ရောညပါ လာကြည့်သည်။ ရုံးပိတ်ရက် စနေ၊ တနင်္ဂနွေလည်း ကြည့်ပေးသည်။

နေ့လည် ၂ နာရီလောက်မှာ ကိုထီးချောင်းဆိုတာ ရပ်သွားသည်။ ဖောင်းနေခဲ့သည့် ဗိုက်ကလည်း ချပ်သွားသည်။ မျက်နှာလည်း ယခင်ကထက် လန်းလာသည်။ မစိုးက...

"ဦးထီး ဗိုက်ချပ်သွားပြီနော်၊ နေကောင်းသွားပြီနော်" ဆိုတော့ ကိုထီးက ခေါင်းညိမ့်ပြသည်။ အသက်ရှူတာတော့ မြန်နေသည်။ တဖြည်းဖြည်း မောနေသည်။ မစိုးက ကိုထီးမျက်လုံးထဲကို တည့်တည့် မကြည့်ရဲကြည့်ရဲ လှမ်းကြည့်လိုက်တော့ အေးချမ်းမှုကို တွေ့ရသည်။ မစိုး စိတ်ထဲမှာ လွန်စွာ နာကျင်ခံစားနေရသည်။ ကိုထီးအတွက် အချိန်သိပ်များများ မရှိတော့တာ သူသိသည်။ သူတို့ အားလုံးကိုသာမက လောကကြီး တစ်ခုလုံးကိုပါ ကိုထီး စွန့်လွှတ်ခွဲခွာ ထားရစ်ခဲ့တော့မည်။ ထိုအကြောင်းကို ရှင်းရှင်းသိနေရပြီဖြစ်ရာ ရှေ့ဆက်မတွေးရဲ။ ထိုအကြောင်းကို ရှင်းရှင်းသိနေရပြီဖြစ်ရာ ရှေ့ဆက်မတွေးရဲ၊ မစဉ်းစားချင်၊ ဖြစ်နိုင်လျှင် နာရီကို ရပ်တန့်ထားလိုက်ချင်သည်။

တာဝန်ကျ ဆရာဝန်လေးက

"၂၄ နာရီလောက်ပဲ ခံတော့မယ်" ဟု ပြောပြထားခဲ့ပြီ။

## (၂၃)

ရန်ကုန်မြို့နှင့် အနီးတဝိုက်ရှိ ရှမ်းသံဃာတွေအားလုံး ကြွလာကြသည်။ မေတ္တာသုတ် ချီးမြှင့်ကြပြီး ဘာဝနာစီးဖြန်းနေဖို့ သတိပေးကြသည်။ ကိုထီးကလည်း သူတရားမှတ်နေသည့်အကြောင်း လျှောက်ထားသည်။ ကိုထီးက သူ့ကိုယ်ပေါ်မှာ တပ်ထားသည့် ပိုက်တွေ ပြွန်တွေ ဖြုတ်ချင်သည်ဆိုသဖြင့် ဆရာဝန်နှင့် သူနာပြုတွေက ဖြုတ်ပေးလိုက်ကြသည်။ ကိုထီးက ညင်ညင်သာသာလေး လှဲလျောင်းယင်း တိတ်ဆိတ်စွာ တရားမှတ်နေတော့သည်။ မစိုးက မနေနိုင်။ ရေများ ဆာနေမည်လား။ ရေဆွတ် ထားသည့် ဂွမ်းစကလေးနှင့် နှုတ်ခမ်းမှာ ကပ်ပေးသည်။

"ကိုရေ ... အခုရေတိုက်တာ ဘယ်သူလဲ .. သိလား" ဟု မေးရာ ခေါင်းညိတ်ပြီး "စိုး" ဟု တိုးတိုးပြောသည်။ သို့သော် မစိုး သဘောပေါက်သည်။ ကိုထီး တိတ်တိတ်ဆိတ်ဆိတ် တရားမှတ်နေတာကို နောက်ထပ် မနှောင့်ယှက်တော့ချေ။ ဘဝကူးကောင်းအောင် ဂရုစိုက်ရသည်။ မေတ္တာသုတ်ကို အကြိမ်ကြိမ်အထပ်ထပ် ရွတ်ဖတ်နေခဲ့သည်။

(၂၄)

၂၀၀၈ ခုနှစ်၊ မတ်လ ၁၀ ရက်။

မနက်အစောကြီး လင်းကာစ ၅ နာရီလောက်မှာ လုံးဝ မမျှော်လင့်ဘဲ ဆရာတော် အရှင်ဓမ္မသာမိ ကြွရောက်လာခဲ့သည်။ ဟဲဟိုး လေယာဉ် ရန်ကုန်သို့ ဆိုက်ဆိုက်ချင်း ကိုထီးရှိသည့် ဆေးရုံသို့ အယင်ဦးဆုံးကြွလာတာဟု ဆိုသည်။ ကိုထီးက ဆရာတော်ကြွလာတာသိသည်။ လက်အုပ်ကလေး ချီနိုင်သေးသည်။ ဒူးကလေးကို ဂါရဝ ပြုသလိုမျိုး ကွေးထားသည်။

ဆရာတော်ကို ဖူးတွေ့လိုက်ရသည့် ကိုထီး၏ နောက်ဆုံး မိနစ်များက ကြည်နူးစရာ။ ဆရာတော်က မေတ္တာသုတ်ရွတ်ဖတ်ချီးမြှင့်ပြီး ရှမ်းလို ဆုတောင်း ပေးသည်။ ကိုထီးက ကြားရသည့် အကြားအာရုံကို ကြားရသည့်အတိုင်း အာရုံစိုက် နေဟန် ရှိပြီး ဆရာတော်၏ မေတ္တာတန်ခိုးကြောင့် မျက်နှာ လန်းဆန်း နေတော့သည်။

ဆရာတော် ပြန်အကြွ လေ့ကားအဆင်းမှာပင် ကိုထီး ဘဝ ပြောင်းသွားခဲ့ ရတော့သည်။

**နံနက် ၅ နာရီ ၄၅ မိနစ်။**

(၂၅)

ကိုထီး ကွယ်လွန်ချိန်တွင် ဇနီး ဒေါ်ခင်သန်းစိုး၊ သား စိုင်းခိုင်ခမ်း၊ သမီးနန်းစံဟွမ် နှင့် နန်းယုခေါင်တို့ ကျန်ရစ်ခဲ့သည်။

ဆရာဒေါက်တာစိုင်းခမ်းလိတ်၏ သမီး "နန်းခမ်းနွဲ့လိတ်" နှင့် တွဲဖက် သီဆိုထားသော "တွဲဖက်ကောင်း" စီးရီးက စိုင်းထီးဆိုင်၏ နောက်ဆုံး တေးစီရီး ဖြစ်ပါသည်။

သားကြီး စိုင်းခိုင်ခမ်းက ပျဉ်းမနား ဖိုးဇောင်တောင်ပေါ်ရှိ Mt. Pleasant Hotel တွင် ကွန်ပြူတာဆိုင်ရာ IT မန်နေဂျာ ဖြစ်သည်။ ပြည်တွင်း ဧည့်သည်တွေက ကိုထီးသားမှန်း သိကြသည်။ ကီးဘုတ်တီးတတ် ဆိုတတ်သူ ဖြစ်သဖြင့် အထူးပွဲတွေမှာ အတူတွဲပြီး သီဆိုရလျှင် ပျော်ရွှင်ဂုဏ်ယူတတ်ကြသည်။

သမီးလတ် နန်းစံဟွမ်က English Major တက်ဆဲဖြစ်သည်။ The Aces အဖွဲ့နှင့်တွဲပြီး မင်္ဂလာဆောင်နှင့် ပွဲလမ်းတွေမှာ သီချင်းဆိုသည်။ ကိုထီးဆိုခဲ့သည့် သီချင်းတွေ အများစုကို ပြန်ဆိုတတ်သည်။ နားဆင်ရသူတွေက အသံအနေအထားကော ဆိုဟန်ဆိုပေါက်ပါ အဖေ့အားမာန်နှင့် ပါရမီမျိုးပါသည်ဟု ဆိုကြလေ့ရှိသည်။

သမီးငယ် နန်းယုခေါင်က ဆယ်တန်းကို ဂုဏ်ထူး (၅) ဘာသာနှင့် ထူးထူးချွန်ချွန် အောင်မြင်သည်။ ရန်ကုန် ဆေး(၁) မှာ တက်ရောက် ပညာသင်လျက်ရှိပါသည်။



(၂၆)

တေးရေးနှင့် တေးဆို ဂီတအနုပညာ ပါရမီရှင် စိုင်းထီးဆိုင် ကြွေလွင့်သွားတာက ကြယ်တံခွန်တစ်စင်း ကြွေသလိုဘဲ ဖြစ်ခဲ့သည်။ မြန်မာ့တေးဂီတ အနုပညာ အတွက်တော့ သည်ကြယ်တစ်ပွင့် ကြွေလွင့်ပြီး ပျောက်ပျယ်သွားမည် မဟုတ်။ အနုပညာ မိုးကောင်းကင်ရှိ ကြယ်များစွာအနက် တာရာ တစ်စင်းသဖွယ် အစဉ်ထွန်းလင်း ကျန်ရစ်ပြီ။

ပညတ်သွားရာ ဓာတ်သက်ပါသည်။ အထွဋ်အထိပ်က စိန်ကျောက်မျက်ပါပေ။

အထွဋ်အထိပ်က စိန်ကျောက်မျက်ပါပေ။

**အထွဋ်အထိပ်က စိန်ကျောက်မျက်ပါပေ။**



ထီးဆိုင် မိသားစု



၂၀၀၅-၂၀၀၆ စိုင်းထီးဆိုင်အိမ်

## စိုင်းထီးဆိုင် သီဆိုခဲ့သော တေးစီးရီးခွေများ

၀၁။ သဘာ၀ (၁၉၇၃)

၀၂။ နွေရာသီ (၁၉၇၄)

၀၃။ ပျောက်ဆုံးနေသော နှင်းဆီဘုံ (၁၉၇၅)

၀၄။ နန်းခမ်းနွဲ့အတွက် သီချင်းတစ်ပုဒ် (၁၉၇၆)

၀၅။ စိတ္တဇအလွမ်း (၁၉၇၇)

၀၆။ ကျေနပ်ပါတော့ (၁၉၇၇)

၀၇။ အိပ်စက်အနားယူပြီ (၁၉၇၈)

၀၈။ နွေနံနက်ခင်း (ဇူလိုင်၊ ၁၉၈၀)

၀၉။ သဘာ၀ရဲ့ ရင်သွေးငယ် (ဖေဖော်ဝါရီ၊ ၁၉၈၁)

၁၀။ ဥပေက္ခာ လောကသား (မတ်၊ ၁၉၈၁)

၁၁။ လူကြမ်းမင်းသား (နိုဝင်ဘာ၊ ၁၉၈၁)

၁၂။ အမှတ်တရသီချင်းများ (ဇူလိုင်၊ ၁၉၈၂)

၁၃။ ရန်ကုန်မှာ သာတဲ့လ (ဇူလိုင်၊ ၁၉၈၂)

၁၄။ ပလက်ဖောင်းမင်းသား (ဖေဖော်ဝါရီ၊ ၁၉၈၃)

၁၅။ အမှတ်တရ - ၂ (စက်တင်ဘာ၊ ၁၉၈၃)

၁၆။ အမှတ်တရ - ၃ (ဖေဖော်ဝါရီ၊ ၁၉၈၄)

၁၇။ ကိုယ့်အချစ်နဲ့ အရာရာကို အကောင်းအတိုင်းဖြစ်စေမယ် (စက်တင်ဘာ၊ ၁၉၈၄)

၁၈။ ရေဒီယိုကမာရွတ် (ဖေဖော်ဝါရီ၊ ၁၉၈၅)

၁၉။ ချစ်အာမခံ (အောက်တိုဘာ၊ ၁၉၈၅)

၂၀။ မောင့်အရိုင်းပန်း (နိုဝင်ဘာ၊ ၁၉၈၅)

၂၁။ သခင့်ဆီ အပြေးပြန်လာမည် (ဖေဖော်ဝါရီ၊ ၁၉၈၆)

၂၂။ လေညာအရပ်က အချစ် (ဇန်နဝါရီ၊ ၁၉၈၇)

၂၃။ ဘဝမီးအိမ် (အောက်တိုဘာ၊ ၁၉၈၇)

၂၄။ ဝေးလုခါ ဝေးနေချိန် (မေ၊ ၁၉၈၈)

၂၅။ ရတနာ (ဇန်နဝါရီ၊ ၁၉၈၉)

၂၆။ အားလုံးကို ပျော်စေချင်ခဲ့သူ - New Version (ဩဂုတ်၊ ၁၉၈၉)

၂၇။ အချစ်ဆုတောင်း (ဖေဖော်ဝါရီ၊ ၁၉၉၀)

၂၈။ အချစ်ဖိတ်စာ (နိုဝင်ဘာ၊ ၁၉၉၀)

၂၉။ ခြသေ့်လည်ပြန် - New Version (ဧပြီ၊ ၁၉၉၁)

၃၀။ ဒီဇင်ဘာညတစ်ည (ဧပြီ၊ ၁၉၉၁)

၃၁။ ချစ်အားနည်းမှ ချစ်အားကြီး (စက်တင်ဘာ၊ ၁၉၉၁)

၃၂။ လွယ်လွယ်နဲ့ မဖြစ်ဘူး လေးညှို့ရှင် + ခင်မောင်တိုး (စက်တင်ဘာ၊ ၁၉၉၁)

၃၃။ ဝမ်းရေး + မီမီဝင်းဖေ  (အောက်တိုဘာ၊ ၁၉၉၂)

၃၄။ အတ္တစိတ်ကူး (ဧပြီ၊ ၁၉၉၃)

၃၅။ မတောင်းဘဲ ပြည့်တဲ့ဆု (ဇန်နဝါရီ၊၁၉၉၄)

၃၆။ လက်ရည်တစ်ပြင်တည်း + ဟေမာနေဝင်း (မေ၊ ၁၉၉၄)

၃၇။ အကောင်းဆုံးတေးများ New Version (မတ်၊၁၉၉၄)

၃၈။ မေတ္တာဂုဏ် + ဟေမာနေဝင်း  (မေ၊၁၉၉၄)

၃၉။ တစ်မူးရှိလို့ တစ်ပဲလှူ (အောက်တိုဘာ၊ ၁၉၉၄)

၄၀။ မှာသူတစ်ယောက်၊ လာသူတစ်ယောက် + မီမီဝင်းဖေ (အောက်တိုဘာ၊ ၁၉၉၄)

၄၁။ မိုးလုံးပတ်လည် (နိုဝင်ဘာ၊ ၁၉၉၄)

၄၂။ ငယ်ချစ်ဦး (ဇူလိုင်၊ ၁၉၉၅)

၄၃။ ဆုံးဖြတ်လိုက်ပါ၊ ဆုံးဖြတ်လိုက်ပြီ + ဆွန်ကျဲအို (ဩဂုတ်၊၁၉၉၅)

၄၄။ ချယ်ရီကိုသာ ပန်ပါကွယ် New Version (ဩဂုတ်၊ ၁၉၉၅)

၄၅။ ငယ်ကျွမ်းဆွေနှင့် ရွှေရုပ်ရှင် သီချင်းများ + ဟေမာနေဝင်း (စက်တင်ဘာ၊၁၉၉၅)

၄၆။ အချစ်မျှဉ်းပြိုင် + မေဆွိ (နိုဝင်ဘာ၊ ၁၉၉၅)

၄၇။ ကိုယ်တစ်ယောက်တည်း ကျန် New Version (ဒီဇင်ဘာ၊၁၉၉၅)

၄၈။ ကျနော်ချစ်သော မှုံရွှေရည် (ဖေဖော်ဝါရီ၊ ၁၉၉၆)

၄၉။ ပျံသန်းခြင်း မိုးကောင်းကင် ၁ + ၂ Live Show (မတ်၊ ၁၉၉၆)

၅၀။ အရိုင်းမာယာရှင် (စက်တင်ဘာ၊ ၁၉၉၆)

၅၁။ အနီးဆုံးသွေး၊ အဝေးဆုံးလူ

၅၂။ ရတနာနှင့် ခေါင်းစီးတေးများ New Version

၅၃။ ခိုင်ထူး/စိုင်းထီးဆိုင် NASA အကောင်းဆုံးတေးများ New Version

၅၄။ ချစ်ခြင်းရဲ့ အဖော်မွန် (ဧပြီ၊ ၁၉၉၇)

၅၅။ သဘော်သားတစ်ယောက်အကြောင်း (အောက်တိုဘာ၊၁၉၉၇)

၅၆။ အာသီသ (နိုဝင်ဘာ၊ ၁၉၉၇)

၅၇။ အစစ်အမှန် + နန်းနောင့်နောင့်

၅၈။ အမြတ်နိုးဆုံး နှင်း + မေဆွိ

၅၉။ မနက်ဖြန် ဆက်ရန် MWD LIVE (ဇန်နဝါရီ၊ ၁၉၉၈)

၆၀။ အမေနေ့ (ဇန်နဝါရီ၊ ၁၉၉၈)

၆၁။ လေတံခွန်မလေးသို့ (ဖေဖော်ဝါရီ၊ ၁၉၉၈)

၆၂။ သပြေညိုဆိုသော ပန်း (မတ်၊ ၁၉၉၈)

၆၃။ မြနေသေးတဲ့ လက်တွဲတစ်ခု + မီမိဝင်းဖေ New Version (ဇူလိုင်၊ ၁၉၉၈)

၆၄။ အကြိုက်ဆုံး စိုင်းထီးဆိုင်တေးတွေ New Version (အောက်တိုဘာ၊ ၁၉၉၈)

၆၅။ လိမ္မော်ချိန် New Version

၆၆။ အချစ်ဂဟော (မေ၊ ၂၀၀၀)

၆၇။ အကျည်းတန်ချစ်သူ (ဇွန်၊ ၂၀၀၀)

၆၈။ သုံးရာသီ (ဇွန်၊ ၂၀၀၀)

၆၉။ ရွှေထာဝရတေးစု - ရွှေရတုအမှတ်တရ (စက်တင်ဘာ၊၂၀၀၀)

၇၀။ ရခွင့် (စက်တင်ဘာ၊၂၀၀၀)

၇၁။ သုံးပန်လှ (ဒီဇင်ဘာ၊ ၂၀၀၀)

၇၂။ ဒီဇင်ဘာနံနက်ခင်း (ဒီဇင်ဘာ၊ ၂၀၀၀)

၇၃။ ရွှေလက်ဆောင် သီချင်းများ - ၁ (၂၀၀၁)

၇၄။ ရွှေလက်ဆောင် သီချင်းများ - ၂ (၂၀၀၁)

၇၅။ ရွှေလက်ဆောင် သီချင်းများ - ၃ (၂၀၀၁)

၇၆။ နံနက်ခင်းပေါင်းများစွာ (မေ၊ ၂၀၀၂)

၇၇။ တစ်ယောက်သောသူ အနမ်း New Version (စက်တင်ဘာ၊ ၂၀၀၄)

၇၈။ တောင်တန်းမြေမှ တေးမှတ်တမ်း (ဇန်နဝါရီ၊ ၂၀၀၆)

၇၉။ Unplugged Live (မေ၊ ၂၀၀၆)

၈၀။ ပါရမီရှင် - တစ်ကိုယ်တော် နောက်ဆုံးအယ်လ်ဘမ် (ဇန်နဝါရီ၊ ၂၀၀၇)

# စိုင်းထီးဆိုင်
# ၏
# ဖိုတူကောက်ကြောင်း

နိုင်ဇော်

သုံးနှစ်ပြည့်အလွမ်း
ပလက်ဖောင်းမင်းသားဂိုဏ်း(မြန်မာဆိုက်ဘာ)

